www.burmeseclassic.com

# ကျော်မြသန်း

ကောဂိဖြစ်ပြီးမှ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြသန်း

## ဧကရီဖြစ်ပြီးမှ

စာမူခွင့်ပြုချက်အမှတ် ၁၅၆/၉၇ (၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၁၇၆/၉၇ (၄)


ထုတ်ဝေသူ.... ဒေါ်မြမြ (၀၁၆၆၃)
ဘိုးတော်စာပေ
ဖဆပလ၊ တိုက်(၈)
အခန်း (၆)၊ ရန်ကုန်မြို့။

ပုံနှိပ်သူ.... ဒေါ်ကျင်ငွေ (၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
၁၊ ဝပယ်ခြံ ၃.လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး.... ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၂၀၃၊ ၃၊ ဗညားဒလလမ်း၊
မအူကုန်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးပန်းချီ ---- မောင်မောင်သိုက်

အုပ်ရေ .... ၅၀၀

တန်ဖိုး ---- တစ်ရာကျပ်

ဒုတိယ အကြိမ်

၁၉၅၇-ခုနှစ်၊ ဇွန်လ

စီစဉ်သူ....မောင်တင်ဒွေး

# ကျော်မြသန်း

## ဇေကာရီဖြစ်ပြီးမှ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# အပိုင်းတစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

'ဒီကောင်မကလေး ငယ်ငယ်က မည်းမည်းသည်းသည်း ချေး တွဲလောင်းနဲ့ ရှုံ့စရာ ကလေး၊ ကြီးလာတော့လဲ ထ်လှ'

'ဒေါင်းမျိုးလေးပေါ့'

ဘည်လိုဆိုကြသည်။

ဒေါင်းဟူသည် မွေးတင်းစမှ အတောင်အလက်မစုံမီအထိ ည့်ရအလွန်ဆိုးသည်။ ရှုံ့စရာကလေး။ အတောင်အလက် ပြီဆိုသောအခါ အလွန်လှ၏ ကျက်သရေ အပေါင်း ညောင်းပြည့်စုံပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က နှပ်ချေးတွဲလောင်းနှင့် ရှုံ့ဆုကောင်မလေးများသည်လည်း ဆယ်ကျော်သက် ဖွံ့ဖြိုးစအရွယ် ကောက်ကြောင်း ပျပျထင်ချိန်မှ ရိုက်ဖိုကြီးငယ်အင်္ဂါရပ်အသွယ်သွယ် လင်းလက်လာချိန်တွင်မူ ကြွလာသည်။ လှလာသည်။

ဖောင်းဖောင်းအိအိ၊ တစ်တစ်ရစ်ရစ်၊ ချိုင့်ချိုင့်ဝန်းဝန်း၊ ကားကားစွင့်စွင့် ကောက်ကြောင်း ငင်လာပြီဆိုသောအခါ နှပ်ချေးတွဲလောင်းနှင့် ရှုံ့စုဆုကလေးဆိုသည်ကို ဘယ်သို့လျှင် ပြန်လည်အမှတ်ရကြမှာပ။

လှနေသည်ကိုသာ မြင်ကြသည်။
ကြွနေသည်ကိုသာ မက်ကြသည်။

ဆယ်ကျော်သက် မိန်းကလေး မှန်သမျှ မလှသည်ကို လှအောင်၊ မကြွသည်ကို ကြွအောင်၊ မလှုပ်သည်ကို လှုပ်အောင်၊ ခေါသည်ကိုခေါအောင် ဖန်တီးတတ်ပါပေ့။ ပြုပြင်နိုင်စွမ်း ရှိကြပါပေ့။

ဖန်တီးပြုပြင်သမျှလည်း ဖြစ်ရလေသည်သာ။

မျက်ခုံးမွေးကျိုးတိုးကျဲတဲ ဟိုဘက်ပင် သည်တစ်ပင် ပေါက်နေသလား။ မပူပါနေလေနှင့်။ သုံးရက်စပဲ လိုချင်သလား၊ ငါးရက်စပဲ လိုချင်သလား၊ လပြည့်ဝန်းပဲလိုချင်သလား၊ ထိပ်ရင်ထွန်း အဖျားခေါ့ကော့ကလေးပဲ လိုချင်သလား ဖြစ်စေမည်။

မျက်တောင်က စင်းစင်းကလေး ငိုက်နေသမို့ ကြည့်လို့မကောင်းလို့များ ရွေ့စိတ်ညစ်မည် မည်းပါလေနှင့်။



မီးခြစ်ဆံသာမက ဖယောင်းတိုင်ပါ တင်၍ရသော ရှည်လျားကော့ပျံနေသည့် မျက်တောင်ကို လိုချင်ပါပြီတဲ့။

အသာကလေး ကောက်တပ်လိုက်ရုံသာ။ သို့သော် အလှအကျင့်မရှိရင်တော့ ခဏခဏ မျက်တောင်ခေတ်ရသပေါ့။

မျက်ခွံ မို့မို့ကလေးလည်း ပေါချင်သည်။ မျက်အိမ်ကလေးလည်း ကြွတက်လာစေချင်သည်ဆိုကြပါစို့။ အပေါ်က လိုရာအရောင်ရိုတ်ပေးလိုက်၊ အောက်က ကာချယ်ပါးပါးကလေး ခံပေးလိုက်။

မို့လာမည်။
ကြွလာမည်။

နှာခေါင်းရင်းကလေး ပြားနေသလား။ ဒါလဲမပူနှင့်။ လှည်းဘီးမျက်မှန်ကလေး ဖြည့်ပေးလိုက်ရုံသာ။ သွယ်လျသော နှာခေါင်းကလေး ပေါ်လာမည်။

မိန်းကလေးများ၏ မျက်နှာအလှတွင် အရေးပါဆုံးတာ နှုတ်ခမ်းလေးနှစ်လွှာ။

ရှည်မျောမျောလေး ဖြစ်နေပြီ။

ထူနေပြီဆိုမှဖြင့် ပုံဖော်လို့မအောင်။ ပုံပန်းကျကျ ချစ်စရာကောင်းသော နှုတ်ခမ်းနှစ်လွှာ ပေါ်စေချင်ပါပြီတဲ့။

အခမမွေးကတည်းက သည်အတိုင်းပဲဟာ ဘယ်ပြင်ချင်လို့ ရပါ့မလဲဟု မဆိုပါလေနှင့်။

အရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးရွေးပြီး ပါးပါးကလေး လိုသလို ပုံဖော်လိုက်ပါ။

ဘယ်သူ့ပိုင်၍ လှပါတော့နိုင် ဖြစ်သွားရစေပါမည်။

www.burmeseclassic.com

www.burmeseclassic.com



၃၄+၃၂+၃၄ ကိုယ်လုံးကဆေးမျိုးလိုချင်လည်း ရသည်။

ခူပေး၊
ခ်ပေး၊
ဖြည့်ပေး။

မြင်တတ်ရင် ၃၂+၂၈+၃၂ ထိအောင်ဖြစ်နိုင်ပါသည်။

သို့မို့ကြောင့်လည်း မြင်မြင်သမျှ တွေ့တွေ့သမျှ ဆောင်မခလေးများ အလွန့်အလွန် လှကြပါလေသဘည်း ဖြစ်ကုန်ကြသည်။

ငယ်ငယ်က နှုပ်ချေးတွဲလောင်းနှင့် ဘုတ်ဆုံ။
ခုတော့ အလွန်လှ။
သူ့နာမည်က ယဉ်နွဲ့ခိုင်။

မည်းမည်းသည်းသည်း နှပ်ချေးတွဲလောင်း ဘုတ်ဆုံမ၊ လှလာသော ကြွလာသောအခါ နာမည်အလည်း လှပါလေမှ။

'ယဉ်နွဲ့ခိုင်'

....ဝ....

## အခန်း (နှစ်)

ဦးသက်ခိုင် ဒေါ်ကြည်ကြည်တို့မှာ ယဉ်နွဲ့ခိုင်၏ မိဘများဖြစ်၍ ဦးသက်ခိုင်မှာ တစ်ခေတ်တစ်ချိန်ကလျှမ်းလျှမ်းတောက် လူ့အလွှာထဲ ဝင်ဆန့်ခဲ့သူဖြစ်၏။

ပါလီမန်အတွင်းဝန် ဦးသက်ခိုင်။

သင်းကုန်ထုတ်ကုန် ကုမ္ပဏီပိုင်ရှင် ဒေါ်ကြည်ကြည်။

ပြည်တော်သာ စီမံကိန်းကြီးကို အကောင်အထည်ဖော်ပြီးရာတွင် ထိပ်ဆုံးခေါင်းဆောင်ပိုင်းမှ ပါဝင်နေသူများ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ပြည့်တော်သာစီမံကိန်း၏ အနှစ်သာရ ကြွေးကြော်သံဖြစ်သော တိုက်တစ်လုံး၊ ကားတစ်စီး ဝင်ငွေချင်ဆုံကို စံနမူနာပြု ခံစားရသူများထဲတွင် ပါဝင်သူများလည်းဖြစ်၏။

ဦးသက်ခိုင်နှင့် ဒေါ်ကြည်ကြည်တို့မှာ ငယ်ပေါင်း လင်မယား မဟုတ်။ ဦးသက်ခိုင် ထိပ်ပိုင်းရောက်လာသောအခါ ရိုးရိုး တောသူမကြီးနှင့် အလုပ်မဖြစ်ကြတော့။ ပါလီမန် အတွင်းဝန် ဆိုတာက ဒုတိယတန်း ခေါင်းဆောင်ကြီး။ ဟို ဧည့်ခံပွဲတက်ရ၊ သည်ဧည့်ခံပွဲတက်ရ၊ အိမ်မှာလည်း ဧည့်သည် အဝင်အထွက်ကမပြတ်။ လာကြသော ဧည့်သည်များမှာ ဂရိတ်တွေ၊ ပဒုဂ်းတွေ၊ ဒိတ်ဒိတ်ကြဲတွေ။

မယားကြီးဖြစ်သူမှာ ဦးသက်ခိုင် ပါလီမန် အတွင်းဝန် မဖြစ်ခင် ပဒေဝသကာ ကူးတို့သမား မဲလုံးဘဝက အိမ်ထောင်ပြုခဲ့သော တောသူ ရိုးရိုး အအကြီး။

ဇွန်း ခက်ရင်းမကိုင်တတ်။ အထက်တန်းလွှာကပုဂ္ဂိုလ်များနှင့် ဘယ်သို့ဘယ်ပုံ ဆက်ဆံရမည်ကိုမကျွမ်းကျင်။ ဧည့်ခံပွဲတက်လို့မှ မပြင်တတ်၊ မဆင်တတ်။ လူချင်းတွေ့လျှင် အထက်တန်းလွှာတို့၏ မဖြစ်မနေပြုံးရသော မလိုင်ပြုံးကလေးကိုမှ မပြုံးတတ်။ သံတမန်အပြုံးဆိုတာတော့ ဝေလာဝေး။

ဒေါ်အေးမြနှင့်ဦးသက်ခိုင် တွဲ၍မဖြစ်ကြ။ တောမှာ ပွင့်သည့်ပန်း တောမှာပဲလန်းဆန်းစေရန် တယ်ကြီးကုန်းရွာသို့ ပြန်ပို့ထားလိုက်ပြီး ဒေါ်ကြည်ကြည်ကို နေရာစား ဝင်ထား ပေးလိုက်ရသလို၊



အမီးယဉ်နွဲ့ခိုင် ငယ်ငယ်က ဘုတ်ဆုံမဟုနာမည်တွင်ခဲ့သလို ဦးသက်ခိုင်က ငယ်နာမည်မှာ 'မဲလုံး' ဟု တွင်ခဲ့သောအခါ၊

ပါလီမန်အတွင်းဝန် ဦးသက်ခိုင်၏အဖေ ယဉ်နွဲ့ခိုင်၏အဖိုး အမည်မှာ ဦးတောကျော်။

ဦးသက်ခိုင်ကို ချောင်းလက်တက် ထူးပြားသော မြစ်ကျွန်းပေါ် ရွာတစ်ရွာတွင် မွေးဖွားခဲ့၏။

ရွာနာမည်ကို တယ်ကြီးကုန်းလို့ ဆိုကြပါစို့။

တယ်ကြီးကုန်းရွာမှာ ချောင်းလက်တက် ဝိုင်းနေသော ကျွန်းပေါ်မြေဘွင် တည်ထားသော ရွာကလေးတစ်ရွာဖြစ်၍ အိမ်ခြေ တစ်ရာနှစ်ဆယ်ခန့်မျှရှိ၏။

စိမ်းလန်းစိုပြည်သော သစ်ပင်များ ဝိုင်းရံလျက်ရှိသော သဲဆန်ဆန်ကျွန်းမြေပေါ်မှ တယ်ကြီးကုန်းရွာကလေးမှာ ခန့်ချင့်စဖွယ် သာယာချမ်းအေးသော ရွာကလေးတစ်ရွာဖြစ်၏။

ယား တယ်ကြီးကုန်းရွာမှာ မြစ်ဝကျွန်းပေါ် ဒေသတွင် ရှိသော်လည်း ရွာသူရွာသားများ၏ မျိုးဆက်မျိုးနွယ်များမှာ မြစ်ဝကျွန်းပေါ် ဇာတိချက်မြုပ်များ မဟုတ်ကြပေ။

အင်္ဂလိပ်များ အောက်မြန်မာပြည်ကိုသိမ်းလိုက်ပြီးနောက် မြေဆီလွှာကောင်းလှသည့် မြစ်ဝကျွန်းပေါ်ဒေသကြီးကို ဆန်စပါးစိုက်ပျိုးရာ အဓိကနယ်မြေကြီးအဖြစ် ပေါ်ထွန်းလာစေရန် သတ်မှတ်ခဲ့၏။

အဆီအနှစ် ပြည့်ဝသော မြေတွေ ပေါများနေလျက် လုပ်မည့်လူအင်အားကမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အချိန်က လူဦးရေမှာ အောက်မြန်မာပြည်ထက် အထက်မြန်မာပြည်တွင် နေထိုင်သူက ပိုမိုများပြားသည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ဘုရင် ကိုယ့်အရှင်နှင့် နေလိုကြသူများက ဘုရင်မင်းမြတ်နန်းစိုက်ရာ အနီးဆုံးဒေသတစ်ဝိုက်တွင်သာ နေထိုင်ကြ၏။ နောက်ဆုံးမင်းဆက် မင်းတုန်း၊ သီပေါ လက်ထက်တွင် အောက်သား အများအပြားတွင် အထက်ပိုင်းသို့ ရွှေ့ပြောင်းခဲ့ကြ၏။

မြေဆီမြေနှစ်တွေ တက်ချင်တိုင်းတက်နေသော မြစ်ဝကျွန်းပေါ် မြေရိုင်းများကို လယ်ကွင်းများဖြစ်အောင် လုပ်ရန် လူအင်အားလိုလာသည်။

အထက်မြန်မာပြည်တွင် နေထိုင်ကြသော ဒေါင်းသန်မောင်းသန်လူများကို မက်လုံးအမျိုးမျိုးပေး၍ခေါ်ယူကြ၏။

မိမိတို့၏ သက်ဦးဆံပိုင် အရှင်သခင်ကို ကြက်ကလေး ငှက်ကလေးများ ဖမ်းသလို ဖမ်းသွားသည်ကို မြင်တွေ့ရသဖြင့် ဝမ်းနည်းပက်လက်ဖြစ်နေချိန်၊ နာကြည်းစိတ် ပြင်းထန်နေချိန်၊ တော်လှန်တိုက်ခိုက်လိုစိတ်များ တက်ကြွနေချိန်တွင် အထက်မြန်မာပြည်မှလူများ အောက်မြန်မာပြည်သို့ ပြောင်းရွှေ့စေရန် နည်းပရိယာယ်အသွယ်သွယ်သုံး၍ ကြိုးပမ်းခဲ့ရ၏။

ခေါင်းပြူရာမြေကို ခင်တွယ်၍ ယင်းဒေမြေပေါ်တွင် ခေါင်းချလိုစိတ် ပြင်းထန်ကြသော ဒေသခင်မင်မှု အစွဲအလမ်းကြီးသည့် မြန်မာလူမျိုးများသည် အင်္ဂလိပ်၏ မက်လုံးနောက်သို့ မလိုက်ပါသူက အများစုဖြစ်နေသည်။



အနည်းစုကမူ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုရိုးစကားကို လက်ကိုင်ထား၍ ရေကြည်ရာ မြက်နုရာ စားကျက်ဆီသို့ စွန့်စွန့်စားစား ထွက်ခွာခဲ့ကြ၏။

ထိုအထဲတွင် ဦးတော်ကျော်တို့အဖေ ဦးဘိုးဝ တစ်ယောက်ပါဝင်ခဲ့သည်။

တယ်ကြီးကုန်းရွာကို ဦးစီးတည်ထောင်ရာတွင် ဦးဘိုးဝက ဦးစီးခေါင်းဆောင်။

ထင်းနယ်မြေမှ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ ဓားမဦးချလုပ်ကိုင်ခဲ့ကြသော အထက်အညာဒေသသားကြီးများမှာ တဖြည်းဖြည်း မြစ်ဝကျွန်းပေါ်မြေနှင့် အသားကျလာသည်။

စပါးဈေးကောင်းပြီးရာသီဥတုမျှတသောမြစ်ဝကျွန်းပေါ်ဒေသတွင် အညာမြေမှ ဦးဘိုးဝတို့ စီးပွားဖြစ်ထွန်းခဲ့ကြ၏။

မြေကြီးမှ ရွှေသီးသောခေတ်။

သား...ငါး...ပုစွန်ပေါသော မြစ်ဝကျွန်းပေါ်ဒေသတွင် အဆီလွှမ်းသောဆန်စားပြီးကြီးပွားတိုးတက်နေကြသူဦးဘိုးဝတို့မှာ အညာဒေသတွင် ကျန်ရစ်ခဲ့သော ဆွေစုမျိုးစုများကို မြစ်ဝကျွန်းပေါ်ဒေသသို့ ပြောင်းရွှေ့စေခဲ့ကြ၏။

တယ်ကြီးကုန်းရွာကလေးမှာ တဖြည်းဖြည်း အိမ်ခြေများလာပြီး စည်ပင်လာသည်။

မြစ်ဝကျွန်းပေါ်ဒေသသည်ဦးဘိုးဝတို့အတွက်ချမ်းသာဘုံ။

အထက်အညာမှာ ခြေဖဝါးကွဲ၊ မျက်ခမ်းစပ်ဖြစ်အောင် လုပ်ပါမှ ထမင်းတစ်လုတ် စားရရုံပဲရှိသည်။ အောက်မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်အောက်ရွာမှာလို မဖွံ့ဖြိုး။ နေရာကိုင်ရာသည်မှာလည်း သက်တောင့်သက်သာမရှိ။

အမှန်တော့ နယ်ချဲ့အင်္ဂလိပ်များ၏ ကြွယ်ဝသောပရိယာယ် ဝေစုဒ်ကို မခံစားရသေးသမို့ သည်မြေ သည်ဒေသကို နတ်ဘုံနယ်နန်းတမျှ ထင်မှတ်ခဲ့ကြသော်လည်း တဖြည်းဖြည်းလုံးပါးပါးရမည့်အခြေသို့ ရောက်လိမ့်မည်ကိုမူ ဦးဘိုးဝတို့မမျှော်သဒ္ဒိခဲ့ပါပေ။

နယ်ချဲ့ အင်္ဂလိပ် အရှင်သခင်သစ်တို့သည် ဦးဘိုးဝ တို့လိုစက်နှင့်အတူ ယှဉ်ပြိုင်နိုင်စွမ်းအား ပြည့်စုံသူများအား သူတို့နယ်မြေဘက်သို့ မက်လုံးအမျိုးမျိုးပေးပြီး ခေါ်ထုတ်ခဲ့၏။

မြေရှိုင်းတွေ လိုသလောက် ဝေပေးခဲ့၏။

လယ်လုပ်ကိရိယာတွေ ချေးပေါပေါနှင့်ငွေချေးပေးခဲ့၏။

ကြိုးစားလုပ်ကြစမ်း။

ကြိုးစားကိုင်ကြစမ်း။

ထွက်လာသမျှစပါးတွေ ဈေးကောင်းပေး ဝယ်ယူခဲ့၏။

အဲဒီတော့ အထက်ကလူတွေ အောက်ပြည်အောက်ရွာဘက်လှိမ့်ဆင်းလာပါလေရော။

ဆူးပင်တွေခုတ်၊

သစ်ပင်တွေလှဲ၊

ငုတ်တွေနှုတ်၊

လုပ်လိုက်ကြတာ တောအတိလွှမ်းသော မြေလွတ်မြေရိုင်းမကျန်သလောက်ပေါ့။ မြရောင်သန်း၍ ရွှေရောင်လွှမ်းသော မြေကြီးမှ ငွေပဒေသာပင် သီးခဲ့၏။



မြေကြီးပေးခဲ့သူ အင်္ဂလိပ် အရှင်သခင်များကမြေရိုင်းတွေ မြေယဉ်ဖြစ်လာပြီး ရွှေရောင်သန်းသောအချိန်ကျမှ ပြန်သိမ်းဖို့ ပြင်ဆင်ခဲ့ကြသည်။

သူတို့ကိုယ်တိုင်မသိမ်း၊ စာချုပ်စာတမ်းနှင့် အတိအလင်းပေးထားသော မြေတွေပြန်သိမ်းလျှင် သူတို့သိက္ခာကျမည်။ အယုံအကြည်ကင်းမဲ့မည်။ ကိုယ့်အရှင်ကိုယ့်သခင်ကို လွှမ်းတာစိတ်ပြန်ထည်ထင်ဟပ်ပြီး တော်လှန်စိတ်တွေ နိုးကြလာမည်။

သည်အားခြအနေမျိုးအရောက်မခံနိုင်၊ အဖြစ်မခံနိုင်၊ မြန်မာတစ်ပြည်လုံး သိမ်းပြီးစ ရှိသေးသည်။ အနည် မထိုင်သေး၊ တချို့နေရာများတွင် ငုတ်ကြီးတောင်စွဲ၍ ပြန်လည်ခုခံနေဆဲ၊ တိုက်ခိုက်နေကြဆဲ။

သူ့ကျွန်မခံလိုသူတွေ အင်နှင့်အားနှင့် ရှိနေကြဆဲ။

သူတို့ကိုယ်စား သိမ်းပေးမည့် ကျွန်ယုံတော်တွေ ခေါ်လာကြသည်။

သို့မို့ကြောင့်

နံငယ်ပိုင်းသာ ပိတ်ဖြူကလေးစည်းပြီးနဖူးပြင်မှာပြာတင်၍ သွာတွေ အကုန် ပေါ်အောင် အပြုံးဆောင်ထားသော ချစ်တီးများ –

'ရှင်ပြုပါလား'

'အိမ်ဆောက်ပါလား'

'ဘုန်းကြီးကျောင်းကြီးတွေ ဆောက်ပါလား'

'လယ်တွေယာတွေ တိုးချဲ့ပါလား'

'အတိုးနည်းနည်းနဲ့ ငွေချေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုက စလာသည်။

မြန်မာလူမျိုးများ၏ ဉာဉ်ကလည်း အခက်သား။ အခကြွး ရမည်ဆိုလျှင် ဆင်သတ်ပြီး အရပ်ဝေမည့် လူမျိုး။

ဗျော့သံစည်သံတညံ့ညံ့နှင့်ရှင်ပြုပွဲတွေ အပြိုင်အဆိုင်လုပ်လိုက်ကြ။

ကျောင်းရေစက်ချပွဲတွေ လုပ်လိုက်ကြ။

ဘုရားတွေ တည်လိုက်ကြ။

ငွေထုပ်ကိုင်ထားသူကလည်း အနားမှာ ရှိသကိုး။

လိုသလောက်ယူ၊ ပြုံးပြုံးကလေးပေးသည်။

အစွယ်ဖုံး၍ အပြုံးဆောင်ထားသည်ကို မမြင်ကြ။ မသိကြ။ အာလကာပွဲချစ်တီး သဘောကောင်းလှချည့်ဟုချီးကျူးထောပနာပြုသံများသည်သာ လွှမ်းမိုးနေခဲ့သည်။

ချစ်တီးများက သူတို့ငွေတွေ ဦးဘိုးဝတို့အပေါ် အတော်ကလေးစူဝင်ပြီဆိုမှ ချစ်တီးငွေရှင်နှင့် အင်္ဂလိပ် ဆရာသခင်တို့ ပဟောင့်အဖြေညှိကြပြီး စပါးဈေးကို တစ်နှစ်ထက်တစ်နှစ်ပို၍ ပို၍ ဈေးနှိမ့်ခဲ့ကြသည်။

ငွေချေး အော်ဒီမံ စာချုပ်ထဲမှာ အတိုးတွေ တက်ပြီးရင်းတက်ရင်း၊ မြေကွက်တွေ တစ်ကွက်ပြီးတစ်ကွက် ထိုးအပ်ရရင်း အခြေရောက်ခါမှ အာလကာပွဲချစ်တီးအစွယ်ကို မြင်ကြသည်။

နောက်ကျသွားခဲ့ပြီ။

ဘာမှ မတတ်နိုင်ကြတော့။ မလှုပ်သာ မလှည့်သာ ကျားသနားမှ နွားချမ်းသာမည့်ဘဝ ရောက်ကုန်ကြတော့၏။



ဦးဘိုးဝဖိုးတစ်တွေ ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းခဲ့ရသည့် မြေကြီးမှ ရွှေသီးသောအချိန်တွင် ထိုမြေကြီးကို ဦးဘိုးဝတို့တစ်တွေ မပိုင်ဆိုင်ကြတော့ပေ။

အာလကာပွဲချစ်တီး၏ သီးစားဘဝသို့ ရွှေ့လျောခဲ့ရလေပြီတည်း။

ကိုတောကျော်တို့ လက်ထက် ရောက်သော အချိန်တွင်မူ 'ဒီမြေတွေဟာ တို့အဘိုးပိုင်ခဲ့တဲ့ မြေတွေပေါ့'ဟု ရွှေထီးဆောင်းဘဝကို တမ်းတရုံသာ တမ်းတနိုင်တော့၏။

လုပ်လေ မြုပ်လေ၊ ဖာလေ ပေါက်လေ အခြေအနေတွင် ကိုတောကျော်တစ်ယောက် ထယ်ကိုစွန့်၍ တက်ကိုင်ရသော ဘဝ ရောက်ခဲ့၏။

ဒါက ပါလီမန်အတွင်းဝန် ဦးသက်ခိုင်၏ မျိုးဆက်နွယ်ဘဝအခြေအနေပင်တည်း။

ဦးသက်ခိုင်၏အဖေ ဦးတောကျော်မှာ မြေကိုပစ်၍ ရေကိုချစ်ရသော ကူးတို့သမားဘဝဖြင့် သက်မွေးဝမ်းကျောင်းခဲ့ရသည်။

ဦးတောကျော်ခါးကုန်းနေသည့် အမှတ်အသားကို ကြည့်ရုံဖြင့် သူ၏ကူးတို့သမားလုပ်သက်ကို ခန့်မှန်းနိုင်လောက်၏။

သူ၏ကျောပြင်ကြီးမှာ မည်းပြီး ပြောင်နေသည်။

အင်္ကျီဝတ်၍ သမ္မာန်ခတ်လျှင် မလွတ်မလပ်ရှိသမို့ ကူးတို့သမားဘဝကတည်းက အင်္ကျီမဝတ်ခဲ့သော သူ၏ကျောပြင်ကြီးမှာ သပိတ်ရောင်ထ၍ ချေးစို့လာသည်နှင့် ပြောင်လက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတောကျော်၏ဘဝတွင်ကြွားလုံးထုတ်စရာဟို၍ဘာအမှ မရှိခဲ့စဖူး။ ထမင်းနပ်စေ့စားရဖို့ကိုပင် အလူးအလဲ ကြိုးစားခဲ့ရ၏။ နေရသည့်တဲငယ်မှာ ကြယ်မြင် လမြင်၊ ရွာဦး ကျောင်းတိုင် ဆရာတော်ဖြစ်နေသည့် ဘကြီးဘုန်းကြီးကပင် ပြန်၍ဆောက်ပံ့နေရသေးသည်။

ဦးတောကျော်ဘဝတွင် ကြွားလုံးထုတ်စရာ တစ်ကွက်တော့ ရှိခဲ့ဖူးသည်ဟု ကြဲဖန်ပြောစမှတ်ပြုစရာ ရှိခဲ့ပါသည်။

'မောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးငါ့အောက်' ဟူ၍။

သူက 'ဘက်' ကိုနိုင်၍ 'လေ' ကို ပိုင်သူဖြစ်သမို့ ရေပြင်က ဘယ်လောက်ပင် ထကြွသောင်းကျန်းပါစေ ကိုတောကျော်ကတော့ ငြိမ့်ငြိမ့်ညောင်းညောင်းပင်။

ကိုတောကျော်မှာ အကြောင်းအထည်မမြင်ရသော လေကို ခွဲနိုင်သူဟု ဆိုလေသော် ယုံဟမ်းစကားဟု ပြောကြလေမလား မသိ။

တကယ်ပါ။

လေကို သမ္မန်ဦးကလေးနှင့် ခွဲနိုင်သူဖြစ်ပါ၏။

တကယ်က....

လေကိုခွဲရာမှာ အရေးအကြီးဆုံးက သမ္မာန်ဦးမဟုတ်ပါ။

သူ၏ လက်နှစ်ဖက်နှင့် ကိုင်ထားသော ခတ်တက်များသာ ဖြစ်ပါသည်။

လေကိုခွဲရာတွင်

အတည့်ခွဲ၊

တစောင်းခွဲ၊

ဘေးတိုက်ခွဲ၊

ဦးခံခွဲ၊

ဦးစိုက်ခွဲ၊

ဦးမော့်ခွဲ။

အားလုံးကို သူ၏ခတ်တက်ဖြင့် အလှည့်အပြောင်း ကစားပေးရ၏။

ခတ်တက်ကျွမ်းမှ လေကို ခွဲ၍ရသည်။

လေကိုခွဲ၍ရမှ ရေကို 'ချဲ' ၍ ရသည်။

လေမနိုင်လျှင် ရေမကိုင်နှင့် ဆိုသည်မှာ ကွေးတို့သမားတို့ စကားပင်။

လေကိုပိုင်မှ ရေကိုနိုင်သည်။

လေမပိုင်လျှင် ရေကိုမနိုင်။

ထို့ကြောင့်လည်းမိုးကာလ ရောက်သောအခါ 'ဟဲ့၊ကွေးတို့ကွေးရင် ကိုတောကျော် သမ္မန်တွေ့မှကွား' ဟု မှာစကားရှိခဲ့သည်။

ကိုတောကျော်မှာ ရေနှင့်လေကို နပန်းလုံးရင်း ဘဝကို တည်ဆောက်ခဲ့ရသူဖြစ်သော်လည်း....

နုံချာသောဘဝကိုမူ အရှုံးမပေး။

ရှုန်းကန်ဆဲ၊

တွန်းလှန်ဆဲ၊

တိုက်ခိုက်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

သည်နေ့ ကိုတောကျော် ကူးတို့ဆိပ် မဆင်းနိုင်။ အိမ်မှာ ဗျာမများနေသည်။

သူ့ဘဝတွင် မမြော်လင့်ချက်ရောင်သည် သမ်းသောနေ့။

ဒေါ်အေးမြ ဗိုက်နာသေပြီဆိုတိုင်း ကိုတောကျော်၏မြော်လင့်ချက်ရောင်ခြည်မှာ ရှင်သန်လာရစမြဲ။ ကိုတောကျော်တို့မှာ ဆင်းရဲသား။ ပါးစပ်ပေါက် တစ်ပေါက်တိုးလျှင် တိုးလာသလို အခက်အခဲတွေ သူများဖြစ်စေကာမူ သားသမီး



ရတနာအတွက် ဘယ်တော့မှ စိတ်မပျက်ကြ။ မရပါစေနှင့်ဟူသော စိတ်ထားမျိုး ဘယ်တော့မှ မရှိမှု။ သည်ကြားထဲ ကိုတောကျော်မှာ ယောက်ျားလေး အလွန်လိုချင်သူ၊ မွေးထားသည်က သမီးနှစ်ယောက်။

ဒေါ်အေးမြကိုယ်ဝန်ဆောင်ရပြီဆိုလျှင်ကိုတောကျော်မှာ စိတ်ချူးထစမြဲ။ 'ငါလို ယောကျ်ားကလေး မွေးလိုက်စမ်းပါ' ဟု တောင့်တစမြဲ။

'ဟဲ့ အေးမြရဲ့ နင့်မလဲ မွေးလိုက်တိုင်း မိန်းကလေးချည်းပဲ၊ ဒီတစ်ခါ ယောကျ်ားကလေးများ မွေးစမ်းပါအုံးတော့'

'အော်၊ ကိုတောကျော်နဲ့၊ ကျုပ်က မွေးချင်တိုင်းမွေးလို့ရတာမှ မဟုတ်ပဲဟာ'

'အို၊ နင်တို့စိတ်ကိုက မိန်းကလေးလိုချင်လို့ ဖြစ်မှာပေါ့ဟာ'

'ကဲ ကိုတောကျော်၊ ရှင့်ပြောရတာ လက်ဝင်တယ်၊ မလိုချင်လဲ ချောင်းထဲသာပစ်ချလိုက်'

'ဒေါသမကြီးပါနဲ့ အေးမြရယ်၊ ငါကယောကျ်ားလေး လိုချင်လွန်းလို့ပါ'

ဤသို့လည်းအချီအချ စကားဆိုကြရသည်။

ဆင်းရဲချမ်းသာမဟူ အိမ်လည်ဆဲ့ သားသမီးရတနာလိုချင်ကြစမြဲ။

ယောကျ်ားများက သားသားလေး။

မိန်းမများက မီးမီးလေး။

ဒါပဲ ကွာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးမြ ဝမ်းနာပြီဆိုလျှင် အမြဲအလာ ဝမ်းဆွဲ ခေါ်ရသည်မှာ ကိုတောကျော်အလုပ်။ အခြားလူခိုင်းဖို့ ဘယ်တော့မှ စိတ်မချ။

ဝမ်းဆွဲခေါ်ရုံနှင့်မပြီးသေး။

အိမ်ပြန်ရောက်သည်နှင့်တဲခွေမှာထိုင်ပြီးခေါင်းတွင်ပေါင်း ထားသော လုံချည်ကိုဖြေ၍ ဟိုခပ်သည်ခပ် ခပ်ရင်း တတ်သမျှ မှတ်သမျှ ရွတ်ဖတ်သရဇ္ဈာယ်ရသည်မှာ သူ၏အလုပ်။

တောစောင့်နတ်၊

တောင်စောင့်နတ်၊

အိမ်စောင့်နတ်၊

လယ်စောင့်နတ်၊

ရွာစောင့်နတ်စသည့်မမြင်ဘူးသော နတ် 'အသခ်ျေ အနန္တ' တို့ကို စောင့်ရှောက် မှိုင်းမပါမည့် အကြောင်း ဆုတောင်းရ သည့်မှာလည်း မမောနိုင် မပန်းနိုင်ရှာ။

သားအလေးမွေးအောင် ကူညီစောင်မကြပါဟု။

မိန်းမသား ကိုယ်ဝန်ဆောင်များ မီးဖွားကာနီး အင်္ဂုလိမာလသုတ်ရွတ်ရင် မွေးဖွားရ လွယ်ကူသည်ဟူသော ရှေးလူကြီးသူမများ၏ဆိုစကားအရ ကိုယ်ဝန်ဆောင်များကို အင်္ဂုလိမာလသုတ် သင်ပေးကြ၏။ ကိုတောကျော်တို့ဘောမှာ သည့်အယူအဆပို၍ ခိုင်မြဲသပေါ့။

ဒေါ်အေးမြကစာမတတ် ပေမတတ်မို့ အင်္ဂုလိမာလသုတ် သင်လို့မရ။ သည့်တော့ ဒေါ်အေးမြကိုယ်စား ကိုတောကျော်က အိမ်ရှေ့ခန်းမှနေ၍ အင်္ဂုလိမာလသုတ် ရွတ်ပေးရသည်။



ကကယ် မပြောကြစတမ်းဆိုရှင် ကိုတောကျော် လုပ်ပုံမှန် သည်ဟု ဆိုရပေမည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ မွေးဖွားကာနီး ဗိုက်နာပြီဆိုလျှင်ဝေဒနာဝ်အလူးအလဲခံကြရ၏။ အသည်းမာသူမဟုတ် လျှင်လက်လွှတ်စပယ် အော်ဟစ်ကြရ၏။ အင်္ဂုလိမာလသုတ် ရွတ်ဖို့နေနေသာသာ ကိုယ့်ယောကျ်ား၏ နာမည်ကလေး နှစ်လုံးသုံးလုံးကိုပင်မခေါ်အားနိုင်ရှာ၊ မတမ်းတ နိုင်ရှာကြပေ။

အချို့အသည်းငယ်လွန်းသူများဆိုလျှင် ဝေဒနာမချိမဆန့်ခံနေရစဉ် ကိုယ့်ချစ်လင်ကိုပင် အော်ဟစ်ဆဲဆိုမိသည်အထိ ပြုမိမှားကြ၏။

တချို့များကလေးမွေးလုမွေးဆဲအချိန် ကာလပိုင်းကလေး မှာခံစားမှုဝေဒနာ ပြင်းထန်လွန်းအားကြီးသဖြင့် ချစ်လင် မျက်နှာကို ကြည့်ချင်စိတ်ပင် မရှိကြတော့။

'ဟဲ့သေနာကောင်ရဲ့၊ နင်နှိပ်စက်တဲ့ဒဏ်တွေ' ဆိုသည်မျိုး အထိ ပြောမိဆိုမိကြသည်။

အဲဒီတော့လည်း အင်္ဂုလိမာလသုတ်ကို ဘယ်မှာရွတ်နေနိုင် မှာပ။

ကိုတောကျော်ရွတ်သလို ကိုယ်စားရွတ်ပေးပါလေမှ။

ရန်ကုန်မြို့ကအမျိုးသမီးသားဖွားဆေးရုံ 'ဓအ' ဘာလောက် ရှေ့မှာ မီးနေစောင့် အမျိုးသားတွေ အများအပြား ရှိကြပါ သည်။ အဲဒီနေရာကလေးမှာ ရေနွေးဆိုင်ဟူ လူမစဲ ရှိတတ်လေ၏။ သားသားလေးမွေးပြီ၊ မီးမီးလေးမွေးပြီဆိုသောအသံများကြား ရချင်းအိမ်မပြန်နိုင်ကြသော ဖခင်အချင်းသားကောင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ပါးစပ်တလှုပ်လှုပ်ဖြစ်နေသည်ကိုမြင်လျှင်ကိုတောကျော် ကို အမှတ်ထား၍ အင်္ဂလိပ်လိုသုတ် ရွတ်နေသူဟု မှတ်ယူကြ ပါလေ။

အဲ လူပျိုကြီးများ မိန်းမယူတော့မည်ဆိုလျှင် အင်္ဂလိပ်လို သုတ်ကို အရင်ကျက်ကြဖို့နော်။ အဲဒါအရေးကြီးတယ်။

ဒေါ်အေးမြက မီးနေခန်းထဲကအော်လေ ကိုတောကျော် ရွတ်သံ ပိုကျယ်လေ။

သည်တစ်ခါတော့ကိုတောကျော်ဆန္ဒပြည့်ဝလေပြီတည်း။

ငမ်းဆွဲသည် ဒေါ်ဖွားမေ၏ 'ဟဲ့ တောကျော်၊ ဒီတစ်ခါ ယောကျ်ားကလေးဟဲ့၊ နင့်ထက်ကဲမယ့်အကောင်' ဆိုသော အသံကြားလိုက်သည်နှင့် ကိုတောကျော် ထ, ခုန်လိုက်သည် မှာ တဲကလေးကို သိမ့်သိမ့်တုန်သွားပါလေရော။

ထ, မခုန်၍ မဖြစ်ပါ။

ကိုတောကျော်ပါးစပ်ထဲက မီးကျိုးခဲတရဲရဲနှင့် ပြောင်းဖူး ဖက် ဆေးလိပ်ကြီးမှာ တင်ပလ္လင်ခွေ ထိုင်နေသည့် ကြားထဲသို့ တည့်တည့်မတ်မတ်ကြီး ကျသွားလေသောကြောင့်။

ယောကျ်ားကလေးမွေးပြီဆိုသည်နှင့်ကလေးကို ဖြူသလား မည်းသလား၊ ဝသလား ပိန်သလား မကြည့်နိုင်သေး။

စမန်းကတန်း လုံချည်ကလေး ခေါင်းပေါင်းပြီး ရွာဦး ကျောင်းက ဘကြီးဘုန်းကြီးဆီ အပြေးအလွှား သုတ်ခြေ တင်ရသည်။

သည်ကြားထဲ လမ်းမှာ ကူးတို့အငှားနှင့် တွေ့နေပြန်သဖြင့် စိန်ကောင်းကြောက်ကောင်း ရှောင်းသည့်နေရာ ဆေးရိုးသည် က စန့်လန့်ကန့်လန့် လုပ်ရန်ကော အကြည့်မျိုးကြည့်၍ ဘု တောခဲ့ရသေးသည်။



ဘကြီးဘုန်းကြီးဆီ အရောက်တွင် ဦးသုံးကြိမ် ပုဆိုးနဲ့ပေါက် ချပြီး အမောပင်မပြေနိုင်ရှာဘဲ 'အရှင်ဘုရား၊ ယောကျ်ားလေး ပါဘုရား၊ အခုတဲ မွေးပါတယ်ဘုရား၊ တပည့်တော် အပြေး အလွှားလာခဲ့ပါတယ်ဘုရား' ဟု ပါးစပ်မှ ကရားရေလွှတ်သလို လျှောက်တင်လိုက်၏။

ဆွမ်းဘုဉ်းပေးပြီး တရေးတမော ကျိန်းစက်နေကျ ဘုန်း တော်ကြီးများ ကိုတောကျော်၏ အမောတကော လျှောက် တင်သံကြောင့် မျက်လုံးများ ပြူးကျယ်သွားပြီး....

'မောင်တောကျော်ရဲ့ဖြည်းဖြည်းများလဲပြောစမ်းပါဦးဟဲ့'

'အချိန်လွဲသွားမှာ စိုးလို့ပါဘုရား'

ဒီတော့မှ ဘုန်းတော်ကြီးလည်း ကိုတောကျော် လာရင်း ကိစ္စကို အမှတ်ပြုလိုက်ပြီး ကျောင်းက တိုင်ကပ်နာရီကြီးကို လှမ်းကြည့်လိုက်ရသည်။

ကိုတောကျော်တို့က နာရီပတ်နိုင်သူများ မဟုတ်။

သားမွေးချိန် မသိလိုက်ဘဲ ဖြစ်နေမည် စိုးသောကြောင့် အပြေးအလွှား အမောတကော နာရီရှိသောကျောင်းသို့ ပြေး ခဲ့ရ၏။

'အေး အေး၊ မင်းပြေးလာတဲ့အချိန်နဲ့တွက်ဆလိုက်တော့ ဆယ့်နှစ်နာရီ မိနစ်ငါးဆယ်လို့ ထားလိုက်ပေါ့ကွာ'

'တင်ပါ့ဘုရား'

'ကဲ ... ငါလဲကျိန်းလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မကျိန်းပါနဲ့ဦးဘုရား၊ တွက်ချက်ပေးပါဦး'

ကိုတောကျော်ခမျာ သားဇောကြောင့်သာ ဘုန်းတော်ကြီးကို အထွန့်တက်ပြီး လျှောက်တင်ရဲသည်။ နို့မဟုတ်ချင် ဘယ်ပြန်ပြောရဲမှာပ။

'တယ်၊ ဒီကောင့်နှယ်နော်၊ ခက်ပါလား၊ သွား....တော် တော်ကြာမှ ပြန်လာခဲ့'

ကိုတောကျော် ရှေ့မဆက်ရဲတော့။ သူ၏ မျက်နှာတွင်မူ မကျေနပ်သော အမူအရာက အထင်းသား။

သို့ပေသည့် ကိုတောကျော်ခမျာ အိမ်မပြန်နိုင်ရှာ။ ဆွမ်းစားကျောင်းဘက်ဆင်းခဲ့ပြီးတပြင်ပေါ်တွင်လှဲနေလိုက်သည်။

သူ၏အတွေးစဉ်များမှာသားအတွက် တစ်မျှော်တစ်ခေါ်ကြီး။ သားကြီး လာရင်ဆိုသော စိတ်ကူး စိတ်သန်းများမှာ သူ၏နှလုံးအိမ်တွင် ခိုကပ်လာလိုက်၊ ပြေးထွက်သွားလိုက်။

ပြတ်ပြတ်သားသား အတွေးစဉ်တစ်ခုမှာမူ သူ၏နှလုံးထဲတွင် စွဲကပ်သွားခဲ့၏။

'ငါ့ ကူးတို့ ပိုခတ်မှ ငါ့သားကြီးလာရင်'

မိဘမေတ္တာဟူသည် အတိုင်းအဆ ပမာဏ မရှိပါချေ။ သားသမီးများအတွက် ပခုံးလက်နှစ်သစ်က၍ ထားလိုက်ရသည့်ရည်မှန်းချက်များမှာ ဒုနှင့်ဒေး။

ကုန်သည် ဖြစ်စေချင်သော ဆန္ဒရှိလျှင်လည်း ကုန်သည် အကြီးကြီးဖြစ်မှ။

နိုင်ငံ့တော်ဝန်ထမ်း ဖြစ်စေချင်သော ဆန္ဒ ရှိလျှင်လည်း ရာထူးအကြီးဆုံး နိုင်ငံတော်ဝန်ထမ်းဖြစ်မှ။



ဆရာဝန်ဆိုလည်း ဘွဲ့တွေ တစ်သီးကြီးနဲ့မှ၊ အင်ဂျင်နီယာဆိုလည်း အကြီးတကာ့အကြီးဆုံးဖြစ်မှ၊

ဆင်းရဲချမ်းသာမဟူ မိဘတို့၏ရည်မှန်းချက်က ဤသို့ရှိကြသည်။

မေတ္တာနှင့်စေတနာမှာ အပြည့်အဝ။

ဟိုအရင်က အဲသလို ရည်မှန်းချက်တွေထားနိုင်သည်၊ထားခဲ့ကြသည်။ ဖြစ်ခဲ့ကြသည်။

ခုများတော့ ငါ့သားကြီးလာရင်...

'ဆံပင်အရှည်ဆုံး'

'ဘောင်းဘီအပွဆုံး'

'ဆရာကြီး အပင့်ဆုံး'

'နံပါတ်ဖိုး အစွဲဆုံး'

'စီးကရက် လက်ကြားကမချဆုံး'

မဖြစ်မှကို ရည်မှန်းထားပါလေမှ။ နို့မဟုတ်ရင်မိဘများမှာ နှလုံးရောဂါနှင့် ပန်းဘစ်လိမ်နန်းတစ်လိမ် ခြူးပျံ နယားပျံ ကားမြန်မြန်စီးရပါလိမ့်မည်။

ဘုန်းတော်ကြီး ကျိန်းစက်ရာမှမထခင်း ကိုတောကျော်ခမြာ ဆွမ်းစားကျောင်းပေါ်မှ အတွေးဝက်ပါချာချာလည်နေသည်။

ဘုန်းကြီးကလည်း အိပ်ပဲ အိပ်ရန်ကောဟု စိတ်ခုမိသွားသည်။

အတ္တလွန်ကဲသောသူ့စိတ်မှာ ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ်မှ ဘုန်းတော်ကြီး ချောင်းဟန့်သံ ကြားရပြီ။ ကိုတောကျော် ဖြုန်းကနဲမတက်ဝံ့သေး။ အချိန်အတော်ကြာအောင် စောင့်နေပြီးမှ ကုပ်ကုပ်ကလေး ကျောင်းပေါ်တက်သွားရသည်။ ဘုန်းတော်ကြီးကိုဝတ်ဖြည့်ပြီး စကားမစရဲသေး ဟိုကြည့် သည်ကြည့် ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် ဘုန်းတော်ကြီးစကားအစကို စောင့်နေခဲ့ရသည်။

အတန်ကြာမှ ဘုန်းတော်ကြီးက ...

'ဟဲ့ တောကျော်၊ အေးမြကော နေထိုင်ကောင်းရဲ့လား'

'မှန်ပါ၊ ကောင်းပါလိမ့်မယ် ဘုရား'

'တယ် ဒီကောင်နဲ့၊ ကောင်းပါလိမ့်မယ်လို့ စကားပြောတာ မဟင်မကျနဲ့'

'တပည့်တော် အိမ်မရောက်သေးဘူး ဘုရား'

'ဟဲ့ မင်းက ဘယ်သွားနေလို့လဲ'

'တပည့်တော် ဆွမ်းစားကျောင်းကနေ အရှင်ဘုရားကို စောင့်နေပါတယ် ဘုရား'

'အင်း မင်းတို့ လောကီသားတွေများ တယ်ဝိတက်များကြပါလားကွ၊ မင်းတို့ဝိတက်က တို့တောင် အလွတ်မပေးပါလား'

ရှာဦးဆရာတော်မှာ ပြောပြောဆိုဆို ညည်းညည်းညူညူနှင့်ပင် ကျောက်သင်ပုန်း ကောက်ကိုင်လိုက်ရတော့၏။

'ဟဲ့ တောကျော် မင်းကောင် မခေပါလားကွ'

'မှန်ပါ ဘုရား'



'အသစ်တွေရော အုတ်တွေရော တစ်ထပ်ကြီးပါလား၊ ကြီးလာရင်တော့ တကယ့်ချွန်မယ့်ကောင်ပဲ၊ ထိပ်ရောက်မှာ သေချာတယ်'

'မှန်ပါ့ဘုရား'

မှန်ပါ့ဘုရားလိုက်နေသည့် ကိုတောကျော်၏ မျက်နှာကြီးမှာ ဝင်းဝင်းပပ ပြုံးဖြီးဖြီးကြီး။

'ဒါပေမယ့်မင့်သားကို နာမည်ပေးတဲ့နေရာမှာတော့ သတိထားရလိမ့်မယ်၊ တက်မယ့်အညွန့် ချိုးပြစ်တာမျိုးရှောင်ရမယ် ဒီတော့ကွာ သူ့နာမည်ကို 'မဲလုံး'လို့မှည့်၊ ကြီးမှ နာမည်ပြောင်း'

ကိုတောကျော်၏ မျက်နှာတွင် မကြည်လင်သော အရိပ်အယောင်များ ယှက်သန်းသွားသည်။

'တပည့်တော်က မြို့က နာမည်မျိုး'

'တယ် ဒီကောင်လျှာရှည်ပါလား၊ ငါပြောတဲ့အတိုင်းမှည့်'

'မှန်ပါ့ဘုရား'

ကိုတောကျော်၏နောက်ဆုံး မှန်ပါ့ဘုရားမှာ မဘုရားချပ်ဘုရားချပ်ဖြင့် ဘုရားလိုက်ရသော အောက်သိုးသိုး ဘုရားအသံဖြစ်၏။

မှန်သပေါ့။

ကိုတောကျော်ခမြာ သားလေးတစ်ယောက် တောင့်တခဲ့ရသည်မှာ ကြာပြီပဲဟာ၊ ရလာသည့်အချိန်ကျမှ သားလေး နာမည်ကို 'မဲလုံး' မှည့်မည်ဟုဘုန်းဘုရားက အမိန့်ချမှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ကိုယ်ချင်းရယ်မှ မစာမလခြင်းဟု ကိုဘောကျော်စိတ်ထဲတွင် ကသိကအောက် ဖြစ်သွားရသည်။

ဘယ်သူဖြစ်ဖြစ် ကိုယ့်သားလေးနာမည်ကို လှလှပပမှည့်လိုကြ၏။

ဂျပ္ပလီအသားလေးက မည်းသည့် နဲ့သားကိုပင် ခေါင်နှပ်းဖြူဟု မှည့်ခတ်ကြသည် မဟုတ်ပါလား။

ကိုဘောကျော်က မေမှတ်လို့။ သမ္မန်ခတ်ရင်း မြို့ခဏခဏ ရောက်နေမင့်ဟာမြို့က အောင်လေးတွေ နာမည်အမျိုးမျိုးကို သူကြားဖူးခဲ့၏။ နားယဉ်နေ၏။

သူ့သားကို မောင်အောင်ထွန်းကျော်၊ ဝဏ္ဏကျော်ကျော်တို့ သူရရဲအောင်ကျော်တို့ဆိုသည့် နာမည်မျိုး မှည့်ချင်၏။

ဒါပေသိ ဆရာတော်အမိန့်ကို မလွန်ဆန်ရဲ။

နာမည်လှလှလေးမှည့်ချင်သည့်ဆန္ဒကိုမြို့သိပ်ပြီး 'မဲလုံး' ဟူ၍ပဲ မှည့်ရတော့မည်သာ။

ကိုဘောကျော်၏ နှုတ်ဖျားဆီမှ တိုးတိုးညင်းညင်း မဲလုံးဆိုသောအသံထွက်ကလေး ပြည့်တွန် ကြည့်လိုက်တိုင်း သူ့ခေါင်းမှာ အလိုလို ခါထွက်သွားသည်။

မျက်နှာကြီး ရှုံ့မဲ့သွားသည်။

အများအားဖြင့် မဲလုံးဆိုသည်မှာ ခွေးများကို ခေါ်လေ့ရှိသော နာမည်ဖြစ်၏။

မဲလုံးနာမည်ကြောင့်ဘဝင်မကျဘဲ လိပ်ခဲတင်းသင်းခေါ်ရသာသော ကိုဘောကျော်၏ ဒေါသဒဏ်ကို ခံလိုက်ရသူမှာ ပိန်မ။



နွားကျောင်းသားလေး၏ လောက်လေးဒဏ်ကို အပြေးအလွှား ရှောင်တိမ်းလာရသူ ပိန်မခမြာ ကိုဘောကျော်နှင့် ဝင်တိုးမလိုဖြစ်သွားသဖြင့် 'တယ် သည်ခွေးမနဲ့' ဟု ပြောပြောဆိုဆို တအားကျုံးကန်ထည့်လိုက်သည့်ဒဏ်ကို ပိန်မက တဂိန်ဂိန် အော်မြည်ရင်း ခံသွားရရှာသည်။

တစ်ဖက်ကလည်း ကိုဘောကျော်က ဤသို့ စဉ်းစားမိပြန်သည်။

'ငါ့သားက ကြီးလာရင် အညွန့်တလူလူနဲ့ အထွတ်အထိပ်ရောက်မယ့်အကောင်၊ ငယ်ငယ်က သိပ်ပြီးအညွှန့်တပ်ပေးလိုက်ရင် ကြီးလာတာနဲ့ အညွန့်တုံးသွားတတ်တယ်'

ဟုတ်တယ် ဆရာတော်ဘုရား အမိန့်ရှိသလို ငယ်ငယ်က နှိမ်ပေးထားမှ ကြီးလာရင် တက်ချင်တိုင်းတက်မှာ။

မဲလုံး နာမည်ပြောင်းလို့ ဖရမည့်အတူတူ စိတ်သက်သာမှုအတွက် ဤသို့သောအားတွေးဖြင့် ဖြေသိမ့်ရ၏။

ကိုဘောကျော် အိမ်အပြန် တစ်လမ်းလုံး ဘယ်လောက်များ တွေးသသည်မသိ။ 'အွန့် အမယ်လေးတော့' အသံကြားလိုက်မှ ကိုဘောကျော်လည်း 'အို၊ အင်ဗျာ' ဖြစ်သွားရသည်။

သူ မျက်နှာချင်းဆိုင် ဝင်တိုက်လိုက်မိသူမှာ အခြားလူမဟုတ်။

မဲလုံးကို မွေးဖွားပေးသည့် လက်သည်ကြီး ဒေါ်ဖွားခေပင်တည်း။

ဒေါ်ဖွားမေကို ရှိခိုးပြီး ဦးတင်တောင်းပန်ပြီး အစ်ချီးတည်း လစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

မလစ်လို့မဖြစ်။

ဒေါ်ဖွားမေက အကြမ်းလျှာကြမ်း။

ရွာလယ်လမ်းမှာ မဟုတ်တရုတ်တွေ အော်ဟစ်နေမှုဖြစ်ဖို့ ဒုက္ခ။

မိဘများ သားသမီးဇာတကပ်ပြီဆိုလျှင် ဘာကိုမှမမြင်တတ်။

သည်ဇာတ်မှာ မွေးချင်းစမှ စလေ၏။

မယ်လုံးမွေးသည့်နေ့ကစ၍ကိုတောကျော်တစ်ယောက်ကူးတို့ပိုခတ်ခဲ့ရသည်။ နားချိန်စားချိန်ကိုပင် သတ်သတ်မှတ်မှတ်မထားနိုင်ရှာ။

ကူးတို့ငှားသူရှိလျှင် ထမင်းစားနေရင်းကပင် လက်ဆေးပြီး ထလိုက်ခဲ့သည်အထိ။

'တောကျော်တို့ ပျဉ်ထောင်အိမ်ဆောက်တော့မလို့ ထင်တယ်ဟေ့'ဟု ပြောယူရလောက်အောင်ပင် ကိုတောကျော်တစ်ယောက် အလုပ်ကိုကျုံး၍ လုပ်ကိုင်ခဲ့၏။

မယ်လုံးကြီးလာရင် ဆိုသော အသိက သူ၏ခွန်အားကို ပို၍တိုးပွားစေခဲ့၏။ ကူးတို့သမ္ဗန်ခတ်ရင်း မောပန်းလာသောအခါ ခတ်တက်မှာ နွေးကွေးလာသည်။ သည်အခါမျိုးတွင် သားကလေး မယ်လုံးအတွက်ဟု အားတင်းလိုက်သည်နှင့် ခတ်တက်များ သွက်လာစမြဲ။

မယ်လုံး ခြေတောက်နိုင်စ လေးနှစ်သားအရွယ် ရောက်သည်နှင့် ရွာဦးကျောင်းဆရာတော်ထံ သွားရောက်အပ်နှံခဲ့၏။



'ဟဲ့...တောကျော်ရဲ့၊ ခလေးက ငယ်ပါသေးတယ်ကွ'ဟု ဆရာတော် မိန့်ဆိုသည်ကိုပင် ခေါင်းညိတ်တော့။ မိုးလင်းသည်နှင့် သူကိုယ်တိုင် မယ်လုံးကို ကျောင်းပို့ပြီးမှ ကူးတို့ဆိပ်ဆင်းခဲ့သည်။

ထို့ကြောင့်လည်း စကားမပီတတ်ပီတတ်အရွယ်တွင် မယ်လုံးတစ်ယောက် ပရိတ်ကြီး ဟစ်တတ်နေပေပြီ။

တယ်ကြီးကုန်းဘက်ရွာလုံးရှိကလေးငယ်များ၏ ပညာရေးမှာ ရွာဦးကျောင်းဆရာတော်ထံတွင်သာ အဆုံးသတ်ကြ၏။

ရွာထဲမှ လယ်ပိုင် ယာပိုင်ရှိသူ ကြေးရေတတ် တစ်ချို့၏ ကလေးငယ်များသည်သာ မြို့ကျောင်းသို့ ပို့အပ်သင်ကြားစေခဲ့၏။

ကိုတောကျော်တို့လို ရရစားစားသမားများ၏ သားသမီးများကို မြို့တက်ကျောင်းပို့လေ့မရှိ။ လုပ်ငန်း လုပ်နိုင်သည့်အရွယ်တွင် သူနှစ်တန်ရာ အလုပ်ခွင်ကို ဝင်စေခဲ့ကြ၏။

ကိုတောကျော်ကတော့ ဘာနေမလဲ။ မယ်လုံးကြီးလာရင် ဖြစ်ဖြစ်သည့်နည်းနှင့် မြို့ကျောင်းသို့ပို့မည်ဆိုသည့် ဆုံးဖြတ်ချက်ကို မွေးကတည်းက ဆုံးဖြတ်ပြီးသား။

မယ်လုံး ကျောင်းပို့နိုင်ရန်အတွက် တစ်နေ့လုံးသာ မဟုတ်။ တစ်ညလုံးပဲ ခတ်ချပါစေ- ခတ်မည်သာ။

ကိုတောကျော်တို့တောရွာများတွင် ဈေးဟူ၍ သတ်သတ်မှတ်မှတ် ရှိသည်မဟုတ်။ အိမ်မွေးကြက်ကို တုတ်တို့နှင့်နှက်- ရွာထဲမှာ စက်သားပေါ်မှ အသားစားရသူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓါတိုင်း ရွာထဲမှာ ဝက်သားပေါ်လျှင် တစ်တွဲလောက်ကို အမြဲတမ်းဆွဲနေကျ။

ခုများတော့ 'ကိုတောကျော်ရေ ဝက်သားဗျို့.....' ဆိုလျှင် 'မယူသေးပါဘူးဗျာ' ဟု ငြင်းခဲ့လေပြီ။

ဝါးလုံးခေါင်း စုဘူးထဲကငွေကို အလျော့မခံနိုင်။ မဲလုံး မြို့ကျောင်းပို့ဖို့ အတွက်မှလွဲ၍ သည်ငွေကို လုံးဝမသုံးဟု အခိုင်အမာ ဆုံးဖြတ်ပြီးသား။

မဲလုံး မြို့ကျောင်းပို့ရေးအတွက် ကိုတောကျော် ကြိုးစားပမ်းစား ငွေစုထားသည့်တိုင် မြို့ကျောင်းပို့ရေး ပြဿနာမှာ မလွယ်ကူ။

ဒေါ်အေးမြနှင့် နေ့တဓူဝတကျက်ကျက်ရန်ဖြစ်နေရသည်။ ဆွေမျိုးစု၏ ဝိုင်းဝန်း ပြစ်တင်ခြင်း ခံနေရသည်။ သူ့ဘက်က ရပ်တည်သူဟူ၍ တစ်ယောက်တစ်လေမှမရှိ။

'ဆန်မရှိ စောက်စားကြီးရန်ကော' ဟု ပြစ်တင်ခြေခြောက်သူက အများစု။

ကိုတောကျော်ကလည်း တင်းတင်းပဲ။

ဘယ်သူတွေ ဘယ်သို့ဝိုင်းဖျက်စေကာမူ နည်းနည်းကလေးမှ အလျော့မပေး။

ဘယ်သူဆီကမှ ဆန်တစ်စေ့ အထောက်အပံ့မယူ။

'ငါ့ကိုယ်တ ချွေးနဲ့ဖြစ်တဲ့ငွေနဲ့ ထားမယ်' ဟု တင်းခံခဲ့သည်။

ကိုတောကျော်တို့ ရွာစလေးမှာ သားမထားနိုင်ဖို့ ပြောမပြီး သောကိစ္စများပေါ်လာလျှင် ဆွေစုမျိုးစုများကြားတင်ရစမြဲ။



ဖျန်ဖြေရစမြဲ။

အဆုံးအဖြတ် ပေးရစမြဲ။

ဒါကို လိုက်နာကြရသည်။

နာခံကြရသည်။

ဆွေစုမျိုးစုများအဆုံးအဖြတ်ကိုမနာခံလျှင် ဝိုင်းပယ်ခြင်း ခံရတတ်သည်။

နဂိုကတည်းက ဆွေစုမျိုးစုတည်ထောင်ခဲ့သော ရွာမျိုးနွယ်ပေါ်လျှင် ဆွေမျိုးတွေချည်း။ မတော်ချင်ပါဘူးဆို၍ မရ။ ဆွေစုမျိုးစုများ ဝိုင်းပယ်လျှင် တစ်ရွာလုံးဝိုင်းပယ်သည်နှင့်မခြား။

အထီးကျန် ဖြစ်တတ်၏။

ကိုတောကျော်ကမူ ကျန်ကာမှ ကျန်ရော့၊ တစ်ပြားသားမှ အလျော့မပေး။

နောက်ဆုံး အဆုံးအဖြတ်ပြဿနာမှာ ရွာဦးဆရာတော်ဆီ ရောက်သွားရသည်။ ရွာဦး ဆရာတော်မှာလည်း တခြားမဟုတ်။ ဘုကြီးဘုန်းကြီး။

လူတွေဝိုင်းပယ်သည်က အရေးမကြီး။

သံဃာဝိုင်းပယ်မှ အခက်။

သေလို့တောင် သရဏဂုံ တင်ပေးမည့်သူမရှိမှဖြင့် မခက်လား။

ဒါက ထားဦး။

www.burmeseclassic.com

www.burmeseclassic.com



ရွာဦးဆရာတော်ကို တစ်ရွာလုံးကကြောက်ရသည်။ ရွာဦးဆရာတော်အမိန့်သြဇာကို ဘယ်သူမှမလွန်ဆန်ရဲ။ ရွာဦးဆရာတော်က အမည်းဆိုလျှင် ဖြူဝံ့သူမရှိ။

ကဲ… ကိုတောကျော် ပသို့လုပ်ပ။

ဆရာတော်ကမူ မဲလုံးကို မြို့ကျောင်းပို့ဖို့ မဟန့်တားသော်လည်း ကိုတောကျော်တို့အခြေအနေကိုပြန်ကြည့်ဖို့နှင့် ရေရှည်တတ်နိုင်မတတ်နိုင် စဉ်းစားဖို့သာ မိန့်ကြားခဲ့၏။

ကိုတောကျော်က ဆရာတော်ဘုရား၏ ကျောက်သင်ပုန်းပေါ်က အဖြေကြောင့် မဲလုံးကို မြို့ကျောင်းထားဖို့ စဉ်းစားရပါသည်ဘုရားဟု ပြန်လည်လျှောက်တင်ခဲ့သဖြင့် ဆရာတော်ဘုရားမှာ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ပြီး မြို့ကျောင်းပို့စေဟု အမိန့်တော်မြွက် ချပေးလိုက်ရတော့၏။

သည်လိုနှင့် ကူးတို့ဆရာ ကိုတောကျော်၏သား မဲလုံး တစ်ယောက် မြို့ကျောင်းသို့ရောက်ခဲ့၏။

မဲလုံးကလည်း ဉာဏ်ထက်ပါပေ့။

တစ်နှစ်တစ်တန်း မှန်မှန်ကြီးကို အောင်ခဲ့သည်။

ကိုတောကျော် လက်ခမောင်းခတ်နိုင်ဖို့ပေါ့။

ဒါပေသိ ကိုတောကျော်ခမျာ လက်ခမောင်းမခတ်နိုင်ရှာ။ မဲလုံးအတွက် နေ့မအား ညမအား ကူးတို့ခတ်နေရသမို့ လက်မောင်းကြွက်သားများ တောင့်နေပြီ၊ အောင့်နေပြီ။ လက်ခမောင်းခတ်ဖို့နေနေသာသာ ဇက်ကိုပင်မမြှောက်နိုင်ရှာ။

မဲလုံးစာ ပညာရေးဘက်တွင် ထူးထူးချွန်ချွန် ရှိနေလေ



ဆရာတော်၏ ကျောက်သင်ပုန်းပေါ်က အဖြေကို ကိုတောကျော် အူလှိုက်သည်းလှိုက် ယုံကြည်လာလေပေါ့။

မဲလုံးစာမေးပွဲအောင်လေတိုင်း ကိုတောကျော်၏ ခတ်တက်မှာ ပို၍လှုပ်ရှားလာရသည်။ ကိုတောကျော်၏ သမ္ဗန်ကလေးမှာ ကမ်းဘေးတွင်ကပ်ထားရချိန်ထက် ရေပြင်ပေါ်တွင် ပြေးလွှားနေရသည့်အချိန်က ပို၍များနေသည်။

သို့သော် တဖြည်းဖြည်း အကျဘက်သို့ ရွေ့လျားလာနေသော ဇရာ၏ အရိပ်အသက်များကိုမူ ကိုတောကျော်လည်း လွန်ဆန်နိုင်ခဲ့ပေ။

မဲလုံး ခုနစ်တန်းရောက်သောနှစ်။

ကိုတောကျော်၏ခတ်တက်များ နှေးကွေးလာပြီ။

ခါတိုင်းနှစ်များလို ပေါ့ပေါ့ပါးပါး အားမာန်အပြည့်ဖြင့်။

လက်မသွက်တော့။

ကိုတောကျော်၏ခတ်တက် တစ်ခါလှုပ်လိုက်တိုင်း ရှေ့သို့ ရိပ်ခနဲရိပ်ခနဲလျှောတိုက်ခဲ့သော အမြန်နှုန်းကို စံမတင်နိုင်သည့်အပြင် အရေးကြီးလျှင် ကိုတောကျော်ကို ငှား ဟူသော ဆိုစကားမှာလည်း အရာမထင်ဘဲ မှေးမှိန်ခဲ့ပေပြီ။

အားမာန်အတင်းစိုက်၍ခတ်ပါမှ ရှေ့သို့တက်သည်ဆိုရုံမျှ တက်တော့သည်။ ရေဆန် လေဆန်မိလျှင် နောက်သို့ ယို၍ သွားပိုလေပြီ။

ကိုတောကျော်တစ်ယောက် လေနှင့် ရေကို မနိုင်သော အဖြစ်မျိုးနှင့် တိုးခဲ့ရချေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သားဇော်ကြောင့်သာခတ်တက်လှုပ်နေရသည် အဖြစ်။

နေ့တဓူဝ ဝန်နှင့်အားမမျှအောင် လှုပ်ရှားခဲ့ရသော ဇာတ်မောင်းများနှင့် ဒူးခေါင်းများထဲမှ ချဉ်ဆီများ ခန်းကုန်ပြီ။ လက်တစ်ချက်လှုပ်တိုင်း အရိုးချင်းကြိတ်သံ ပို၍ ကျယ်လောင်လာသည်။

မဲလုံး ခုနစ်တန်းစာမေးပွဲဖြေဆာနီးတွင် ကိုတောကျော်၏ သမ္မန်လေးမှာ ကုန်းပေါ်တွင် ပိုးလိုးပက်လက်။ ခတ်တက်ရှင်မှာ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ပြီ။ သူ အိပ်ရာထဲလဲနေကြောင်းကို အစိုးရစစ် ခုနစ်တန်းစာမေးပွဲဖြေမည့် သားကို လုံးဝအသိမပေးရန် အိမ်သားအားလုံးကို မှာထားခဲ့၏။

သူ၏အဖျားကို ဆာဇန္တုအဖျားပဲ့ဟုသဘောမှုပြီးဆေးမီးတိုများဖြင့်သာ ကုသနေခဲ့သည်။

ကိုတောကျော်တို့လိုတောနေလူတန်းစားမှာဘယ်သို့လျှင် ဆရာဝန် အိမ်ပင့်၍ စားဆေး ထိုးဆေးများဖြင့် ကုသမှု ခံယူနိုင်မှာပဲ။

ဆေးမီးတိုနှင့် ဗိန္ဒောဆရာကိုသာ အားပြုရမည် မဟုတ်ပါလား။

အင်္ဂလိပ်ခေတ်က လန်ချားဆွဲသော ဂေါ်ရင်ဂျီကုလားများသည် အလွန်ပင်မာချာ၏။ဖျားနာခြင်းဟူသည်သူတို့နှင့် မဆိုင်သည့်အလား။ အဲ...လဲပြီဆိုမှဖြင့် နလန်မထူတော့။ တင်ခါတည်း မာလကီးယားပဲ။



ကိုတောကျော်တို့လိုသမ္မန်သမားများသည်လည်း လန်ချားသမားနှင့် မခြားပါ။

လဲသေးလျှင် ဒေါင်ဒေါင်မြည်။

လဲပြီဆို အသေ။

ကိုတောကျော်၏အခြေအနေမှာ တစ်နေ့တခြား ဆိုးဝါးလာသည့်တိုင် မြို့ဆေးရုံသို့သွားဖို့ ဘယ်လိုမှ ပြောမရသည့်အပြင် သားကို အကြောင်းမကြားဖို့ကိုသာ ထပ်ခါတလဲလဲမှာကြားရင်း အသက်ထွက်သွားခဲ့၏။

မဲလုံးတစ်ယောက် ခုနစ်တန်း အောင်သွားသည်ကိုပင် သိမသွားခဲ့။

သားဖြစ်သူ အထွတ်အထိပ်ရောက်ဖို့အတွက် အားမာန်ခဲ၍ ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရသူ ကိုတောကျော်ခမျာ လမ်းခုလပ်မှာပင် လှေလှော်ရင်း တက်ကျိုးခဲ့ရရှာ၏။

....၀....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (လေး)

သားအတွက်ရည်မှန်းချက်အပြည့်ဖြင့်လျှော်တက်ကိုအနားမပေးခဲ့သူ ကိုတောကျော်တစ်ယောက် လျှော့လျော့ရင်း တက်ကျိုး၊ အဖြစ်ဆိုးနှင့် ဘဝဇာတ်သိမ်းခဲ့ပြီးနောက် မဲလုံးမှာလည်း ချောတိုင်တက်ရှင်း လမ်းခုလတ်မှပြုတ်ကျခဲ့ရတော့၏။

ကိုတောကျော်မရှိသည့်နောက် အိမ်ထောင်စု တစဝန်မှာ မဲလုံး၏ပခုံးပေါ်သို့ အလိုအလျောက် ပြောင်းလဲ ရောက်ရှိခဲ့ပေပြီ။



မိသားစုတာဝန်အတွက် မဲလုံး ကျောင်းဆက်နေ၍ မဖြစ်တော့ပေ။ ဖောင်တိုင်ကို လွှတ်၍ ခတ်တက်ကို ကိုင်ခဲ့ရ၏။ ကိုတောကျော်၏ မဲလုံးတို့အတွက် လယ်လေးတစ်ဧ၊ ယာလေးတစ်ကွက်မျှ ထားသွားနိုင်သူမဟုတ်။

တဲလေးတစ်တဲနှင့် သမ္ဗန်တစ်စင်းသာ အမွေအဖြစ် ချန်ထားနိုင်ခဲ့၏။

အခြေအနေက သည်သို့ဖြစ်လာသမို့ မဲလုံး ရှည်ရှည် ဝေးဝေး စဉ်းစားနေစရာမလိုတော့။ ခတ်တက်ကျဖို့ရမည်။ကူးတို့သမား ဘဝကူးရမည်။ ဆွေမျိုးစုအားလုံးကလည်း လော လောဆယ် မိမိလက်ရင်းကိုလုပ်ဖို့ ဝိုင်းဝန်းတိုက်တွန်းခဲ့ကြသည်။

နေ့လုပ်နေ့စား သမားများ၏ ဘဝမှာ ဘာလုပ်ရရင် ကောင်းပါမလဲဟု အချိန်ယူ၍ စဉ်းစားမနေနိုင်အားရှာပေ။ တစ်ရက်မလုပ်လျှင် တစ်ရက် ထမင်းအိုးအပွက်နှေးမည်။

ရေလှာသင်ဖြူး ခတ်တက်မြူးမှ ထမင်းအိုး အပွက်မှန်မည်မို့ ခတ်တက်ကိုင်ခဲ့ရသည်။ ခတ်တက်ဆိုသည်မှာ ဖောင်တိန်ကိုင်သလို ခပ်ရွရွကလေးကိုင်လို့မရ။ ပယ်ပယ်နယ်နယ် စီးစီးပိုးပိုး ကိုင်နိုင်မှ ဖြစ်သည့်မျိုး။

မဲလုံးတစ်ယောက် ခတ်တက်ကိုင်ဖြင့် အတော်ကလေး ဒုက္ခရောက်ခဲ့ရသည်။ တစ်နေ့အလုပ်လုပ်ပြီး နှစ်ရက်လောက် အိပ်ရာထဲ လဲနေတတ်သည်။ ကျောင်းသားမရခင် တက်ကိုင်ရှုး ယိုင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်သားရလှာတော့လည်း ခက်သည့်အလုပ်မတုတီ။

တာရှိးဓပ် ဘိုင်စဏယ်စီးသလိုဘာပ။

မဲလုံးမှာ တဖြည်းဖြည်းနှင့် ခတ်ထက်နိုင်လာသည့်၊ရေနှင့် လေကို အပြိုင်ကျဲနိုင်လာသည်။ ကျူးတို့သမားကောင်းတစ်ဦး ဖြစ်ဖို့ အလှာ:အလာ ရှိနေပြီ။

သည်သို့ရှိစေကာမူ ခတ်တက်လှုတ်၍ ဖောင်တိန်ပြန်ကိုင်ရဖို့ အခြေအနေတစ်ရပ်ပေးလာသည်။ဖ-ဆ-ပ-လ နိုင်ငံရေးအဖွဲ့ ကြီး၏ လူတန်းစားအဖွဲ့အစည်းတစ်ရပ်ဖြစ်သော တောင်သူ လယ်သမားအစည်းအရုံးများ ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် သူတို့ တိုက်နယ်၌ ပညာအခြေခံ အသိအတင်ရှိ၍ လျှာစအာစ သွက် လက်ချက်ချာသော မဲလုံးမှာ တိုက်နယ်တောင်သူလယ်သမား အစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ် ခြင်း ခံခဲ့ရ၏။

သူ၏ ကျောင်းနာမည်ဖြစ်သော သက်ခိုင်အမည်ကို သူတို့ ရွာမှာ ဘယ်သူကမှ အလေးထား၍ လေးလေးစားစားမခေါ် ခဲ့ကြပေ။ ငယ်နာမည်မဲလုံးကိုသာ ခံတွင်းတွေ့နေကြ၏။

ဒါပေသိ၊ တောင်သူလယ်သမား အစည်းအရုံး တိုက်နယ် အတွင်းရေးမှူး ဖြစ်လာသောအခါ မဲလုံးနာမည်ကို မေ့ပစ် ကြရသည်။ ခေါင်သက်ခိုင်ဟူသော အမည်နာမ၏ 'မောင်' နေရာတွင် ဝိသေသအမည်တစ်ခု ထပ်တိုးလာသည်။



လယ်ယာမြေ ချထားရေးကိစ္စ။

ရွာမြေ တိုးချဲ့ရေးကိစ္စ။

လှယ်ခွန်တော် ပေးဆောင်ရေးကိစ္စ။

သီးစားခပြဿနာ။

အမတော်ကြေး ထုတ်ယူရေး။

စသည့်စသည့် အရေးပါသော အလုပ်များကို ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်နေသူကို မဲလုံးဟုခေါ်၍ ဘယ်သို့ သင့်မှာပ။

အရေးပါသူတစ်ယောက် ဖြစ်လာပြီပဲဟာ၊အထက်ပင်ငယ် သော်လည်း 'ဦး' တပ်ခေါ်ရမည့်အဆင့်။သို့စေကာမူ သူသည် အစိုးရဝန်ထမ်းမဟုတ်။ နိုင်ငံရေးသမားဖြစ်၏။ နိုင်ငံရေး သမားဂုဏ်ပုဒ်နှင့်ညီအောင် ခေါ်ရမည်။

ရဲဘော်သက်ခိုင် ဟူ၍။

ပညာ အရည်အချင်းလေးလည်းမဆိုး။ အဟောအပြော လည်း ကြွယ်ဝသမို့ စည်းရုံးရေးသခားကောင်း ဖြစ်လာရုံ မက မြို့နယ်နှင့် ခရိုင်အဆင့်အထိ ပေါက်ပေါက်ရောက်ရောက် ဝင်နိုင်ထွက်နိုင် ပြောနိုင်ဆိုနိုင်သည့်အဆင့်သို့ ရောက်လာခဲ့၏။

နောက်ပြီး ထူ့နယ်ထဲမှာ ထောင်ထောင်ထထ လုပ်လာ သည့် အတိုက်အခံများကိုလည်း သပ်သပ်ရပ်ရပ်ကလေး နှိမ် နင်းနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ချေးသိပ်သင့်သူကို ချေးသိပ်။

နေရာပေးသင့်သူကို နေရာပေး။

တုတ်တိုနှင့်နှက်သင့်သူကို နှက်ပေးပြီး ရှင်းလင်းနိုင်ခဲ့၏။

အဲဒီတော့ ထင်ပေါ်လာသည်။

ရဲဘော်သက်ခိုင်၏အမည်မှာ ဟိန်းထွက်လာသည်။

ထင်ပေါ်တော့ စင်ခတော်ကာကောက်ရပြီ။ ရဲဘော်သက်ခိုင်မှာမြို့နယ် တောင်သူလယ်သမား အစည်းအရုံးတွင် အရေးပါသူတစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့ပြီ။

လူ့ဘဝတွင် လူတိုင်းအတွက် ဘဝအလှည့်အပြောင်း ဖြစ်စေမည့်အခွင့်အရေးဟူသည် တစ်ကြိမ်နှစ်ကြိမ်တော့ပေါ်စမြဲ။ ပေါ်လာသော အခွင့်အရေးကို အမိအရ ဖမ်းဆုပ်လိုက်နိုင်သူသည် ထောင်၍တက်သွားတတ်သည်။

ရဲဘော်သက်ခိုင်မှာ ပေါ်လာသောအခွင့်အရေးကို အမိအရ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်နိုင်သဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့၏။ ညီလာခံတစ်ခု၌ သဘောတရားရေးနှင့် လုပ်ငန်းနည်းပရိယာယ်ပိုင်းကို ပါဝင်ဆွေးနွေးခဲ့ရာမှ ဗဟိုဥက္ကဋ္ဌကြီး မျက်စိကျခြင်းကို ခံခဲ့ရရုံမက...

ဗဟိုဥက္ကဋ္ဌကြီးကိုယ်တိုင် တစ်သီးတသန့် ခေါ်ယူတွေ့ဆုံခဲ့ရသည့်အထိ အောင်မြင်မှု ရယူနိုင်ခဲ့၏။

'အရှင်မွေးတော့ နေ့ချင်းကြီး' ဆိုသောစကား အရှိသား ဟုတ်လား။



ရဲဘော်သက်ခိုင်၏အဆင့်မှာ မြို့နယ်ခေါင်းဆောင်ပိုင်းတွင် ရပ်တန့်မနေ။ ခရိုင်ခေါင်းဆောင်အဖြစ်သို့အထက်အဖွဲ့အစည်းမှ တိုက်ရိုက်တာဝန်ပေးလိုက်သော မိုးကျရွှေကိုယ် မင်းသားလေး ဖြစ်လာသည်။

ခရိုင်ခေါင်းဆောင်အချင်းချင်း အတွင်းမှာပင် ဥက္ကဋ္ဌကြီးလူဟု မျက်စပစ်ရသည်အထိ တွင်ကျယ်လာသည်။

ရဲဘော်သက်ခိုင် ခရိုင်ခေါင်းဆောင် ဖြစ်လာပြီးနောက် မကြာပါချေ၊ သူတို့ခရိုင်အတွင်းမှ အတိုက်အခံခေါင်းဆောင်များ ငြိမ်သွားသည်။

ခေါင်းမထောင်ရဲကြ။

မလှုပ်ရဲကြ။

လှုပ်လိုက်သည်နှင့် အမြုပ်။

အဖမ်းအဆီး အသတ်အဖြတ်လုပ်ရလျှင်လည်း သက်ခိုင်ဇာတ်ရဲလက်ရဲ လုပ်တတ်ပါပေ့။ ကိုယ့်ဟာကိုယ် အဖွဲ့ကို ခွာထွက်သွားအောင်လည်း ရဲဘော်သက်ခိုင်က ဖန်တီးနိုင်ပါပေ့။

ဒါတင်မက...

တချို့ဆိုလျှင် နယ်မြေကို စွန့်ခွာ ထွက်သွားရသည်အထိ ရဲဘော်သက်ခိုင်၏ အလှည့်အပတ် ကျွမ်းကျင်ပါပေ့။

နည်းပရိယာယ် ကြွယ်ဝပါပေ့။

ရဲဘော်သက်ခိုင်မှာ အရှင်မွေး နေ့ချင်းကြီးသူ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးသစလောက်လှည်း လုပ်ရဲကိုင်ရဲသူ။

ဉာဏ်ဉာဏ်ချင်းပြိုင်ရမလား ပိုင်သည်။

သတ္တိချင်းပြိုင်ရမလား ဆိုင်ရဲသည်။

အဲဒီအချိန်က နိုင်ငံရေးအဖွဲ့အစည်းများ၏ တည်ဆောက်လှုပ်ရှားဟန်ပုံစံမှာ စည်းရုံးရေးသည် အဓိကမဟုတ်၊ အတိုက်အခံ နှိမ်နင်းရေးသည် အဓိက၊ သည်နေရာမှာ ကြံရည်ဖန်ရည်ရှိသူ၊ ဇက်ရဲလက်ရဲရှိသူ၊ သွေးဆောင်းသူ ဆိုလျှင် ချက်ချင်းနာမည်ကြီး၍ မင်းနားပေါက်သည်။

ရဲဘော်သက်ခိုင်လိုလူမျိုးကျတော့ ထိပ်တန်းခေါင်းဆောင်ကြီးများကိုယ်တိုင် မျက်စိဒေါက်ထောက် ကြည့်လာရသူ ဖြစ်လာ၏။ တပည့်မွေးချင်သူ ဆရာကြီးများကြားတွင် အပြိုင်အဆိုင် ဆွဲဆောင်ခံရသူ ဖြစ်ပါ၏။

ရဲဘော်သက်ခိုင်ကမူ....

လျှင်ပြီးသား။

ပါးပြီးသား။

နပ်ပြီးသား။

ဘယ်လို ခေါင်းဆောင်မျိုးကို တပည့်ခံမှ ကိုယ့်အတွက် အကျိုးရှိမည်ကို ရွေးမှရွေးတတ်ပါပေ့။

ခေါင်းဆောင်ဆိုပေသိ ကုလားထိုင်ပေါ် ထိုင်ခိုင်းရုံ ရုပ်ပြ



ခေါင်းဆောင်ရှိသလို ကြိုးကိုင်ကြိုးဆွဲ အာဏာအပြည့်အဝရှိသူ ခေါင်းဆောင်လည်းရှိသည်။

ကုလားထိုင်ပေါ် ထိုင်ရုံထိုင်ရသော ခေါင်းဆောင်မျိုးသွားမှီလျှင်သူရောကိုယ်ရော 'လဲ' တတ်သည်။ အမှီတတ်မှ သူလဲမတီ ကိုယ်လဲရပ်နိုင်မည်။

ရဲဘော်သက်ခိုင်ဘစ်ယောက် ခေါင်းဆောင် အရွေးတတ်ပုံကြောင့် အဖွဲ့ချုပ်ရုံပုံငွေ အထောက်အပံ့ဖြင့် အရွေးခံရသည့် ပါလီမန်အမတ်ကြီး ဖြစ်လာသည်အထိ၊ အဲဒီခေတ်က ပါလီမန်အမတ်ဆိုလျှင် နယ်မှာဘုရင်။

ခေါင်းဆောင် အားလုံးထဲမှ အကြီးအကဲ အမြတ်ဆုံးခေါင်းဆောင်။

ဦးသက်ခိုင်တို့ ရဲဘော်သက်ခိုင်တို့ဆိုသည့် နာမည်များပင် ပျောက်သွားပြီ။ လူတိုင်း၏ပါးစပ်များမှ အမတ်မင်းအမတ်မင်း၊ ဟူ၍သာ ခေါ်ကြတော့သည်။

သာမန်လူတွေထားဘိဦး။ ခရိုင်ဝန်တို့၊ မြို့ပိုင် နယ်ပိုင်တို့ဆိုသည့် အစိုးရဝန်ထမ်းများသည်ပင် အစရုံးတယူ အလေးမူကြရသည့်အဆင့်။

ရဲဘော်သက်ခိုင် ပါလီမန်အမတ် ဖြစ်လာသည်နှင့်အညီ တိုက်နယ် အတွင်းရေးမှူး ဘဝက အိမ်ထောင် ထူခဲ့သော တယ်ကြီးကုန်းရွာသူမ စအေးမြမှာလည်း အမတ်ကတော် ဒေါ်အေးမြ ဖြစ်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရေမြင့်တော့ ကြာလည်းမြင့်ရသည်' ဆိုသလိုသာပေ။

'အေးမြရေ'ဟူ၍ အခေါ်အဝေါ် နှုတ်ကျိုးနေကြကုန်သော တယ်ကြီးကုန်း ရွာသူရွာသားများလည်း ပါးစပ်အလုပ်ရှုပ်ကုန်ကြသည်။ 'အေးမြရေ'ဟု ပါးစပ် ခလုတ်မတိုက်မိအောင် သတိထား၍ ဒေါ်အေးမြဟု အပန်းတကြီး ခေါ်ခဲ့ကြရသည်။

ရဲဘော်သက်ခိုင် ပါလီမန်ထဲရောက်တော့ ကြည့်ဦး။

စကားပြော ကောင်းလှပါသည်ဆိုသော အတိုက်အခံအမတ်များကိုပင် ရဲဘော်သက်ခိုင်က ပြိုင်နိုင်သည်။ ဆိုင်နိုင်သည်။ အနိုင်ယူနိုင်ခဲ့သည်။

ထေ့လုံး၊ ထောက်လုံး၊ ငေါ့လုံး၊ ခတ်လုံးများကို ဟာသမြောက်မြောက် အာဝဇ္ဇန်းပေါက်ပေါက်နှင့် ထေ့ပေးတတ်သည်။

ထောက်ပေးတတ်သည်။
ငေါ့ပေးတတ်သည်။
ခတ်ပေးတတ်သည်။

တစ်ကြိမ်က လွှတ်တော်ထဲတွင် အတိုက်အခံ အမတ်တစ်ဦးက....

'လွှတ်တော်အမတ်များသည် လူထုအကျိုးပြုလုပ်ငန်းများတွင်အချိန်ပေးသည်ထက် ကိုယ်ကျိုးပြုလုပ်ငန်းများ လုပ်နေသည့်အချိန်က ပိုများနေပါသည်'ဟု ထည့်သွင်း ပြောလိုက်သည်နှင့်....



ရဲဘော်သက်ခိုင်က ကြားဖြတ်၍....

'ဥက္ကဋ္ဌကြီးခင်ဗျား....'

'တစ်ဖက်က အမတ်မင်းဟာ သူတို့လုပ်ခဲ့သမျှ လုပ်ငန်းများကို လွှတ်တော်ထဲမှာ မရှက်မကြောက် ပွင့်ပွင့်လင်းလင်း တင်ပြခဲ့တဲ့အတွက် ချီးကျူးမှတ်တမ်းတင်ကြောင်း အဆိုပြုပါရစေ'ဟု ဝင်ထေ့ပေးလိုက်ရာ အတိုက်အခံအမတ်မင်းများ ဘာဆက်ပြောရမှန်းမသိဘဲ ယောင်ချာချာဖြစ်သွားခဲ့ရဖူးလေ၏။

လွှတ်တော်ထဲတွင် စကားပြောကောင်းသော အတိုက်အခံအမတ်များ၊ စကားထပြောပြီဆိုလျှင် ဖ-ဆ-ပ-လ အဖွဲ့ခေါင်းဆောင်များ၏ မျက်လုံးများသည် ရဲဘော်သက်ခိုင်ဆီသို့ ရောက်ရောက်သွားစမြဲ။

ရဲဘော်သက်ခိုင့် ဘယ်လိုများ ထနှက်လိုက်မလဲ၊ ထေ့လိုက်မလဲ ဆိုသည်ကို အာရုံစိုက်ခဲ့ကြရ၏။

အဲဒီလို လွှတ်တော်ထဲမှာ ထင်ထင်ပေါ်ပေါ် တောက်တောက်ပြောင်ပြောင်ဖြစ်လာသည်နှင့် သူ့ကို ဒုတိယတန်းခေါင်းဆောင်အဖြစ် တင်ပေးလိုက်ကြ၏။

ရဲဘော်သက်ခိုင်မှာ ရိုးရိုးအမတ်မဟုတ်တော့ဘဲ ပါလီမန်အတွင်းဝန် ဖြစ်လာခဲ့သည်။ ပါလီမန်အတွင်းဝန် ဆိုသည်မှာ ဒုတိယတန်းခေါင်းဆောင်များကိုပေးသော နိုင်ငံရေးရာထူးဖြစ်၏။ သည်မှတစ်ဆင့်တက်သော် ဝန်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သက်ခိုင်တစ်ယောက် ချောင်းပစ်၍ မြစ်ကိုမရှာဘဲ နယ်ကိုခွာ၍ မြို့တော်ရန်ကုန်သို့ ရောက်လာခဲ့ပေပြီ။

ဟံသာဝတီ အစိုင်းကြီးနားက ဝင်းကြီးကိုမြင်ရုံနှင့် ဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ နေထိုင်ကြသည်ကို လူတိုင်းသိနိုင်အောင် ဝင်ဒါမီယာလိုနေရာမျိုးမှာ ခြေချလာနိုင်သည်။

သို့သော် ဝင်ဒါမီယာထဲမှ ပါလီမန်အတွင်းဝန် ဦးသက်ခိုင်တစ်ယောက်ကျောင်းသားလေး ပြန်ဖြစ်နေသည်ကိုမူ မည်သူမှ မသိကြပေ။

ညပိုင်းတွင် ကျူရှင်ဆရာခေါ်၍ အင်္ဂလိပ်စာတစ်ဘာသာထဲ ကျုံးရှန်း သင်ကြားနေရ၏ အင်္ဂလိပ်မြန်မာ အဘိဓာန်စာအုပ်ထူကြီးနှင့်ချွေးပြိုက်ပြိုက်ကျလုမတတ်နပန်းလုံးနေရ၏။

ဟုတ်ပါသည်။

သူက ပါလီမန်အတွင်းဝန်။

နိုင်ငံခြားသားများနှင့် ဆက်ဆံရမည်။

နိုင်ငံခြား သွားရမည်။

ဥပဒေကြမ်းများကို လေ့လာရမည်။

နိုင်ငံခြားက လာသော မစ်ရှင်တွေ၊ သံအမတ်ကြီးတွေနှင့် ဆက်ဆံသည့်အခါ အိုးအိုးအဖွဲ့အဖွဲ့ ဖြစ်နေလျှင်မဟန်။

အင်္ဂလိပ်လိုရေးထားသည့် မှတ်ချက်မှတ်စုများကို ဘာမှန်းမသိဘဲ လက်မှတ်ထိုးမိရင်အခက်။



နိုင်ငံခြား သွားရပါပြီတဲ့။ အကောင်းဆုံးဟိုတယ်များတွင် တည်းခိုပြီးမှ စားချင်တာ သောက်ချင်တာ မမှာတတ်လျှင် ဆာကြောဆိုက်မည်။

ဒါတွေ ဒါတွေကြောင့် ကျောင်းသားအသွင် စာပြန်သင်နေရသည်။

နယ်မှာတုန်းက ဇနီးမယား ဒေါ်အေးမြအတွက် ဘာမှပြဿနာမပေါ်။ သူနေတတ်သလိုနေ။ သူဝတ်တတ်သလိုဝတ်။ ညှိခံပွဲခလိုက်လို့လည်း အရေးမကြီး။

ခုရောက်နေသည်က မြို့တော်ရန်ကုန်။

နေရသည်က ဝင်ဒါမီယာမှာ၊

သူ့အဆင့်အတန်းက ပါလီမန်အတွင်းဝန်၊

ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်စမ်း။

ပါလီမန်အတွင်းဝန်ကတော်များ၏ အိမ်မှာနေစဉ်ဆင်ယင်ထုံးဖွဲ့ပုံမှာ ပွဲနေပွဲထိုင်သွားသည့်အလားသို့။

ကြော့ကြော့သွဲ့သွဲ့၊

လှလှပပ၊

သူတို့စကားပြောဟန်၊ ပြုံးဟန်၊ရယ်ဟန်၊ လှမ်းလျှောက်ဟန်ဆံပင် ပုံစံထားဟန်တို့မှာ ဇာတ်လိုက် မင်းသမီးများနှင့်လား ငါလွဲ အပြိုင်အဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟန်ပန်တွေအားလုံး ဒေါ်အေးမြတွင် တစ်ခုမှမရှိ။

ဒေါ်အေးမြှာ ဆံပင်ပုံစံ အမျိုးမျိုးလည်းမဖွဲ့ထုံးတတ်၊ အမြဲတမ်း ဘီးကျော်ပတ်နှင့်။ မိတ်ကပ်လည်းမခြယ်သတတ်၊ ဟန်ပြုံး၊ ဟန်ရယ်လည်း မပြုံးတတ် မရယ်တတ်။ ရယ်လိုက်ပြီဆိုမှဖြင့် သွားတွေအကုန်လုံးပေါ်လို့။ ကွမ်းမပြတ်သောပါး ထဲတွင် ငါးမူးစေ့ဝိုင်း ဆေးပေါ့လိပ်ကြီးကလည်းမနေရရင်ယူ ထားတတ်သေးသည်။

ဦးသက်ခိုင်က တိုးတိုးကျိတ်ကျိတ် နေပုံထိုင်ပုံ ဝတ်ပုံစားပုံများကို သင်ပေးပါ၏။ ညွှန်ပေးပါ၏။

သို့အလိုပြောတိုင်း ဒေါ်အေးမြထံမှ ထွက်လာသောအဖြေမှာ အပြောင်းအလဲ မရှိ။

'အိုတော်၊ ကျုပ်နေတတ်သလိုပဲ နေပါရစေ' ဟူ၍သာ။

ဦးသက်ခိုင်ဆီ လာသမျှ ဧည့်သည်များမှာ ဒေါ်အေးမြကို တွေ့သည့်တိုင် ဦးသက်ခိုင်၏ ဇနီးဟု မမှတ်ယူလေကြ။ 'မင်း ဆရာတော်ကြီး' 'မမကြီး' တစ်ယောက် ဘယ်များသွားနေသလဲ ဟု မေးယူကြရသည်။

ယင်းသို့ အမေးရှိလာသောအခါ ဦးသက်ခိုင်က ဇနီးချော ကြီး မြဖို့ မျက်လုံးဝေ့ရှာလိုက်တိုင်း ဧည့်ခန်းထဲမှာ ရှာမတွေ့ တတ်။

ဧည့်သည်လာလျှင် ဒေါ်အေးမြက မီးဖိုချောင်ထဲမှာ။



ဟန်တစ်လုံး ပန်တစ်လုံး အပြုံးဆောင်ပါသည်။ ဝါစာ စမာစအားတွေ သူမပြောတတ်။ ဒါ့အပြင် သူ့အဖို့ ကွမ်း ပါးပျက်မည်။ ဆေးလိပ်သောက်ပျက်မည်။

မီးဖိုချောင်ထဲ အေးအေးဝင်ထိုင်နေသည်က အကောင်း ဆုံး။ ဒါပေသိ....

ကြားထဲက မျက်နှာပျက်သူမှာ ဦးသက်ခိုင်။

ဒေါ်အေးမြကတော့ အေးအေးမြမြလေးပါပဲ။ ဘဝကို သည်း မမေ့ပါ။ ဝင်ဒါမီယာကိုလည်း တယ်ကြီးတုန်းလှောက် လွှမ်းဘပါ။ ရှိပြီးသား မျက်ခုံးမွေး နက်နက်အလေးကို ချက်ရည်ပေါက် တောက်တောက်ကျခံပြီး ဆွဲနုတ်ပစ်ရမည်ကို သည်း သေမလောက် ကြောက်သူ ဖြစ်ပါ၏။

ဦးသက်ခိုင်အဖို့ ဒေါ်အေးမြမှာ ဆေးရိုးသည် ဖြစ်နေ သည်။ သူက စိန်ကောင်း ကျောက်ကောင်း ဆောင်းဝယ်နေသူ။ ဒေါ်အေးမြက ဆေးရိုးသည်။

ကန့်လန့်ကြီးပေါ့။

ဦးသက်ခိုင်အဖို့ တက်အောင်လုပ်မှ ဖြစ်မည်၊ သည်ပုံစံ အတိုင်းသွား၍တော့ ချောမွေ့ဖွယ်မရှိ။

သူ၏တက်လှမ်းအတွက်ဒေါ်အေးမြမှာကန့်လန့်ကာသဖွယ် ဖြစ်နေသည်။

တောမှာ လှန်းဆန်းမည့် ဘောပွဲပန်းကို တယ်ကြီးကုန်း နှံ့ပို့ဖို့ စီစဉ်ပြီး တယ်ကြီးကုန်းမှာ ပျဉ်ထောင်အိမ်တစ်ဆောင် အပြန်ဆုံးဆောက်ဖို့ လက်ညှိုးညွှန်လိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒါမီယာလို နန်းရိပ်သာအား လှမ်း၍လက်ညှိုးညွှန်ပြလိုက်သမို့ ပျဉ်ထောင်သွပ်မိုး အိမ်တစ်လုံး တယ်ကြီးကုန်းမှာ ဘွားခနဲ ပေါ်လာရလေသတည်း။

ဒေါ်အေးမြအား တယ်ကြီးကုန်းပြန်ရမည် ဆိုတာတည်းက ပြုံးလို့ပျော်လို့။ ခုမှပဲ စကားလည်း အားရအောင်ပြောရတော့မည်။

လေလည်း ဝအောင်ရှူရတော့မည်။

ဟန်တွေပန်တွေလည်း လုပ်စရာမလိုတော့။

သူ့ဟာသူ အတွင်းငန်နေပစေ။ ကိုယ်က အပြင်ထွက်တော့မည်ဟု။

ဒေါ်အေးမြအား သူ နားလည်သလိုတွေးပြီး ဝင်ဒါမီယာ နန်းမြေကို စွန့်ခွာ၍ မွေးရပ်မြေ တယ်ကြီးကုန်းရွာသို့ ပြန်လာခဲ့၏။

ရွာမှ ဆွေစုမျိုးစုများအမှ ဒေါ်အေးမြကို ဝိုင်း၍ အပြစ်တင်စကားဆိုကြ၏။ နန်းပလ္လင်ပေါ် ထိုင်ပြီးအာမှများ ပြန်ဆင်းခဲ့ရသေးတယ်လို့ ဆရှုဏာဒေါ်သောဖြင့် စုပ်သပ်သူအသပ်။

ဖြစ်မှဖြစ်ရလေ့ဟု ပြစ်တင်သူကတင်။

ရင်ပတ်စည်တီးဖြစ်သူ ဖြစ်လို့ပေါ့။

ဒါပေသိ ဒေါ်အေးမြကတော့ နည်းနည်းမှမလှုပ်ပါလေ။ စာယ်ဆူတော့ အာပြောပြော၊

ဘယ်သို့ပင်ဆိုဆို။



ဒေါ်အေးမြအကွမ်းစားမပျက်၊ ဆေးလိပ်သောက်မပျက်။

နောက်ဆုံး ပြောသူများ ပါးစပ် ညောင်းလာသည်တိုင် ဒေါ်အေးမြကတုတ်တုတ်မှမလှုပ်လာသဖြင့် 'အိုးကမလှုပ်၊ ခုံကလှုပ်'ကိန်း ဆိုက်နေသမို့ လွှတ်လျှော့ထားလိုက်ကြတော့၏။

ဒေါ်အေးမြအား ဘာစပ္ပစရာလဲ၊ အိမ်ကြီး ရခိုင်ကြီးနှင့်၊ ဦးအက်ခိုင်က စာစ်လ ငွေနှစ်ရာပို့ပေးသည်။ သည်အဆင့် သည်အခြေအနေသည် ဒေါ်အေးမြအတွက် ချမ်းသာဘုံသို့ ရောက်လေပြီတည်း။

—ဝ—

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ငါး)

ဒေါ်အေးမြ ပြန်သွားစက ဦးသက်ခိုင်မှာ ဘာကလိုတိုတို ဖြစ်လိုက်သေးသည်။ သံယောဇဉ်အမျှင်လေးက သူ၏စိတ်ကို အနှောင့်အယှက်ဖြစ်သလိုလို ခံစားခဲ့ရသော်လည်း အပေါင်းအသင်း ရောစီးရင်း ရှိဘော်ရဲဘက်များ၏ ဝိုင်းပေါင်းစုံတွင် ကျင်လည်ရက် များလာသောအခါ ဒေါ်အေးမြကို မေ့သသောက်ဖြစ်လာသည်။

သူတို့ဝိုင်းဆိုသည်မှာအစားအသောက်မဟုတ်။သွေးသား မွှတ်သိပ်မှု ပစ္စည်းလေးများလည်း ပါတတ်သည် မဟုတ်ပါလား။



ဦးသက်ခိုင်အကြောင်းကို အတွင်းကျကျသိကြသော ရင်းနှီးသည့် အပေါင်းအသင်းများက ဘေးတီးပေးကြ၏၊သွေးထိုးပေးကြ၏။

'လင်မရှိသောမိန်းမဟူသည် မတင့်တယ်'

'မိဖုရားမရှိသော ဘုရင်ဟူသည် ဘုရင့်အင်္ဂါမမြောက်'

'အဆောင်မရှိသော ခေါင်းဟူသည် မပြည့်စုံ' ဟူ၍။

ဟုတ်ပါသည်။

သူက ပါလီမန်အတွင်းဝန်ပဲဟာ။ တွဲဘက် ဇနီးမယား မရှိမဖြစ် ဘယ်သို့မျှ တင့်တယ်မှာပ၊ ပြည့်စုံမှာပ။

မည်သို့ပင်ဖြစ်စေ....

ဦးသက်ခိုင်၏အခြေအနေအရ ကြင်ယာရှာရမည်။အဆောင်မြောက်ရမည်။

ဒါအတွက် ပါတီမှ တာဝန်ရှိသူများကို တင်ပြရသည်။ အဓိကအားဖြင့် သူ၏ ရင်းနှီးဆုံး ဆရာခေါင်းဆောင်ကြီးကို တင်ပြရသည်။

သူတို့မှာလည်း၊ဒွိယံ၊ ဒွိယံသာမက တြိယံတွေပင် ထားနေသေးတာပဲဟာ၊ ဒွိယံပါရစေဟု တင်ပြချက်ကို ထန့်ကွက်စရာ မရှိပါပေ။ အားလုံးက အိုကေဟု ခေါင်းညိတ်လိုက်ကြ၏။

အဆောင်ရှာဖို့ပဲ လိုသည်။

ဦးသက်ခိုင်လို ပါလီမန် အတွင်းဝန် အာဏာရှိနေသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် ကတော်ဆိုသည်မှာ ခက်ခက်ခဲခဲ ရှာနေစရာမလိုပါပေ။

ကတော်လောင်းတွေက ဝိုင်းစိုင်းလည်လို့။

တစ်ခုပဲခက်ပါသည်။

လိုချင်သည်ကို ခေါင်းခေါက်ရွေးဖို့ အတွက်ပေါ့။

'ငါးသိုင်းများတော့ ဟင်းဟုန်' ဆိုဘိသကဲ့သို့ ရွေးစရာတွေများလွန်းနေသမို့ အရွေးရခက်ပါဘိခြင်း။

အထက်စီးဆ ရွေးရသူဖြစ်သမို့ ချေးများနိုင်သာပ။

ငါးသိုင်းများတော့ ဟင်းဟုန်ဆိုပေသိ....

ငါးသိုင်းတွေကြားထဲမှာ ကော့ကော့ပျံပျံ ဝင်းဝင်း လက်လက် ငါးသိုင်းတစ်ကောင်ကို သွားတွေ့ခဲ့သည်။

ဂရေစီဂျုံးစ်ခေါ် ဒေါ်ကြည်ကြည်။

အဖေက ဘိုကပြား။

အမေက မောမေမြန်မာသူ။

ဂရေစီကို ကလေးမှာ မွေးဖွားခဲ့သည်။

ဖြူဖြူဖွေးဖွေး အရပ်အမောင်းမြင့်မြင့်နှင့် ကိုယ်လုံး ကိုယ်ပေါက်မှာ ကျစ်ကျစ်လျစ်လျစ် တောင့်၍ဖြောင့်သည်။

အဖေ့မျိုးနွယ်မှ ပြဲရိပ်သမ်းသော ကြည်လဲ့လဲ့ မျက်လုံးနှင့် ဖြောင့်စင်းသောနှာတံကို ရယူပြီး အမေ့မျိုးနွယ်မှ



ဖြူဝင်းသောအသား၊ ရှန်းစိုရီဝေသောနှုတ်ခမ်း၊ ကျယ်ပြန့်၍ မမောက်မပြားသော စတာနဖူးတို့ ပေါင်းစပ်ထားသည့် ဂရေစီ၏ မျက်နှာမှာ လှရိပ်နှစ်မျိုး ယှက်နွယ်သည့်သို့ရှိချေ၏။

ပြောဟန်ဆိုဟန် လှုပ်ရှားဟန်နှင့် ဆင်ယင် ထုံးဖွဲ့ပုံမှာ စတော်ဟန် အပြည့်အဝ ဆောင်ယူထား၏။

ဂရေစီခေါ် ဒေါ်ကြည်ကြည်၏ အင်္ဂလိပ်စကားကို လျှာဖျားလေး လှုပ်သည်ဆိုရုံ လွင်လွင်စီစီအသံကလေးနှင့် ပြောပုံကိုက တစ်မျိုးတစ်ဘာသာ ချစ်စရာ။

တစ်ခုတော့ ပြောစရာရှိသည်။

ဒေါ်ကြည်ကြည်မှာ အပျိုမဟုတ်။

လက်ရှိအိမ်ထောင် မရှိသူ တစ်ခုလပ်။

တကယ်တော့ ပြောစရာဆိုပေသိ အကြောင်းမဟုတ်။ နှုတ်ခမ်းပဲ့ချင်းပဲ့ဟာ။ သူ့မနာကိုယ်မနာ သဘောစားထားနိုင်သည်။

ဦးသက်ခိုင်က ဒေါ်ကြည်ကြည်ကိုတွေ့ကတည်းက သဘောတွေ့သည်။

ပြောဆိုကြည့်တော့ မနော၌ခွေ့သည်။

ဆက်ဆံကြည့်တော့ ယောဆောရှိသွားသည်။

သည်သို့မှ ဒေါ်ကြည်ကြည်မှာ ဒေါ်ကြည်ကြည်ခိုင်ဟူ၍ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ ဝန်မင်းအိမ် စည်ပင်တော့မည်။ ဝန်မင်းအိမ်နှင့် တူတော့မည်။ တမူးပို့ရှိနိုင်သော ဇနီးမယား ခန့်ချောကြီးက ဝန်မင်းအိမ်ဧည့်ခန်းမှာ လာသမျှဧည့်ပရိတ်သတ်များကို အလှရိပ်တွေဆင် အပြုံးရိပ်တွေထင်စေသျက် မှိုင်မှိုင်ဆိုင်ဆိုင်ကြီး ဧည့်ခံနေပေပြီ။ ဘောင်ရုံကိစ္စနှင့် လာသူများဆိုလျှင် ဝန်မင်းအထိ ခတ္တရန်မလိုဘဲ ဝန်ကတော်နှင့်ပင် ပြီးသွားကြရသည်။

အဲ ဝန်မင်းသည်လည်း ဝန်ကတော်နှင့်ကျမှပဲ နားချိန်ကလေး အတော်ရခဲ့သည်။

ဝန်မင်းဦးသက်ခိုင်တို့များဘယ်လောက်စခတ်ကျနေသလဲ ဆိုရင် ခါတိုင်းဆို ဗရိုင်ဘာ မချုန်.ရှုပြီး ကားစီးခဲ့ရသည့်မှ ခုများတော့ မွေးရနံ့သင်းပျံ့ပျံ့ ရယ်သံတလွင်လွင်နှင့် ချစ်ဇနီး ကိုယ်တိုင် မောင်းပို့သည့် ကားနှင့် လွှတ်တော်ရုံးတက်ခဲ့ရပြီ။ ညနေဘက် အာစိုအောင် သောက်ရသော ယမကာကိုပင် စပ်ဟပ်ရန်မလို။ အချိန်ရောက်သည်နှင့် ဝန်မင်း အကြိုက် ဆော်ဒါရေခဲ အချိန်အဆ အလေ့ာတော် ဖန်ခွက်ကလေး ဝန်မင်းရှေ့မှာ အဆင်သင့်။

သောက်ရ စားရသည့် နေရာမှာလည်း ခြောက်ကပ်ကပ်မဟုတ်။ ဆွဲဆွဲငင်ငင် နှာသံပါရုံကလေး ခေါ်ထတ်သည့် ဒါလင်သံမှာ ဝန်မင်းအတွက် တိုင်းပြည်အကျိုးတိုး၍ လုပ်ချင်စရာသာစပ။

ဒါတင်မက ဒေါ်ကြည်ကြည်ခိုင်က ဝန်မင်း လာခလှော်က်



နှင့် အိမ်စရိတ် မအာမိနိုင်သည်ကို သိသဖြင့် 'ခိုင်' ကုမ္ပဏီကို ထောင်လိုက်ပြန်သည်။

ဝန်မင်းရုံးတက်ဖို့ကားကို ကိုယ်တိုင် မောင်းပို့ပြီးနောက် 'ခိုင်'ကုမ္ပဏီအတွက် အရောင်းအဝယ်ကိစ္စ၊ လိုင်စင်ကိစ္စ၊ ငွေချေးငှားရေးကိစ္စ မှန်သမျှကို တင်ယောက်တည်း ဗိုလ်ခံလုပ်ခဲ့၏။

'ခိုင်'ကုမ္ပဏီ၏ အစုရှင်များကိုလည်း ကြည့်ပါဦး။

စီးပွားရေးလောကတွင် ခိုင်ကုမ္ပဏီကို ခေါက်ထား၍ မရသော အခြေအနေသို့ ရောက်လာခဲ့ရုံမက ခိုင်ကုမ္ပဏီရုံးခန်းထဲသို့ ဗိုဘီ ဖြူဖြူဖွေးဖွေးဝတ်သော အသားဖြူ ကုလားကြီးများ၊ မုတ်ဆိတ်ထူလပျစ်နှင့် ပလေကပ်လုံချည်ဝတ် ကုလားမည်းကြီးများ၊ ဟာဝေယံရှပ်နှင့် ဘောင်းဘီရှည်ဝတ် တောင်ကဲကြီးများ ဝင်ထွက်မစဲ ဖြစ်နေသည်အထိ ခိုင်ကုမ္ပဏီမှာ တိုးတက်လာသည်။ ခိုင်မာသည်။

ဒေါ်ကြည်ကြည်ခိုင်မှာလည်း ပို၍လှလာသည်၊ ပို၍ဝလာသည်။ ဒေါ်ကြည်ကြည်ခိုင်က ကုမ္ပဏီလုပ်ငန်းကြီးတစ်ခုလုံး ဦးစီးနေရစေကာမူ ချစ်လင်သက်ထားအတွက် အပြုစု အယုအယကိုမူ နည်းနည်းလေးမှ အထိမခံ၊ အပွန်းမခံ။ ကိုယ်တိုင် တယုတယပင် ပြုစုရမှ ကျေနပ်သည်၊ ပြုစုခဲ့သည်။

သို့မို့ကြောင့် ဝန်မင်း၏ တစ်အိမ်လုံးမှာ ဝန်မင်းသြဇာထက် ဒေါ်ကြည်ကြည်ခိုင်၏သြဇာကပို၍ထက်မြက်သော သို့

www.burmeseclassic.com

www.burmeseclassic.com

ဦးသက်ခိုင်ပင်လျှင် အိမ်သားများနှင့်အတူ ခေါင်းညိတ်ခံဘဝသို့ သက်ဆင်းခဲ့ရ၏။

ဝန်မင်းကများ မကျေမနပ်ဖြစ်လေမလား မထင်လိုက်ပါနဲ့။

နဖားကြိုးအကိုင်ကောင်းသော သခင့်ကို နွားချစ်သလို ဒေါ်ကြည်ကြည်ခိုင်ကိုလည်း ဝန်မင်းက ချစ်ပြီးရင်း ချစ်ပါသတဲ့။

ခိုင်ကုမ္ပဏီ ကြီးပွားလာသည်နှင့်အမျှ ဒေါ်ကြည်ကြည်တို့ အခြေအနေမှာလည်း....

တိုးတက်သထက် တိုးလာသည်။
မြင့်သထက် မြင့်လာသည်။

ကန်တော်ကြီးစောင်းမှာ တိုက်တစ်လုံးလည်း ဆောက်ပြီးပြီ။

ကားတစ်စီးလည်း ဝယ်ပြီးပြီ။

တိုက်သစ်တွင်မူ ဝန်ကတော်တို့မနေကြ။ သုံးနှစ်စာချုပ် ငှားရမ်းခ အပြည့်ပေးထားသော သံရုံးတစ်ရုံးသို့ ငှားရမ်းထားလိုက်သည်။

ဒေါ်ကြည်ကြည်ခိုင်မှာ နေ့စဉ် ဝတ်နေကျ လက်ဝတ်ရတနာများအပြင် ပွဲနေပွဲထိုင်သုံး စိန်တစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာလည်း အဆင်သင့်ရှိနေသည်။

တကယ်က သုံးဆင်စာရတနာများကို ဦးသက်ခိုင်၏ ဝန်ခင်းလစာနှင့် ဝယ်သည်လည်းမဟုတ်။ ခိုင်ကုမ္ပဏီ ဝင်ငွေ



ထဲမှ ဝယ်သည်လည်း မဟုတ်။ ဦးသက်ခိုင် ဖောင်တိန်သုံးခါ လှုပ်လိုက်ရသည်မှရသော ပစ္စည်းများဖြစ်၏။ ဖောင်တိန်လှုပ်ရန်အတွက် အကွက်ရှာ ဖန်တီးသူမှာ ဒေါ်ကြည်ကြည်ခိုင်။

ဒေါ်ကြည်ကြည်ခိုင်မှာ သာမန်မယားမဟုတ်၊ ဦးသက်ခိုင်အတွက် လက်ရုံးသဖွယ်အားကိုးရသော မယား။ တစ်ခါတစ်ခါ ဒေါ်ကြည်ကြည်ခိုင်က ရှေ့ကိုဆောက်လွန်းနေသဖြင့် ဝန်မင်းကပင် တားယူရသည်။

ခုလဲ ဦးသက်ခိုင်ကို ပါလီမန်အတွင်းဝန်က ဝန်ကြီးဖြစ်ဖို့ ဒေါ်ကြည်ကြည်ခိုင်က လမ်းစထွင်ပြီးသား။ လမ်းရှင်းပြီးသား။ ဆရာကြီးများပေးလိုက်သော ကတိကို ရရှိပြီးသားဖြစ်အောင်ထိ စွမ်းဆောင်ခဲ့သည်။

သည်အကြောင်းတွေ ပြန်ပြောစဉ်ကဆိုရင် ဦးသက်ခိုင် မျက်လုံးပြူးခဲ့ရသည်။
တအံ့တသြ ဖြစ်ခဲ့ရသည်။

ဝန်မင်း ပို၍ကြည်သာခဲ့ရသည်မှာ ဒေါ်ကြည်ကြည်ခိုင်၏ အလှကြောင့်။

ကြာလေဟောင်းလေ၊ ဟောင်းလေရှိုးလေ အလှမျိုး မဟုတ်ဘဲ ကြာလေ လှလေ။ လှလေ ပို၍ သာ၍ ချစ်စရာကောင်းလေ အလှမျိုး။

ဒေါ်ကြည်ကြည်ခိုင်ကလည်း ပြင်တတ်ပါပေ့၊ ဆင်တတ်ပါပေ့။

www.burmeseclassic.com

www.burmeseclassic.com



အဆင်အပြင်မှာ တစ်နေ့တစ်မျိုး။

လူကြီးဆံဆံ ဘီးကျော်ပတ်လေးနှင့် ရိုးရိုးယဉ်ယဉ် အဆင်အပြင်က တစ်မျိုး။

ဖွတ်မြီးထိုး ဆံကျစ် နှစ်ချောင်းခွကလေးနှင့် ငယ်မူပြန်က တစ်မျိုး။

ပျားအုံဆံထုံးကြီးနှင့် မဟာနဖူးပေါ်မှာ ဆံရစ်ခွေတစ်ခွေချလို့ ခေတ်ဆန်ဆန်က တစ်မျိုး။

ဆံဖျားလေးကို ဖွတ်မြီးထိုးပြီး ဆံရင်းပိုင်းကိုဒေါင်းမြီးကွက်ဖော်သလို ဖောင်းဖောင်းအိအိကလေးလုပ်ပြီးမှ စပယ်ဖူး ဟိုတစ်ပွင့် သည်တစ်ပွင့် စီခြယ်ထားသည်က တစ်မျိုး။

အဲသည်လို ဆံတောသာပုံစံအမျိုးမျိုးနှင့် လိုက်ဖက်အောင် မျက်နှာကိုလည်း လူကြီးဆံဆံ ဆယ်ကျော်သက် အသွင် သက်လတ်ဟန်မူ အဆင်အပြင်များ ထုံမွှမ်းခြယ်သတတ်ပါပေ့။

ဒေါ်ကြည်ကြည်ခိုင်က သူ၏အလှကို အမြင်မရိုးပါသေအောင် တစ်နေ့တစ်မျိုး အဆန်းထွင် ပြင်ဆင်တတ်သမို့ 'ဒီနေ့တော့ကြည့်အလှကတစ်မျိုးပါလား။ ခိုင့်အလှကတစ်မျိုးလေးနော်' ဟု ပြောစမှတ် တွင်ခဲ့လေသတတ်။

သည့်လိုအလှတွေ တစ်နေ့တစ်မျိုး မရိုးရအောင်ပြင်ဆင်နေသည့်ကြားထဲမှ ပို၍ချစ်စရာကောင်းအောင် အသွင်တစ်မျိုးနှင့် အလှ တိုးလာပြန်သည်။



ပန်းပွင့်အပြောက်လေးများ ဖေါင်းဖေါင်းအိအိလှိုင်းတွန့်လေးများဖော်ထားသော ပိုးသားပျော့ပျော့ဗိုက်ဖုံးအင်္ကျီနှင့် ဒေါ်ကြည်ကြည်ခိုင်မှာ ကျက်သရေတိုး၍ အလှမျိုးတွေ ဖြိုးဝေနေပြန်သည်။

ဒေါ်ကြည်ကြည်ခိုင်က 'ဒါလင်' ဟုညှုသံပေးပြီး ဦးသက်ခိုင် နား နားကပ်၍ တိုးတိုးကလေးပြောလိုက်ရာ ဦးသက်ခိုင်၏ မျက်နှာတစ်ပြင်လုံး အပြုံးတွေ လက်လက်ထသွား၏။

ဦးသက်ခိုင်၏ပါးစပ်ကြီးမှာ ဖြဲကနဲ သွားတွေ ဖွေးကနဲပေါ်သွားအောင် ပီတိလွှမ်းသော အပြုံးဖြင့် ဒေါ်ကြည်ကြည်ခိုင်၏ ပခုံးလေးနှစ်ဘက်ကို ဖွဖွကလေး ဆုပ်နယ်နေရင်းမှ....

'မဖြစ်သေးဘူး ကြည်လေးရေ၊ ဒီလိုဆိုဖို့ဆက်ဦးမှ'

'ဘယ်ကိုလဲ ဒါလင်'

'ဖပ်ဖရင်ဆေးရုံက ဒေါက်တာ ဒေါ်လှကြည် ဆီကိုလေ'

'အမယ်လေး စောပါသေးတယ် ဒါလင်ရယ်'

'မဟုတ်ဘူးလေ၊ ခုထိက'

'ကဲ ထိုင်စမ်းပါ'

'ဒါလင်ကတော့ သားသားလေးမှ ဗျနော်'

'အော် ဒါလင်ရယ်၊ ဒါလင်ရဲ့အလိုကျဖြစ်ဖို့ ဘုရားသခင်ထံ ဆုတောင်းရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



‘ဒါလင်လဲ ကူပြီး ဆုတောင်းပေးပါမယ်ဗျာ၊ ဒီနေ့ကစပြီး ကြည်လေးကုမ္ပဏီ အလုပ်တွေ ဦးထွန်းရွှေကြီးနဲ့ လွှဲထားပေးလိုက်၊ ဒါလင်လဲ တစ်နေ့တစ်ခေါက် မှန်မှန်သွားပေးမယ်’

‘ဒီလောက်လဲ မလိုသေးပါဘူး ဒါလင်ရယ်’

ဝန်မင်းခမျာ ဘုန်းကြီးကတော်ဓတော် ရှာဆော်က ကဲကဲ’ ဆိုသလိုဖြစ်နေ၏။

ဒေါ်ကြည်ကြည်ခိုင်၏ဗိုက်ကလေး ရှေ့သို့ စူဖြိုးထွက်လာသည်နှင့်အမျှ သွေးသားအပြောင်းအလဲကြောင့်ပို၍နုလာလေ ပို၍လှလာလေ။

ဝန်မင်းအဖို့ အနမ်းမိုးရွာစရာ နေရာလေးတစ်ကွက် ပေါ်လာသပေါ့။

သားသမီးရတနာနှင့် ပတိဆက်၍ တစ်ခါမှ မတစ်ခါဘူးသည့် ဦးသက်ခိုင်ခမျာ တိုင်းရေးပြည်ရေးထက် ဗိုက်အရေးက ပို၍အရေးကြီးနေသည်။

မွေးဖွားရက်နီးလာလေ ဝန်မင်းအလုပ်များလေ။

ဝန်မင်းက အလုပ်များမည့်သာ များနေသည်။ သူတို့လို လူတန်းစားအတွက် ထိုခေတ်ထိုအချိန်က မီးနေခန်း ဝင်ရသည်မှာ အခန့်သား။ ဒပ်ဖရင်ဆေးရုံကြီး အောဘာလောက် အပေါ်ဆုံးထပ်မှာ တစ်နေ့နှစ်ဆယ်ကျော်ပေးရသည့် သီးသန့်အခန်းကျယ်ကြီးတွေရှိသည်။



စပယ်ရှယ်နပ်စ် နေ့ညငှားထားနိုင်သည်။ နေရထိုင်ရသည်မှာ အိမ်နှင့်မခြား။ လူနာမေးလာကြသော ဧည့်သည်များထိုင်စရာ ဆက်တီရော ကုလားထိုင်ခုံပင်ထားနိုင်သော အခန်းကျယ်ကြီးများဖြစ်၏။

ဒေါ်ကြည်ကြည်ခိုင် မွေးခန်း ဝင်ရသောညက ဝန်မင်းတစ်ယောက် ဒပ်ဖရင်ဆေးရုံနှင့်အိမ်ကို ကူးကလန့် ခတ်နေသည်။ ဘာလေးလဲဆိုသည့်အဖြေကိုလည်း ရင်တထိတ်ထိတ်နှင့်။

ဝန်မင်းဆုတောင်းမပြည့်ရှာ၊ သားသားလေး မဟုတ်ဘဲ မီးမီးလေးဖြစ်လာသည်။ မီးမီးလေးဖြစ်လာတော့လည်း အရှုံးမပေး။ ရုံးတာအပြန် ခေါင်းပေါင်းမှ မချွတ်နိုင်သေးဘဲ မီးမီးလေးကို ပွေ့ချီပြီး မြူကြူ၍ ကလူရနှင့် သမီးချော့တေး ဆိုရသည့် အလုပ်မှာ ဝန်မင်းအတွက် နေ့တဓူဝ ပြုမြဲကိစ္စ ဖြစ်လာသည်။

အိမ်ဖော်ကလေးများကဆို ဝန်မင်းကိုကြည့်ပြီး မီးဖိုချောင်မှာ တခစ်ခစ် ဖြစ်နေကြ၏။

ဝဝကစ်ကစ် ချစ်စရာသမီးလေးကို တစ်အိမ်လုံးက ဘုတိုးမနှင့်ချစ်စနိုးခေါ်နေကြသော်လည်း မင်္ဂလာအခါပေးသည့် နာမည်မဟုတ်သေးပေ။

သမီးလေးအတွက် နာမည်ပေး ကင်ပွန်းတပ် ဂေဟာကို အလှူအတန်းကြီးတစ်ခုလုပ်သည့်နှယ် ကျင်းပခဲ့၏။

စားစရာတွေ တစ်ပုံတစ်ပင် စားလိုသမျှစား။

အဖျော်ယမကာတွေ အစုံအလင်ကြိုက်သလောက်သောက်။

www.burmeseclassic.com

www.burmeseclassic.com



နာခည်အကျော်ဆုံး တီးဝိုင်းနှင့် အဆိုတော်များ၏ ချီး
ဘွဲ့ကျူးရင့်သံမှာလည်း နားဝင်ပီယံ ရှိလှပါပေ၏

ကားကြီးကားငယ် အသွယ်သွယ်နှင့် ညော့်ပရိသတ်များမှာ
လည်း ဝင်လာစေ့ တသဲသဲ။

ဖိတ်စာတွင် 'လက်ဖွဲ့ခြင်း သည်းခံပါ'ဟု ရေးထားသ
တိုင်မင်္ဂလာပွဲသို့ရောက်လာသူတိုင်းတွင်လက်ဆောင်ကိုယ်စီနှ

'သမီးကလေးကချစ်စရာလေး၊ ကြီးလာရင် တကယ်ချော
မှာ'ဟု ပြောသံကြားလေတိုင်း ဝန်မင်းတို့ ဇနီးမောင်နှံ မျ
နှာတွင် အပြုံးရိပ်တွေ ဝေသွားသည်။

တကယ်ကလည်းသမီးလေးကလှပါသည်။ချစ်စရာကလေ
ပါ။ လူလှမှတော့ နာမည်လည်း လှလှပပမှည့်မှ။

'ယဉ်နွဲ့ခိုင်'

နာမည်ကလေးကလည်း လှပါဘိ။

နာမည်လှသလို လူလှသည်။ လူလှသလို ဘဝသုခ
အပြည့်အဝခံစားခဲ့ရသည်။

ယဉ်နွဲ့ခိုင်ကြီးလာတော့ နေရသည့်ကျောင်းက နာမည်ကြီ
'စိန့်'ကျောင်း။ ကျောင်းတက်ချိန်ကျောင်းလွှတ်ချိန်များတွ
ကား ကြီး ကားငယ် အသွယ်သွယ်တို့ ပြွတ်သိပ်နေသော
ကျောင်း၌နေခဲ့ရ၏။

ကျောင်းမှာဆို မျက်နှာ ပွင့်လန်းသူများထဲတွင် တစ်ဦ
အပါအဝင်။ ပါလီမန်အတွင်းဝန်သမီး။ ခိုင်ကူမှတာ ပိုင်ရှ
သမီး။ ဆရာမတွေက အရေးပေးကြသည်။ ကျောင်းသူချ
က အထေးထားကြသည်။ မွေးနေ့မင်္ဂလာပွဲ မှကျင်းပလျှ



ခင်းစားမဝင်သည့် လူတန်းစားများအလယ်တွင် ယဉ်နွဲ့ခိုင်
ပါလျှင်ပြီး။

အဲဒီလို မွေးနေ့ မင်္ဂလာပွဲရှိလေတိုင်း ဝတ်စုံအသစ်တစ်စုံ
ချုပ်ရသည်မှာ ယဉ်နွဲ့ခိုင်၏ အမြဲတမ်း ဖက်ရှင်အလုပ် ဖြစ်နေ
သည်။

ယဉ်နွဲ့ခိုင်တစ်ယောက် လူဖြစ်လာတာတည်းက ဓကျခင်း
နေအခွယ်အတို။

မစားဘူးသည်မရှိ၊

မဝတ်ဘူးသည် မရှိ၊

မုန့်ဖိုးကို အတိုင်းအတာနှင့်သုံးရသည်ဟု မသိ။

ရွှေလင်ပန်းနှင့် အချင်းဆေး၍ ရွှေမုန့်စားပြီး မွေးဖွားခဲ့
သူဟု ဆိုရပေမည်သာ။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခြောက်)

ဒေါ်ကြည်ကြည်ခိုင်မှာ တစ်သားမွေး တစ်သွေးလှလာသလို သူ၏ကုမ္ပဏီလုပ်ငန်းမှာလည်း တိုးပြီးရင်းတိုး တက်ပြီးရင်းတက် ဖြစ်နေသည်။

ဒါပေသိ ဦးသက်ခိုင် ဝန်ကြီးဖြစ်ရေးမှာမူ အတက်မပြ အကျမရှိဘဲ တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။ ဒေါ်ကြည်ကြည်ခိုင်မှာ ချစ်ဒါလင်ကြီးအတွက် သူ့မှာရှိသမျှ အစွမ်းအစတွေ အကုန်ထုတ်သုံးခဲ့သည့်တိုင် ဦးသက်ခိုင် ဝန်ကြီး ဖြစ်ရေးမှာ နေ့လိုလို ညလိုလိုနှင့် လိုလိုထဲတွင် ဝဲနစ်နေခဲ့သည်။



ဗိကြွားထဲ ဦးသက်ခိုင်တို့၏ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်အတွင်း၌ စသိမသာရှိနေခဲ့သော နိုင်ငံရေးအုပ်စုများ၏ ပဋိပက္ခမှာ တစ်နေ့တခြား ပြင်းထန်လာသည်။

ပေါက်ကွဲလုဆဲဆဲ အခြေအနေပေါ်လိုက်၊
ထန်းလက်နှင့် ကာလိုက်၊

ပြန်ငြိမ်သွားလိုက်ဖြင့် မတည်မငြိမ်လှုပ်ရှားနေခဲ့ရာ ဦးသက်ခိုင်မှာ ဝန်ကြီးဖြစ်ဖို့ထက် လက်ရှိနေရာကလေးပင် ငြိမ်ဖို့ကို ခေါင်းကြီး ကြိုးစားနေရသည်။

အဖွဲ့အစည်းအတွင်း ပဋိပက္ခတွေ ပြင်းထန်လာလေ ဒေါ်ကြည်ကြည်ခိုင်အတွက် အလုပ်ဖြစ်လေ။

အုပ်စုက တစ်စုထဲမဟုတ်၊
သုံးလေးစု။
'အစ်ကိုကြီး'

'ညီမောင်'ဟု ခေါ်၍ ချွေးမျိုးစုအသွင် ဆက်ဆံခဲ့ကြသော၊ တစ်ယောက်အလို တစ်ယောက်မျက်စိမှိတ် လိုက်ခဲ့ကြသော၊ တစ်ယောက်အနွံတာတစ်ယောက်ခံခဲ့ကြသော၊ ကျောချင်းကပ်လျက် လက်ချင်းချိတ်ပြီး ရန်သူကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့ကြသော အာဇာနည်အတွဲများမှာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းမဆိုင်နိုင်အောင် ဖြစ်လာကြပြီ။

တစ်ဦးအပေါ် တစ်ဦးထားခဲ့သော လေးစားမှု ရိုသေမှုများပျောက်ကွယ်ကုန်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသိ အစင်းသိ သိခဲ့သော ယေက်ကျိုးဝယ်နာများကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ဖော်ကြပြီ၊ ကဲ့ရဲ့ကြပြီ။

ထောက်ထားရမည် ငဲ့ကွက်ရမည် ဆိုသည်များကို မထိန်းကြတော့။

ဦးသက်ခိုင် ကိုယ်တိုင်က စိတ်ဓာတ်အကြီးအကျယ် ကျနေသည်။ ဖြစ်နေသော အတွင်းပဋိပက္ခ အခြေအနေအရှုပ်ရှပ်ကို သူအ သိပြီးသား။

ဖြစ်နေသည်က နိုင်ငံရေးပြဿနာ ဟုတ်။

ပုဂ္ဂိုလ်ရေးပြဿနာတွေ။

တစ်ဖက်နှင့်တစ်ဖက်အလဲအကွဲဆော်ဖို့ အပြတ်ရှင်းဖို့ ခြေပုန်းခုတ်နေကြသည်။

ဒါကို ထန်းလက်ကလေးနှင့် ကာနေကြသည်။

ဘယ်လောက်ကြာအောင် ကာနိုင်မလဲ။

ကွဲတာတော့ ကွဲတာအမှန်။

မကွဲခင်အချိန်လေးမှာ မြေမသေတုတ်မကျိုး လုပ်ထားလို့ရသည်။

ကွဲပြီဆိုလျှင် ကြားနေ၍မရ။

တစ်ဖက်ဖက်ကို အပြတ်လိုက်ရမည်။

ဖြစ်ပေါ်နေသော အခြေအနေမှာ မြေရင်လဲသေမှ၊ တုတ်ရင်လဲ ကျိုးမှ ရှင်းမည့်အခြေအနေ။



ဘယ်အုပ်စုက သာသလဲ။

ဘယ်အုပ်စုက မြဲမလဲ။

အဲဒီအခြေအနေကို ခန့်မှန်းရခက်ပါဘိ။

အုပ်စုအလိုက်မှားခဲ့သော် တစ်သက်လုံးအခရး။

ဦးသက်ခိုင်ရော ဒေါ်ကြည်ကြည်ခိုင်ပါ မရယ်နိုင် မပြုံးနိုင်သော ဘဝ။ ဒေါ်ကြည်ကြည်ခိုင်ဆို ကုမ္ပဏီအလုပ်တွေ ပစ်ပြီး မမများတို့အိမ်တွေမှာ အချိန်ကုန်နေရသည်။ အင်အားတွက်သည့် ကိန်းဂဏန်းများမှာ မျက်စိလည်စရာ။ တစ်ဖက် အုပ်စုသွားတော့တစ်မျိုး၊ တစ်ဖက်အုပ်စုရောက်တော့ တစ်ဖုံ၊ အားလုံးက တွက်လေအမှု အပိုင်ချည်း။

ဦးသက်ခိုင်၏ လက်ရင်းဆရာမှာ စစ်တုရင် အစားရုတ္တင် ချန်ပီယံ။ သူ့ခြေကို အမှီလိုက်နိုင်သူ နှစ်ယောက်မရှိဟုနာမည်ကြီးသူ ဖြစ်ရုံမက ဆရာအစတော်မမကျလည်း ဆရာနှင့်နင်လားပါလား။

တစ်ဖက်အုပ်စုမှဆရာကြီးများမှာလည်းခေသူမျိုးမဟုတ်။ လူတုကြည်ညိုမှုအားကို အပြည့်အဝယူထားနိုင်ရုံမက ဦးသက်ခိုင်တို့ ဆရာရင်းလက်ထဲမှ ခွဲထွက်ပြီး တစ်ဖက်အုပ်စုနှင့် ပူးပေါင်းသွားသူ ထက်ထက်မြက်မြက် တပည့်များရှိနေသည်။ ဆရာ့အရည်အသွေးကို မှီအောင်လိုက်နိုင်သူ လက်ရဲဇက်ရဲ သမားများမှာ တစ်ဖက်အုပ်စုတွင် ရောက်နေသည်လည်းရှိသည်။

www.burmeseclassic.com



သို့သော် ဦးသက်ခိုင်၏ လက်ရင်းဆရာတွင် တစ်ဖက်အုပ်စုနှင့်သာသော အရည်အသွေးရှိနေသည်။ နေရာတကာတွင် ဌာနတိုင်းစွင့် အားကိုးလောက်သည့် တပည့်လက်သားများကို မြန်ကျွက်ထားနိုင်ခဲ့သည်။ ဆရာတီးသော ဆိုင်းချက်ကိုလိုက်၍ ကနိုင်သည့် မင်းသားတွေ အများကြီးရှိနေသည်။

ဦးသက်ခိုင်ကမူ လဲကာမှလဲရော၊ သူ၏ဆရာရင်းကိုအာလက်အသုံးတောင်ငွေး လုပ်ချင်သည်။

လူ့ဆရာ၏ အစွမ်းအစကို ယုံကြည်ပြီးသား။

အားကိုးပြီးသား။

သူ၏တွက်ကိန်းထဲတွင် ဘယ်နည်းနှင့်မှ မပြိုလဲနိုင်သောအားရှိသည်ဟု ခိုင်ခိုင်မာမာကြီးကို ယုံကြည်လျက်ရှိသည်။

အခြေအနေအရ လဲသွားသည့်တိုင် သူ၏ဆရာ လဲသည့်မှာခြေချော်လက်ချော်လဲခြင်းသာ ဖြစ်မည်။ နာလန်မထူနိုင်အောင်လဲခြင်းမျိုး မဖြစ်နိုင်ဟု ယုံကြည်မှု အပြည့်အဝရှိနေသည်။

သည်နေရာတွင် ဦးသက်ခိုင်နှင့် ဒေါ်ကြည်ကြည်ခိုင်တို့သဘောချင်းညီမျှ။ အယူအဆချင်း ဗီလာဆန့်ကျင်ဘက်ဖြစ်ခဲ့ကြသည်။ ဒေါ်ကြည်ကြည်ခိုင်ကတော့ တစ်ဖက်အုပ်စု၏မူရင်းအားကို တွက်ပြသည်။ အကူအားကို ချပြသည်။ သူ့အတွက် ဝန်ကြီးတစ်နေရာ ကတိစကားကိုပင် ရယူခဲ့သည်။

'ဒါလင်'



'ကြည်လေး' ဆိုသော ချစ်စနိုးအခေါ်အဝေါ် ကလေးများသည် သူတို့နှစ်ဦးပါးစပ်ဖျားတွင် မနေ့အားနည်းလာသည်။

'မင်း' တစ်လုံး၊

'ရှင်' တစ်လုံးများသည်ပင် နေရာဝင်ယူလာသည်အထိ ဖြစ်လာခဲ့သည်။

ဦးသက်ခိုင်က အရက်ကို ဖိသောက်သည်။

ဒေါ်ကြည်ကြည်ခိုင်က မလျော့သောဇွဲနှင့် ဂုဏ္ဍိယတို့၏အတတ်ပညာ အကုန်ထုတ်သုံး၍ ဦးသက်ခိုင်ကို သူ၏နယ်ထဲရောက်အောင် စိတ်ရှည်လက်ရှည် ကျုံးသွင်းလျက်ပင်ရှိသေးသည်။

ကာထားသောထန်းလက် ပြုတ်သွားပြီ။

ထန်းသီးများလည်း ကြွေကုန်ပြီ။

အပြတ်အသတ် သူနိုင် ငါရှုံးအားစမ်းပွဲကြီးအတွက် တိတိလင်းလင်း ပြင်ကြပြီ။ ဆင်ကြပြီ။

အပုပ်ချပွဲများကို တိုးတိုးကျိတ်ကျိတ် မဟုတ်တော့ဘဲ အတိအလင်းပွင့်အန်ကြပြီ။ ဖော်ကုန်ကြပြီ။ ထိန်းသိမ်းအပ်သောသိက္ခာကိုပင် ဥပေက္ခာပြုကြလေပြီ။

မိန်းမကောင်းရန်တွေဆိုသည်မှာ ဘာဟုတ်သေးလဲ။

ယောကျ်ားတွေ ငါးစိမ်းသည်ဘဝရောက်အောင် ဆဲလာ်ကြ၊ ဆော်ကြသော ပွဲကြီးပွဲကောင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်နှင့်တစ်ဖက် အုပ်စုတစ်စုနှင့်တစ်စု အပြိုင်ဆဲကြ၏

အိမ်တိုင်ရာရှာ လိုက်ဆဲသည်။

ထမင်းစုလတ်ဆေ ကြားဖြတ်ဆဲသည်။

ဆွယ်လို့ရသူကို ဆွယ်သည်။

ဆွယ်လို့မရသူကို ပြန်ပေးသဘော ဆဲကြသည်။

အမတ်တွေ လမ်းမထွက်ရဲအောင် ဖြစ်နေသလို လမ်းမထွက်အောင်လည်း နှစ်ဖက်သောအုပ်စုများက စား အိပ် နေရေး အားလုံးတာဝန်ယူ၍ ထိန်းသိမ်းကြရသည်။

ဖဆောင်ကြာမြိုင်ဂေဟာကြီး ဖွင့်ပြီ။ အရက် အလျှံပယ်တိုက်၍ အမတ်တွေ အပြင်မထွက်အောင် ထိန်းသိမ်းသည်အထိ လုပ်ခဲ့ကြ၏။ ပါလီမန်အမတ်များမှာ နည်းနည်းကလေးမှ စိတ်မချရ။

တစ်နေ့တစ်မျိုး ခြံခုန်နေကြသည်။

ဘယ်သူတွေ ဘယ်အုပ်စုကို ပြောင်းပြီဆိုသော သောသာ ဟာလာသတင်းများမှာ မနက်မိုးလင်းသည်နှင့် ကြားရစမြဲ။

ဒီဇတ္တလည်း တစ်နေ့ရာတည်းမှာ စုဖေးထားဖို့ လိုလာသည်။ အပြင်ထွက်ခွင့် ပေးလို့မဖြစ်။ အမတ်တွေဒနာက်ကို ငွေထုတ်နှင့် ရာထူးလိုက်ပြီး လိုက်နေကြသည်။ မဲတစ်မဲဈေးနှုန်းမှာ သောင်းဂဏန်း သိန်းအထိဖြစ်လာသည်။ မဲအခြေအနေမှာ ခန့်မှန်း၍မရနိုင်သည့် အခြေအနေ။ ကိုယ့်ဘက်က ကိုယ်



နိုင်မည်ဟု အပိုင်တွက်သလို သူ့ဘက်ကလည်း သူနိုင်မည်ဟု အပိုင်တွက်နေကြဆဲ။

ကိုယ့်အုပ်စုဘက်က အမတ်မင်းများကို ထိန်းသိမ်းဖို့ဆိုသည်မှာ သည်အတိုင်း လွှင်ထား၍မရ။ အကြိုက်ကလေးတွေ ပေးထားဖို့လိုသည်။

ဒါမှ မပျင်းမှာ။

အပြင်မထွက်မှာ။

အမတ်တွေကယောကျ်ားတွေ။ ယောကျ်ားသားတို့အကြိုက် ပေးထားမှ ပြုံစုထားနိုင်မှ ဖြစ်မှာကိုး။

ဆောင်ကြာမြိုင်ဂေဟာ ဖွင့်ရသည်အထိ ဖြစ်လာရော။

အရက်ဆိုတာသေတ္တာလိုက်။ ဝီစကီ၊ ဘရမ်ဒီ၊ ရမ်၊ ဘီယာ၊ ဝိုင်တွေ၊ ဘီလက်တွေလည်း ပါရသည်။

အစားအတွက် တစ်နေ့တစ်မျိုး ဟိုတယ်ကြီးများမှ မှာကျွေးရသည်။

အကဲ့အမြဲ ပြဿနာအခြေအနေက သည်၍သည်မျှအထိ ဆိုးခဲ့လေ၏။

အံ့ထကြိတ်ကြိတ်နှင့် စားတော့မတတ် ဝါးတော့မတတ်။ ပြုံးနိုင်ရယ်နိုင်သူ အချို့တော့ရှိသည်။

အတိုက်အခံ ပ၊ မ၊ ည၊ တ အမတ်များဖြစ်၏။

ကြက်နှစ်ကောင် အသေအလဲခုပ်ညှပ်ပွဲတွင် ဒိုင်လုကြီးလုပ်ရမည့်သူများ ဖြစ်ကြသမို့ ပြုံးနိုင်ရယ်နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ပွဲသည် သူတို့အတွက် အမြတ်ထွက်မည့်ပွဲ။

တစ်နေ့လုံး ပြောကြဆိုကြ၊ အလော်ကြနှက်ကြ။ ဥက္ကဋ္ဌကြီးပင် သူ၏သစ်သားတူကလေးကို မကြာခဏခေါက်၍ သတိပေးနေရသည်။

အဆုံးအဖြတ် မဲခွဲပွဲကို ညဉ့်နက်သန်းခေါင်အထိ လုပ်ခဲ့ကြရ၏။ မဲပေးပွဲ မပြီးဆုံးမချင်း မည်သည့်အုပ်စုက အနိုင်ရမည်ကို မခန့်မှန်းနိုင်ဘိသို့ အကြိတ်အနယ်ရှိလှ၏။ သို့မှ ဦးသက်ခိုင်အားပြုထားသော တောင်ဝှေးကြီး ပြိုလဲသွားခဲ့ရသည်။

ဒေါ်ကြည်ကြည်ခိုင်က သူ့ဒါလင်ကြီးကို ပြောမဆုံး ဆိုမဆုံး၊ ဆူမဆုံး ပူမဆုံးပေါ့။

သည်တစ်ပွဲမှာတော့ ဒေါ်ကြည်ကြည်ခိုင်ပါ သူ့ဘက်က ရပ်ခဲ့သည်။ တစ်ဖက်က အမတ်ဟောင်းများဆိုလျှင် သူတို့လို မလှုပ်ရှားရဲ။ နေရာအနှံ့ကွင်းမဆင်းရဲ၊ မဲဆွယ်ဘရားပွဲများကိုပင် ပြောင်ပြောင်တင်းတင်း မလုပ်ရဲ၊ ကျိတ်ပိုင်းကလေးများကိုပင် အမှောင်အားကိုးပြီး လုပ်နေရသည်။ တကယ့်ပွဲမရောက်ခင် ကတိတွေအားလုံး သူတို့ဘက်မှာ စိတ်ချ၊ မဲအားလုံး သူတို့ပုံးထဲ ရောက်စေရမည်ဟု။

သို့သော် ရလဒ်တွေတွင်မူ ဦးသက်ခိုင်တို့အဖွဲ့ ခွက်ခွက်လန်အောင် ရှုံးခဲ့သည်။ မဲအရည်အသွက် ပြောင်းပြန် ဖြစ်ခဲ့သည်။ မထင်မှတ်နိုင်စရာတွေ တွေ့ကြုံရသည်။ နိုင်ငံရေး လောကကို အလူးအလဲ ခံစားခဲ့ရသည်။



မျှော်လင့်ချက်တောင်ကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခဲ့လေပြီ။

ဦးသက်ခိုင်မှာ နိုင်ငံရေး နာတာရှည်ရောဂါဖြင့် အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့လေပြီ။

ဒေါ်ကြည်ကြည်ခိုင်ကတော့ ဒါတွေကိုမမှု။ သူတို့မှာ တိုက်နှင့်ကားနှင့် ပစ္စည်းအပြည့်အစုံ ငွေကြေးအပြည့်အစုံရှိနေသည်။ သည်အခြေအနေက သူတို့အတွက် ရုပ်ပျက်ဆင်းပျက် ဖြစ်စရာလုံးဝမရှိ။

သို့သော်—

မကြာမီကာလအတွင်း ရင်မအေးစရာပြဿနာတွေ ဆင့်ကဲဆင့်ကဲ တွေ့လာရသည်။

အရေးအားလုံးထဲမှ အရေးအကြီးဆုံးမှာ သမီးယဉ်နွဲ့ခိုင်အရေးပေဘည်း။

....၈....

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

ဦးသက်ခိုင် ဒေါ်ကြည်ကြည်ခိုင်နှင့် သမီး ယဉ်နွဲ့ခိုင်တို့ မိသားစုဆူဇဝင်ကို သည်၍သည်မျှခင်းပြနေရသည်မှာ အဓိက ဇာတ်ဆောင်ယဉ်နွဲ့ခိုင်၏အစဘယ်သို့ရှိခဲ့၍ ဘယ်ပုံဇာတ်သိမ်းခဲ့ ရသည်ကို ပို၍ရှင်းလင်းစေရန် နောက်ခံအားထိုးပြထားခြင်း ဖြစ်ပါ၏။

ယဉ်နွဲ့ခိုင်အဖေ ပါလီမန်အတွင်းဝန်ဦးသက်ခိုင်မှာ အရှုံး ပွဲနှင့်တွေ့ပြီးနောက် အလဲပွဲနှင့် ဆုံခဲ့ရပြန်သည်။

ဦးသက်ခိုင်တစ်ယောက် အထိန်းသိမ်းခံအာဝ ရောက်ခဲ့ရ သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသမား တစ်ယောက် အသိန်းသိမ်း ခံရသည်မှာ မဆန်း။

နိုင်ငံရေးသမားနှင့် ထောင်ဟူသည်မိတ်ဖက်။

ဆန်းတာတစ်ခုတော့ ရှိသည်။

နယ်ချဲ့သမားတို့ အုပ်စိုးသည့်ခေတ်မှစ၍ နိုင်ငံရေးသမားအများအပြားပင် ထောင်ထဲရောက်ခဲ့ရ၏။

ထောင်ထဲဝင်ခဲ့ဖူးကြသည်။

ဒါပေသိ-

ထောင်က ထွက်လာပြီဆိုလျှင် ဝလို့၊ ဖီးလို့။

ဦးသက်ခိုင်တို့ကျတော့သည် သို့မဟုတ်၊ ယူပစ်လိုက်သလို ကျသွားသည်။ ခေါင်းတစ်ခေါင်းလုံး ဖြူဖွေးသွားသည်။

ဦးသက်ခိုင်တို့မှာ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်းမခံရ။ သူတို့ကို ကောင်းကောင်းထား၍ စပယ်ရှယ်ကျွေးမွေးခဲ့သည်။ သူတို့စားချင်သည်ကို မဖြစ်ဖြစ်အောင်လုပ်ပေးကြသည်။

အဲဒီလို ကောင်းကောင်းနေ ကောင်းကောင်း ကျွေးထားပါလျက် ခေါင်းဖြူ၍ကိုယ်အလေးချိန်ကျခဲ့ရသည့်တစ်ခုတည်းသော အကြောင်းရင်းမှာ စိတ်ဓာတ် မခိုင်မာသောကြောင့်ဖြစ်စေ ဒါ့အပြင် ဆယ်နှစ်ဆယ်မိုးဇိမ်အမျိုးမျိုးယူပြီးနေထိုင်ခဲ့ရာမှ ရုတ်တရက်အကျဉ်းအကျပ်ထဲ ရောက်သောအခါ ယင်းအက်ကို လုံးဝမခံနိုင်သောကြောင့် ဖြစ်၏။



နေ့ါကြည်ကြည်ခိုင်ကမူ ကုမ္ပဏီအလုပ် ဖျက်သွားသည်နှင့် ပုံနှိပ်စက်အလုပ် ပြောင်းလုပ် ခဲ့သည်။ သုံးဘီးကားလည်း ဆောင်ထားသည်။ ပုံနှိပ်စက်လုပ်ငန်းနှင့် သုံးဘီးကား ဝင်ငွေမှာ အိမ်သုံးစရိတ်အတွက် ဖူလုံရုံမျှ ပိုလျှံသည်။

သံရုံးငှားထားသော တိုက်လခ ဝင်ငွေမှာ အသားတင်။ သူတို့နေဖို့အတွက် ပါလီမန်အတွင်းဝန်ဘဝက ယူထားသော ငြိမ်သူ့ အိုးအိမ်အဖွဲ့ တိုက်ခန်းက အဆင်သင့်။

သုံးနိုင်ဆဲ။

ဖြုန်းနိုင်ဆဲ။

ကိုယ်ပိုင်ကားကလေး စီးနေနိုင်ဆဲ။

ဦးသက်ခိုင် အထိန်းသိမ်းခံရာမှ ပြန်လွတ်လာသောအခါ ဒေါ်ကြည်ကြည်ခိုင်တစ်ယောက် စီးပွားရေးအလုပ် ပို၍လုပ်နိုင်သည်။ ဖို၍လုပ်နိုင်သည်။

ပုံနှိပ်စက်တစ်လုံးက နှစ်လုံး၊ ရှိုးရိုးစက်က လေစက်။ စက်အသေးက အကြီး ပြောင်းလဲလာသည်။ တိုးတက်လာသည်။ လုပ်ငန်းအခြေအနေ အောင်မြင်သလောက် ဝင်ငွေမှာလည်း တိုးလာသည်။ ယခင်ကလို 'သောင်း' ပက်ကာနဲ့ 'သိန်း' ပက်ကာနဲ့ ရေကာမှု 'သောင်း' ဂဏန်းဝင်ငွေလောက်ကတော့ မှန်မှန်တန်းဝင်ငွေ ဖြစ်နေသည်။

ဒီကြားထဲသွားနှင်းလာနှင်း ရုပ်ရှင်ပွဲစားအလုပ်ကိုလည်း ကြုံသလိုလုပ်ခဲ့သေးသည်။ တဖြည်းဖြည်း ရုပ်ရှင်ပွဲစားအလုပ်

www.burmeseclassic.com

www.burmeseclassic.com



အပို့ရှိုဟန်လာသဖြင့် ဦးသက်ခိုင်ကို ပုံနှိပ်စက်မှာ ထိုင်ခိုင်းပြီး အားတစ်စင်းနှင့် အလုပ်ဖြစ်နေခဲ့သည်။

ပါလီမန်အတွင်းဝန်ခများ တဂျုံးဂျုံးတဂျိုင်းဂျိုင်း မြည်နေသည့် ပုံနှိပ်စက်တွေ၊ ရောင်စုံမင်ပုံးတွေ၊ စက္ကူအတိုအစုတ် ဗလပွကြားထဲမှာ စားပွဲလေးတစ်လုံးနှင့် ငုတ်တုတ်ကလေး ခါတိုင်း ဦးသက်ခိုင်တို့ကို တွေ့ရသည့်နေရာက အမြေးအလွှား နှုတ်ဆက်ကြသူများမှာ ခုတော့ရှေ့တည့်တည့်က တွေ့နေသည် တိုင် သွားကလေးမှ ဖြီးဖော်မရတော့ဘဲ ခေါင်းတိမ်း၍ ရှောင်ထွက်သွားကြသည်။

တချို့များဆိုလျှင် မမြင်သာမြင်သာ မဲ့ရွဲ့သွားကြသေးသည်။ မကြားတကြား ခနဲ့သွားကြသေးသည်။

ဦးသက်ခိုင်တို့အ ရှင်တော်ဗုဒ္ဓကိုဘဲ တမ်းတနေရသည်။

မမြဲသောတရား၊ ပျက်ခြင်းတရား၊ မခိုင်မာခြင်းသဘော၊ ရွေ့လျောခြင်းသဘောများကို မြင်လွယ်အောင် ထင်လွယ် အောင်ဟောကြားခဲ့၏။

ဦးသက်ခိုင်တို့အဖို့တွင်မူ မမြဲသောတရား၊ ပျက်ခြင်းတရား၊ မခိုင်မာခြင်းသဘော၊ ရွေ့လျောခြင်းသဘောများကို အထူး တလည် မရှုမှတ်ရဘဲ မြင်လွယ်ပါပေ့၊ ထင်လွယ်ပါပေ့ ဖြစ်နေ သည်။

မြင်လွယ် ထင်လွယ်သောအခါ စိတ်ခေတ်ကျလာသည်။



စိတ်မှဆောင်တော့ ခန္ဓာကိုယ်က နဲ့လာသည်။

ယိုင်လာသည်။

ခေါင်းထဲမှာ အတွေးပေါင်း တစ်ထောင် အထင်ပေါင်း တစ်ထောင် တွေးခဲ့ထင်ခဲ့ရသည်ကို ပျောက်မှ ပျောက်ပါစေ တော့ဟု သတိသက်လွတ်ခြင်း သဘော၊ မေ့ခြင်းသဘောရှိ သော ယမကာကို ဖိ၍တွယ်ခဲ့ရသည်။

သည်သို့အခြေအနေတွင် ယဉ်နွဲ့ခိုင် ပြသနာက စမှော၏။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

ယဉ်နွဲ့ခိုင်မှာ ကိုးတန်းရောက်နေပြီ။

အသက်က ဆယ့်ခြောက်နှစ်ကျော်ရုံကလေး။

ယဉ်နွဲ့ခိုင်၏ ကျောင်းနာမည်က ဒေါ်ရော်သီခိုင်။

ဒယ်ဒီပါလီမန်အတွင်းဝန်ကပြုတ်ကျသွားပြီးနောက်မာမီ တစ်ယောက်ဟိုပြေးသည်လွှားနှင့် စီးပွားရေး လုံးပမ်းနေရသောအခြေအနေသို့ ရောက်နေစေကာမူ ယဉ်နွဲ့ခိုင်တစ်ယောက် အတွက် ဘယ်သို့မှ မထူးခြား။ ကျောင်း သွား ကျောင်းပြန်မှာ



ခါတိုင်းလိုကားနှင့်ပင်။ ကျောင်းကားစီးရတာတို့ ခြေလျင် ကြိတ်ရတာတို့ မရှိသေးပေ။

ဝတ်သည်၊

စားသည်၊

ဖက်ရှင်ထွင်သည်၊

အလှပြင်သည်များကိုလည်း မလျော့ရသေး။

မုံ့ဖိုးဆိုလဲ ယခင်အတိုင်းပဲ။

အဲ တစ်ခုတော့ရှိသပေါ့။

ကားချင်းယှဉ်လိုက်ရင် နည်းနည်း မျက်နှာငယ်ရသည်။

ပုံနေအောင်လှ၍ လှင်နေအောင် သစ်သော ကားသစ် လေးများ ကြားထဲတွင် ယဉ်နွဲ့ခိုင်တို့ ဖီးယက် ကားလေးမှာ မျက်နှာငယ်ငယ် ပွဲလယ်မတာဖွီတယ် ဆိုဘိသို့။

ဒယ်ဒီက ပုံနေအောင်လှ၍ လှင်နေအောင်သစ်သောကား၊ သစ် ပုံဆန်းစီးနိုင်သူထဲတွင် ပါရင်းခဝင်တော့ပေ။ မာမီထံ တွင်မူ ကားသစ်စီးနိုင်အောင် ငွေတွေရှိပါသည်။ ဝယ်လို့လည်း စီးနိုင်ပါသည်။

မာမီကို ကားသစ်ကလေး ဝယ်ဖို့ ပူဆာတိုင်း မာမီက ခေါင်းရမ်းသည်။ သိန်းကျော်တန် ကားဝယ်စီးရင် အကြီး တော်ကြီး မျက်စောင်းထိုးခံရမည်ကိုကြောက်ပြီး ခေါင်းကြည် ကြည်ခိုင်က ချီထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အလုပ်က အမြတ်တော်ကြေးကို နည်းအမျိုးမျိုးနှင့် ရှောင်တိမ်းနေရသောအလုပ်။ သိုသိုသိပ်သိပ်နေမှ တန်ဖိုးကြီးမားသည်ဆိုသော အယူအဆက ဒေါ်ကြည်ကြည်ခိုင် ခေါင်းထဲမှာ အမြဲရှိနေသည်မို့ ဖီးယက်ကားလေးကို မသစ်-သစ်အောင် ပြုပြင်ပြီးစီးနေခဲ့သည်။

မမြဲသောသဘော၊ ရွေ့လျောခြင်း သဘောမှာ ထပ်ချပ်လိုက်ပြနေသည်။ နွေချင်းအပြောင်းအလဲရှိနေသည်။ ဟိုတုန်းက ဖီးယက်ကားမှာ ကားအကြောင်းပြောလျှင် ထိပ်တန်းစာရင်းဝင်ဖြစ်ခဲ့၏။ ကားအမျိုးအစားထဲမှာ အဆင့်နှစ် နေရာလောက်ရှိတ်ခဲ့၏။ လက်ရှိအခြေအနေတွင်မူ အဆင့်တဆယ်လောက်တောင်မှ မတင်ချင်တော့ပေ။

ကားဟောင်းနေပေသီယဉ်နွဲ့ခိုင်၏အလှမှာမူ သစ်သစ်လွင်လွင်ပင်ရှိနေသည်။ ထူးထူးခြားခြား ပေါ်လွင်စေသော အလှကြောင့်အားကို သိပ်သတိမထားမိကြ။ ကစားပေါက် ဆင်းသော၊ ကားပေါ်သို့တက်သော အလှပေါ်တွင်သာ ယစ်မူးခဲ့ကြသည်။ ကားထက် လူကိုပို၍ ဂရုတစိုက် ကြည့်မိကြသည်သာ။

နုနယ်ပျိုမြစ် ဆယ့်ခြောက်နှစ် သွေးသစ်ပွားစ အရွယ်တွင် ယဉ်နွဲ့ခိုင်တစ်ယောက် ပို၍လှလာသည်။ ပို၍ကြွလာသည်။

ရှိရှိသမျှအလှပန်းတွေ အစွမ်းကုန်ပွင့်ဆဲ အဖြိုးဝေဆုံး အရွယ်တွင် အထစ်အရစ် အဖောင်းအအိ အချိုင့်အဝှမ်းတို့မှာ ထင်လာပြီ။ မြင်သာလာပြီ။



လမ်းလျှောက်သောအခါ တုန်စေ၊ ခါစေ၊ လှုပ်ခစေသည့် ရင်ခေါစရာလေးများသည်လည်းဖြိုးဖြိုးဖြက်ဖြက်လက်လာပြီ။

မျက်လုံးအကြည့်မှာ ကလူ၏သို့ မြူ၏သို့ အကြည့်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် ကြည့်တတ်လာပြီ။

တိတ်တခိုးမြူးကြွဟန် ဖိတ်ခေါ်ကြည့်ပုံလေးမှာ လစီးကနဲ လက်ဆာနဲ့ ဘဝင်တုန်၍ ရင်ခုန်စရာ။

ငြိမ့်ငြိမ့်သွဲ့သွဲ့ မလှမ်းချင်ဘိသို့ လှမ်းချင်ဘိသို့လမ်းလျှောက်ဟန်မှာ မြူးကြွစေပါဘိ။

အပျိုဖြစ်လာပြီဆိုသော အရိပ်အဆင်များမှာ ယဉ်နွဲ့ခိုင်၏ လှပသော ကိုယ်လုံးစာလေးပေါ်တွင် နေရာအနှံ့ လှစ်ပြနေဘိသို့ ရှိချေ၏။

စိတ်ဝင်စားစရာ လှသော၊ ကြွသော၊ ရွှသောမိန်းကလေးတစ်ယောက်ရှိလျှင် ယောကျ်ားတစ်ရာ အလုပ်များရသည်ဆို မဟုတ်လား။

ဒီအထဲမှာ ဖရက်ဒီတစ်ယောက်လည်း ပါဝင်သည်။

ဘတ်ဒေးစတားဟု နာမည်ကြီးနေသူ ယဉ်နွဲ့ခိုင်နောက်သို့ တန်းတန်းစွဲ လိုက်နေသူများမှာ မနည်းပါ။

ယဉ်နွဲ့ခိုင်အလှဘွဲ့ကို ကျူးရင့်သီဖွဲ့ထားသော စာများမှာလည်း ဖတ်၍မကုန်နိုင်အောင် ဖြစ်နေသည်။

သည်အထာကို ယဉ်နွဲ့ခိုင်က ကြည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပ။

'မလှဘူးဆိုရင် ငိုချင်တယ်၊ လှတယ်ပြောမှ သဘောကျတယ်'ဆို မဟုတ်လား။

အဘယ်မည်သောမိန်းမသားသည် ကိုယ့်ကို လှလိုက်ပါဘိခြင်းဟု ဆိုလာသည်ကို မပြုံးဘဲနေနိုင်ပါအံ့နည်း။

ပြုံးမည်။

ရယ်မည်။

ကြည်မည်သာတည်း။

ယဉ်နွဲ့ခိုင်ဇော ဖရက်ဒီကို သဘောကျသည်။

ဖရက်ဒီက ဖြူဖြူဘေးဘေး ရုပ်ချောလေး။

အပြောကလည်း ချိုပါဘိ။

နွဲ့ပါဘိ။

ပလီဇာအားထား ဖွဲ့နိုင်ပါဘိ၊ နှောင့်နိုင်ပါဘိ၊

ချော့နိုင်ပါဘိ ဆိုသူများပေကိုး။

ညွန့်ကြွားရေးဝန်၏ သား။

သူတို့လိုမျင် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သူဖြစ်၏။

ယဉ်နွဲ့ခိုင်မှာ ဖရက်ဒီနှင့်တွေ့တိုင်း ပျော်ရသည်။

မြူးကြွရသည်။



ပီတိဖြာရသည်။

'ဒေါ်ရော်သီဇာ သိပ်ကို လှတာပဲလားကွယ်၊ ဘယ်သူ့အလှမျိုးနဲ့ နှိုင်းရပါမလဲလို့ ကိုယ်ရှာကြည့်တာ၊ ခုထိတော့ မတွေ့သေးဗ ါလား အချစ်ရယ်'

'ဟင့် ပါးစပ်ဖျားက ပြောတာလား'

'ခေါ်ပါရင် ခွဲကြည့်လေ၊ နှလုံးသားလေးက စကားပြောနေတာ တွေ့ပါလိမ့်မယ်'

'တော်ပါ၊ ဆူစီတို့ စင်သီယာတို့နဲ့ တွေ့တော့လဲ ဒီလိုပဲပြောတာပဲ မဟုတ်လား'

'ကိုယ် မျက်မှန်တပ်ရတဲ့ အချိန်ကျရင်တော့ ပြောမိမလားပဲ၊ ခုတော့ဖြင့် ကိုယ့်မျက်စိက ကြည်နေပါသေးတယ်လေ'

'ကဲပါ....စကားချည်းပြောမနေနဲ့၊ ရေခဲမုန့်စားပါရစေဦး၊ ရေခဲမုန့်တွေ အရည်ပျော်ကုန်တော့မယ်'

'လှတဲ့လူရှေ့ ရောက်မနေတဲ့ ရေခဲမုန့်ဟာ အရည်ပျော်ဖို့ မေ့နေတတ်ပါသတဲ့'

'ဖရက်ဒီရယ်....ဒေါ်ရော်သီကို....'

'ဖရက်ဒီ ချစ်တယ်လေ'

'အခွင့်အရေး တော်တော်ယူနော်'

ဘည်လိုအပြောလေးများက ကြည်နူးစရာ၊ ပျော်စရာ။

'ဖရက်....ရုပ်ရှင်ရုံထဲနော် မကဲနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ရှိတ်....ကိုယ်တို့နောက်မှာ ဘယ်သူမှမရှိဘူး၊ ကိုယ်တို့က နောက်ဆုံးတန်း ထောင့်စွန်းလေးမှာ'

'မရှိ ရှိရှိ'

'ဟင်.... အချစ် လက်ဖျားလေးတွေ အေးလို့ပါလား၊ လက်ဝါးဖြန့်စမ်းပါဦး၊ပေးပေး ဖရက်ပါး၌ကပ်ထားလိုက်၊ ဒါမှနွေးသွားမယ်'

'ဖရက်နော် ညာကြီးပဲ'

'ဟော....အချစ်က စေတနာကို စော်ကားပြီ'

'ကဲပါ'

'နေဦး၊ လိမ္မော်ရည် ထွက်ဝယ်လိုက်ဦးမယ်'

ဖရက်ဒီ ဘယ်ဘက်လက်က လိမ္မော်ရည်ပုလင်းကို ကိုင်ပြီး ညာဘက်လက်မောင်းက ဒေါ်ရော်သီပခုံးကိုသိုင်း၍ ပြန်တံကလေးကိုလက်ကလေးနှစ်ချောင်းနှင့်ညှပ်ကိုင်ပြီး ဒေါ်ရော်သီနှုတ်ဖျားမှာ တေ့ပေးထား၏။ ကယုကယင် ကိုယ်တိုင် လိမ္မော်ရည် တိုက်ဟန်ကလေးပါ။

သည်ပုံအယုအယမျိုးမှာ တသသဖြစ်စရာ။

ရုပ်ရှင်ကြည့်သူအားလုံး ပိတ်ကားဆီသို့ မျက်နှာအပ်ငြိနေကြ၏။ ပိတ်ကားပေါ်မှ မှတ်သိပ်စရာအနမ်းများမှာ မကြည့်ဝံ့ရဲရဲ ကြည့်ဝံ့ရဲရဲ။

ဖရက်ကလည်း အားကျမခံ။

သည်လို မှတ်သိပ်အနမ်းများမှာ မမေ့ရက်စရာ။



ယဉ်နွဲ့ခိုင်တစ်ယောက် အိပ်မက်ဝက်ပါထဲမှအနမ်းများကို လိုက်ဖမ်းနေရသည်။ မမေ့ပါနိုင်ဖြစ်နေသည်။ အိအိပုံ့ပုံ့ နုနုထွေးထွေးပါးကလေးမှာ အချိုနေရာများတွင် ခပ်ကြမ်းကြမ်းအလေး ထင်လာသလိုလို။

အနမ်းမိုးများမှာ စဲပဲမစဲနိုင်ပါလေတော့။

ဖရက်နှင့်မတွေ့သောနေ့များသည် ပျင်းစရာအတိ။

တွေ့သောနေ့များသည် ပျော်စရာကောင်းလိုက်ပါဘိ။

ပျော်စရာကို ရှာဖွေကြသည်မှာ လူ့အထာ။ ယဉ်နွဲ့ခိုင် တစ်ယောက် ဘယ်သို့လျှင် ပျင်းစရာနေ့များကို တွေ့ဆုံချင် ပါလိမ့်။

ပျော်စရာနေ့များမှာ ရှည်လျားလှပါဘို့။

မကုန်ဆုံးနိုင်ပါပေ၊

သို့သော်....

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

'မိုက်လိုက်ပါဘိ သမီးရယ်၊ ဒီအဖြစ်မျိုးထိအောင်ရောက်ခဲ့ရသလားလို့၊ မာမီကို စောစောက ပြောဖို့ကောင်းတယ် မဟုတ်လား'

'သမီးလဲ ဖရက်ပေါ် ယုံကြည်လွန်းအားကြီးလို့ပါ မာမီရယ်၊ သမီးမိုက်တာပါ'

'ခုတော့....'

'သမီးဘာလုပ်ရမှန်းမသိတော့ပါဘူး မာမီရယ်၊ ဖရက်က ဒီအကြောင်းလဲသိရော လုံးဝ အတွေ့မခံတော့ဘူး'



'ဖရက်က ဘယ်သူ့သားလဲ'

'ညွှန်ကြားရေးဝန် ဦး....ရဲ့သားပါ မာမီ'

'သမီးလက်ထဲမှာ အထောက်အထား-စာတွေဘာတွေ မရှိတော့ဘူးလား'

'မရှိတော့ဘူး မာမီ၊ စာဆ နှစ်စောင်ပဲရေးတာ၊ နောက်ပိုင်းတော့—'

'ကဲ....သမီး၊ မူမပျက် ခါတိုင်းလိုပဲနေ'

ဒေါ်ကြည်ကြည်ခိုင်နှင့် သမီး ယဉ်နွဲ့ခိုင်တို့မှာ ဤမျှသော သားစုကလေးကို သုတ်မနိုင်သော မျက်ရည်များဖြင့် ပြောရ၏။ ယဉ်နွဲ့ခိုင်အတွက် ပျော်စရာနေ့များကို မတွေးပိုက်နိုင်တော့ပေ။

ဝမ်းနည်းစရာနေ့ရက်များသည် ယဉ်နွဲ့ခိုင်အပေါ်သို့ ချဉ်းကပ်လာခဲ့ပြီ။

ပျော်စရာ နေ့ရက်များ ရှည်ကြာခဲ့သလို ဝမ်းနည်းစရာနေ့များက ဘယ်လောက်များ ရှည်ကြာနေမှာပါလိမ့်။

'နှစ်လရှိပြီ' ဆိုသော ဆရာဝန်စကား ကြားလိုက်ရသော ယဉ်နွဲ့ခိုင်တစ်ယောက် မူးမိုက်သွားခဲ့သည်။ ဖရက်လဲမျက်နှာပျက်သွားသည်။ ယဉ်နွဲ့ခိုင်က မသက်သာစရာ အရိပ်အဆင်ကို ပြောပြခဲ့သဖြင့် ဖရက်ကိုယ်တိုင် ဆရာဝန်ဆီ ခေါ်ခဲ့ခြင်းဖြစ်၏။ သူတို့နှစ်ယောက်စလုံးမှာ ကျောင်းသား။ သူတို့အကြောင်းတွေကို မိဘများ သိကြသည်မဟုတ်။ လွတ်လပ်ခွင့်ကို အလွဲသုံးစားပြု၍ လိုက်လျောမိခဲ့ရာမှ လွန်ကျူးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဖြစ်လာပြီဆိုသောအခါ ဘာလုပ်ရမည်ကိုမသိကြ၊ အဖြေရှာမရ။

ခြေကျိုးသည်ကို နှုတ်လို့ရသည်။ မိန်းကလေးများ နယ်ကျိုးမိလျှင် နှုတ်ရခက်ပါဘိ။

ဖရက်၊ သန္ဓေသားကို ဖျက်ချပစ်ဖို့ ပြောခဲ့၏။

ယဉ်နွဲ့ခိုင်က မလုပ်ပံ့မလုပ်ရဲ။

လူကြီးများမသိဘဲနှင့်တစ်စုံတစ်ရာ အန္တရာယ်ပေါ်ခဲ့သော် 'ဒေါ်ရော်သီတော့ ဘာပဲဖြစ်ဖြစ် မာမီကို ဖွင့်ပြောမယ်' ဟု ပြောခဲ့သည့်နေ့ကစ၍ ဖရက်တစ်ယောက် ယဉ်နွဲ့ခိုင်ကို ဖယ်ခွာသွားခဲ့သည်။

ကျောင်းလိုက်လို့လဲ အတွေ့မခံ။

အိမ်လိုက်ဖို့ကလည်း မဖြစ်။

ဘယ်သူ့မှလည်း ဖွင့်မပြောရဲဘဲ ယဉ်နွဲ့ခိုင်တစ်ယောက် ကိုယ့်ဇာတိရုပ် ကိုယ်မရှင်းနိုင် ဖြစ်ခဲ့ရသည်။

'နှစ်လရှိပြီ' ဆိုသောအသံမှာ ညဘက်များတွင် အိပ်မပျော်နိုင်အောင် ချောက်လှန့်ခဲ့ပေပြီ။

နှစ်ပတ်တိတိ။

အမျိုးမျိုး ကြိုးစားခဲ့သော်လည်း ဖရက်ဒီထံမှ တုံ့ပြန်မှု မရခဲ့ပေ။ ဘဝကို ပျော်စရာအသွင်ဖြင့် ထိတွေ့ ရင်ဆိုင်ခဲ့ရသည့် ယဉ်နွဲ့ခိုင်တစ်ယောက် ပျော်စရာဟူသည်တစ်ခဏ။ စိတ်ညစ်စရာသည် တစ်ဘဝပါတကား ဆိုသည်ကို နားလည်ခဲ့ရပြီ။



သူ့မှာက အထုပ်အထည်နှင့်။

တစွေ့စွေ့ တသသ ပျော်စရာလေးများ။

နှလုံးတုန် ရင်ခုန်စရာလေးများ။ မှတ်သိပ်စရာလေးများ။ တရှိုက်မက်မက် သဲအူကြွစရာလေးများသည် ရေပွက်ပမာ တစ်ခဏသာတည်းဆိုသည်ကို နပူးတွေ့ဒူးတွေ့ သိလာချိန်၊ တွေ့လာချိန်တွင် သူ့မှာ မရှုနိုင်မကယ်နိုင် ဖြစ်ခဲ့ရ၏။

ပြဿနာက တစ်ယောက်တည်းဖြေရှင်း၍ရမည့် ပြဿနာမဟုတ်။

ချစ်သူနှင့် တိုင်တိုင်ပင်ပင်ဆို တော်သေးရဲ့။ ခုတော့ ချစ်သူက ရှောင်သွားပြီ။

လုပ်သွားပုံက သစ်စိမ်းချိုး၊ နင်နေတော့ ဝါသွားတော့ မယ်ဆိုသည့် အဖြစ်မျိုး။

ယဉ်နွဲ့ခိုင်အတွက် ရင်နာစရာကောင်းလိုက်ပါဘိ။

ဒါကြောင့်လည်း ရှေးလူကြီးများ 'အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးချက်မပိုင်လျှင်' ဟု ဆိုခဲ့သည်ထင့်။

ယဉ်နွဲ့ခိုင်မှာအထုပ်အထည်ပိုက်လျက် တစ်ယောက်တည်း။

ဒါမျိုးဆိုတာက အင်မတန် ရင်းနှီးပါသည်ဆိုသော အပေါင်းအသင်းများနှင့်ပင် တိုင်ပင်၍ဖြစ်သည့်ကိစ္စမျိုးမဟုတ်။ ရှိနေသည့်အထုပ်အထည်ကလည်းတဖြည်းဖြည်းကြီးလာမည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားလို့မရ။

ဖုံးထားလို့မရ။

ဆူးမွှန်းသိလျက်နှင့် ဖက်တာ အပေါက်ခံခဲ့ပြီကိုး။

ခလုတ်ထိပြီ၊ အမိတရမည်။

ဖြစ်ကြောင်းရယ်ကုန်စင် ဖောက်လမ်းကို မျက်ရည်ခံဆိုး၍ မာမီကို ဖွင့်ပြောလိုက်ရတော့၏။

'မာမီရယ်ရှာပေးကွယ် ရည်းစားလိုချင်တယ်'လို့ လွယ်လွယ်ကလေး ဆိုရသော သီချင်းလိုမဟုတ်တော့ဘဲ လက်တွေ့တွင်...

'မာမီရယ် ရှာပေးကွယ် ဟိုဒင်းဖြစ်နေတယ်'ဟု ဖွင့်ဆိုလိုက်ရတော့၏။

သမီးဖြစ်သူ၏ မိုက်လုံးကြီးပုံကို ကြားလိုက်ရသောအခါ ဒေါ်ကြည်ကြည်ခိုင်မှာ ဒေါသပုန် ထသွားသည်။ တစ်ချက်ကလေးမှ မရိုက်နှက်ခဲ့ဘူးသော သမီးကို ပခုံးနှစ်ဖက်ဆွဲပြီး ဆောင့်ပစ်လိုက်မိ၏။ ခါတိုင်း လက်ဝါးကလေးနှင့် ပွတ်သပ်ပေးခဲ့သော ပါးနုနုထွေးထွေးလေးကို လိမ်ဆွဲလိုက်မိ၏။

ပါးစပ်မှလည်း တဖျစ်တောက်တောက် သမီးအပေါ် မပြောသင့် မပြောအပ်သည်များကိုပင် ပယ်ပယ်နယ်နယ် ပျစ်ပျစ်နှစ်နှစ်ကြီး ပြောပစ်လိုက်၏။

မာမီမှာလည်း မျက်ရည်တွေအိုင်လို့။

ယဉ်နွဲ့ခိုင်မှာလည်း မျက်ရည်တွေအိုင်လို့။



နောက်မှ ခေါင်းအေးအေး သွေးအေးအေး ထားပြီး စဉ်းစားလိုက်သောအခါ သူ၏အပြစ်တွေ အများကြီး ပါနေသည်ကို တွေ့လာ၏။

သူ၏အုပ်ထိန်းမှုတာဝန် မကောင်းသည်ကို မြင်လာ၏။

မိဘဆိုသည်မှာ သားသမီးကို မွေးသည် ကျွေးသည်ထက် ထိန်းသိမ်းသည်က ပို၍ အရေးကြီးပါကလား ဆိုသည်ကို အကြောင်းပေါ်လာမှ သတိပင်လာသည်။

သမီးကို အလွန်အကျွံ လွတ်လပ်ခွင့်ပေးခဲ့သည်။ ခေတ်ဆန်ပလွှားမှုကို လိုအပ်သည်ထက်ပို၍ လိုက်လျောခဲ့သည်။ ရင်အုပ်မကွာ ထိန်းသိမ်းမှုကို မျက်ကွယ်ပြုခဲ့သည်။

သမီးတို့အရွယ်ဆိုသည်က သည်သို့သည်ပုံ ဖြစ်တတ်သည့်အရွယ်။ သာယာမှုနောက်ကို အဆင်ခြင်မရှိလိုက်တတ်သည့်အရွယ်။ သဘောလွယ်သည့်အရွယ်။ မိဘ၏ ပညာပေးထိန်းသိမ်းမှုအပိုင်းကို ဒေါ်ကြည်ကြည်ခိုင်က တာဝန်မယူနိုင်ခဲ့။

ခုမှ ဆူးနေပူနေလို့ အကြောင်းမထူးနိုင်။ သည်ပြဿနာကို အဖြေပေါ်လာအောင် ဘယ်လိုလုပ်ရမည်ကိုသာ စဉ်းစားဖို့ ရှိသည်။ ပြဿနာများထဲမှာ အကိုင်အတွယ်ရ အခက်ဆုံး ပြဿနာ။ ဒေါ်ကြည်ကြည်ခိုင် ဦးနှောက်ခြောက်လုမတတ် စဉ်းစားခဲ့ရသည်။ တိုင်ပင်သင့်သူများကို တိုင်ပင်ခဲ့ရသည်။

ဖရက်ဒီ မိဘများဆီ မာဝ်ခင် ဖရက်ဒီနှင့် တွေ့အောင် ကြိုးစားခဲ့ရသည်။ ကိုယ့်သမီးအပေါ် ပန်းကောင်းအညွှန့်ချိုး လုပ်သွားသူကိုပင် အပေါ်စီးက မပြောရဲမဆိုရဲ။ သမီးအခလား

www.burmeseclassic.com

www.burmeseclassic.com



ကို သနားဖို့၊ အန်တီတို့ကို သနားဖို့ဆိုသည့် စကားအခံလေးနှင့် တိုးတိုးတောင်းပန်ခဲ့ရ၏။

သို့တိုင်အောင် ဖရက်ဒီ ပြန်ပြောလိုက်ပုံမှာ ရင်နာစရာ၊

'ဒေါ်ရော်သီက ရည်းစားတွေ အများကြီးပါ အန်တီ၊ ကျွန်တော်နဲ့တွဲခဲ့တာတော့မှန်ပါတယ်၊ ဒါပေမယ့် ဇီအဖြစ်မျိုးအထိတော့ မရောက်ခဲ့ပါဘူး၊ ကျွန်တော်ဘယ်လိုလုပ်ပြီး တာဝန်ယူရမလဲ အန်တီ'တဲ့။

တော်သေးတာပေါ့။

ရည်ရည်မွန်မွန် ယဉ်ယဉ်ကလေး ပြောလိုက်လို့၊

'အို ခင်ဗျားသမီးက တွဲချင်သူနဲ့တွဲပြီး အထုပ်ပေါ်လာမှ ကျွန်တော့်ကိုလက်ညှိုးထိုးတာပါ'ဟု ဆိုသော်မခက်ပါလား။

ခုလို ရည်ရည်မွန်မွန် ပြန်ပြောသံသည်လည်း ဒေါ်ကြည်ကြည်ခိုင့်နားထဲသို့ သံပူရည်နှင့်လောင်းချလိုက်သည့် အလားခံစားခဲ့ရ၏။ မျက်ရည်များမှာဒေါ်ကြည်ကြည်ခိုင့်ပါးပေါ်သို့ စီးကျခဲ့၏။

'သမီးလေးနဲ့ တစ်ခေါက်လောက်လိုက်တွေ့ ပါဦးလား ကွယ်'

နောက်ဆုံး တောင်းပန်ခြင်းဖြင့် တောင်းပန် လိုက်ရ၏။ သမီးကလေးနှင့်တွေ့သော် စိတ်ကလေးများပြန် လည်လိုလည်ငြားပေါ့။

'ဟုတ်ကဲ့၊ ကျွန်တော်လာတွေ့ပါဦးမယ် အန်တီ'



'ဒါဖြင့် ခုပဲ ခဏလောက်လိုက်ခဲ့ပါလားကွယ်'

'ခုတော့ ကျွန်တော်မလိုက်နိုင်သေးပါဘူး အန်တီ၊ နောက်တော့ လာခဲ့ပါ့မယ်'

ဖရက်ဒီနှင့်ကိစ္စက လမ်းဆုံးပြီ။

အိမ်အပြန် ကားပေါ်မှာ ဒေါ်ကြည်ကြည်ခိုင် တစ်ယောက် အတွေးပေါင်းစုံနှင့်။

'ကောင်လေးက စကားပြောတာတော့ ရည်ရည်မွန်မွန်ကလေး၊ သမီးကိုလဲ သည်လိုအပြောကလေးတွေနဲ့ လှည့်ခဲ့တာဖြစ်မှာဘဲ၊ ရုပ်ကလေးက အချော၊ အပြောကလေးကလဲ ကောင်းတော့ သမီးလေးလဲ အင်းမိုက်ပါဘိ သမီးရယ်၊ စောစောကသာပြောရင် သည်အဖြစ်မျိုး ဘယ်ရောက်ပါ့မလဲ'

ဒေါ်ကြည်ကြည်ခိုင်ကတော့ မလျော့သေး။

ဖရက်ဒီ မိဘများဆီ ကိုယ်တိုင်မသွားသော်လည်း လူနိုင်ကိုရှာ၍ တီးခေါက်စိုင်းရသည်။ အဖြစ်အပျက်ကို ပြောခိုင်းရသည်။

ထင်တော့မှ တစ်ဖိုတယ်ဖြစ်အောင် မိမိတို့ဘက်က အစစအရာရာ တာဝန်ယူပါမည်။ နှစ်ယောက်စလုံး အိမ်မှာပဲခေါ်ထားပြီး ကျွေးထားပေးပါမည်ဟု ကတိစကားပါ ပါးလိုက်သည်။

ဖရက်ဒီ မိဘများက စကားလှအောင် ပြောသော်လည်း ခါးခါးသီးသီး ဘယ်လိုမှမဖြစ်နိုင်ကြောင်းအဖြေပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဘယ်လိုလုပ်ရပ။

တရားရုံးတက်မလား။

ဒါလဲမဖြစ်သေး။

ကိုယ့်အထုပ် ကိုယ်ဖြေပြီး ကိုယ့်အရှက် ကိုယ်ခွဲရ ရောက်မည်။

နောက်ပြီး ဘယ်မလဲ သက်သေ။

တိုင်းကျော် ပြည်ကျော် ဟိုးလေးတကျော် ဖြစ်ကုန်မည်။

သည်လမ်းကိုတော့ လုံးဝစဉ်းစားလို့ မဖြစ်။

သည်အခြေအနေမျိုး ရောက်လာပြီဆိုရင်မိန်းကလေးဘက်က ဘယ်လောက် နာလိုက်ပါသလဲ။ ဒီခေတ်ထဲမှာ ကိုယ့်သမီးလေးငယ်ပါသေးသည်လို့ မလုပ်နဲ့ မောသွားမည်။

နောက်ဆုံးကျင် ဒေါ်ကြည်ကြည်ခိုင်မှာ တမလွန်နှင့်နောက်ဘက် ကျောခိုင်း လိုက်ရသည်။ မျက်စိမှိတ် လိုက်ရသည်။ နောက်ရှုပ်ရည်ပြဿနာကို အခုထဲက အပြတ်ရှင်းမှ။

ယဉ်နွဲ့ခိုင်ကို ကျောင်းမှထုတ်ပြီး ကလေးမှ ဆွေမျိုးများဆီပို့ထားလိုက်သည်။

သည်ကိစ္စတွေကို ရောဂါသည်ကြီး ဦးသက်ခိုင်မသိအောင် အစပိုင်းထဲက ဖုံးဖုံးဖိဖိ လုပ်ထားနိုင်ခဲ့သော်လည်း ကျောင်း



ထွက်ရသည့် အကြောင်းနှင့် ကလေးပို့ရမည့် အကြောင်းပေါ်လာသောအခါ မပြောမဖြစ်တော့ပေ။

ဦးသက်ခိုင်က တက်တစ်ခေါက်ခေါက်နှင့် ဓားမဓားချင်း တုတ်တုတ်ချင်း လုပ်နေသဖြင့် ဒေါ်ကြည်ကြည်ခိုင်က အထော့ ကို ဖျောင်းဖျယူရသည်။ ဦးသက်ခိုင်မှာ အာဏာလက်မဲ့ အချိန်မို့သာပေါ့၊ အာဏာလက်ရှိအချိန်ဆိုလျှင် ဖရက်ဒီတို့ ဘယ်လွယ်ပါလိမ့်မလဲ။

ဦးသက်ခိုင်မှာ အရက်ကိုအလွန်အကျွံသောက်ခဲ့ရာမှအသဲ ရောဂါဖြစ်ခဲ့၏။ သူ၏ရောဂါမှာ မပျောက်သေး။ ဆရာဝန်များက အရက်လုံးဝ မသောက်ရဟု တားမြစ်ထားခဲ့သည်။ သမီးကိစ္စ ဖြစ်လာပြီးသည့်နောက် ဦးသက်ခိုင်က ဆရာဝန်၏ တားမြစ်ချက်ကို မလိုက်နာတော့ဘဲ မိုးလင်းတာ မိုးချုပ်အရက် သောက်၍ စိတ်ဖြောက်ခဲ့ရ၏။

တစ်ဦးတည်းသော သမီးကလေး၏အဖြစ်ဆိုးအကြောင်း ဆိုးကို တွေးမိတိုင်း အရက်ဖန်ခွက်မှာ သူ၏လက်ထဲသို့ရောက် ခဲ့စမြဲ။ ရောဂါအခြေအနေမှာ ပြန်ဆိုးလာသဖြင့် ဆေးရုံတက် ခဲ့ရသည်။

ဆေးရုံရောက်နေချိန်မှ ဒေါ်ကြည်ကြည်ခိုင်ထံ ခွင့်တောင်း ပြီး မယားကြီး ဒေါ်အေးမြကို ခေါ်တွေ့ခဲ့၏။ သူလုပ်သမျှ ဘာတစ်ခုမှ ကောင်းသည် ဆိုးသည်ကိုမဆိုဘဲ ကျိုးကျိုးခံ လွှတ်နိုင်ခဲ့သူ မယားကြီးကို ခေါ်တွေ့ပြီး သုံးရက်အလွန်တွင် ဦးသက်ခိုင် တစ်ယောက် လူ့လောကကို ကျောခိုင်းသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ကြည်ခိုင်မှာ တစ်ပူပေါ် နှစ်ပူဆင့်။

လောကဓံ၏ အထုအထောင်း ရိုက်မေ့ခင်းတံကြီးမှာ သူတို့မိသားစုဘက်သို့ လှည့်လာလေပြီထင့်။

ဝန်ကြီးဖြစ်လုဆဲဆဲ တိုင်ထိပ်ရောက်ခါနီးမှ ဇောက်ထိုးဦးစိုက်ကျွမ်းပြန်ကျခဲ့သူ ဦးသက်ခိုင်မှာ သူ၏ ဂုဏ်ပုဒ်ကို ဘဝနောက်ဆုံး ခရီးကြော်ငြာလေးတွင်–

## ဦးသက်ခိုင်

(ပါလီမန်အတွင်းဝန်ဟောင်း)

ဟူ၍သာ ဖော်ပြခွင့် ရလိုက်ပါသေး၏။

အောင်မြင်ခြင်းဟူသည် ဆုံးရှုံးခြင်း၏နိဒါန်းပါတကား။

....၀....

## အခန်း (၈ထး)

ဒေါ်ကြည်ကြည်ခိုင်တို့ ဘဝမှာ သားအမိ နှစ်ယောက် မျက်နှာဝယ်ကလေးနှင့် ကျန်ရစ်ခဲ့ရသည် ဆိုသောအဖြစ်မျိုးသို့မူ မရောက်ခဲ့ပေ။

သူတို့မှာ စီးပွားရေး တောင့်တောင့်တင်းတင်း။ အထုပ်အထည်နှင့်။ စားမညီလူလဲ များများစားစားမရှိ။ ပြေးကြည့်မှ နှစ်ယောက်ထဲ။

သို့သော် ဒေါ်ကြည်ကြည်ခိုင်မှာ သမီးအတွက် ရင်မအေးနိုင်သေး။ ပူပင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလေးမှာ အပြီးအစီးလုပ်ခဲ့ပြီဖြစ်သမို့ ယဉ်နွဲ့ခိုင်နောက်ကြောင်း ရှင်းသွားပြီ။ ယခင်အတိုင်း လှမျိုးကြွယ်နေဆဲ။ ကိုယ်ရေအနည်းငယ် စစ်သွားရှိသေးမသိ ခုမှ ကိုယ်လုံးပို၍လှလာသည်။

အသားအရေ ပို၍တင်းရင်းလာသည်။

ခုတော့ ဒေါ်ကြည်ကြည်ခိုင်က သမီးကို သူမပါဘဲအပြင်ထွက်ခွင့်မပေးခဲ့ပေ။ လုံးဝစိတ်မချ။ သည်အဖြစ်မျိုးဆောက်ခဲ့သူတစ်ယောက်အတွက် စိတ်ဓာတ်ခိုင်မာရင် တော်သေးရဲ့။ နို့မဟုတ်ရင် အညာလွယ်တတ်သည်။

ဒါပေမဲ့ သမီးကို သည်ပုံစံကြီးနှင့် ကြာရှည်ချုပ်ချယ်ထားဖို့ကလည်း မသင့်။ ရင်အုပ်မကွာ ဆိုသည်ကိုလည်း အမြဲတမ်းမအုပ်နိုင်။ သူမှာက စီးပွားရေးလုပ်ငန်းတစ်ဖက်နှင့်မို့ အိမ်အမြဲထိုင်၍ ကပ်မနေနိုင်။

နောက်ဆုံးဒေါ်ကြည်ကြည်ခိုင်က ဆုံးဖြတ်ချက် တစ်ခုချလိုက်သည်။

'သမီးကို အိမ်ထောင်ပြုပေးမှ' ဟု။

သမီးအကြိုက်ရွေးခွင့်ပေး၍ မဖြစ်။ သမီးနှင့် သင့်တော်မည့်ခင်ပွန်းလောင်းကို ကိုယ်တိုင် အချိန်ယူ ရှာဖွေပေးခဲ့၏။ မင်းမှုထမ်းများကိုမူ ဒေါ်ကြည်ကြည်ခိုင်က လုံးဝထည့်မစဉ်းစား။

မင်းမှုထမ်းဆိုသည်က ဟန်သာရှိ၍ အဆံမဖြစ်နိုင်သူတွေ။ ဘာအဆုရှိ ညာဆုရှိ ဆိုသော ဂုဏ်ပုဒ် ရှိသော်ငြားလည်း ကြီးပွားချမ်းသာရေး လမ်းစပျောက်နေသူတွေအဖြစ်သဘောထားသည်။



ကုန်သည်မျိုးရိုးထဲမှ ကုန်သည်အလုပ် ဝါသနာပါသူများကိုသာ တစ်ယောက်ပြီးတစ်ယောက် စဉ်းစားရွေးချယ်လျက်ရှိ၏။

ဒေါ်ကြည်ကြည်ခိုင်၏ပုံနှိပ်စက်လုပ်ငန်းမှာ တစ်နေ့တခြားကြီးပွားလာသည်။ အလုပ်တွေ လက်ခံ၍မနိုင်အောင် ဖြစ်လာသည်။ တစ်ဖက်က ပွဲစားအလုပ်ကိုလည်း လက်မလွှတ်နိုင်သေး။ ရတနာပွဲစားအလုပ်က တစ်ချီတစ်ချီ အလုပ်ဖြစ်လျှင် မြိုးမြိုးမြက်မြက်ရတတ်သည်။ ဒေါ်ကြည်ကြည်ခိုင်မှာ ခေါင်းတစ်လုံးထဲအိုးနှစ်လုံးရွက်နေရသဖြင့် တစ်အိုးကိုအစားလွှဲချင်သည်။

လွှဲရမည့်သူက စိတ်ချယုံကြည်ရမည့်သူ ဖြစ်မှ၊ ကိုယ်နှင့်တစ်စီးပွားထဲလုပ်ချင်သူဖြစ်မှလွှဲလို့ရမည်။ ဒေါ်ကြည်ကြည်ခိုင်စိတ်တိုင်းကျဖြစ်မည့် ဆန်ကာတင် သုံးယောက်ကို ရွေးချယ်ပြီးမှ တစ်ယောက်၏ အကျင့်စရိုက်၊ အပြုအမူ၊ စိတ်ဓနသဘောထား၊ ဆွေမျိုး အသိုင်းအဝိုင်းအခြေအနေ၊ နောက်ကြောင်းရာဇဝင်ရှင်းမရှင်း စသည်များကို တစ်ယောက်ထဲအပင်ပန်းခံ၍ စုံစမ်းခဲ့၏။ ဒေါ်ကြည်ကြည်ခိုင်တို့များ ဘယ်လောက်အထိ သေချာသလဲဆိုရင် ကျောင်းနေစဉ် ဖြစ်ပျက်ခဲ့သမျှကိုပင် ချန်မထားခဲ့ပေ။

သူရွေးချယ်ထားသည့် သုံးယောက်စလုံးမှာ ကုန်သည်မျိုးရိုးထဲကဖြစ်၍ မိဘလက်ငုတ်အလုပ်ကို စိတ်ပါဝင်စားလုပ်နေသူများဖြစ်၏။

သမီး ခင်ပွန်းလောင်းကို မိဘများက ရွေးချယ်ရသည်မှာ ပင်ပန်းစရာ ကောင်းလိုက်ပါဘိ။ ရွေးချယ်ရန် ရှေ့လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘိ။ မိဘများအမှု တစ်သက်လုံးအရေးမို့ လွယ်လွယ်ပေါ့ပေါ့ မစဉ်းစားနိုင်ရှာ။ ဟိုလိုဖြစ်လိမ့်မလား၊ သည်လို ဖြစ်လိမ့်မလား။ 'လား' ပေါင်းများစွာနှင့်နပန်းလုံးနေရ၏။

သည်အချက်သည် ကောင်းပေမယ့် ဟိုအချက်အချွတ်ယွင်းနေပါကလား ဆိုသည်ကိုလည်း မလွတ်တမ်းဒေါင့်စေ့အောင် ကြည့်ရ၏။

ဒါပေသိ ယနေ့ခေတ် သမီးမိန်းကလေး ကောင်မလေးတွေ အိမ်ထောင်ဘက် ရွေးကြတာများ လွယ်မှလွယ်လိုက်ပါဘိ။

တွေ့ရော၊ ကြိုက်ရော၊ လိုက်ရော။

နောက်မှ ဗုက္ခအသွယ်သွယ်တို့ ဆင့်ကဲ တိုးလာသည်ကို ခါးစည်းခံရတော့မှ 'ဟိုတုန်းကသာ' ဆိုသည်များပြန်တွေးမိကြသည်။

သည်အချိန်မှာ ကလေးတွဲလောင်းနှင့်။ ပသို့မှလုပ်၍မရတော့ပေ။

စိတ်ကြိုက် အမက်လောင်းတော့ ရွေးပြီးပြီ။ ကိုယ့်ဘက်က သေချာပေမယ့် သူတို့ဘက်အရှိသေးသည်။ တစ် နှစ် သုံးရှိသည့် အနက် တစ်ကို ပထမချဉ်းကပ်ရမည်။ ချဉ်းကပ်သည်ဆိုရာတွင် 'လောင်း'ကို ချဉ်းကပ်၍မဖြစ်သေး။ မိဘများ၏ အဘောကို တီးခေါက်ကြည့်ရဦးမည်။ ဖြစ်နိုင်၏မဖြစ်နိုင်၏ လေ့လာရဦးမည်။ ဖြစ်နိုင်ပါသည်ဆိုသော အဖြေမျိုးရမှ လူငယ်ချင်းရင်းနှီးအောင် ကြံဖန်ပေးရမည်။

လူကြီးများ အဘောကို တီးခေါက်ကြည့်ရာတွင် စစချင်း ကိုယ်တိုင်ဝင်၍မဖြစ်။ ကြားလူမှတစ်ဆင့် လုပ်ရမည်။ ကြားလူ



ရွေးရသည်မှာလည်းမလွယ်။ ကြားလူက အတော်ကို ပါးရေနပ်ရေရှိမှ၊ အပြောအဆိုလည်ပတ်မှ အချဉ်းအကပ် လိမ္မာမှ ကိစ္စ ချောမွေ့မည်။ နို့မဟုတ်ရင် ဘလွဲတွေး၍ ကိစ္စလိုရင်း မရောက်ဘဲ ဘေးချော်သွားတတ်၏။

ဒေါ်ကြည်ကြည်ခိုင်တစ်ယောက် စီးပွားရေးအလုပ်တာဝန်များက တစ်ဘက်။ ဘက်နှစ်ဖက်ကြားတွင် ဗျာများနေရှာသည်။ မိဘမေတ္တာဟူသည် သားသမီးတို့၏ အရေးကိစ္စမှန်သမျှကို အပြေပြစ်ဆုံး၊ အချောမွေ့ဆုံး၊ အကောင်းဆုံးဖြစ်အောင် လုပ်ချင်ကြသည်မှာ ဓမ္မတာ။

ခုပဲ သမီးကိစ္စမှာကြည့်။ စိတ်တိုင်းအကျဆုံး ဖြစ်အောင် အချိန်ယူခဲ့ရုံမက အကောင်းဆုံးဖြစ်အောင် ဘယ်သို့လုပ်ရမည်ကို တွေးရသည်။ ကြံရသည်။ အကောင်အထည်ဖော်ရသည်။

ဒေါ်ကြည်ကြည်ခိုင်စိတ်တိုင်းကျအဖြစ်ဆုံး နံပါတ်တစ်မှာမူ လွဲချော်သွားခဲ့ရသည်။ လူကြီးချင်းစီစဉ်ပြီးသား ရှိနေပြီဟူသော အဖြေကြောင့် နံပါတ်နှစ်ဘက်ကိုဦးလှည့်ရပြန်သည်။

နံပါတ်နှစ်ဘက်နှင့်မူ အဆင်ပြေမည့် အခြေအနေရှိသည်။ တစ်ဖက်စကား အလားအလာကဲ အတော်လေးအားရစရာမို့ ဒေါ်ကြည်ကြည်ခိုင်ကိုယ်တိုင် တွေ့ဆုံရန် စီစဉ်ခဲ့၏။ တွေ့ဆုံရာတွင် ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ်ရှိသည်။

လူငယ်ချင်း ရင်းနှီးအောင်လုပ်ဖို့ အပိုင်းကိုမူ ဒေါ်ကြည်ကြည်ခိုင်ကပင် တာဝန်ယူလိုက်သည်။

သည်အပိုင်းမှာမူ အခက်အခဲမရှိ။

ဒေါ်ကြည်ကြည်ခိုင်က လုပ်တတ်ကိုင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလည်း သမီးချောပဲဟာ တစ်ဖက်သား အကြိုက် မတွေ့စရာမရှိ။ သူလိုချင်သော ပုံစံဝင်လာဖို့သာ ပါးပါးနပ်နပ် ကိုင်တွယ်ရမည်။

သမီးဖြစ်သူကို သူစီစဉ်ထားသမျှ အစီအစဉ်တွေ ပြောပြလိုက်သည်။

ဒါပေသိ ဒေါ်ကြည်ကြည်ခိုင်အား သည်လို ဖြစ်ရမည်ဟု ယတိပြတ်မဆို။ သမီးကိုယ်တိုင် အကဲခတ်ကြည့်ဦး၊ လေ့လာကြည့်ဦး။ လက်မခံနိုင်ပါရင်လဲ မာမီကို ပွင့်ပွင့်လင်းလင်း ပြောဟူသော အခွင့်အရေးပါ ပေးလိုက်သည်။

ယဉ်နွဲ့ခိုင်ကမူ မာမီအစီအစဉ်ကို ခေါင်းမခါပါ။ ခါစရာ အကြောင်းလည်း မရှိပါ။ ဒါပေသိ ချစ်ဦးသူ ဖရက်ဒီကိုတော့ စိတ်နာနေပမယ့် သတိရဆဲ ရှိပါသေးသည်။

သာမန်အပရိက ရည်းစားမှ မဟုတ်ပဲဟာ။ အချစ်များစွာ အနမ်းများစွာ ဖြိုးဝေခဲ့ကြသော ချစ်ဦးသူကို မေ့ဖို့ဆိုသည် ပို၍ မလွယ်သော၊ သာ၍မလွယ်သော ကိစ္စဖြစ်၏။

စကားအလွန်တတ်သူ ဖရက်ဒီပြောခဲ့သော ပြင်သစ်အနမ်း ဋီကာမှာ ခုထက်တိုင် ယဉ်နွဲ့ခိုင်နားထဲမှ မထွက်နိုင်သေး။ ပါးကလေးကိုကိုင်မိတိုင်း တသသဖြစ်နေဆဲ။

ပြင်သစ်ပြည်က နာမည်ကျော်သုတေသီပညာရှင်ဒေါက်တာ အဲမီလ်ပဲလက်စ်စမင်း သုတေသနပြုထားသော အနမ်းအမျိုးမျိုး၏ အလေးချိန်မှာ ဤသို့။



"သမီးရည်းစားအနမ်း၏ အလေးချိန်မှာ တစ်ခါနမ်းလျှင်တစ်ပေါင်နှင့်သုံးဖြောင့်စေ အလေးချိန်စီး၍"

"ညားကာစ ဇနီးမောင်နှံ၏ အလေးချိန်မှာ တစ်ပေါင် မပြည့်တပြည့်လေးသာ ရှိ၏"

"ညားပြီးနှစ်နှစ်အကြာ ဇနီးမောင်နှံ၏အနမ်း အလေးချိန်မှာ ဒပေါင်ကျော်မျှသာရှိတော့၍"

"ငါးနှစ်ကြာ ဇနီးမောင်နှံ၏အလေးချိန်မှာမူ သုံးအောင်စသာ ရှိတော့၏"

ပြင်သစ်အနမ်း သုတေသီ၏ အနမ်းအလေးချိန်ကို ဖရက်ဒီက ယဉ်နွဲ့ခိုင် နားနားကပ်ပြောပြီး–

ဒါကို ယဉ်နွဲ့ခိုင်က မမေ့သာပေ။

ခုတော့ အခြေအနေက တစ်မျိုးပြောင်းလာပြီမို့ အတိတ်ကို မေ့ပစ်ရမည်။ တသသစွဲချစ်နေ၍မဖြစ်။ အလေးချိန်ဆိုသည်မှာ ပိုသော်လည်းရှိမည် လျော့သော်လည်းရှိမည်။

မည်သို့ပင်ဖြစ်စေ ယဉ်နွဲ့ခိုင်၏ ဘဝမှာ အနာဂတ်ကို မျက်နှာမူရမည့် ဘဝမို့ ဖရက်ဒီအကြောင်းကို 'တံလျှပ်ရေတွင် ရွှေသမင်အလိုက်မှားသည့် ဇာတ်လမ်း' အဖြစ် ဇာတ်မြှုပ်ထားလိုက်ရပေတော့မည်သာ။

--o...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

လက်ဖက်ခြောက်ကုန်သည် ဦးစိန်မင်း ဒေါ်ခင်သွဲ့တို့၏ သား မောင်မြတ်မင်းမှာ ဒေါ်ကြည်ကြည်ခိုင် စိတ်ကြိုက် ရွေးချယ်ထားသော ယဉ်နွဲ့ခိုင်၏ ခင်ပွန်းလောင်းဖြစ်၏။

ဘီအေ ဘွဲ့ရပြီးသား။

ရုပ်မချော၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်၊ မျက်နှာကျပုံဟန်မှာမူ ယောကျ်ားပီသသောဟန် အပြည့်ရှိသည်။



လှုပ်ရှားဟန်မှာ တည်ငြိမ်သည်။

အနေအထိုင် အေးဆေးသည်။

ညီအစ်ကို မောင်နှမ များများစားစားမရှိ။

မောင်နှမ နှစ်ယောက်တည်း။

မင်းမှုထမ်းအလုပ်တွင် ဝါသနာမထုံမွေ့။ မိဘလက်ရင်း ကုန်သည်အလုပ်လုပ်ရန် အားယူပြီး ကုန်သည်လုပ်ငန်းထဲသို့ ခြေချရန် ကြိုးစားနေသူဖြစ်၏။

တစ်ခါတစ်ရံ အပေါင်းအသင်းများနှင့် အပျော်သဘော ဘီယာလေး ဘာလေး သောက်တတ်သည်ကလွဲ၍ အခြားသောက် စားမရှိ။ မိဘစကားကို မပယ်လှန်တတ်သော သားသမီးမျိုးဖြစ်၏။

လူငယ်ချင်း ရင်းနှီးမိစေရန် ဒေါ်ကြည်ကြည်ခိုင်က ဖန်တီးပေးခဲ့၏။

စတွေ့အတည်းက မောင်မြတ်မင်းမှာယဉ်နွဲ့ခိုင်၏အလှတွင် သစ်မူးသွားခဲ့၏။

ယဉ်နွဲ့ခိုင်ကမူ မောင်မြတ်မင်း ရုပ်ရည်ကြောင့် နည်းနည်းဘော့ အင်တင်တင်ဖြစ်ချင်သည်။

လူငယ်ချင်းပို၍ ရင်းနှီးစေရန် ဒေါ်ကြည်ကြည်ခိုင်၏အစီအစဉ်ဖြင့် ပေလီကမ်းခြေသို့ အပန်းဖြေခရီး ထွက်ခဲ့ကြ၏။

မောင်မြတ်မင်းတို့အမေ ဒေါ်ခင်သွဲ့နှင့် မောင်နှမ နှစ်ယောက်စလုံးပါကြသော ပေလီခရီးမှာ ပျော်စရာ။

ညင်းညင်းအိအိ လှိမ့်၍လှိမ့်၍တက်လာသောလှိုင်းလုံးများနှင့် အပြုံးဖလှယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်း လေရှမ်းအခါ တွင်ကြွတက်လာသောလှိုင်းလုံးကြမ်းများ စီးသောအခါတွင်မူ တစ်ယောက်နှင့် တစ်ယောက်ဖေးကြကူကြ ထိန်းပေးကြရသည်။ ယဉ်နွဲ့ခိုင် ကျော်သီကလေး စီစီညီ သွားတိုင်း မြတ်မင်းက အနား ရောက်သွားရသည်။

လှိုင်းလုံးများကြားတွင် လိမ့်သွားသော ယဉ်နွဲ့ခိုင်ကို ဆွဲပေးရသည်။ ကြောက်အားလန့်အားနှင့် ဖက်တက်လာသည့်ယဉ်နွဲ့ခိုင်ကိုထိန်းပေးရသည်။

ပေလီကမ်းခြေမှာ ငါးရက်ကြီးများတောင် လှိုင်းစီးခဲ့ကြသဖို့ မြတ်မင်းနှင့် ယဉ်နွဲ့ခိုင်တို့နှစ်ယောက်၏ရင်းနှီးမှုမှာ 'ခိုင်' 'ဟုတ်ကဲ့ ကိုမြတ်' အထိ လက်ပွန်းတတီး ရှိခဲ့ကြသည်။

အသွားခရီးတွင် ခပ်စိမ်းစိမ်း ဖြစ်ခဲ့ကြသော်လည်း အပြန်ခရီးတွင်မူ လေယာဉ်ခုံချင်းကပ်ထိုင်လျက် တိမ်လွှာမှိုမှိုများအကြောင်း ပြောမဆုံး ဆိုမဆုံး ဖြစ်ခဲ့ကြ၏။

လူငယ်ချင်းအဆင်ပြေခဲ့ကြသလို ဒေါ်ကြည်ကြည်ခိုင်နှင့် ဒေါ်ခင်သွဲ့တို့မှာလည်း သားနှင့်သမီးတို့ မင်္ဂလာကိစ္စအတွက် အပေးအယူ မျှတခဲ့ကြ၏။

ရန်ကုန်ပြန်ရောက်ပြီးနောက်ယဉ်နွဲ့ခိုင်တစ်ယောက်ခါတိုင်းလို အိမ်ထဲတွင် တပိန်ပိန်တလိန်လိန် ဖြစ်မနေရတော့ပေ။

မြတ်မင်းလာတိုင်း အပြင်ထွက်ကြသည်။

မြတ်မင်းမလာသောနေ့ရယ်လို့မရှိ။ ရုပ်ရှင်ကား လွဲသည်နှင့် သူတို့စုံတွဲ ရောက်ပြီးသား။ တစ်ခါတလေ မြတ်မင်းတို့အိမ်က ကားနှင့်၊ တစ်ခါတရံ ယဉ်နွဲ့ခိုင်တို့ကားနှင့်။



ကိုယ့်ကားနှင့်ကိုယ်ထွက်ကြသောနေ့များတွင်မူ ကျိုက္ကလဲ့ဘုရားတို့၊ ထောက်ကြန့် စစ်သင်္ချိုင်းတို့အထိ ခရီးဆန့်ကြသည်။

ယဉ်နွဲ့ခိုင်မှာ ဖရက်ဒီကို လုံးဝမေ့သွားခဲ့လေပြီ။

ပြင်သစ်သုတေသီ၏အနမ်းအလေးချိန်သည်ပင်လျှင် နည်းများနည်းနေသလား ဟု ယဉ်နွဲ့ခိုင်တစ်ယောက်အတွေးပိုခဲ့ပြီ။

တစ်ခုတော့ရှိသည်။

မြတ်မင်းက ဖရက်ဒီလိုစကားမကြွယ်။ အပေါ်ယံ အဘည်းသုံးစကားလေးများကို လှလှပပ မပြောတတ်။ မဆိုတတ်။ နွဲ့တတ်။

သူ့ကိုချစ်သည့်နေရာတွင်မူ ဖရက်ဒီထက်ပိုသည်။ သာသည်။

ခုမှပဲ ဒေါ်ကြည်ကြည်ခိုင် တစ်ယောက် စိတ်ချလက်ချ ရဲဝံ့ဝံ့ ပြုံးနိုင်ပြီ။

သားသမီးအရေး စိတ်အေးရပြီဆိုလျှင် မိဘများ၏ အပြုံးများမှာ ပွင့်လန်းကြစမြဲတည်း။

ရှိတာကမှ သမီးလေး တစ်ယောက်တည်း။ ပွဲဦးထွက်ခြေအနေက အလွဲအလိမ့်။ ဒုတိယပွဲ ကွဲပြီဆိုလျှင်တော့ ငယ်ရမည့်အခြေအနေသို့ ရောက်သွားမည်။

ဒုတိယပွဲအတွက် စိတ်တထင့်ထင့် ဖြစ်နေခဲ့ရာမှအခါတော်ပေး၍ နှုတ်ရေးငယ် ရွှေစာနိုင်ပြီမို့ ဒေါ်ကြည်ကြည်ခိုင် တစ်ယောက် ဝံ့ဝံ့ရဲရဲကြီး ပြုံးနိုင်ခဲ့ပေပြီ။

www.burmeseclassic.com

မင်္ဂလာအခမ်းအနားမှာ ထည်ဝါသလောက် အားကြီး အားငယ် အသွယ်သွယ်နှင့်လာကြသူများမှာ ခန်းမကြီးတစ်ခု လုံး ပြည့်လျှံသွားခဲ့၏။

‘သတို့သမီးလေးက လှလိုက်တာနော်’

‘တကယ့်ကို ချစ်စရာလေး’

‘ရွှေဖလားရောင်ဝတ်စုံလေးနဲ့၊ သူ့အသားလေးက ဝင်း နေတာပဲ’

‘စိန်လည်ဆွဲကလဲ တဖျတ်ဖျတ်နဲ့၊ သတို့သမီးမျက်နှာပေါ် ကိုတောင် ရောင်စုံလက်သွားသလို ထင်ရတယ်နော်’

စသည့်စသည့် ထောမနာသံများသည်လည်း ခန်းမကြီး ထဲတွင် ပဲ့တင်ထပ်လျှက်။

မင်္ဂလာပွဲထိုင် လာသူများသည် သတို့သားကို ဂရုတစိုက် ကြည့်ကြသူဟူ၍ နည်းမှနည်းဘိခြင်း။ သတို့သမီးကိုသာ အာ ရှိထား၍ကိုယ်ချင်းစာတတ်သူ ယောကျ်ားသား အနည်းငယ် ကသာ သတို့သားကို အလေးထားကြည့်ကြ၏။ ဒါတောင် သတို့သမီးကို အရင်ကြည့်ပြီးမှ သည်ငနဲသား ကံကောင်း လား ဆိုသော အကြည့်မျိုးဖြင့် ကြည့်ကြခြင်းမျှသာ။

သူတို့၏ ပျားရည်ဆမ်းတစ်လခရီးမှာ ကလောသို့။

ကလောကို ဗဟိုချက်ထား၍ အင်းလေး၊ တောင်ကြီး ပင်းဒယ အနှံ့လည်၍ အပြန် မန္တလေးဝင်ပြီးမှ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။



ငွေကြေးပြည့်စုံသော ယဉ်ရှယ်သူ ညားကာစ ဇနီးမောင်နှံ၏ ပျားရည်ဆမ်းခရီးမှာ ကြည်နူးစရာ၊ နှစ်သိမ့်စရာ၊ ပျော်စရာ အတိပြီးသည့် ခရီးပေတည်း။

ပျားရည်ဆမ်း ခရီးအပြန်တွင်မူ ဒေါ်ကြည်ကြည်ခိုင်က သားမက်ကလေးကို သူ၏ပုံနှိပ်တိုက် လုပ်ငန်းတွင် ထိုင်ခိုင်း လိုက်သည်။ လုပ်ငန်းဟူသမျှကို မျက်နှာ လွှဲရသည်အထိ လက်တပ်သင်ပေးခဲ့၏။ သည်လောကထဲဝင်ဆန့်အောင် ဦးစီး သူအဖြစ်နေရာပေးခဲ့၏။

ခြောက်လအတွင်း မြတ်ခင်းမှာ လုပ်ငန်းတစ်ခုလုံးကို ဦး စီးနိုင်စေကာမူ လုပ်ငန်းအရပ်ရပ်ကို တာဝန်ခံ လုပ်နိုင်သည် အထိ ကျွမ်းကျင်ခဲ့၏။

အိမ်ထောင်ရေး ဘဝခရီးမှာလည်း သာယာ ဖြောင့်ဖြူး လျက်။

အလုပ်တွေ ဘယ်လောက်များ၍ ဘယ်လိုပဲ ပင်ပန်းပါစေ အိမ်အပြန် ဇနီးချောလေးမျက်နှာ မြင်လိုက်ရလျှင် မြတ်မင်း တို့သွားအမောပြေသား။

ယောက္ခမကြီးခိုင်းသည်ကိုပင် ခိုင်းသည်ဟု မထင်။

ချစ်စ အရာရာ အဆင်ပြေနေသော အသစ်စက်စက် ဇနီး မောင်နှံများအဖို့ အပြောတွေချို အယုအယတွေပိုပြီး ပြစ်မမြင် ချစ်ချင်စရာတွေချည်းပေါ့။

သွားပြုံးပြုံး၊ စားပြုံးပြုံး၊ အိပ်ပြုံးပြုံး။

ဒါပေမယ့်။

ဇနီးမောင်နှံ အတွဲအဖော်များများမှာ အနှံ့ နိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ချက်ထားသော အုန်းနို့ခေါက်ဆွဲ စားရသလိုမျိုးဘာပ။

ပထမ လေးငါးဇွန်းတော့ စားလို့အလွန်ကောင်းပါပေ။ ပန်းကန်တစ်ဝက်လောက် ကျိုးပြီဆိုလျှင် အီလည်လည်ကြီး ဖြစ်လာရော။ တစ်ပန်းကန် ကုန်ခါနီးမှာဖြင့် ရင်တောင့်လာသည်။

နောက်တစ်ပန်းကန်ဆက်စားဖို့ ဝန်လေးနေပြီ။

ဇနီးမောင်နှံ လောကတွင် တချို့က ဇနီးမောင်နှံ ဆုတက်ပန်း၊ တချို့က ခါးလယ်ဖြတ်ချိုး၊ တချို့က စလယ်ဝင် ဖင်မမဲ ခင်က ကွဲချက်ကွဲနာ ဖြစ်ခဲ့ကြရသည်။

မြတ်မင်းနှင့် ယဉ်နွဲ့ခိုင်တို့၏ ဆွတ်ပျံ့ကြည်နူးဖွယ် အပြစ်မမြင် ချစ်ခင်ခဲ့ကြသည့်ကာလမှာ နှစ်နှစ်ကျော်ပဲခံလိုက်သည်။

အိမ်ထောင်သက် နှစ်နှစ်ကျော်လာသည်နှင့် အပြစ်တွေဖြစ်လာကြပြီ။

ခွင့်မလွှတ်နိုင်စရာများ တွေ့လာကြပြီ။

လင်မောင်မောင် အိမ်ပြန်ချိန်အလုတ္တေပြင်ပြီး ကြိုထွက်တာတို့။ ထမင်းဝိုင်းမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ကောင်းနိုးရာရာ ဟင်းဖတ် အလေးများကို သူ့ပန်းကန်ထဲ ကိုယ်ထည့်၊ ကိုယ့်ပန်းကန်ထဲ သူထည့်တာတို့ ဆိတ်သုဉ်းလာသည်။ မပီမပြင်ဖြစ်လာသည်။

ညနေ အိမ်အပြန် မချောမရှိလို့ ကိုယ်တော်ချော စိတ်ကောက်တာတို့၊

ကိုယ်တော်ချော အိမ်အပြန် နောက်ကျလို့ မချောလေးက မကြည်တာတို့၊



ထမင်းဝိုင်းမှာ မျက်နှာချင်း မဆိုင်ချင်တာတို့၊

သူ့ အိပ်လောက်မှ အိပ်ရာဝင်မည်ဆိုတာတွေ ဖြစ်လာသည်။ ပြင်လာသည်။

အိမ်ထောင်ကျပြီး တစ်နှစ်လောက်အတွင်းမှာဖြင့် ယဉ်နွဲ့ခိုင်က ဗိုက်ကောင်းကျောက်ဖိ၊ မြတ်မင်းမှပါတဲ့ ဘုယ်မှုမထွက်။

ကယ်သွားသွား လင်မယားနှစ်ယောက် ကပူးတွဲတွဲ။ ယောင်ကော်မောင် အနားမှာပါလေမှ အပြင်ထွက်သည်။

တစ်ယောက်နှင့် တစ်ယောက် ချစ်လိုက်ကြသည်မှာ ဘာပြောကောင်းပ။ လောကကြီးထဲမှာ ချစ်တက်သူဟူ၍ သူတို့နှစ်ဦးထဲရှိဘိအလားသို့။ အေးလူမြင်ရင် အမြင် ကပ်လောက်အောင်သဲသဲတုန်မျှ ချစ်ကြလေ၏။

အပြင် ထွက်မလည်ရသော အချိန်များတွင် ယဉ်နွဲ့ခိုင်က အလွန်ညည်း။

'ပျင်းလိုက်တာ အစ်ကိုမောင်ရယ်'

'ခိုင်လေးပျင်းရင် ဟောဒီဂတ္တုလေးက သိပ်ကောင်းတာ၊ တစ်သက်လုံး တစ်ယောက်အလို တစ်ယောက်လိုက်ပြီး ချစ်ခဲ့ကြတဲ့ဆာသက်ပန် ဇနီးမောင်နှံအကြောင်း ဇာတ်လမ်း ဖွဲ့ထားတာ ရော့ ရော့၊ ဒါလေးဖတ်နေနော်'

'စာမဖတ်ချင်ဘူး အစ်ကိုမောင်ရဲ့'

'ကဲ ဒါဖြင့် အစ်ကိုမောင် ရေဒီယိုဖွင့်ပေးမယ်လေ'

'ဟင်း၊ သီချင်းတွေက နားထောင် ရလွန်းလို့ အာရုံတောင်ငြိနေပြီ အစ်ကိုမောင်ရေ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါမှအခက်ဗျ၊ ကဲ ခိုင်လေးက သီချင်းဆို၊ အစ်ကို မောင်ကကပြမယ်'

'မလုပ်ပါနဲ့ အစ်ကိုမောင်ရယ်၊ အဖွားကြီး ပြန်လာလို့ ကိုးရိုးကားရား တွေ့နေမှဖြင့်အခက်၊ နှစ်ယောက်စလုံးအအော် ခံနေရပါဦးမယ်'

'ဒီလိုဖြင့် အိပ်ရာစောစောဝင်၊ အစ်ကိုမောင် ပုံကောင်း ကောင်းလေးတစ်ပုံ ပြောပြမယ်၊ ပုံက ဘယ်လောက်ကောင်း သလဲဆိုရင်လေ၊ ခိုင်လေး နားထောင်ရင်း မျက်စိလေးမှေး ပြီး အိပ်ပျော်သွားလိမ့်မယ်'

'တော်ပါ၊ အစ်ကိုမောပုံပုံတွေက ကြောက်စရာ လန့်စရာ သူရဲတစ္ဆေတွေ အများကြီးပါတဲ့ပုံ မဟုတ်လား'

'ကဲပါခိုင်လေးရယ်၊ နက်ဖြန်ကျတော့ခိုင်လေး ဘယ်တော့မှ မပျင်းတဲ့ ကစားနည်းလေး သင်ပေးမယ်၊ ကဲ ဒီနေ့တော့ အိပ် လာ'

နောက်တစ်နေ့ မြတ်မင်း၊ အိမ်အပြန်တွင် ဖဲထုပ်လေးနှစ် ထုပ်ပါလာသည်။ မြတ်မင်းက ယဉ်နွဲ့ခိုင်ကို ပိုကာ ကစား နည်း သင်ပေးမလို့။ ဒါမှဘဲ ခိုင်လေးအပျင်းပြေမှာ။

အစ်ကိုမောင်က ခိုင်လေးကို ပိုကာကစားနည်း လက်ထပ် သင်ပေးခဲ့၏။

တစ်ပတ်လောက်ပဲ သင်ပေးလိုက်ရသည် ယဉ်နွဲ့ခိုင်တစ် ယောက် ကစားတတ်ပြီ။ ပထမတော့ ညည အစ်ကိုမောင်နှင့် ခိုင်လေး နှစ်ယောက်တည်းကစားကြသည်။

တစ်ခါတစ်ရံ ဒေါ်ကြည်ကြည်ခိုင်အပါ ဝင်ကစားခဲ့၏။



ခုံတော့ ခိုင်လေးတစ်ယောက် ပျင်းလှချည်ရဲ့လို့ မညည်း၊ အပျော်ကြီးပျော်နေပေပြီ။

ယဉ်နွဲ့ခိုင်၏ ညဉ့်အိပ်မက်များသည် ဂျိုကာနှစ်ကောင်၊ ဂိုင်းမွှန်း၊ စပိတ်၊ ညှင်း၊ ဟတ်ပဲပွင့်ကလေးများနှင့် လုံးထွေး ရစ်ပတ်နေပြီ။

အဲ ကစားနေရပြီဆိုလျှင်ဖြင့် ထမင်းမေ့ ဟင်းမေ့ရှိသာမ က အစ်ကိုမောင့်ကိုပါ မေ့ပါလေတော့သည်။

ယဉ်နွဲ့ခိုင် ပိုကာ ကောင်းကောင်းကြီး ကစားတတ်သော အချိန်တွင် သူ၏အစ်ကိုမောင်မှာ ပိုကာမကစားနိုင်အောင် အလုပ်များလျက်ရှိချေ၏။

ယဉ်နွဲ့ခိုင်က မကစားရမနေနိုင်အောင် ပိုကာကို စွဲနေပြီ။

အစ်ကိုမောင် မအားတော့ ယဉ်နွဲ့ခိုင် ကစားဖော်ကို ရှာ ခဲ့သည်။ အပြင်ထွက်ပြီး မကစားပေမဲ့ ရင်းနှီးသော အပေါင်းအသင်းများကို အိမ်ခေါ်ပြီး ကစားခဲ့၏။

မနက်မိုးလင်း ရေမိုးချိုး အလှပြင်ဆင်ပြီးသည်နှင့် ကစား ဖော်များ မျှော်ရသည်မှာ ယဉ်နွဲ့ခိုင်၏ နေ့စဉ်အလုပ်ဖြစ်လာ သည်။ နောက်ပိုင်း မာမီက ဆူလွန်းသဖြင့် နေ့တိုင်းမကစား စေသာမှ နှစ်ရက်ခြားတစ်ခါ သုံးရက်ခြားတစ်ခါ အိမ်မှာ ဝိုင်းဖြစ်ခဲ့သည်။

သည့်အချိန်မှာ မြတ်မင်းတစ်ယောက် အလုပ်နှင့် နပန်းလုံး နေရသည်။

ဒေါ်ကြည်ကြည်ခိုင်က ပုံနှိပ်တိုက် လုပ်ငန်းတစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ငွေရေးကြေးရေး စာရင်းအင်းအစအစ မြက်မင်းကို ပုံလွှဲပေးခဲ့သည်။

အိမ်သုံးစရိတ်၊ အားစရိတ်၊ အခြားအသုံးစရိတ် အားလုံးကိုပါ ပုံနှိပ်တိုက်ဝင်ငွေထဲမှ မြက်မင်းတို့လင်မယား သဘောအတိုင်း စီမံခန့်ခွဲရန်ကိုပါ လွှဲပေးခဲ့၏။

လင်မယားနှစ်ယောက်ကို လွှဲပေးလိုက်သည်ဆိုသော်လည်း တာဝန်အားလုံးမှာ မြက်မင်းခေါင်းပေါ် ပုံကျလာသည်။

အိမ်ထောင်သက်က နှစ်နှစ်နီးပါး ရှိလာသောအချိန်တွင် မြက်မင်းမှာ လုပ်ငန်းအားလုံး ကျွမ်းကျင်နေပြီ။

လင်မယားနှစ်ယောက်မှာလည်း တစ်ဦးကိုတစ်ဦး အလွန်ချစ်။ မြက်မင်းမှာ ပေါ့ပေါ့ရမ်းရမ်း ဘာမှမရှိ။ အလုပ်ကို ကြိုးစားသည်။ ကုန်သည်ပီသသည်။

သမီးကို ခိုင်လေး ခိုင်လေးနှင့် ဖွားဖွားမှတ်ထားသည်။

မြက်မင်းနှင့်ယဉ်နွဲ့ခိုင်တို့နှစ်ယောက်ကိုကြည့်၍ ဒေါ်ကြည်ကြည်ခိုင်က နှလုံးအိမ်တွင် ပီတိရိပ်အပြည့် လွှမ်းခြုံခဲ့သပြီ။

နဂိုကတည်းက ရည်ရွယ်ချင်း ရှိပြီးသား။

သူရှာခဲ့နေသော အိုးနှစ်လုံးအနက် တစ်အိုးကို လွှဲပေးမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း သားမက်မြက်မင်းအပေါ် စိတ်ချလက်ချ ဖြစ်လာသောအချိန်တွင် လုပ်ငန်းကြီးတစ်ခုလုံးကို ပုံအပ်လိုက်၏။ အိမ်ထောင်ကိုပါ ဦးစီးစေခဲ့၏။

မြက်မင်းမှာ အလုပ်တွေ ပို၍ပို၍များလာသည်။

မိုးလင်းကမိုးချုပ် တိုက်ထဲအလုပ်များ စီမံခန့်ခွဲရသည်က တစ်မျိုး။



လုပ်ငန်းနှင့်ပတ်သက်သော ကုန်ကြမ်းပစ္စည်းအတွက် ဈေး ပြင်ပသို့ ပြေးလွှားနေရသည်က တစ်ဖုံ။

ဘဏ်တိုက်နှင့် အစိုးရဌာနအသီးသီးသို့ ကူးကာသန်းခတ် နေရသည်ကလည်းတစ်သွယ်ဖြင့်....

ယဉ်နွဲ့ခိုင်အတွက် အချိန်အားကို ဖဲ့မပေးနိုင်အောင် ဖြစ်လာသည်။

ပုံနှိပ်တိုက်အလုပ်ဆိုသည်မှာတောက်တိုမယ်ရအလုပ်ကလေးတွေ အလွန်များပါဘိ။ စက္ကူအလေအလွင့်မရှိရေးက အစ မင်ကုန်မင်န သေသပ်မှု ရှိ မရှိ အပိုင်းအထိ ကိုယ်တိုင်ပါရသည်။ အလုပ်သမားများနှင့် လွှဲထား၍မဖြစ်။ စာလုံးလေးတစ်လုံး နိမ့်နေသည်ကအစ စာလုံးမပဲ့အကျိုးနှင့် အမှားအယွင်း လုံးဝ မပါရအောင်အထိ စစ်ဆေးရသည်။ အလုပ်စားပွဲမှာ အခန့်သား စတိုင်ကြီးနှင့် ထိုင်နေ၍ရသော အလုပ်မျိုးမဟုတ်ပေ။

စက္ကူကိစ္စ၊ မင်ကိစ္စ၊ မင်လုံးကိစ္စ၊ အလုပ်မပြတ်ရရှိရေးကိစ္စများအတွက် ဟိုပြေးသည်လွှား လုပ်နေရသောအလုပ်မျိုး ဖြစ်၏။ တစ်ခါတလေ အပ်သီးကပ်သပ် ပါဠိစာလုံးလေး တစ်လုံးအတွက်ပင် တစ်နေကုန် ဟိုတိုက်ပြေးရ သည်တိုက်ပြေးရအချိန်ကုန်တတ်သည်။

ဟိုတုန်းက စက္ကူတို့၊ မင်တို့၊ စာလုံးတို့ဆိုသည့် ကုန်ကြမ်းပစ္စည်းများအတွက် ကိုယ်တိုင် အပြင်ထွက်ရန်မလို။ တယ်လီဖုန်းလောက်နှင့် အလုပ်ပြီးသည်။

ခုတော့ ကိုယ်တိုင် ပြေးနိုင် လွှားနိုင်မှ၊ ကြံနိုင် ဖန်နိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သမို့ မြတ်မင်းတစ်ယောက် ဖင်သီအောင် အလုပ်များနေသည်။

မြတ်မင်းမှာ အလုပ်ထဲတွင် နစ်မြုပ်နေပါလေသည်။ ယဉ်နွဲ့ခိုင် အပြင်ထွက်ပြီဆိုလျှင် ခါတိုင်းလိုတပူးတွဲတွဲ ကပ်မလိုက်နိုင်ခဲ့ပေ။ ယဉ်နွဲ့ခိုင်တစ်ယောက်တည်း အပြင်ထွက်ရသည်။

သို့မှ ယဉ်နွဲ့ခိုင်တစ်ယောက် အပြင်ထွက် များလာသည်။ ပစ္စည်းဝယ်ထွက်တာတို့၊ ခဏတဖြုတ် အလည်ထွက်တာတို့ဆိုလျှင် အကြောင်းမဟုတ်။ ခုဟာက ဖဲရိုက်ချည်းထွက်နေသည်။ တစ်ခါတစ်ရံ တစ်နေကုန်သာမဟုတ်၊ ညအိမ်အပြန်ပင် နောက်ကျလာသည်။

မြတ်မင်းက ဇနီးချော ခိုင်လေးကို အေးအေးသက်သာ ချော့မော့ပြောခဲ့ပါ၏။

တိုးတိုးတိတ်တိတ် ကျိတ်၍ ဆုံးမခဲ့ပါ၏။

ပျင်းလျှင် တစ်ခါတစ်ရံ အိမ်မှာပဲ အပျော်ခေါ် ကစားဖို့အထိ ခွင့်ပြုခဲ့ပါ၏။

အပြင်ထွက် ကစားသည့်အဆင့်အထိ ရောက်လာသည်မှာ မကောင်းကြောင်း၊ ယောကျ်ားများနှင့် ဒူးတင် ပေါင်တင် ထိုးပေါ်ရိုးပေါ်မှ ဟိုဒင်းဟိုဟာများ အထိဖြစ်တတ်ကြောင်း၊ အန္တရာယ်တောကိုမတိုးဖို့ အကြောင်းအကျိုးပြ ဆုံးမခဲ့၏။

မြတ်မင်းပြောခိုက် ယဉ်နွဲ့ခိုင် လေးငါးရက် ငြိမ်သွားသည်။ နောက်ပိုင်း အပြင်ထွက်မြဲ ဖဲရိုက်မြဲ။

ဒေါ်ကြည်ကြည်ခိုင်ကလည်း အေးအေးတစ်မျိုး၊ ဆူဆူပူပူတသွယ် ဆုံးမခဲ့၏။



ယဉ်နွဲ့ခိုင်က ဆုံးမတိုင်း ဆူတိုင်း ပူဆာင်း ဘယ်တော့မှ ဘာလန်တာဆန်မလုပ်။ မအေဆူလျှင် မအေ့ရင်ခွင်ထဲ ခေါင်းခွေ့သည်။ လင်ဆူလျှင် လင့်ရင်ခွင်ထဲ ခေါင်းခွေ့သည်။ အသက်ကနှစ်ဆယ် မပြည့်တပြည့်။ သူ့ကိုယ်သူ ကလေးဆိုးကြီးလို နွဲ့ဆိုးဆိုးနေခဲ့သည်။

'အစ်ကိုမောင်ခရေ၊ ခိုင်လေးကိုအပြင်မထွက်စေချင်ရင်အလုပ်တစ်ခုရှာပေး'

'ခိုင်လေးရယ် အလုပ်ရှာရဦးမယ်လို့များ ကိုယ်တို့ပုံနှိပ်တိုက်မှာဘဲ လာထိုင်ပေါ့။ ခိုင်လေး တိုက်မှာလာထိုင်ရင် အစ်ကိုမောင်အပြင်အလုပ်တွေ စိတ်ချလက်ချ လုပ်နိုင်တာပေါ့၊ ပိုတောင်ကောင်းသေး'

'ဟွန်း တချုန်းချုန်း တဂျိုင်းဂျိုင်း ဆူညံသံတွေနဲ့ မင်တွေပေ ဘာတွေပေ အလုပ်မျိုးတော့ မလုပ်ချင်ပေါင်'

'ဒါဖြင့် ခိုင်လေးက'

'ခိုင်လေးက ဗိုလ်ချုပ်ဈေးထဲမှာ ဘာထည်ဆိုင်ကြီးကြီးဖွင့်ပြီး ထိုင်ချင်တယ်'

'ရော....ဒုက္ခ၊ ခိုင်လေးပြောတဲ့နေရာမှာ ဆိုင်ဖွင့်ဖို့က လက်ထဲမှာ အနည်းဆုံး အခုင်းအနှီးနှစ်သိန်းလောက်ရှိမှ၊ ကိုယ်ကလဲ လုပ်ငန်းကို ကျွမ်းကျင်ဦးမှ'

'ဒါတော့မသိဘူးလေ၊ ခိုင်လေးလုပ်ချင်တာ ပြောရတာ၊ လုပ်စရာမရှိလို့ ခိုင်လေးအပြင်ထွက်တော့လဲ အစ်ကိုမောင်ဘိုပဲ တဆူဆူ တပူပူနဲ့'

ယဉ်နွဲ့ခိုင်က အဲဒီလို ဆင်ခြေဆင်လက်တွေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းခမျာ ဇနီးချောလေးအတွက် စိတ်လက် မရွှင်မွဲရိပ်ထင်လာသည်။ ယောက္ခမကြီးကိုပင်ဖွင့်ပြီး တိုင်ပင်ရသည် အထိ။

ယောက္ခမကြီးက ချော့ချော့မော့မော့ ပြောနေတဲ့ ခပ်ကြမ်းကြမ်း ခပ်မာမာ ကိုင်ကြည့်စမ်းဟု အကြံပေးခဲ့သည် အတိုင်း ခပ်မာမာခပ်တင်းတင်းပြောဆိုပြန်တော့ ယဉ်နွဲ့ခိုင်က ပို၍ အရွဲ့တိုက်သည်။

ခပ်အေးအေး ပြောလျှင်မှ ငြိမ်သွားတက်သေးသည်၊ ခပ်မာမာ ခပ်ကြမ်းကြမ်းဆိုလျှင် ပိုဆိုးသည်။

မြတ်မင်းအဖို့ ကိုင်ရခက်လှပါသည်။

ဒါထက်ပိုဆိုးသည့်မှာ ငွေကြေးကိစ္စ။

ယဉ်နွဲ့ခိုင်တောင်းသည့် ငွေကြေးပမာဏမှာ ကစ်နေ့ထက် တစ်နေ့ပိုများလာသည်။

တော်ကြာရင်း ဟောင်းရင်း၊ တော်ကြာရင်း ဟောင်းရင်း။ တစ်ခါတလေ ဖဲဝိုင်းကနေစာရွက်ကလေးတစ်ရွက်ပေါ်မှာရေးပြီးတိုက်ကို လူလွှတ်ငွေတောင်းခိုင်းတတ်သေးသည်။

မြတ်မင်း၏ငွေစာရင်းမှာ ကပေါက်တိ ကပေါက်ချာတွေ များလာသည်။

မိန်းမကိုချစ်တော့ ယောက္ခမကြီးကို ဖွင့်ပြောရမှာအခက်။ ဒီတော့ စာရင်းတွေ ဟိုလိုသွင်းရ ဒီလိုဖြည့်ရနှင့် စာရင်းမှန် မထွက်နိုင် ဖြစ်ခဲ့သည်။

တစ်ခါတလေ အလုပ်လက်ခံသည်မှ ရသော ဝင်ငွေတစ်ခုလုံး စာရင်းဖျောက်ခဲ့ရသည်။



မြတ်မင်းက သည်သို့သည်ပုံ ဖုံးဖုံးဖိဖိ ဖာဖာထေးထေး လုပ်နေရသည်ကို ယဉ်နွဲ့ခိုင် အားလုံးသိသည်။ တိုးတိုးတိတိ တိတ်စာရင်းရှင်းတမ်း ပြခဲ့သည့်တိုင် ယဉ်နွဲ့ခိုင်ဘက်က ဘယ်လိုမှ တုံ့ပြန်မှုမရှိ။

ငွေတောင်းမြဲ။

ကစားမြဲသာပင်။

အချုပ်ကြေးကနေ ပွဲ့ကြေးဝိုင်းသို့ပင် တစ်ဆင့် တက်ခဲ့ပြန်သည်။

အချုပ်ကြေးဝိုင်းက ရှုကိုင်လျှင်ပြီးသော်သည်း ပွဲ့ကြေးဝိုင်းက ထောင်ကိုင်မှဖြစ်သည်။

မြတ်မင်းက ရှုဂဏန်းကို ဖျောက်ခဲ့သော်လည်း ထောင်ဂဏန်းကိုမူ ဖျောက်နိုင်စွမ်းမရှိပေ။

လင်မယားတွေ တကျက်ကျက်ဖြစ်လာသည်။

တိုးတိုးကျိတ်ကျိတ်မှ ကျယ်ကျယ်လောင်လောင် ဖြစ်လာသည်။

ယဉ်နွဲ့ခိုင်ကို ပိုကာကစား သင်ပေးခဲ့သည်မှာအမှားကြီး မှားလေခြင်းဟု ညည်းညူ မိသောအချိန်တွင် ပြင်မရသော အခြေအနေသို့ ရောက်ခဲ့လေပြီ။

ကိုယ်သင်သောမျောက်ကကိုယ့်ပြန်ခြောက်လေသောကိန်း ဆိုက်လေပြီတည်း။

မျောက်မထလေးက ချစ်စရာကလေး။

သွားချင်ရာသွားပေတော့ဟု လွှတ်ပေးလိုက်ရမလား။

www.burmeseclassic.com

www.burmeseclassic.com

'မဖြစ်ဘူးဟေ့၊ မင်းကိုတော့ သံလျှောင်အိမ်ထဲ ထည့်ထားမှဖြစ်တော့မှာ'ဟု သံလျှောင်အိမ်ပဲ လုပ်ရလေ၏။

မြတ်မင်း ဝေခွဲရခက်ပါဘိ။

ဗည်သို့ပင်ဖြစ်စေ၊ တစ်ခုခုတော့ ပြတ်ပြတ်သားသား လုပ်ပါလေမှ ဖြစ်ခည်ဆိုသောအသိဏ မြတ်မင်းစိတ်အစဉ်ကိုလွှမ်းမိုးခဲ့ပြီ။

လင်မယားဆိုသည်မှာ သယ်လာရင်း လမ်းမှာမှောက်ကျသွားသော ဒန်အိုးစပါက်ကြီးလိုသာပ။

လွှတ်ပစ်ခဲ့ရမှာလည်း အဆိန္ဒမှီတဝင်းဝင်း။ ကြက်ပေါင်ကြီးတွေက ထိုးထိုးထောင်ထောင်။ ပြန်ကောက် ထည့်ရမှာလည်း သဲနှင့်ရှုပ်ရှုပ်။

မြတ်မင်းမှာ ယဉ်နွဲ့ခိုင်ကို ပိုင်သူ ဖြစ်ပါသော်လည်း ဆိုင်သူ ယောက်ျားကြီးဏာ ရှိနေသေးသည်။

ပိုင်သူတစ်ဦးတည်း၏သဘောနှင့်ဆုံးဖြတ်သည်ထက် ဆိုင်သူနှင့် ပိုင်သူ ပေါင်း၍ ဆုံးဖြတ်ရသော်....

... ၀....

အခန်း (ခြောက်)

မြတ်မင်း၏ ယောက်ျားကြီးကိုဖြစ်ပျက်နေသမျှအခြေအနေ အကြောင်းရပ် အထွေထွေကို အိတ်သွန်ဖာမှောက် မကွယ်မဝှက် ပြောပြခဲ့၏။

လုပ်ငန်းထဲမှစာရင်းများကိုပင် ဤသို့ဤပုံလိမ်ခဲ့ရပါသည် ။ ငါးလအတွင်း ယဉ်နွဲ့ခိုင် တောင်းယူခဲ့သော ငွေကြေး ပမာဏကိုပါ စာရင်းအင်းနှင့်တကွ ပြောပြလိုက်၏။

ဒေါ်ကြည်ကြည်ခိုင်က ပုံနှိပ်တိုက်လုပ်ငန်းကို မြတ်မင်းတို့ထား လွှဲပေးလိုက်ပြီးသည့်နောက် ရထနာပွဲစား အလုပ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



စိုက်လိုက်မတ်တတ် လုပ်နေခဲ့သည်ကြောင့် ပုံနှိပ်တိုက်လုပ်ငန်း များနှင့်ပတ်သက်၍ လုပ်ငန်း အဆင်ပြေ မပြေလောက်သာ မေးမြန်းပြီး စာရင်းအင်းများကိုမူ တစ်ခါမှ ယူမကြည့်ခဲ့ မစစ်ဆေးခဲ့ပေ။

ယုံကြည်စိတ်ချလို့ လွှဲပြောင်းထားပြီးမှ စစ်လားဆေးလား လုပ်ခဲ့သော် လုပ်နေသူအားပျက်သွားမည်ကိုစိုးရိမ်ပြီး နှစ်ချုပ် စာရင်းရှင်းတမ်းကျမှပဲ ယူကြည့်တော့မည်ဟု စိတ်ကူးထား ခဲ့၏။

မြတ်မင်း ပြောပြသည်များကို ကြားလိုက်ရသော အခါ ဒေါ်ကြည်ကြည်ခိုင်မှာ ဒေါသအိုး ပေါက်ကွဲပါတော့၏။

မြတ်မင်းကိုလည်း မယားအပေါ် ဒီလောက်ကြီး အ[illegible] လိုက်ရပါ့မလားဟု ပြစ်တင်စကား ဆိုခဲ့၏။

မိုက်လုံးကြီးလှသောသမီးကိုလည်း 'ပြန်လာပစေဦး၊ [illegible] လာမှ တွေ့ကြမယ်'ဟု တဖျစ်တောက်တောက် တစ်ကြိမ် တည်းကြိမ်းမောင်းရင်း ယဉ်နွဲ့ခိုင် ပြန်အလာကို စောင့်ခဲ့ ခဲ့၏။

မြတ်မင်းက သားအမိချင်း လွတ်လွတ်လပ်လပ် ပြောနိုင် အောင် ရှောင်ထွက်သွားခဲ့၏။ သူက ဖော်ကောင်လုပ်ခဲ့ပြီး ခိုင်လေးကို မျက်နှာချင်းဆိုင်ရ ခက်နေသည်သည်းပါသေး လေ။

ညနေ ငါးနာရီလောက်မှ ယဉ်နွဲ့ခိုင် ပြန်လာသည်။

သည်နေ့တော့ဂျို အာနှစ်ကောင်မြူးသည်ထင်ပါ။ ယဉ်နွဲ့ခိုင် နှုတ်ခမ်းတွင် အပြုံးပုလဲတွေ သီဝေလျက် လက်ကိုင်အိတ်



အလေးတရမ်းရမ်းနှင့် တိုက်ထဲဝင်လာပြီး ဒေါင်းမောင်း တင်၍ စောင့်နေသူ မာမီကို ပြေးဖက်လိုက်၏။

မာမီ ပါးနှစ်ဖက်စလုံး ရဲရဲတွတ်သွားအောင်စမွှးမွှေးတွေ အားကြီး ပေးပစ်လိုက်၏။

ဆူလိုက်ဖတဲ့ လို့ ဒေါင်းတင်စောင့်နေသူဒေါ်ကြည်ကြည် ခိုင်မှာ သမီးခလေးအနမ်းကြောင့် မဆူရက် မပြောရက် ဖြစ် သွားပြန်သည်။

ရှုံးရှုံးမိုက်မိုက်အရွယ်မို့ စိတ်ထင်ရာ စွတ်လုပ်နေတာပဲဟု သိမ့်မိပြန်သည်။

သမီးအပေါ် မဆူရက်ဆူရက် ချီတုံချတုံ အတွေးလည်နေ ပြန်သည်။

ဒါပေသိ ကိစ္စက မပြောမဖြစ်သောကိစ္စ ဖြစ်နေသည်မို့ ဒေါင်းတင်ထားရာမှ ကျသွားသော ဒေါမာန်ကို မြှင့်ပေး လိုက်ရ၏။

ယဉ်နွဲ့ခိုင်ယူသုံးသော ငွေကြေးမှာ အိမ်အတွက် သုံးသန့် သုံးအဘွက် ထားငွေသာမကဘဲ လုပ်ခန်းလှည့်သည် ငွေများ ထဲမှပါ စာရင်းမရှိ အင်းမရှိ ယူသုံးထားခဲ့ရာ ဘယ်သို့မှ ခုနိုမလွတ်နိုင်အောင် ဖြစ်နေသည်။

ယဉ်နွဲ့ခိုင်ကမူ သူ့မာမီ ဒေါပွနေသည်ကို ဘာမှမသိ။ ဂျိုအာနှစ်ကောင်မြူး၍ တုတ်ပါတိုက်လာသဖြင့်သီချင်းလေး အေးအေးနှင့် ရေချိုး အဝတ်အစားလဲ အလှတွေ တစ်ဝ ပြင်ပြီးမှ ပြန်ထွက်လာ၏။

'မာမီရေ....အစ်ကိုမောင်ရော'

www.burmeseclassic.com

www.burmeseclassic.com



'အပြင်ထွက်သွားစာယ်သမီး၊ သမီး အားပြီမဟုတ်လား မာမီဆီ ခဏလာဦး၊ မာမီ ပြောစရာတွေရှိနေတယ်'

'ဟောဗျ၊ မာမီချစ်ချစ်ကြီးက အဆန်းပါလား၊ ဒါ နော် မာမီချစ်ချစ်ကြီး သမီးကိုမဆူရဘူး၊ သမီးကလေး မာမီ ကို သိပ်ချစ်တာဗျနော်၊ အစ်ကိုမောင်ထက်တောင် မာမီ ပိုချစ်ပါတယ် မာမီရယ်....နော်... နော်'

ဒေါ်ကြည်ကြည်ခိုင်၏ ပြောတော့မည်ဟု ဟန်ပြင်ထား လိုက်သည့် စကားများမှာ လည်ချောင်းဝအရောက်တွင် ပြ ပျောက်သွားရပြန်သည်။

ယဉ်နွဲ့နိုင်အပြောလေးက ဒေါ်ကြည်ကြည်ခိုင် အသည်း ခိုက်သွားလောက်ပေသကိုး။

ဒါပေမယ်....

'ကဲ... သမီး၊ အခုပြောမယ့်ကိစ္စက အရေးကြီးတယ်၊ ပေါ့ ပြက်ပြက် လုပ်မနေနဲ့'

'ဘာများလဲ မာမီ'

'သမီး ငွေတွေယူသုံးတဲ့ ကိစ္စပေါ့'

'ဟင်....မာမီပိုက်ဆံ သမီးသုံးတာပဲဟာ'

'ဒါတော့ဒါပေါ့ သမီးရဲ့၊ ဒါပေမယ့် သမီးသုံးနေတာက လမ်းမှန်ကမ်းမှန်မှ မဟုတ်ဘဲဟာ၊ နောက်ပြီး မောင်မြတ်မင်း ပြောပြတဲ့စာရင်းအရ သမီးသုံးထားတဲ့ငွေတွေက မနည်းဘူး လေ၊ အလုပ်ထဲကငွေတွေပါ ပါနေတယ်၊ နောက်ပြီး သမီး သုံးတာက ဖဲရိုက်...'

'ဩော်....အစ်ကိုမောင်က မာမီကို တိုင်ပြီပေါ့'



'ဘယ်လိုပြောလိုက်တာလဲသမီး....ဟင်၊ မောင်မြတ်မင်းက သမီးအပေါ်မှာ ဘယ်လောက် ချစ်ရှာသလဲ၊ သူ့ဘတ်နိုင် သလောက်နည်းနဲ့ သမီးအလိုကိုဖြည့်စွမ်းခဲ့ရှာတယ်လေ၊ ဖုံးဖုံး ဖိဖိလုပ်ခဲ့တယ်၊ မတတ်သာတော့မှ ရိုးရိုးသားသား ပြောပြ ခဲ့တာ၊ မာမီတို့ သမီးတို့ စီးပွားရေးကို ထိန်းသိမ်းဖို့စေတနာ နဲ့ ပြောတာကို သမီးဒီလို ပြောလို့မဖြစ်ဘူး၊ မာမီ အလိုလိုက် နိုင်တဲ့အတိုင်းအတာက ကျော်လွန်လာတာကိုတော့ ဆက်ပြီး အလိုမလိုက်နိုင်ဘူး သမီး'

'ဒါတော့ မာမီရယ် သမီးတို့ လင်မယားချင်းပဲဟာ သူ့ ကိုယ်တိုင် သမီးကိုပြောပေါ့၊ မာမီကို တိုင်တယ်ဆိုတာတော့'

'သမီးကို မပြောရက်လို့ မာမီကို ပြောတာပဲ သမီးက ဝမ်းသာဖို့တောင် ကောင်းတာပေါ့၊ သမီးကို မာမီ ပြောချင် တာက ငွေသုံးတဲ့အကြောင်းက အဓိကမဟုတ်ဘူး၊ သမီး အသက်အနှစ်ဆယ်စွန်းရုံလေးပဲ ရှိသေးတယ်နော်၊ သမီးလို အသက်ငယ်ငယ် မိန်းကလေးတစ်ယောက်က အိမ်မကပ်ဘဲ အပေါင်းအသင်းတွေဆီပဲ သွားပြီး ဖဲရိုက်နေတာကို ဘယ် လင်သားမျိုးက ခွင့်လွှတ်နိုင်ပါ့မလဲ၊ မောင်မြတ်မင်းက သမီး အပေါ် ဘယ်လို စိတ်ချနိုင်ပါ့မလဲ၊ ဒီလောက်တော့ သမီး စဉ်းစားဆင်ခြင်ရမှာပေါ့'

'ဒါတော့ မာမီရယ် အစ်ကိုမောင်က သဲလွန်းတာပါ သမီးတို့ ကစားဖော်တွေဟာ အကျော်အလွင့်တွေမှ မဟုတ်ဘဲ၊ အားလုံးလူကြီးလူကောင်းတွေပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် သမီးကို ဒုက္ခလှလှကြီးပေးခဲ့တဲ့ ဖရက်ဒီဆကော လူကြီးလူကောင်းသားသမီး မဟုတ်ဘူးလား'

'ဟိုတုန်းက သမီးက ငယ်ငယ်မို့'

'တော်တော့သမီး၊ ခု မာမီပြောနေတာက မာမီကို ဆင်ခြေပြန်ကန်ဖို့ မဟုတ်ဘူး သမီး၊ သမီးစဉ်းစားဖို့ ပြောနေတာ၊ နောက်တစ်ကြိမ် အမှားဖြစ်ခဲ့ရင် သမီးဘဝဟာ နစ်မွန်းသွားလိမ့်မယ်၊ ဘယ်လိုမှ အဖတ်ဆယ်ရလိမ့်မယ် မဟုတ်ဘူး၊ မေမေ ပြောချင်တာက ဒါပဲ'

'ဟုတ်ကဲ့ မာမီ'

'အေး နောက်ပြီးတော့ ဒီနေ့ကစပြီး အပြင်ထွက်ဖဲရိုက်တာကို မာမီ လုံးဝခွင့်မပြုနိုင်ဘူး၊ သမီးကိုယ်ပိုင် အသုံးစရိတ်အားလုံးကို မောင်မြတ်မင်းဆီမှာ လုံးဝမတောင်းရဘူး၊ မာမီဆီမှာပဲ တောင်းရမယ်'

'မာမီတို့ သဘောပါ မာမီရယ်'

ယဉ်နွဲ့ခိုင်၏ နောက်ဆုံးပြော သံလေးမှာ ငိုသံသဲ့သဲ့ ပါလာသည်နှင့်အတူ မျက်ရည်ပေါက် အလေးများမှာ ပုလဲသီသို့ ရွဲသီသို့။

သမီးဖြစ်သူ၏ မျက်နှာပေါ်တွင် ပုလဲသီသို့ ရွှဲသီသို့ဖြစ်လာသည်နှင့် မာမီမျက်ဝန်းမှာလည်း ရွှဲရွှဲစိုရလေပြီတည်း။

ဒါပေသိ မတတ်နိုင်ပါလေ။ ဒေါ်ကြည်ကြည်ခိုင်ခမျာ ရင်မလင်းစေကာမူ သမီးဖြစ်သူကိုအားတင်း၍ဆူပစ်လိုက်ရသည်။

ယဉ်နွဲ့ခိုင်ကာ မာမီကို မလှန်ရဲသဖြင့် ငြိမ်နေလိုက်ရသော်



လည်း အစ်ကိုမောင် ပြန်လာရင်တော့ သိရောပေါ့ဟုတေးပစ်လိုက်၏။

ဒေါ်ကြည်ကြည်ခိုင်က 'သမီးပြန်လာပစေဦး'ဟု ကြုံးဝါးလိုက်သလို သမီးဖြစ်သူကလည်း 'လင်တော်မောင် ပြန်လာရင် သိကြရောပေါ့' ဟု။

ကဲ-ဘယ်နှဲ့ရှိပါစ။

မြတ်မင်းအဖို့ ယနေ့ည အိပ်ရာအဝင် သက်သာခွင့် မမြင်ပါပေ။

ဗိုက်ကြောပဲ ပူလေ့လေ့ရှား။

ပေါင်တွင်းကြောပဲ နီလေမလား။

ကျောကုန်းကြီးဘဲ ဗျောတပ်ခံရလေမလား။

တစ်ခုခုတော့ တစ်ခုခုပေါ့။

ဟုတ်ပ။

နေ့ခင်းဘက်မှ မဟုတ်ဘဲဟာ- အိပ်ရာဝင်ချိန်မှာယောက်ျားများက မိမိ၏ ဇနီးမယားကို မနိုင်တတ်ပါပေ။

မြတ်မင်းက အိမ်ပြန်ရောက်သည်နှင့် ခါတိုင်းလိုပင် အပြုံးဝေသီသော မျက်နှာလေးခပ်ရွှင်ရွှင်ဖြင့် 'ခိုင်လေးနေကောင်းတယ်နော်'ဟု ဆိုနေကာ နှုတ်ဆက်စကားဆို၍ နှုတ်ဆက်လိုက်ပါ၏။

ခိုင်လေးထံမှမူ တုံ့ပြန်သော အပြုံးရိပ်သန်းမလာဘဲ နှုတ်ခမ်းကိုစူ၍ မျက်နှာကို မြတ်မင်းနှင့် ဆန့်ကျင်ဘက်သို့ လှည့်ပစ်လိုက်၏။

မြတ်မင်းက အပြုံးကိုမလျှော့ပါ။ အိမ်ပြန်ရောက်ရင်သည်

www.burmeseclassic.com

www.burmeseclassic.com



လိုအခြေအနေ တွေ့လိမ့်မည်ကို မျှော်လင့်ပြီးသား။ ခိုင်ဆေး၏ နဖူးပေါ်သို့ မဂိုတရိုဝဲကျနေသော ဆံစအလေးများကို ပင့်တင်ပေးလိုက်ပြီး လုံးဝန်းနေသည့် ပခုံးလေးကို မွှတ်မွှတ် သိပ်သိပ်ဆုပ်ကိုင်ရင်း–

'ခိုင်လေး အစ်ကိုမောင့်ကို ဘာတွေများ စိတ်ကောက်နေသလဲကွယ်'

ခိုင်လေးထံမှ တုံ့ပြန်သံအစား မြတ်မင်း၏ လက်ဖျားများကို ပုတ်ချပစ်လိုက်ခြင်းဖြင့် ဆန္ဒပြမှုအရှိန်ကို မြှင့်ပေးလိုက်၏။

မြတ်မင်းအတော့် တဟဲဟဲနှင့်။

ဇယားချောကလေးကို စိတ်ရှည်လက်ရှည် ဆက်လက်ချော့မြပါ။

ဒါပေသိ တစ်ဖက်က ဘယ်လိုမှမပျော့။

ချော့သူသာ လက်လျှော့လိုက်ရသည်။

မိန်းမကို အချစ်ကြီးချစ်တတ်သူ ယောကျ်ားတို့၏ဒုက္ခမှာ မသေးပါကလား။

မြတ်မင်းက မိန်းမကို ချော့မရသည့်အဆုံး ရေချိုးခန်း ဝင်ပြီး ဒေါပွမှုနှင့် ရေတွေကို တဗွမ်းဗွမ်း လောင်းချိုးပြီး ဒေါသကို နှိမ်နင်းလိုက်ရ၏။

ကဲ မွှတ်ကရော။

ဒေါသဟူသည် အပူ။

ရေသည် အအေး။



အပူကို အအေးနှင့် ဖိသတ်လိုက်တော့မှာပဲ ဒုက္ခငြိမ်းတော့သည်။

မြတ်မင်း ရေချိုးထွက်လာချိန်တွင် ယဉ်နွဲ့ခိုင်မှာ အိပ်ရာထဲ ရောက်နေပြီ။

မြတ်မင်းက အိပ်ရာမဝင်ရသေး။

စီးကရက်တစ်လိပ် သောက်ရင်း ပါးစပ်မှ ကွင်းလိုက်မှုတ်ထုတ်လိုက်သောမီးခိုးရိပ်များကို ကြည့်ပြီးဇနီးချောကလေးကို ဘယ်သို့များ ချော့ရပါမလဲဟု အတွေးနယ်ချဲ့၍ အာငေးနယ်ချဲ့ချသန့်ဝင်နေမိ၏။

စီးကရက်များသည်သာ တစ်လိပ်ပြီးတစ်လိပ် မီးစား၍ကုန်သွားခဲ့၏။

ချော့ကွက်ကိုမူ ရှာမရနိုင်ရှာပေ။

နောက်ဆုံးတွင် မြတ်မင်းတစ်ယောက် စီးကရက် မီးခိုးချွန်ဖြင့် ရှာမရနိုင်သော ချော့ကွက်အဖြေကို ရှာဖွေရန် အိပ်ရာထဲသို့ ဝင်ခဲ့ရ၏။

ယဉ်နွဲ့ခိုင်မှာ မြတ်မင်းအိပ်မည့်ဘက်သို့ ကျောပေးလျက် ခွေခွေလေး။ မြတ်မင်းက မှေ့ယာပေါ်သို့ ဖြည်းဖြည်းအသာ လှဲပြီး ပက်လက်ကလေးလှန်လျက် နဖူးပေါ်လက်တင်ပြီး စဉ်းစားချသန့်ဝင်၍ကောင်းနေဆဲ။ 'ဟောဗျ၊ အမယ်လေး'ဟု အော်သံမှာ မြတ်မင်းနှုတ်ဖျားဆီမှ ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်လာခဲ့၏။

မြတ်မင်းက စဉ်းစားချသန့်ဝင်၍ ကောင်းနေဆဲ၊ ယဉ်နွဲ့ခိုင်က မြတ်မင်းဘက်လှည့်လာပြီး ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည့်ကြောင့် မြတ်မင်းခမျာ လန့်ဖျပ်ပြီး 'ဟောဗျ၊ အမယ်လေး' ဟု လန့်အော်လိုက်မိခြင်းပါ။

'ဘာလဲ အစ်ကိုမောင်က မာမီကိုတိုက်တယ်ပေါ့ ဟုတ်လား'

'မတိုက်ပါဘူး ခိုင်လေးရယ်၊ မာမီက အလုပ်အခြေအနေမေးလို့ ပြောပြရတာပါ'

'အစ်ကိုမောင်က သတ္တိရှိရင် ခိုင်လေးကို ခဲ့ပါလား၊ ခုတော့....'

'အို ခိုင်လေးကလဲ အစ်ကိုမောင် မဟုတ်တာတွေ ပြောတာမှမဟုတ်ပဲဟာ'

'ဟုတ်တာဖြစ်ဖြစ် မဟုတ်တာဖြစ်ဖြစ်၊ ပြောစရာရှိ လင်မယားချင်း ပြောပေါ့၊ ခုဟာက သက်သက်သားအမိချင်း တိုက်ပေးတာ မဟုတ်လား၊ ကဲ....'

'အုံး အုံး ဘုံး ဘုံး'

'ကဲ' နောက်က ဘာစကားသံမှမထွက်လာဘဲ မြတ်မင်းကို ဆွဲဆောင့်လိုက်၊ ထုလိုက်လုပ်နေသည်မှ အုံး အုံး ဘုံး ဘုံးအသံတွေ ထွက်လာ၏။

မြတ်မင်းက ဒလစပ်ဝင်လာနေသော ယဉ်နွဲ့ခိုင်၏လက်သီးဆုပ်များကို ကိုယ်ကလေးတွန့်ကာလိမ်ကာ ရှောင်ရင်း ထဟဲဟဲ နေရရှာ၏။

မြတ်မင်းကို အားရအောင် ထုဆောင်းပြီးမှ ယဉ်နွဲ့ခိုင်က ခုတင်ပေါ်မှာ ဒူးခေါင်းလေးနှစ်ချောင်း ထောင်ထိုင်ပြီး



သူ၏ကျစ်လျစ်ပြည့်ဖြိုးသောကိုယ်လုံးကလေးကို လှုပ်လဲ့လှုပ်လဲ့ လုပ်ရင်း တရှုံ့ရှုံ့ ငိုပါလေတော့၏။

ဒီတော့မှပဲ မြတ်မင်းအတွက် ချော့ကွက်ပေါ်လာသည်။

ပါးစပ်က ခိုင်လေးချင်းထပ်အောင်ခေါ်လျက်က ယဉ်နွဲ့ခိုင်၏ လက်ဖျားကလေး၊ သည်မှ လက်မောင်းအိုးကလေး၊ သည်မှ ပခုံးသားမွတ်မွတ်ကလေးကို ထိုမှဤသို့ ဤမှထိုသို့ ညင်းညင်းသက်သက် ချော့မော့ခဲ့ရ၏။

တစ်ဖက်ခြံမှ ဒရဝမ် ဘာဘူရမ်း၏ 'ဘားရားဘားဂျားဟိုး' အော်သံထွက်ပေါ်လာသည့်တိုင် အာခေါင်တွေခြောက် လျှာဖျားမှာ တံတွေးမစိုနိုင်လောက်အောင် ချော့မော့နေရဆဲ။

'ဘားရားဘားဂျားဟိုး' ပြီးသည့် သန်းခေါင်ယံ လွန်မြောက်၍ 'ဒိုးဘားဂျားဟိုး' နှစ်နာရီထိုးပြီမှု၊ အော်သံထွက်ပေါ်လာချိန်တွင် ယဉ်နွဲ့ခိုင်ကိုယ်လုံးကလေးမှာ မြတ်မင်းရင်ခွင်ထဲသို့ ပျော့ခွေလျက် မြတ်မင်း၏ပခုံးပေါ်သို့ယဉ်နွဲ့ခိုင်၏ ခေါင်းကလေး စောင်းငဲ့မှီတင်နေခဲ့ပေပြီ။

ဒိုးဘားဂျားလဲဟိုးကရော မြတ်မင်းနှာခေါင်းလဲ နာနေပါလေရော။

'အင်းကိုမောင် ဒါပဲနော်၊ နောက်ဆို ခိုင်လေးတို့ကိစ္စ မာမီကို မပြောရဘူးနော်'

'မပြောပါဘူးတဲ့ဗျား၊ မပြောပါဘူး'

'တကယ်နော် အစ်ကိုမောင်'

'ခိုင်လေးကပြောပါတိုင်ရင်တောင် အစ်ကိုမောင်က မပြော

www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးတဲ့ဗျာ၊ ခိုင်လေးလဲ အပြစ်ထွက် ဖွဲ့မရိုက်ရတော့ဘူးနော်'

'နေ့တိုင်းမသွားတော့ဘူးလေ'

'ဒါဖြင့်'

'တစ်ပတ်တစ်ခါ အဲဗရီးဆန်းဒေးပေါ့၊ အစ်ကိုမောင်လဲ့လိုက်ခဲ့၊ ဒါလောက်တော့ အစ်ကိုမောင်အ ခွင့်လွှတ်ပေါ့ကွယ်'

မြတ်မင်းက ခေါင်းမညိတ်ချင်ပေမယ့် 'ကွယ်' ကြောင့်ခေါင်းညိတ်လိုက်ရသည်။

နောက်ဆုံး 'ကွယ်' လေးမှာ 'ရှီးရှီးကွယ်' မဟုတ်။ဆွဲဆောင်သံ အားအပြည့်ပါသော နွဲ့သံသဲ့သဲ့ 'ကွယ်' ဖြစ်ပါလေ၏။

ဒါကြောင့်လည်း ရှေးလူကြီးများက 'လင်နဲ့မယား လျှာနဲ့ သွား' ဟု ဆိုခဲ့သည်ထင်ပ။ ကိုက်မိ ခဏပေါ့။

ဆစ်ခနဲနာပြီး ဇပျာက်ကရော၊

အစ်ကိုမောင်နှင့်ခိုင်လေးတို့ နှစ်ဖောက်မှာလည်း ဆစ်ခနဲ။

...၀...

အခန်း (ခုနစ်)

ငနီးမောင်နှံများ တစ်ယောက်နှင့်တစ်ယောက်အတောက်အဆဖြစ်ပြီး ကြေည်ရာမှ ပြန်လည်သင့်မြတ်၍ ရယ်လာသောကာလလေးမှာ အိမ်ထောင်သည်ခ အပြည့်အဝဆုံး ခံစားရ၍ အပျော်ရွှင်ဆုံးသောကာလဟု သတိမှတ်ရပေမည့်ပင်။

သည်နောက်ပိုင်း ယဉ်နှံ့ခိုင် ခြေငြိမ်သွားသည်။

ဗိုင်းကောင်းကျောက်မိ မိန်းမသားပီပီ သသနေထိုင်ခဲ့၏။

တနင်္ဂနွေနေ့မှအပ အခြားသောနေ့များတွင် အပြင်လုံးဝထွက်။

ပုံနှိပ်တိုက်သို့ပင်လိုက်လာပြီး မြတ်မင်းနှင့်အတူ နေထိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကတော်ကိုယ်တိုင် တိုက်ဈာထိုင်သည့်အတွက်အလုပ်သမားတွေ ပျော်ကြသည်။ ဝမ်းသာကြသည်။

တိုက်ပိုင်ရှင် ဆရာဆိုသည်မှာ ဇာပ်စေးအလွန်နဲ့သူ။

ဘာလေးဖြစ်ဖြစ် စာရင်းအင်းစကား ပြောတတ်သည်။

အလုပ်သမားတွေရှေ့မှာဆို လုပ်ငန်းက မြတ်ပါသည်ဟု ဘယ်တော့မှမပြော။ လုံးချာလိုက်နေသည်၊ အရှုံးပေါ်နေသည်ဆိုသော ညည်းသံများကိုသာ အလုပ်သမားများ ကြားနေရသည်။ တိုက်ရှင်ဆရာက လက်ဖက်ရည်ဝယ်တိုက်ဖို့ ထုံးစံမရှိ။

ဆရာကတော်ပါလာသည့်အခါ 'မမရယ် ကျွန်တော်တို့ ဆာလိုက်တာ' ဟု မညည်းလိုက်နဲ့ ဆရာကတော်ကပိုက်ဆံထုတ်ပြီးသား။

ချိုင့်ကလေးကိုင်ပြီး လက်ဖက်ရည်ဆိုင် ပြေးပေတော့။

ဒါကြောင့် ဆရာကတော် တိုက်ကိုလိုက်လာရင် အလုပ်သမားတွေ အလွန်ပျော်ကြသည်။ စကားပြောသံတွေ စီညံ ကြားရသည်။

ဆရာကတော် မပါလာရင် ဆရာဦးမြတ်မင်းက အလု ဆူပူကြိမ်းမောင်းတတ်သည်။

ဆရာကတော်ပါလာရင်ဖြင့်တပြုံးပြုံးနှင့်၊ မျက်နှာထားက အလွန်ချို။

ကြောင်မကြီးရှိလျှင် ကြွက်ငြိမ်ဆို မဟုတ်လား။

ဒါပေသိ....



ဆရာကတော်က တိုက်ကို သုံးလလောက်တော့ မှန်မှန်လိုက်လာနိုင်သည်။

နောက် ပြတ်တောင်းပြတ်တောင်း။

လေးလလောက်လဲကြာရော ဆရာကတော် အလုပ်တိုက်ကို လိုက်မလာတော့။

လေးလလောက်တော့ဖြင့် ယဉ်နွဲ့ခိုင် ခြေ အငြိမ်သား။ နောက်ပိုင်း ခြေဖဝါးမွေ့ယားလာသည်။ ဂျိုးစာနှစ်ကောင်နှင့်ပြန်ပလူးခဲ့သည်။

စပိတ်တစ်၊

ဝိုင်းမှန်းဆဲဗင်း၊

ဝင်း၊ ပလေး

တို့နှင့် လုပဆော ဖဲပွဲငိုက်ကလေးများသည် ယဉ်နွဲ့ခိုင်၏ ဒါးလပ်အိပ်မက်ထဲတွင် အရိပ်ထင်လျက် ရှိချေပြီ။

အဲဗရီးဆမ်းဒေး မဟုတ်တော့ဘဲအဲဗရီးဒေးဖြစ်လာသည်။

တစ်ပတ်နှစ်ခါမှ မခြား။

ရက်ခြားမှသည် နေ့စဉ်အပြင်ထွက်ရက်တွေ များလာသောအခါ မြတ်မင်းက မကြည်သာတော့။ အိပ်ရာထဲအရောက် ယားတွေ ကျွက်စီကျွက်စီ ဖြစ်လာသည်။

မြတ်မင်းအာ တိုးတိုးကျိတ်ကျိတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မာမီက ပွက်ပွက်ညံ့ ဆူသည်။

ယဉ်နွဲ့ခိုင်က ဆင်ခြေတက်သည်။

'ကြေးကြီးဝိုင်းမှာ မကစားပါဘူး အစ်ကိုခေါင်ရယ်'

'သမီးလဲ မာမီပေးတဲ့အသုံးစရိတ်အလေးနဲ့ သူငယ်ချင်းတွေဆီ အပျင်းပြေသွားဆော့တာပါ၊ သွားတိုင်းလဲ ကစားတာမဟုတ်ပါဘူး၊ နေ့ခင်းဘက် သူငယ်ချင်းတွေစုပြီး တစ်ခုခုလုပ်စားကြတာပါ၊ ဒါမှမဟုတ် ဗိုလ်ချုပ်ဈေး သွားကြတာပါ၊ သမီးလေ အိမ်ကငွေတွေလဲ ယူမသုံးဘူး၊ အစ်ကိုခေါင့်အလုပ်ထဲက ငွေလဲ မတောင်းဘူး'

ယဉ်နွဲ့ခိုင်၏ဆင်ခြေက သည်လို။

ယဉ်နွဲ့ခိုင် ဆင်ခြေက ဆင်ခြေကောင်း။

ဟုတ်ပါသည်။

သူတို့လို မီးဖိုချောင်အရေး မစဉ်းစားရသူ အထက်တန်းလွှာများမှာ အပျင်းပြေ ကစားရင် ကစား၊ မကစားရင် စား၊ မစားရင် သွား ဆိုသူများ ဖြစ်ပါလေ၏။

ဝယ်အည်မဝယ်သည် အပသား၊ ဗိုလ်ချုပ်ဈေးကိုတစ်ပတ်ပါးခါလောက် ရောက်ရမှ။ ရောက်ပြီဆိုလျှင်လည်း နှစ်နာရီသုံးနာရီလောက် ဈေးအနှံ့လည်ရမှ။

အလှပြင် ပစ္စည်း အသစ်တွေ ဘာတွေရောက်သလဲ။

အထည်အဆင်ဆန်း ဘာတွေပေါ်သလဲ။

သည်နှစ်ချက်ကို အရင်းခံထားပြီး ဈေးထဲလှည့်ကြသည်။



ဆိုင်တွေအားလုံးနီးပါးလောက်က သူတို့အသိ။ ပစ္စည်းအသစ်အဆန်းရောက်လျှင် သူတို့ကိုပြမည်။

သူတို့ဆိုတာဗာ ပြလျှင် မယူဘဲအားပါဘူးလို့ ဘယ်တော့မှ မငြင်း။

ပစ္စည်းအသစ်အဆန်းဆိုသည်နှင့် ဈေးမငြင်း ဝယ်သည်။ သူတို့လက်ကိုင်အိတ်ထဲမှာ ပိုက်ဆံမပါလဲ အရေးမကြီး၊ ဝယ်လို့ရသည်။ နေ့တိုင်းနီးပါး ဈေးထဲရောက်နေသူတွေပဲဟာ ငွေလက်ငင်းချေဖို့ မလိုပါလေပေါ့။

ယဉ်နွဲ့ခိုင်ဆင်ခြေက ခိုင်လုံနေသလိုလို။

ပြောမည်ဆိုသည့် ဟန်ပြင်သူကပဲ တောင်းပန်ရမလိုလို။

ဒါပေသိ ယဉ်နွဲ့ခိုင်၏ လက်ပတ်လက်စားများမှာရွှေအစစ် စိန်အစစ်မဟုတ်တော့သည်ကိုမူ မြတ်မင်းရော ဒေါ်ကြည်ကြည်ခိုင်ပါ မသိကြရှာပေ။

တချို့သော လက်ဝတ်လက်စားများမှာမူ အတုပင် မထားနိုင်အောင် အရည်ဖျော်ပစ်ခဲ့ပြီဖြစ်၏။

ဒေါ်ကြည်ကြည်ခိုင်ထံမှ ဖြစ်စေ၊ မြတ်မင်းထံမှ ဖြစ်စေ ငွေမတောင်း။ မာမီပေးသမျှနှင့် သုံးနေဟန်ဆောင်ခဲ့၏။

သူတို့ထံမှ ငွေတောင်းလျှင် အရင်တစ်ခါလို ပြဿနာပေါ်မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသေဖူး၍ ပျဉ်ဖိုး နားအညည်ခဲ့ပြီးသူ ယဉ်နွဲ့ခိုင်မှာသူ မွဲအစားရန် ငွေရဖို့အတွက် သူ့နည်းသူ့ဟန်ဖြင့် ဖန်တီးဖြေရှင်းခဲ့၏။

အဲဒီလိုနှင့် ယဉ်နွဲ့ခိုင်၏ လက်ဝတ်ရတနာများမှာ တဖြည်းဖြည်းအတုတွေများလာခဲ့ပြီး တချို့ရတနာပစ္စည်းများကို အဖျောက်ရှင်းပစ်ခဲ့ရသည့်အထိ။

ဒါတွေမရှိလို့ ယဉ်နွဲ့ခိုင်အဖို့ ဘယ်လိုမှ မထိခိုက်ပါလေ။ ပွဲဝိုင်းမထိုင်ရရင်သာ သူ့အဖို့ ထိခိုက်သည်။

ယဉ်နွဲ့ခိုင်အတွက် လုပ်ပေးထားသော လက်ဝတ်ရတနာစိန်ထည်များကို အပျိုတုန်းကဝတ်ခဲ့သော်လည်း အိမ်ထောင်ကျပြီးမှ ဝတ်လေ့ဝတ်ထမရှိ။

ဒါကြောင့် သူ၏ လက်ဝတ်ရတနာများနှင့် ပတ်သက်၍ ဒေါ်ကြည်ကြည်ခိုင်က ဘယ်လိုမှ ရိပ်မိခြင်းမရှိခဲ့ပေ။

အစစ်ကို အတုဖြစ်အောင် ဖန်တီးနိုင်ခဲ့သော လက်ဝတ်ရတနာများကိစ္စကို ဖုံးဖုံးဖိဖိ ပြဿနာမပေါ်အောင် လုပ်နိုင်ခဲ့သော်လည်း အဖီးသင်းပျံ့ပျံ့မွှေးရနံ့ မထုံဘဲ ဟောင်စောင်စော်စော် ထွက်ပေါ်လာသော အပုပ်နံ့ကိုမူ လုံအောင်မဖုံးနိုင်ခဲ့ပေ။

'ဒီအမျိုးသမီးဟာ ဖဲသိပ်ဝါသနာပါတာ၊ သူ ဖဲရှုံးနေတဲ့အခါ ခေါ်လို့ရတယ်၊ထုတ်လို့ရတယ်၊ကိုယ်ပိုင်ကားနဲ့သီးသန့်နေရာရှိမှ၊ ဖဲရှုံးတဲ့အခါ မခေါ်နဲ့၊ မရဘူး''



ပထမတော့ ဒီသတင်းက သူတို့လို ဝိုင်းသမားလောကထဲမှာတင် တီးတိုး တီးတိုး ဖြစ်နေသော သတင်း။ လက်တို့ပြောရသော သတင်း။

နောက်ပိုင်း ဗူးတစ်ရာအပေါက်နှင့် လူ့ပါးစပ်တစ်ပေါက် ဆိုသလိုပိတ်မရနိုင်သော ပါးစပ်တစ်ပေါက်က တစ်ဆင့် တဖြည်းဖြည်းစကော့ဈေးတို့ သိမ်ကြီးဈေးတို့ထိအောင် ပျံ့နှံ့လာခဲ့သည်။

ထိုသတင်းမျိုး ဆိုသည်က ကာယကံရှင်များ နားထဲသို့ တော်ခတော်နှင့် မရောက်တတ်။ မြို့လုံးပတ်လည် နှံ့ပြီးမှသာ ကာယကံရှင်များနားထဲ ရောက်တတ်သောသတင်းမျိုးဖြစ်၏။

ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး ဒီသတင်းမျိုး ကြားသူက ကာယကံရှင်ကို ပြန်ပြောလေ့မရှိ။

အလွန်ပြောရခက်သောသတင်းမျိုးဖြစ်သမို့ သိသည့်တိုင် မပြောကြ။

သူများ မကြားချင်လောက်အောင် နားလျှလာမှ ကာယကံရှင်များက ကြားရသည်။

မြတ်မင်းကြားပုံကိုလဲ ကြည့်ဦး။

တနင်္ဂနွေနေ့တစ်နေ့တွင် ယဉ်နွဲ့ခိုင်က ထူးထူးခြားခြား အပြင်မထွက်ဘဲ ရုပ်ရှင်ကြည့်ရန် မြတ်မင်းကို ပူဆာသည်။

ချစ်ချစ်ကလေးမှာ တနင်္ဂနွေနေ့တွင် အိမ်ကပ်လေ့ရှိသော မြတ်မင်းအပြင်ထွက်ခဲ့ရာမှ ရွှေလှကော်တွင်၍ ရုပ်ရှင်ပွဲသွားကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောအခါ မြတ်မင်း ဝမ်းသာသွားရသည်။ နှစ်ယောက်အတူတွဲ၍ ရုပ်ရှင်မကြည့်ရသည်မှာ ကြာပြီကော။

မြတ်မင်းတို့ ရုပ်ရှင်ကြည့်သည့်ပွဲမှာ သုံးနာရီခွဲပွဲ။
ကြည့်မည့်ရုံမှာ ပဒုမ္မလဒီယံရုံ။

ရုံမှဖွင့်သေးသဖြင့် လင်မယားနှစ်ယောက်သား တစ်ဖက်ပလက်ဖောင်းပေါ်တွင် အေးအေးလူလူရပ်လျက် ရုပ်ရှင်ရုံတွင် ဆွဲချိတ်ထားသော ပိုစတာကြီးများကို ကြည့်နေစဉ် သူငယ်နှစ်ယောက် သူတို့အနားသို့ ရောက်လာ၏။

တစ်ယောက်က မီးခိုးရောင် သက္ကလပ်အပေါ်စား ဘောင်းဘီရှည်၊ ကြက်ဥနှစ်ရောင် အက်စ်အို ရှပ်လက်ရှည်နှင့်။

တစ်ယောက်က ရှပ်အင်္ကျီအဖြူ၊ နက်ပြာရောင် အယ်လ်ပတ်ကားအပေါ်စား အပေါ်အင်္ကျီနှင့်၊ အစိမ်းနှင့် အဖြူ ဖောက်ထားသော ရွှေတောင်လုံချည်ကွက်စိပ် ဝတ်ထား၏။

နှစ်ယောက်စလုံး၏ ဟန်ပန်မှာ ပိုက်ဆံ ဖြုန်းနိုင်သော အထက်တန်း ကြမ်းပိုးအသွင် ပေါ်လွင်နေဘိသို့။

ငနာနှစ်ကောင်က ယဉ်နွဲ့ခိုင်နှင့်အတူရပ်နေသောမြတ်မင်းကို လုံးဝအလေးမမူ ဂရုမထားဘဲ ယဉ်နွဲ့ခိုင်ကိုသာ ပိုင်စိုးပိုင်နင်း နှုတ်ဆက်ခဲ့ကြ၏။

သူတို့နှစ်ယောက် နှုတ်ဆက်ပုံမှာ တရင်းတနှီး။
'ဟေး... အေမီ၊ ဘယ်လိုလဲ၊ ပစ်ချာ လာကြည့်သလား၊ ဒီလိုမှန်းသိရင် ကိုယ်တို့ လက်မှတ် ပိုယူထားလိုက်မှာပေါ့'တဲ့။



ယဉ်နွဲ့ခိုင်မှာ ကွက်ခနဲ မျက်နှာတစ်ချက် ပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေပြန်ဆည်ပြီး စကားပြန်မတုံ့ပြန်ဘဲ ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

'နောက်အပတ် ဘယ်လိုလဲ'

ယဉ်နွဲ့ခိုင်က ပါးစပ်မလှုပ်ဘဲ ခေါင်းညိတ်ပြလိုက်၏။

ဒီတော့မှပဲ ငနာနှစ်ကောင်လည်း ရှေ့သို့ ဆက်လက်ချီတက်သွားတော့၏။

ယဉ်နွဲ့ခိုင်ဘေးမှ အသာရပ်၍ အကဲခတ်နေသူ မြတ်မင်းမှာ သူတစ်ခါမှ မကြားသိဖူးသော ဇနီးသည်၏ နာမည် အသစ်စက်စက်ကို ကြားလိုက်ရသဖြင့် တအံ့တဩ ဖြစ်သွားခဲ့ရ၏။ နောက်ပြီး နှုတ်ဆက်ပုံက ပိုင်စိုးပိုင်နင်းကြီး။ သူ့ကို လုံးဝ အရေးမထားသည့် ဟန်အပြည့်နှင့်။

ယဉ်နွဲ့ခိုင် မျက်နှာ ကွက်ခနဲ ပျက်သွားသည် ကိုလည်း မြတ်မင်း တွေ့လိုက်ရ၏။ တကယ်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည်ဆိုပါမူ ယဉ်နွဲ့ခိုင်က မြတ်မင်းနှင့် မိတ်ဆက်ပေးရမည်သာ ဖြစ်၏။

ခုတော့...

မြတ်မင်းမှာ တွေးစရာတွေ တစ်ပုံတစ်ပင်နှင့်။

'နောက်တစ်ပတ် ဘယ်လိုလဲ'တဲ့။

ကဲ... မြတ်မင်းခေါင်းထဲမှာ အတွေးပေါင်းစုံတို့ ထက်

www.burmeseclassic.com

www.burmeseclassic.com

ခနဲ လက်ခနဲ ဟိုမှသည် သည်မှဟိုသို့ တွေးစရာတွေက များမှ များလိုက်ပါဘိ။

ရုပ်ရှင်ကြည့်ဖို့ထွက်လာစက သူ၏ရင်ထဲမှာ ကိန်းအောင်းနေခဲ့သော ကြည်နူးဝမ်းသာ ပျော်ရွှင်စရာများမှာ ဘယ်ဆီသို့ လွင့်ပါသွားလေပြီ မသိ။

ခုတော့ သူ၏ရင်ထဲမှာ တင်းကြပ်နေသည်။ ရုပ်ရှင်ကြည့်ချင်စိတ်ပင်မရှိတော့။ ပို၍ဆိုးသည်မှာ အစ်ကိုမောင်၏ ခိုင်လေးကာပါ နှုတ်ဆိတ်နေခြင်းပင်။

သူ့မှာလည်း အတွေးခေါင်းစုံ ရှိနေတော့မပေါ့။

အစ်ကိုမောင် မေးလျှင် ဘယ်လိုဖြေရပါမလဲ ဆိုသော အတွေးများဖြင့် ဆင်ခြေဆင်လက်များကို စဉ်းစားနေရလေပြီကော။

ရုပ်ရှင်ရုံထဲ ဝင်ခဲ့ရသည့်တိုင် မြတ်မင်းရင်မှာ မလင်း။ မျက်စိတွေ မကြည့်ရှင်းတော့ဘဲ 'ယဉ်နွဲ့ခိုင်တစ်ယောက် ဟို အခြေသို့များ' ဆိုသော အတွေးက မြတ်မင်း၏ စိတ်သန္တာန်နှင့် ရုပ်ခန္ဓာကို လှုလှုပပကြီး နှိပ်စက်နေခဲ့ပေပြီ။

'အေမီ ဘယ်လိုလဲ၊ ဒီလိုမှန်းသိ ကိုယ်တို့ လက်မှတ်ယူထားလိုက်မှာပေါ့' တဲ့။

ထားဘိဦး။

ပို၍ဆိုးသည်မှာ ရုပ်ရှင်အားလပ်ချိန်ပေးခဲ့စဉ်က—

မြတ်မင်း မုန့်ဝယ်ထွက်ခိုက် အေမီ၏ ငနဲနှစ်ကောင်နှင့် ထပ်တွေ့ကြပြန်သည်။

ငနဲတစ်ကောင်က မြတ်မင်း ကြားလောက်အောင်—



'ဟော့–ဂျော့၊ မင်းဝနဲမဏာ အဘည်ပေါက်ကြီးပါလားကွ'

'ပေါက်ဆည်အသစ်နဲ့ တွဲလာလို့ အိုက်တင်လုပ်နေတာပါကွာ'

'မင်းက ပိုင်ရဲ့လား၊ ငနဲမက်တော့ ခပ်ဖြူးဖြူးပဲဟော့'

'အေးလေ...မင်း ကြည့်ပေါ့၊ နေ့စက်ပတ်ကျ ငါ့အလှည့်ပါကွ' ဟု ပြောနေကြသည်ကို မြတ်မင်း နားနှင့် ဆတ်ဆတ်ကြားလိုက်ရ၏။

BURMESE CLASSIC .com

မြတ်မင်း ခေါင်းတစ်ခေါင်းလုံး ချာချာလည်သွားသည်။ မိုက်ခနဲ ဖြစ်သွားသည်။

သူ၏ခန္ဓာကိုယ်ကြီး မပြိုလဲသွားစေရန် ရှိသမျှအားကို ဖျစ်ညှစ်၍ ထိန်းသိမ်းလိုက်ရ၏။

သားသမီးမကောင်းတော့ မိဘခေါင်း။

မိန်းမ မကောင်းတော့ လင်သားခေါင်း ချာချာလည်ရပါသတဲ့။

မြတ်မင်းမှာ နည်းနည်းလေး တည်တည်ငြိမ်ငြိမ်ဖြစ်လာသည်နှင့် ရုံထဲပြန်ဝင်ပြီး ယဉ်နွဲ့ခိုင်ကိုခေါ်၍ အပြင်သို့ထွက်ခဲ့ကြ၏။

ယဉ်နွဲ့ခိုင်ကလည်း သူ့အကြောင်းနှင့်သူမို့ ဘယ်လိုဘယ်ပုံဆိုသည်ကိုပင် မမေးတော့ဘဲ မြတ်မင်းခေါ်သည်နှင့် ထလိုက်ခဲ့၏။ ပြဿနာအတိမ်အနက်ကို သူမ သိနေပြီးသားပေကိုး။

သူခင်းခဲ့သည့် ဇာတ်အစ မဟန်တော့ဘဲဟာ ဖြစ်သည်ကို ရင်ဆိုင်ရပေတော့မည်ဆာ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန် ထားပေါ်တွင် တစ်ယောက်နှင့် တစ်ယောက် လုံးဝစကားမပြောကြ။ အိမ်ရောက်သည်နှင့်မြတ်မင်းက အိပ်ခန်းထဲ တန်းဝင်သွားခဲ့၏။

ယဉ်နွဲ့ခိုင်ကမူ အိမ်ရှေ့ညှီခန်းတွင် ခဏတစ်ဖြုတ်ထိုင်ပြီး အိမ်ခန်းထဲ ဝင်လိုက်သွားခဲ့၏။

ဒေါ်ကြည်ကြည်ခိုင်က အိမ်မှာမရှိ။

ခုတင်ပေါ်တွင် ခြေတွဲလောင်း ချ၍ လက် နှစ်ဖက်နှင့် ခေါင်းကိုညှပ်ကိုင်လျက် ထိုင်နေသူ မြတ်မင်းမှာ ယဉ်နွဲ့ခိုင်ဝင်လာသည်နှင့်

'ဘယ့်နှဲလဲ ဒေါ်အေမီ၊ ဘာများ ပြောစရာရှိပါသေးသလဲ'

'ခိုင့်မှာ ဘာမှ ပြောစရာမရှိပါဘူး၊ အစ်ကိုမောင့်သဘောအတိုင်းပါပဲ'

'ဘာကွ'

'အစ်ကိုမောင့်သဘောအတိုင်းပဲလေ'

'ဒါပြင့် မင်းကိစ္စတွေ မင်း ဝန်ခံတာပေါ့'

'ဘာကိုပြောတာလဲ အစ်ကိုမောင်'

မြတ်မင်းက ဒေါသထန်နေသလောက် ယဉ်နွဲ့ခိုင်က ခပ်အေးအေး။

'ငါ့နားနဲ့ ဆတ်ဆတ် ကြားခဲ့ရတာတွေကို ပြန်ပြောရဦးမှာလား'

'မလိုပါဘူးလေ၊ဒါကြောင့်အစ်ကိုမောင့်သဘောအတိုင်းပါလို့ ခိုင်လေးပြောပြီးသားပဲဟာ'



'မင်းဟာလေ ရှပ်စာလေးလှသဘောကြီးအကျင့်ပျက်တဲ့'

'တော်တော့ အစ်ကိုမောင်'

'ဘာတော်ရမှာလဲကွ ဟင်၊ မင်းဟာ မိန်းမ'

'ကဲ တော်ပြီလေ၊ အစ်ကိုမောင်ကြိုက်သလိုလုပ်ပါလို့ပြောနေပြီပဲဟာ၊ ခိုင်လေးက အသင့်ပဲ'

'ဟင် မင်းက'

မြတ်မင်းက ပြောပြောဆိုဆိုပင် ယဉ်နွဲ့ခိုင်၏ နုထွေးဖွေးအိနေသော ပါးလေးနှစ်ဖက်ကို တဖျန်းဖျန်း။

ချစ်ကြစဉ်တုန်းက အငမ်းမရ အနမ်းမိုးရွာခဲ့ရသော

နာကျင်သွားမှာစိုးလို့ တို့ကဲ့နန်းဆိတ်ကနန်း ဖွဖွရွရွလေး ထိကစားခဲ့ရသော

ယဉ်နွဲ့ခိုင်၏ နုနုထွေးထွေး ဖောင်းဖောင်းအိအိ ပါးလေးမှာ မြတ်မင်း၏ လက်ဝါးဒဏ်ကြောင့် နီနီထွေးထွေး ဖူးဖူးရောင်ရောင် ဖြစ်သွားခဲ့ရပေသည်။

မြတ်မင်းက ယဉ်နွဲ့ခိုင်ပါးကို ဆေးချက်လောက် တီးပြီး ဘာမှ မပြောတော့ဘဲ အိမ်ပေါ်မှ ဆင်းသွားခဲ့၏။

ယဉ်နွဲ့ခိုင်မှာ သူ့အပြစ်နှင့်သူမို့ ဘာမှဆက်မပြောတော့ဘဲ အိပ်ရာထဲမှောက်၍ အားရအောင် ငိုပစ်လိုက်၏။

မြေရှင်းချက်ထုတ်လျှင် အခြေအနေက ပိုဆိုးမည်။

ဂျော့တို့ လုပ်သွားပုံကလဲ မဟားဒယားကိုး။

ဟုတ်ပ။

ရှာအ အပျိုလို့ ပြောထားမှဟာ တစ်ဖက်သားက ဘယ်လို့ ဆင်ခြင်ပါမလဲ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းကို သူတို့လို စဖယ်ထားဝနဲ့ပဲ အောက်မေ့တော့မပေါ့။

သည်ဇာတ်ခင်းလျှင် တစ်နေ့တစ်ချိန်တွင် သည်အဖြစ်မျိုးနှင့် တိုးရလိမ့်မည်ကို ယဉ်နွဲ့ခိုင်က စဉ်းစားပြီးသား။

သို့စေကာမူ ဂျိုးကာနှစ်ကောင်က သူ့ကို ညှပ်မျှးညှပ်ပိတ်ဖမ်းချုပ်ထားခဲ့ပြီမို့ မရှုန်းသာ မလွန့်သာ၊ နောက်မဆုတ်သာခဲ့ပေ။

မီးမှုန်းသိလျက် ငွတ်မှိတ်တိုးခဲ့သော ပိုးဖလံမျိုးသို့ သာတည်း။

....င....

## အခန်း (၅၈)

ဒေါ်ကြည်ကြည်ခိုင်မှာ ည ရှစ်နာရီလောက်မှ အိမ်ပြန်ရောက်လာသည်။ အိမ်ရှေ့ခန်းမှာ ဘယ်သူမှ မရှိ။ အိမ်ဖော်မလေးမတုတ်တစ်ယောက် ညှီခန်းမှာ ငုတ်တုတ်ကလေးထိုင်နေသည်။

တစ်နေကုန် တစ်နေခန်း တကုန်းကုန်းနှင့် အိမ်စာရင်းဇယားစာဝဲန်များကို တစ်ယောက်တည်း ကုန်းရုန်း၍ ဒိုင်ခံလုပ်ခဲ့ရသူမတုတ်ခမျာ အိပ်ချင်လွန်းအားကြီး၍ ငိုက်မျဉ်းနေနှဲ့ သော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း ညှော်ခန်းထဲတွင် ဘယ်သူမှမရှိသဖြင့် အိပ်ချင်စိတ်ကို အတင်းဖျောက်၍ငုတ်တုတ်လေး ထိုင်စောင့်နေခဲ့ရ၏။

အပြင်မှပြန်လာသူ ဒေါ်ကြည်ကြည်ခိုင်က 'ဟဲ့....မိတုတ်၊ အိမ်မှာ ဘယ်သူမှ မရှိဘူးလား၊ ဘယ်သွားနေကြသလဲ'ဟု မေးလိုက်မှ မိတုတ်ခမျာ လန့်ဖျပ်ပြီး မျက်လုံးလေးကို ပွတ်လျက်—

'မမလေးတော့ ရှိပါတယ် မေမေကြီး၊ ကိုကိုကြီးတော့ မရှိပါဘူး'

'နင့်မမလေး ဘယ်သွားနေလို့လဲ'

'ညှော်ခန်းထဲမှာရှိပါတယ် မေမေကြီး'

'ကိုကိုကြီးနဲ့အတူတူ ပြန်လာတာမဟုတ်ဘူးလား'

'ပြန်လာတုန်းက အတူတူပါပဲ၊ နောက် ရန်ဖြစ်....'

'ဘာရယ်...ရန်ဖြစ်ကြတယ်'

'ဟုတ်....ဟုတ်....ဟုတ်'

'တယ်....နင့်မမလေး သွားခေါ်စမ်း၊ နောက်ပြီး နင် သွားအိပ်တော့'

ယဉ်နွဲ့ခိုင်က သူ၏ညာဘက်ပါးကလေးကို လက်ကိုင်ပဝါနှင့်အုပ်ပြီး ဒေါ်ကြည်ကြည်ခိုင်ရှေ့မှောက် ရောက်လာသည်။

'ကဲ....သမီး၊ ဘယ်လိုဖြစ်ကြတာလဲ'

'သမီးနဲ့စကားများပြီး ထွက်သွားတာပဲ မာမီ'

'ဘာက စဖြစ်ကြတာလဲ'

'ဖဲရိုက်တဲ့ကိစ္စပါပဲ မာမီ'

'တယ်ခက်ပါလား သမီးရယ်၊ တစ်နေ့နေ့ ပြဿနာပေါ



လိမ့်မယ်လို့ မာမီ အတန်တန် ပြောထားရက်နဲ့၊ ဟင်....သမီး ပါးက ဘယ်လိုဖြစ်....'

'သမီးကိုရိုက်သွားတယ် မာမီ'

'ဘယ်လို၊ သမီးကိုရိုက်သွားတယ် ဟုတ်လား'

'ဟုတ်....ဟုတ်... ဟုတ်ကဲ့'

'သမီးပါးကိုဘောင် ရိုက်သွားတယ်ပေါ့လေ၊ အေး.... သိကြရောပေါ့'

ဒေါ်ကြည်ကြည်ခိုင်က ပြောပြော ဆိုဆို အပြင်ထွက်သွား၏။ ယဉ်နွဲ့ခိုင် လှမ်းခေါ်လိုက်ပေမယ့် မမီတော့။

ဒေါ်ကြည်ကြည်ခိုင်က စိတ်မြန်လက်မြန်သမား။ သမီးကို ပါးရိုက်သွားသည်ဟု ကြားလိုက်ရသည်နှင့် မြတ်မင်းတို့ အိမ်သို့ ကားကို တရကြမ်းမောင်းချသွားခဲ့၏။

မိဘမေတ္တာပေကိုး။

သားသမီးတစ်ခုခုဖြစ်ပြီဆိုလျှင် အမှားအမှန်ကို မဝေခွဲနိုင်ကြ။

သားသမီးဇော ချက်ချင်းကပ်လိုက်တတ်ကြ၏။

သားသမီးဇောကပ်ပြီဆိုလျှင် ဘာကိုမျှမမြင်နိုင်။ မမြင်တတ်ကြပေ။

ခုလဲ ဘယ်သူကမှား၍ ဘယ်သူကလွန်သည်။

ရန်ဖြစ်သည့် အကြောင်းရင်းက ဘာဆိုသည်ကို ဇစ်ဇစ် မြစ်မြစ် ချေချေချက်ချက် မမေးမြန်းတော့ဘဲ သမီးကို ပါး ရိုက်သွားသည် ဆိုသည်နှင့် အလောတကြီး ထလိုက်သွားခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းကိုတွေ့ပြီး ဟိုလဲကျရော အရှက်လဲကွဲပါလေရော။

အကျိုးအကြောင်းမမေးဘဲ မြတ်မင်းမိဘများထံ သမီးလေးကို ပါးရိုက်သွားသည့်အကြောင်း ဒေါ်မာန်ကလေးနှင့် တိုင်ကြားလိုက်၏။

မြတ်မင်း၏ အဖေအမေ ဦးစိန်မင်းရော ဒေါ်ခင်သွဲ့ပါ မျက်နှာတွေပျက်လို့။

ကြည့်စမ်းပါဦး၊ သူများသားသမီး ပါးကို ရိုက်ခဲ့ရတယ်လို့။

ဒေါ်ကြည်ကြည်ခိုင်ကို ပျာပျာသလဲ တောင်းပန်နေကြရသပေါ့။ ရှင်းတာလင်းတာယာနောက်မှ။ ကိုယ့်သားကသူများသမီးကို နှမချင်းမစာနာလုပ်လာခဲ့သည့်မို့ သမီးရှင်ကိုတောင်းပန်ရသည်။

ဦးစိန်မင်းက မျက်စိမျက်နှာတွေပျက်လို့။ အိမ်ပေါ်ထပ်မှာ အိပ်နေသော မြတ်မင်းကို ချက်ချင်း အိပ်ရာမှနှိုးခိုင်းလိုက်၏။ သမီးရှင် လာတိုင်သည့် ပြဿနာကို သမီးရှင် ရှေ့မှာတင် ဖြေရှင်းသည်က အကောင်းဆုံး။ ကွယ်ရာကျမှ ပြောဆိုကြရင် ဟိုထင် သည်ထင်၊ အထင်မှား အမြင်မှား ဖြစ်တတ်ကြသည်။

ဦးစိန်မင်းက သားဖြစ်သူကို ဒေါ်ကြည်ကြည်ခိုင်ရှေ့မှာတင် အဖြစ်အပျက်ကို မေးမြန်းခဲ့၏။

'ကဲ-မြတ်မင်း၊ မင်းတို့လင်မယား အဖြစ်အပျက်က ဘယ်လိုလဲ၊ မင်းက သူများ သားသမီးကို ပါးတွေဘာတွေ ရိုက်ခဲ့တယ်ဆို'

'ဟုတ်ကဲ့ ဖေဖေ၊ သား လုပ်ခဲ့မိပါတယ်'



'ဘာကွ၊ လုပ်ခဲ့မိတယ် ဟုတ်လား၊ မင်း ငါ့သားမှဟုတ်ရဲ့လား၊ မြတ်မင်းရာ ဟေး မင်းအမေနဲ့ ငါ ဘယ်လိုဆက်ဆံနေထိုင်ခဲ့ကြသလဲ၊ ရန်ဖြစ်တာတွေ ဖြစ်တာတော့ မြင်ဖူးသလား၊ ကြားဖူးသလား၊ သူများသားသမီးကို ကိုယ်ထိလက်ရောက် ကျူးလွန်တယ်ဆိုတာ....'

'ဖေဖေ သား ရှင်းပြပါရစေဦး'

'ဒီမှာ မြတ်မင်း၊ မင်းဟာ ဒေါ်ကြည်ကြည်ခိုင်တို့နဲ့ အတူနေတာကွ၊ ဟောဒီမင်းအမေကို ရှိသေသလို ဒေါ်ကြည်ကြည်ခိုင်ကို ရှိသေရမယ်၊ အမေလိုပဲသဘောထားရမယ်၊ ယဉ်နွဲ့ခိုင်နဲ့ပတ်သက်ပြီး ဘာပဲခကျေနပ်မကျေနပ် ဒေါ်ကြည်ကြည်ခိုင်ကို တိုင်ရမယ်၊ ခုတော့ မင်းက သူများသားသမီးကို ပါးရိုက်၊ ဘာကွ-ဘယ်နှယ်လဲ၊ မင်းဟာ လူမဟုတ်ဘူးကွ တိရစ္ဆာန်'

ဦးစိန်မင်းမှာ အတော်ကြီးဒေါသူပြီး မြတ်မင်းကိုပင် ရိုက်မောင်းပုတ်မောင်း လုပ်လာသဖြင့် ဒေါ်ကြည်ကြည်ခိုင်ကပင် ဝင်ရောက်တားဆီး တောင်းပန်ခဲ့ရ၏။

'အစ်ကိုကြီးရယ် ကလေးတွေဆိုတော့လဲ...'

'ဟာ...ဘယ်ဟုတ်မလဲဗျ ဒေါ်ကြည်ကြည်ခိုင်၊ ကျွန်တော်ဒါမျိုး ဘယ်တော့မှလက်မခံနိုင်ဘူး၊ ဒါဟာ သမီး ယဉ်နွဲ့ခိုင်တင် စော်ကားတာမဟုတ်ဘူး ဒေါ်ကြည်ကြည်ခိုင်၊ ကျွန်တော့်ကိုပါ စော်ကားတာ၊ ကျွန်တော်က ရိုးရိုးတန်းတန်း ကားများပြီး စိတ်အခန့်မသင့်ဖြစ်လာတယ် အောက်ဆင်းသွားလိုက်ခဲ့တာ၊ ဒါတောင်မနက်ကျရင် သွဲ့ကိုယ်တိုင်အိမ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းမေးပြီး လှင်မယားချင်း သင့်မြတ်အောင် လုပ်ပေးရမယ်လို့ ပြောထားပြီးသား၊ ဘယ်နှဲ့ဗျာ သူ့ချား သမီးကို'

တစ်ချိန်လုံး အီနြေ့ရရ နားထောင်ခဲ့ပြီး ဘာမှဝင်မပြော ခဲ့သူ ဒေါ်ခင်သွဲ့က–

'အစ်ကိုကြီးရေ ကျွန်မတို့သားဘက်ကလွန်တာတော့အမှန် ပဲ၊ ဒါပေမယ့် အကြည်လဲရှိတုန်း သူတို့ဖြစ်ရတဲ့အကြောင်းကို သားကရှင်းပြပါစေဦး၊ ဒါမှပဲ သွဲ့တို့ကြည်တို့က ခလေးတွေ ကိစ္စ ဘယ်လို ဖြေရှင်းရမယ်ဆိုတာ အဖြေရှာရမှာ၊ သားရဲ့ ကိုယ်ထိလက်ရောက် ကျူးလွန်မိတာကိုတော့ အစ်ကိုကြီးရော သွဲ့ကပါ ကြည့်ကို တောင်းပန်ပါတယ် ကြည်ရယ်'

'ဟုတ်တယ်လေ၊ သွဲ့ပြောတာ မှန်ပါတယ်၊ ကြည်လဲ ပထမတော့ သမီးအတွက် ဒေါပွသွားမိတယ်လေ၊ ကြည်က ဒေါနဲ့မောနဲ့ တိုင်မိတာကိုလဲ ကြည်တောင်းပန်ပါရစေ'

ဦးစိန်မင်းက ဘာမှမပြော။ သူ၏ ဆေးပြင်းလိပ်ကြီးကို သဘော့ခေါင်းတိုင်က မီးခိုးမှုတ်ထုတ်လိုက်သလို ဖွာရင်းမှုတ် ရင်း လုပ်နေသည်။

'ကဲ သားက သားတို့ ဖြစ်ခဲ့တဲ့အကြောင်းကိုပြော၊ အလို အပိုမပါစေနဲ့၊ ဒါမှလဲ မေမေတို့ကြည်တို့က ရှင်းပေးနိုင်မှာ၊ မဟုတ်ဘူးလားကြည်ရေ'

'သွဲ့ပြောတာ ဟုတ်တာပေါ့၊အစ်ကိုကြီးတို့ သွဲ့တို့ကိုရှိသေ လေးစားပါတယ်၊ မောင်မြတ်မင်းကိုလဲ သားအရင်းလို

ဘာထားခဲ့ပါတယ်၊ လုပ်ငန်းကြီးတစ်ခုလုံး လွှဲပေးထား ာပဲ ကြည့်တော့'

'ဟုတ်ပါတယ်လေ၊ သွဲ့တို့လဲ သားတို့ကိုကြည့်ပြီး ဝမ်းသာ ရတာပါ၊ ကြည့်ရဲ့ သဘောထားမှန်မြတ်ပုံကိုလဲ အစ်ကိုကြီး ကောခကာ ပြောရပါတယ်၊ ကဲကဲ သားကသာ ဒီနေ့ဖြစ်လာ ကိစ္စကိုပြော'

မြတ်မင်းက ကုလားထိုင်ပေါ် ထိုင်နေရင်း ခေါင်းငိုက် ချပြီး တွေတွေကြီးလုပ်နေသည်။ သူ၏ လက်ချောင်းများ ဆံပင်ထဲထိုးသွင်းလျက် ပြောရခက်ကြီးဟန် ဖြစ်နေရှာပါ ည်။

ဟုတ်ပ။

အမေတစ်ယောက်လုံးရှေ့မှာ သမီးဖြစ်သူရဲ့ ဖောက်လဲ က်ပြန် ဖြစ်နေပုံတွေကို ရှေ့မျက်နှာနောက်ထားလို့မရတဲ့ နှာချင်းဆိုင် ဘယ်လိုပြောရမှာပ။

ဦးစိန်မင်းက သားအပေါ် အလိုလိုက ဒေါပွနေရသည့် မြတ်မင်းက အူတူတူလုပ်နေသဖြင့်–

'ကဲ မြတ်မင်း ပြောစရာဖြစ်ပြော၊ မပြောချင်ရင် မင်း ားကို ဝန်ချတောင်းပန်ပေတော့၊ ယောကျ်ားမဟုတ်သလို မ်းမနေနဲ့'

ဟု ဝင်ဟောက်လိုက်မှ မြတ်မင်းက ဘယ်သူ့ကိုမှမကြည့်ဘဲ င်းအောက်ငုံ့ထားရင်းက

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒီစကားတွေကို မပြောချင်ပေမယ့် မပြော မဖြစ်လို့ ပြောရမှာပါ၊ ကျွန်တော် ပြောတာတွေ မှန် အာယတ်ရှင် ခိုင်လေးကိုပါပေးပြီးမှ အမှားအမှန်ဆုံးဖြ ကျွန်တော် မေမေတို့အားလုံးကို တောင်းပန်ပါရစေ'

ဟု အစချီ စကားနိဒါန်းဆင်ပြီးမှ ဖြစ်ကြောင်းကုန် ဇာတ်လမ်းကို ပြောပြခဲ့၏။

ပထမတစ်ကြိမ် အလုပ်ထဲက ငွေတွေပါ ယူပြီး ဖဲရိုက် ဒေါ်ကြည်ကြည်ခိုင်ကို တိုင်ကြားခဲ့ပုံမှ အစ ဇာတ်သော မင်းသမီး 'ဒေအမီ' ဘာ၀တစ်ဖြစ်လဲခဲ့သည်အထိ ဇာတ်စုံခင် ခဲ့ရာတွင် 'အေမီအကြောင်း' ပြောနေကြသည်ကို သူ လိုကြားခဲ့ရပါသည်ဆိုသော နေရာအရောက်တွင် မြတ်မင်း အသံမှာ ငိုသံရောစွက်လာ၏။

သူ၏အသံမှာ တုန်ယင်လာ၏။ စကားသံတို့မှာ ဆက်တို ထွက်ခလာဘဲ ပြတ်တောင်းပြတ်တောင်းဖြစ်လာ၏၊ အံကြိတ် သံတို့မှာ တိုးတိုးညှင်ညှင် ရောစွက်လာ၏။

နောက်ဆုံး နိဂုံးစကား

'ကျွန်တော် ဒီအဖြစ်ကို ဘယ်လိုခွင့်လွှတ်နိုင်ပါ့မလဲ မေ ရယ်'ဟု တိုင်တည်ပြောရင်း မြတ်မင်းမျက်နှာ ပြန်မော့သ လာသောအခါ မျက်ရည်ဥကလေးများမှာ မျက်အိမ်၏နှစ်ဖ သောအစွန်းတွင် တွဲလဲခိုလျက်။

ဒေါ်ကြည်ကြည်ခိုင်မှာ ခေါင်းလုံး၀ မဖော်နိုင်တော့ ဇာတ်လမ်းအဆုံးတွင် ရှိုက်သံသဲ့သဲ့ ကလေးပင်မမြိုမသိပ်နိုင်



ဒေါ်ခင်သွဲ့မှာ မျက်လုံးကလေးနှစ်လုံးကို ပိတ်၍ လက်ဖ ားနှစ်ဖက်ကို ရင်ပတ်ပေါ်တွင် ယှက်နွယ်လျက်။

ဦးစိန်မင်းမှာ 'ဟူး'ကနဲ သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက် ထိုင်နေရာမှ အသာအယာထ၍ တိုက်အပေါ်ထပ်သို့ တက် ားခဲ့တော့၏။

မြတ်မင်းမှာ သူ၏ရှေ့တွင်ရှိနေသော နံရံပေါ်မှ သူနှင့် ့နှခိုင်တို့၏မင်္ဂလာစုံတွဲဓာတ်ပုံကြီးကို စူးစူးစိုက်စိုက် ကြည့် ၏။

တိုက်တစ်တိုက်လုံးမှာအပ်ကျသံပင်ကြားရလောက်အောင် ိတ်ဆိတ်ငြိမ်သက်နေ၏။

တိတ်ဆိတ်ငြိမ်သက်နေသည်ကို စတင် လှုပ်ခါပေးလိုက်သူ ဒေါ်ကြည်ကြည်ခိုင်ပင်။

ဒေါ်ကြည်ကြည်ခိုင်၏နှုတ်ဖျားဆီမှ ငိုသံရောစွက်နေသော ားလုံးများမှာ တိုးတိုးညင်းညင်း မှုံ့အန် ထွက်လာ၏။ ားလုံးများများစားစားမဟုတ်ပါ။ အားလုံး ခေါင်းမှ ုံးတည်းသာ။

'ကြည့် အားလုံးကို တောင်းပန်ပါတယ်'ဟူ၍။

ဒေါ်ကြည်ကြည်ခိုင်က ကုလားထိုင်လက်ကိုင်တန်းကလေး ားယူ၍ အထလိုက်တွင် ဒေါ်ခင်သွဲ့က ဒေါ်ကြည်ကြည် ခေါင်းလေးကို အသာပေးကိုင်ပြီး ကားပေါ်အရောက် ်ပို့ခဲ့ရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးဇောကြောင့် ဒေါ်နုဇို့ မောနှင့် အပြေးအလွှား ရောက်လာခဲ့သူ ဒေါ်ကြည်ကြည်ခိုင်၏ အပြန်ခရီးမှာ ချထားခဲ့ ကျခဲ့ပါပြီကော။

ဤဒွန္နယာလောကကြီးမှာ မိဘကြောင့် အရှက်တကွဲ အကျိုးနည်းပြီး မျက်ရည်ပေါက်ကြီးငယ် ကျရသူ သားသမီး အရေအတွက်ထက် သားသမီးကြောင့် အရှက်တကွဲ အကျိုး နည်းပြီး မျက်ရည်ပေါက်ကြီးငယ် ကျရသူမိဘများက သာ၍ များပါလေသတတ်။

....o....

## အခန်း (ကိုး)

ဒေါ်ကြည်ကြည်ခိုင်မှာကားပေါ်ရောက်ကတည်းက တစ် ခေါင်းလုံး မှုးဝေနောက်ကျိုနေသည်၊ အိမ်ပြန်ဖို့ကိုပင် မနည်း ကြီး အားခဲပြီးမောင်းခဲ့ရသည်။ ကားမှန်ထဲမှ မြင်နေရသော ရွှေ့မြင်ကွင်းမှာ မှုန်ဝါးဝါးဖြစ်နေသည်။ မျက်အိမ်ထဲဘှင် မျက်ရည်များမှာ လုံးထွေးပြည့်လျှံနေသမို့ ရှေ့မြင်ကွင်း မှာ မကြည်လင်။

အိမ်ပြန်ရောက်သည်နှင့် ယဉ်နွဲ့ခိုင်က ဆီးကြို၍ တံခါးဖွင့် ပေးခဲ့သော်လည်း သမီးဖြစ်သူကို နှုတ်ဆက်စကားလေးပင် မဆိုဘဲ ယဉ်နွဲ့ခိုင်ကိုတွန်းဖယ်ပြီး အိမ်ခန်းထဲသို့တန်းဝင်သွား ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်က အရေးတော်ပုံပေါ်တော့မည်ကို သိပြီးသား၊ သူ့ဇာတ်ထုပ်က ဇာတ်ရှုပ်ကြီးမဟုတ်လား။

ဘယ်ပုံဘယ်နည်း အရေးတော်ပုံပေါ်မည်ကို သိလို၍သာ စောင့်နေခဲ့ခြင်းဖြစ်၏။

သို့စေကာမူ မာမီက စကားလုံးဝမဆိုဘဲ အိပ်ရာထဲဝင်သွားသဖြင့် သူလဲ တံခါးပိတ်ပြီး အိပ်ရာထဲဝင်ခဲ့ရ၏။

ဒေါ်ကြည်ကြည်ခိုင်မှာ အပတ်အစားများကိုပင် မချွတ်နိုင်ဘဲ အိပ်ရာထဲပစ်လှဲပြီး တဒိန်းဒိန်းတဒိုင်းဒိုင်း မြည်နေသော ခေါင်းကို လက်ဝါးနှစ်ဖက်နှင့်ညှပ်ကိုင်၍ အသာသာ ခွင့်ရှာခဲ့၏။

အက်စ်ပရို ဆေးပြားသောက်ပြီး တစ်နာရီခလောက် ငြိမ်ငြိမ်သက်သက် လဲလျောင်း အနားယူလိုက်တော့မှ ခေါင်းကိုက် သက်သာသွားသည်။

ဒေါ်ကြည်ကြည်ခိုင်၏ ဘဝသက်တမ်း တစ်လျှောက်လုံးတွင် သည်နေ့တစ်နေ့လောက် စိတ်ရောကိုယ်ပါ ပင်ပန်းမှုမျိုး တစ်ခါမျှမကြုံခဲ့ မခံစားခဲ့ရဖူးပေ။

ဘဝသက်တမ်း တစ်လျှောက်လုံးတွင် အကြီးမားဆုံးသော အရှက်တကွဲ အကျိုးနည်းခဲ့ရသော နေ့ပေတည်း။

အိပ်စက်ရန် ဘယ်လိုပင်ကြိုးစားခဲ့စေကာမူ လုံးဝ အိပ်မပျော်နိုင်ခဲ့ပေ။ ဒေါသလှိုင်း ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်နေသော ရင်ခုန်သံမှာ မြန်နေဆဲ၊တုန်ခါနေဆဲ၊ ခုတင်ပေါ်တွင် တလူးလူးတလိမ့်လိမ့် ဖြစ်နေသည်။



ဘောင်ဘင်ခတ်နေသော စိတ်အစဉ်၏ လှုပ်ရှားနေမှုကို ထိန်းသိမ်းခြင်းငှာ မစွမ်းသာပေ။ ခေါင်းနှင့်မဆံ့အောင် တွေးလုံးချာချာလည်နေသော ညတာကို အဘယ်သို့လျှင် လွန်မြောက်နိုင်ပါအံ့နည်း။

သမီးလေးတစ်ယောက်တည်း ရှိပါသည်။

ကျော်ဆေးဆိုသော သမီးမျိုး။

တစ်ယောက်တည်း ရှိပေလို့သာပေါ့။

သမီးတစ်ကောင် နွားတစ်ထောင်ဆိုသော စကားလည်း ရှိသားပဲ။

နွားအကောင်တစ်ထောင် ထိန်းကျောင်း ရသည်ထက် သမီးတစ်ယောက်ကို ထိန်းသိမ်းဖို့မှာ မလွယ်ပါလား။

သမီးယဉ်နွဲ့ခိုင်မှာ ဘယ်လို ဗီဇဆိုးတွေများ ပါနေသလဲ ဆိုသည်ကို ဒေါ်ကြည်ကြည်ခိုင်မှာ အဖြေရှာမရအောင် ရှိနေသည်။ သမီးစိတ်ဓာတ်ကို အကဲခတ်ရ ခက်ခဲနေသည်။

သွေးသားဆူဝေ သောင်းကျန်းတတ်သော သမီးမျိုးလား။

ထင်ရာဇွတ်လုပ်တတ်သော သမီးမျိုးလား။

ကိုယ့်ကိုယ်ကို တန်ဖိုးထား မထိန်းသိမ်းတတ်သော သမီးမျိုးလား။

ဆိုသည်ကို ဒေါ်ကြည်ကြည်ခိုင် အကဲဖြတ်၍မရနိုင်အောင် ဖြစ်နေသည်။

သမီးအပေါ်မှာ ဒေါသလွှမ်းခြုံရသလို သနားစိတ်များလည်း ပိုမိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်မင်းက သမီးကို ပြန်ပေါင်းနိုင်ပါ့ မလား၊ မပေါင်းနိုင်တော့ပါဘူးဟု ဆိုခဲ့ချေသော် မခက်လာ။ သမီး လုပ်ခဲ့သော အပြုအမူမှာ လင်ယောကျ်ားတစ်ယောက်အတွက် ဘယ်လိုမှ ခွင့်မလွှတ်နိုင်သောအပြုအမူ ဖြစ်နေသည်။

သူတို့လင်မယား အကဲ့ဇာတ်များခင်းခဲ့သော် ယောကျ်ား လေး ဖြစ်သူအတွက် ခထောင်းသာသော်လည်း မိန်းကလေး ဖြစ်သူအတွက်မှာမူ နာမည်ဆိုးကြီးနှင့် ကျန်ရစ်ခဲ့တော့မည်။

ဒေါ်ကြည်ကြည်ခိုင် ဆက်မတွေးရဲတော့။

မျက်လုံးကိုလက်ဝါးနှစ်ဖက်နှင့်အုပ်ပြီး လှဲနေရာမှထလျက် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လုံမတတ် ရှိုက်ကြီးတငင် ငိုပွဲဆင်ခဲ့ရ သည်။

သားသမီးအပေါ် ထားသည့် မိဘမေတ္တာမှာ ကြီးမားလှ ပေစွ။ အတိုင်းအဆတာ အထုအထည် တုနှိုင်းစရာမရှိအောင်ပင်။

သမီးလုပ်ခဲ့မိသောအမှားအတွက် သမီးကိုပင်နှုတ်မဆက်နိုင်အောင် စိတ်ဆိုးမာန်ဆိုး ဖြစ်ခဲ့သော မိခင်ကြီးမှာ သမီးတို့ သမီးတို့လင်မယား ကွဲခဲ့ရင်ဟု တွေးလိုက်မိသည်နှင့် သမီး အပေါ်တွင် သနားစိတ်တွေ ယိုဖိတ်ခဲ့ရပြန်တော့သည်။

သားသမီးများအတွက် စိတ်ဆိုးလျှင်ဖြစ်စေ သနားစိတ် ယိုဖိတ်မိလျှင်ဖြစ်စေ မိဘများ၏မျက်လုံးအိမ်တွင် မျက်ရည် များ ပြည့်လျှမ်းသွားစမြဲ။ ထိန်းသိမ်း မနိုင်လောက်သော မျက်ရည်များ စီးကျစမြဲ။

တစ်ဖက်သောအိပ်ခန်းထဲမှမိခင်ကြီးမှာ တလူးလူးတလိမ့် လိမ့် မျက်ရည်လည်ဆွဲ ငိုပွဲဆင်နေသလို တစ်ဖက်သော အိပ်



ခန်းတွင်းမှယဉ်နွဲ့ခိုင်မှာလည်း အိပ်မပျော်သောညတာကို လွန် မြောက်ရန် အလူးအလိမ့် ကြိုးစားနေရသည်။

ယဉ်နွဲ့ခိုင်က ချစ်လင် အစ်ကိုမောင့် အကြောင်း စဉ်းစား တွေးတောရလွန်းသဖြင့် မအိပ်နိုင်ဖြစ်ရသည် မဟုတ်ပါပေ။

သူက မြတ်မင်းအကြောင်းကို လုံးဝမစဉ်းစား။

အရေးလည်းမထား။

ဂရုလည်းမစိုက်။

မြတ်မင်းကို သူက တောင်းပန်ဖို့နေနေသာသာ မြတ်မင်း က ပြန်ပေါင်းပါရစေဟု ဒူးထောက်တောင်းပန်လာလျှင်ပင် ယဉ်နွဲ့ခိုင်က ပေါင်းခါဖို့ ဆုံးဖြတ်ပြီးသား။

သူ မအိပ်နိုင်သည်မှာ မိခင် သူ့အတွက် စိတ်ထိခိုက်သွား သည်ကို ယူကြုံးမရဖြစ်ပြီး မအိပ်နိုင်ခြင်းမျှသာ ဖြစ်၏။

သူ့အတွက် အစစအရာရာ အလိုလိုက်ခဲ့သော မာမီ၏ စိတ် ချမ်းသာမှုကို တုံ့ပြန် မဖြည့်စွမ်းနိုင်သည့်အတွက် သောကနွံ တွင် နစ်၍ ညတာကို မလွန်မြောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

မြတ်မင်းက သူ့အပေါ် ကိုယ်ထိလက်ရောက် ဤသို့ လုပ် လိမ့်မည်ဟု မထင်မှတ်ခဲ့သဖြင့် ခံလိုက်ရခြင်းဖြစ်၏။ နို့မို့ရင် လား ယဉ်နွဲ့ခိုင်က ဘယ်ခံပါလိမ့်။ ခံလိုက်ရသည်ကို ပထမနှင့် နောက်ဆုံးအကြိမ်အဖြစ် သဘောပိုက်ခဲ့၏။ နောက်ထပ် တော့ ကိုယ်ထိလက်ရောက်မဆိုထားဘိ စကားအ လာလျှင်ပင် တုံ့ပြန်ဖို့ ဆုံးဖြတ်ထားပြီး သည်။

ယဉ်နွဲ့ခိုင်စိတ်ဓာတ်က တစ်မျိုး။

အသည်းမာသည်ဟု၍ပဲ ပြောရလေမလား။

www.burmeseclassic.com

www.burmeseclassic.com



မာနလွှမ်းသော နှလုံးသားပိုင်ရှင်ဟူ၍ပဲ စာဖွဲ့ရမလား။
မိုက်တွင်းနက်လှချည်ရဲ့ ဟူ၍ပဲဆိုရလေမလား။
နှလုံးသားအမာရွတ် မထားတတ်သူဟူ၍ပဲ မှတ်ချက်ပြုရလေမလားမသိ။

မြတ်မင်းအပေါ် လုံးဝသံယောဇဉ်မထား။

'ကျိန်းသေ ရွေ့လာလိမ့်မည်' ဟု သဘောမူနိုင်သူဖြစ်ပါလေ၏။

ယဉ်နွဲ့ခိုင်တို့လို မိန်းမသားမျိုးတွေရှိလို့လဲ-
မာဃဒေဝလင်္ကာသစ်က ဤသို့ဆိုထားသည်ထင့်။

'ချစ်သားယာဉ်ရဲ့ ဝမ်းဝယ်စွဲလော့၊
စိန်ကဲရွှေကဲ ဤနှစ်ကဲဆက်၊
မိန်းမကဲခတ် လွန်ကဲကတ်၏။
ယုတ်မြတ်ကောင်းဆိုး၊
ဖြောင့်ရိုးကိစ္စ၊ သဘာဝဖြင့်၊
မိန်းမအလို၊ သဘောကိုလျှင်၊
ထဲသို့ရိုက်သား၊ ရေ၌ငါးသို့
ထင်ရှားအယ်ခါ မသိရာဘူး' ဟူ၍။

လှသောမိန်းမလေးများ ရက်စက်ပြီဆိုလျှင် အရုပ်ဆိုးသော မိန်းကလေးများထက် ပို၍ သာ၍ ရက်စက်တတ်ပါလေ၏ဟု ဆိုရပေသော် လွန်အံ့မထင်။

ထားတော့ဦး။



မိန်းမတို့၏သဘောသဘာဝသည် ဝင်္ကပါကဲ့သို့သိဖို့ အကဲခတ်ဖို့ ခဲယဉ်းလှပါကြောင်း ဝေတာလဝတ္ထုလာ 'သူခိုးကိုမှ ရွေးချစ်တတ်သူ' ပုံဝတ္ထုကို ပမာဆောင်ပြရပါမည်။

...ရှေးအခါက အယုဒ္ဓယလို့အမည်တွင်တဲ့ မြို့တစ်မြို့ ရှိပါသတယ်။ အဲဒီမြို့မှာ ဗီရကေတုလို့အမည်ရှိတဲ့ဘုန်းကံ ကြီးမားတဲ့ ဘုရင်တစ်ပါးက အုပ်ချုပ်မင်းလုပ်နေပါတယ်။ ဗီရကေတုမင်း အုပ်ချုပ်နေတဲ့အယုဒ္ဓယမြို့မှာ ရတနာဒတ္တလို့ အမည်ရှိတဲ့ ကုန်သည် တစ်ဦးလဲ ရှိလေရဲ့။

...ဒီကုန်သည်က ကုန်သည်လောကမှာတော့ ခေါင်းဆောင်တစ်ဦးပါ။ သူ့မှာ သမီးတစ်ယောက်ဖွားမြင်လာတော့ သူ့သမီးလေးကို ရတနာဝတီလို့ အမည်တွင်စေခဲ့ပါတယ်။

...အဲဒီသမီးလေးဟာ နတ်ဒေဝတာတို့ကို ပူဇော်ပသခဲ့တာကြောင့် ဖွားမြင်လာတဲ့သမီးလေးလို့ မှတ်ယူခဲ့ကြပါသတဲ့။

...သမီးလေးဟာ တစ်စတစ်စ အရွယ်ရောက်လာပြီး အပျိုဖော်ဝင်လာတဲ့အခါ သူ့ရဲ့ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်တွေဟာ လှပပြေပြစ်ပြီး ဖွံ့ထွားစည်ပင်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

....အချိန်တန် အရွယ်ရောက်လို့ အပျိုဖော်ဝင်လာတဲ့ အချိန်မှာ ရတနာဝတီရဲ့အလှဟာ လောကလူသားထဲမှာ နှိုင်းတုစရာ မရှိလောက်အောင် နတ်သမီးလေလား လို့ ယိုးစွဲရလောက်အောင် အလှကြီးလှပါသတဲ့။

....ရတနာဝတီရဲ့ အချစ်ပန်းကုံးအစွပ်ခံချင်တဲ့ သတိုးသားလောင်းတွေကတော့ ဝိုင်းဝိုင်းလည်လို့ပေါ့လေ။

....သူတို့နဲ့အဆင့်အတန်းတူတဲ့ ကုန်သည်မျိုးနွယ်ထဲက သာမကဘဲ မင်းညီမင်းသားတွေ၊ ဘုရင်စေလွှတ်သော အပါ ရတနာဝတီကို လက်ဆက်လိုကြောင်း စကားစမ်းလှမ်းခဲ့ရသည် အထိပါပဲ။

....ဒါပေမယ့် ရတနာဝတီက ယောကျ်ားတွေကို တယ်မုန်းဆိုပဲ။ သိကြားမင်းကြီးကိုပင် ကြင်ဘက်အဖြစ်ရွေးချယ်လိုစိတ်မရှိတဲ့အပြင် အိမ်ထောင်ပြုမယ့်အစား သေပစ်လိုက်မယ်လို့ ဆုံးဖြတ်ထားပါသတဲ့။

....ကဲ-မခက်လား။

....သမီးဖြစ်သူကအိမ်ထောင်ပြုဖို့လဲဒီလောက်တင်းမာနေတော့ ဖခင်ကုန်သည်ကြီးမှာလဲ အခက်အခဲတွေ့ပြီး စိတ်မချမ်းမသာ ဖြစ်နေရရှာသပေါ့။

....ဒါပေမဲ့ ကုန်သည်ဖခင်ကြီးက သူစိတ်မချမ်းမသာဖြစ်နေတာကို သမီးလေးကိုချစ်လွန်းလို့ သမီးကလေးမသိအောင် ဖုံးဖိသိုသိပ် ကျိတ်မှိတ်လို့နေခဲ့ပါသတဲ့။



....ဟုတ်သပေါ့။

....သမီးကညာ အခါမလင့်စေနဲ့ဆို မဟုတ်လား။ မိဘဆိုတော့လဲ ပူပင်ရသပေါ့။

....ယောကျ်ားမုန်းတဲ့ ရတနာဝတီရဲ့ သတင်းဟာ အယုဒ္ဓယတစ်မြို့လုံးမှာ ဟိုးလေးတကျော် ဖြစ်နေတာပေါ့လေ။

....အဲဒီအချိန်မှာပဲ အယုဒ္ဓယမြို့မှာနေတဲ့ လူတွေဟာ သူခိုးဒဏ်ကိုခံနေကြရပါသတဲ့။ အိမ်တိုင်း အိမ်တိုင်း သူခိုး မခိုးခံရတဲ့အိမ် မရှိသလောက်ပါပဲတဲ့။ မြို့သူမြို့သားတွေဟာ ကျက်စီကျက်စီဖြစ်ကုန်ကြပြီး စုဝေးတိုင်ပင်ကြပါတယ်။ သည်အတိုင်း သူခိုးဒဏ်ခံနေရလို့တော့ မဖြစ်ချေဘူး။ ဘုရင်ဆီ သွားရောက်လျှောက်ထားမှပဲဖြစ်တော့မယ်ဆိုပြီး ဗိုရကေတု ဘုရင်ကြီးဆီသွားပြီး လျှောက်ထားကြတာပေါ့။

....'အရှင်မင်းကြီး၊ ကျွန်တော်မျိုးကြီးတို့မှာ ညစဉ်ညတိုင်း သူခိုးခိုးခံနေရပါတယ်၊ သူခိုးကိုလဲ စုံစမ်းထောက်လှမ်းလို့မရကြပါဘူး၊ အရှင်မင်းကြီး ကိုယ်တော်ဘိုင် အရေးယူပေးပါ'လို့ လျှောက်တင်ကြရတာပေါ့လေ။

....ဘုရင်တို့ မင်းတို့ဆိုတာက ပြည်သူပြည်သားရဲ့ ဆန္ဒကို အလေးမူ ဂရုပြုရတာမို့ ဘုရင်ကြီးဟာ သူခိုးကို စုံစမ်း ထောက်လှမ်းဖို့အတွက် အထောက်တော်တွေ စစ်သည်တော်တွေကို အရပ်ဝတ်အရပ်စားဝတ်စေပြီး

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်တစ်ခွင်လုံးမှာ ဧည့်သည်တော်လှမ်းဖို့ အမိန့်တော်မြတ် ချမှတ်လိုက်ပါသတဲ့။

...ဒါပေမယ့် သူခိုးကို စုံစမ်းထောက်လှမ်းလို့ မရဘဲ သူခိုးအတော့ ပန်းပန်လျက်ပါပဲ။ မြို့သူမြို့သားတွေလဲ ခိုးမြဲအခိုးခံနေရဆဲပါပဲ။

...ဒီတော့ ဘုရင်ကြီးက မဖြစ်ချေဘူးဆိုပြီးကိုယ်တိုင်ပဲ သူခိုးစုံစမ်းဖို့ ထွက်ခဲ့ရပါလေရော။

...ဘုရင်ကြီးက ရုပ်ဖျက်ပြီး မြို့ထဲမှာ အနှံ့အပြားသွားလာပြီး စုံစမ်းထောက်လှမ်းခဲ့ရာမှ တစ်နေ့တော့ မသက်သာစရာကောင်းတဲ့ လူတစ်ယောက်ကို သွားတွေ့ခဲ့တယ်။

အဲဒီလူကို အကဲခပ်ကြည့်တဲ့အခါ အလွန်လျှင်မြန်ပုံတွေ့ရပြီး သိမ်းလျောက်တဲ့ အခါမှာလဲ ခြေသံအလွန်လုံဆိုပဲ။ နောက်ပြီးသူ့မျက်လုံးတွေကလဲ အငြိမ်မနေဘူးတဲ့။ ဟိုကြည့်ဒီကြည့် အမြဲတမ်း လှုပ်ရှားနေသမို့ ဘုရင်ကြီးက မသင်္ကာဖြစ်ပြီး 'ဒီလူဟာ ငါ့ရဲ့တိုင်းပြည်မှာသောင်းကျန်းနေတဲ့ သူခိုးကောင် ဖြစ်မှာဘဲ'လို့ တွက်ဆပြီး သင်္ကာစရာကောင်းတဲ့ လူအနားကို ဘုရင်ကြီးက ကပ်သွားခဲ့ပါတယ်။

...အဲဒီလိုဘုရင်ကြီးကပ်လာတာကိုမြင်တော့ အမြဲတမ်း သတိရှိနေတဲ့ သူခိုးက



...'အသင်ဘယ်သူလဲ'လို့ မေးလိုက်တာနဲ့ ဘုရင်ကြီးက ...'ကျွန်ုပ် သူခိုးပါ'လို့ ပြန်ဖြေလိုက်ပါသတဲ့။

...ဒီတော့ သူခိုးက 'ဟာ ဒီလိုဆိုရင် သင်လဲ ကျွန်ုပ်ရဲ့ မိတ်ဆွေပေါ့၊ သင်နဲ့ ကျွန်ုပ်ဟာ အလုပ်တူ ရှိတော့ ရဲဘက်တွေပဲဟာ၊ ကျွန်ုပ်အိမ်ကို လိုက်ခဲ့ပါ။ သင့်ကို ညွှန်ခံပါရစေလို့ ဖိတ်မန္တက ပြုခဲ့ပါသတဲ့။

...ဘုရင်ကြီးကလဲ သူခိုးနေတဲ့နေရာကိုတော့သိရတော့မှာပဲဆိုပြီး သူခိုးရဲ့ ဖိတ်မန္တကပြုချက် လက်ခံလိုက်တာပေါ့။ သူခိုးက သူနေထိုင်တဲ့တောထဲက ဂူကြီးထဲကို ခေါ်သွားခဲ့ပါတယ်။ သူခိုးက သူနေထိုင်တဲ့ ဂူကြီးကို ခမ်းခမ်းနားနားကြီး ပြင်ဆင်ထားပြီး ထွန်းလင်းတောက်ပတဲ့ မီးအိမ်ကြီးတစ်ခုကိုထွန်းညှိထားတယ်။ ...ဂူကြီးထဲရောက်တော့ ညှိခန်းသဖွယ်ပြင်ဆင်ထားတဲ့ နေရာမှာ ဘုရင်ကြီးကို နေရာချပြီးသူခိုးက ဂူထဲက အတွင်းခန်းထဲကိုဝင်သွားခဲ့တယ်။ အဲဒီအချိန်မှာဂူကြီးထဲက ကျွန်မတစ်ယောက် ထွက်လာပြီး ဘုရင်ကြီးကို သည်လိုပြောပါသတဲ့။

...'အသင် ဘာဖြစ်လို့ သေမင်း ခံတွင်းထဲ ဝင်ရောက်လာရသလဲ။ အခု အသင်နဲ့အတူ ပါလာသူဟာ သူခိုးအရိုင်းမာကြီး တစ်ဦးဖြစ်တယ်။ ရက်လဲ သိပ်ရက်စက်တယ်။ သူအခုအခန်းထဲက ပြန်ထွက်လာရင် သင့်ကိုရန်မူတော့

www.burmeseclassic.com



မှာ အမှန်ဘဲ၊ ဒီဂူကြီးထဲရောက်ပြီး ပြန်ထွက်သွားရတဲ့ လူရယ်လို့ မရှိဖူးသေးဘူး။ သူဟာ သင့်ကို ဥပါယ် တံမျဉ်နဲ့ ခေါ်လာခြင်းပဲ ဖြစ်တယ်၊ သူဟာ သစ္စာ မတည်တဲ့ လူဆိုးကြီးတစ်ယောက်လဲ ဖြစ်တယ်၊ သင် ဒီနေရာက ချက်ချင်း ထွက်ပေတော့လို့' သတိပေးခဲ့ ဆိုပဲ၊

...ဒါနဲ့ပဲ ဘုရင်ကြီးလဲ ဂူထဲက ပြန်ထွက်လာခဲ့ပြီး နန်းတော်ကို အမြန်ရောက်အောင် တအားသွန်ထွက် ပြေးခဲ့ရတာပေါ့။ နန်းတော်ကို ပြန်ရောက်တာနဲ့ စစ် သားတွေ ချက်ချင်းစုပြီး ညတွင်းချင်းပဲ သူခိုးကြီး နေတဲ့ ဂူရှိရာ တပ်ကောင်တာဒိုလ်သူနဲ့ ချီတက်ခဲ့ပြီး ဂူဝကို သူ့စစ်သည်းတော်တွေနဲ့ ပိတ်ဆို့ထားလိုက် ပါသတဲ့၊

...ဒီတော့မှ သူခိုးကြီးက သူ့ကိုလာဖမ်းပြီ ဆိုတာ သိသွားတာနဲ့ အသက်အသေခံပြီး ခုခံကာကွယ်မယ် လို့ ဆုံးဖြတ်ပြီး အသင့်ပြင် ထားလိုက်တယ်၊ မကြာမီ မှာပဲ တိုက်ပွဲစပါလေရော။

...သူခိုးကြီးက တိုက်ပွဲမှာ အံ့ဖွယ်သူရဲ မားနဲ့လွှားကို ကိုင်ပြီး သူ့ရဲ့စွမ်းရည်ကို ပြတော့တာပေါ့။ စစ်သည် တော်တို့ရဲ့ ဆင်နွှာမောင်း များစွာတွေဟာ သူခိုးကြီး မားချက်နဲ့ တိခနဲ တိခနဲ မြေမှာဗုံလို့၊



မြင်းခေါင်း များစွာရဲ့ ခြေထောက် တွေဟာလဲ ငှက်ပျောပင်ကို အပိုင်းခံရသလို အပိုင်းခံရတာနဲ့မြင်း တွေဟာ မြေကြီးပေါ်မှာ ဗုန်းဗုန်းလဲကျခဲ့ပြီး မား ချက်ကို မရှောင်နိုင်ဘဲ ဟိုတစ်လုံးဒီတစ်လုံး နေရာအနှံ့ ပြန့်ကြဲကုန်ပေမယ့် သူခိုးကြီးကိုတော့ ဖမ်းလို့မမိသေး ဘူးတဲ့။

...သူခိုးကြီးရဲ့ မားရေးကျွမ်းကျင်တာကို တွေ့တော့မှ ဘုရင်ကြီးက မဖြစ်ချေဘူးဆိုပြီး သူကိုယ်တိုင် ဝင်ရ တော့တာကိုး။ မားခုတ်လှ ထိုး ကျွမ်းကျင်လှတဲ့ဘုရင် ကြီးက သူခိုးကြီးရဲ့ မားချက်အဝင့်ကို မျှားခေါ်ပြီး မားချက်အဝင့်မှာ မားကို ပုတ်ချလိုက်ရတယ်၊

...သူခိုးကြီးလက်ထဲက မားလွင့်ထွက်သွားပြီး သူခိုး ကြီးလက်နက်မဲ့ ဖြစ်နေချိန် ဘုရင်ကြီး လက်ထဲမှာ တော့လက်သုံးတော် ကျောက်စိမားကြီး တဝင့်ဝင့်နဲ့ ပေါ့၊

...သူခိုးကြီးက မပြေးနိုင် မတိမ်းနိုင် ဖြစ်နေပေမယ့် နည်းနည်းကလေးမှ ကြောက်ရွံ့ဟန်မပြဘဲ ဘုရင်ကြီး ရဲ့မား သူ့ဇက်ပေါ် ရောက်လာမယ့် အချိန်ကိုဣန္ဒြေ ရရနဲ့ပဲ စောင့်နေခဲ့တယ်။

...ဘုရင်ကြီးက သူ့ လက်သုံးတော်မားကို ဆွဲပေါ် မြှောက်ဝင့်လိုက်ပြီး သူ့မားကြီးကို အခဲစေးသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com

သွားအောင် လှင့်ပစ်လိုက်ပြီးမှ မြန်မာ့ရိုးရာ လက်သိုင်းအတတ်နဲ့ သူခိုးကြီးကို လက်ရ အမိဖမ်းယူလိုက်ပါကယ်။

....နောက်မှ သူခိုးကြီးပိုင်ဆိုင်သမျှ ရတနာပစ္စည်းတွေကိုစုပုံထုပ်ပိုးပြီးသူခိုးကြီးကိုပါနန်းတော်ထဲကိုဖမ်းဆီးခေါ်ဆောင်ခဲ့ရတယ်။ ဘုရင်ကြီးက လက်နက်မဲ့နေသူကို လက်နက်နဲ့ အနိုင်မယူခဲ့ဘူးလို့ ဆိုရမှာပေါ့။

....ဘုရင်ကြီးက သူခိုးကြီးကို သေသေချာချာစစ်ဆေးပြီးမှ ကားစင်တင်သတ်စေဖို့ အမိန့်ချမှတ်လိုက်တယ်။

....ဘုရင်ကြီးအမိန့်အရ သူခိုးကြီးကို ကားစင်တင်သတ်ဖို့အတွက် စည်တီးပြီး ခေါ်ဆောင် သွားတဲ့အခါ ယောကျ်ားမုန်းတဲ့ ကုန်သည်သမီး ရတနာဒေဝီက သူ့ရဲ့ စံအိမ်ပြတင်းပေါက်ကနေ သူခိုးကြီးကို လှမ်းတွေ့လိုက်ပါလေရော။

....ကားစင်တင့် အသတ်ခံရတော့မယ့် သူခိုးကြီးတော့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပုံပျက်ပန်းပျက် ဖြစ်နေရှာတယ်။ မျက်နှာတစ်မျက်နှာလုံးလဲ ညိုမည်းဖူးရောင်လို့ပေါ့။

....အဲ ရတနာဝတီက သူခိုးကြီးကို လှမ်းမြင်တာနဲ့ ချက်ချင်းပဲ သူ့ရင်ခွင်ထဲမှာ မေတ္တာသက်ဝင်စိတ်



ပေါ်လာပြီး ဖခင်သူဌေးကြီးကို သည်သို့ပြောပါလေသတဲ့။

'အို ဖခင်—

—အခု ကားစင်တင်သတ်ဖို့စည်တီးခေါ်သွားတဲ့သူခိုးကြီးကိုသမီးမေတ္တာသက်ဝင်နေပါပြီ။ ကြင်ဖက်အဖြစ်ရွေးပါရစေ။ ဖခင်တာဘုရင်ကြီးဆီမှာ ဥစ္စာရွှေငွေပေးပြီး နုတ်ပေးပါ။

—သူ့ကိုမှ မရရင်တော့ သမီးလဲ သူနဲ့အတူတူလိုက်ပြီး သေပွဲဝင်ရ ပါလိမ့်မယ်။ ဖခင်အမြန်ဆုံး ဆောင်ရွက်ပေးပါတော့။ ချစ်လျှင် သမီးမှာ လှမ်းနာကျနေရပါပြီ ဖေဖေရယ်'

—ရော့၊ ခက်အပြီ။

—မင်းညီမင်းသားတွေ၊ ရာဇဘုရင်တွေ၊ သူကြွယ်ကုန်သည်ကြီးတွေ ကမ်းလှမ်းတုန်းက ယောကျ်ားဆို မုန်းလှပါချည့်လို့ ခေါင်းခါခဲ့တဲ့ ရတနာဝတီက ရုပ်ပျက်ဆင်းပျက် ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ သူခိုးကြီးကျမှ ခုမနေနိုင်ပါဘူးဆိုပြီး သေပွဲဝင်မယ် လုပ်နေပြီ။

—ဘယ်လိုလုပ်ကြပ။

—ရတနာဝတီအရဲ့ဖခင်ဖြစ်သူ ရတနဒတ္တကာသမီးပြောလိုက်တဲ့ စကားကိုလဲ ကြားလိုက်ရော 'အမရေးဘာဘာ' အော်လိုက်ရပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး ဘယ်လိုများ ပြောလိုက်တာလဲကွယ်။ သမီးဟာ ကမ္ဘာမှာ ပိုင်ဘက် မရှိလောက်အောင် အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ သတိုးသား လောင်းတွေ စကားအမ်းလှမ်း ခဲ့တာကိုတောင် ဖယ်ရှားခဲ့ပြီးမှ လူဆိုးသူခိုးကျမှပဲ မေတ္တာသက်ဝင်လာရတယ်လို့ ပြန် စဉ်းစားပါဦးလား သမီးရယ်'

....'မရတော့ဘူး ဖခင်၊ သမီးဟာ ဘယ်ယောကျ်ား ပေါ်မှ ချစ်ခြင်းမေတ္တာ မသက်ဝင်ဘူးပေမယ့် သူ့ကို မြင်လိုက်ရတော့ သမီးရင်ထဲမှာ ဘယ်လိုဖြစ်ကုန်မှန်း မသိတော့ဘူး။ ချစ်မေတ္တာတွေ ယိုဖိတ်ကုန်ရပါတယ်။ သမီး သူနဲ့မှ မပေါင်းရရင် မဖြစ်တော့ပါဘူး ဖခင်။ သမီး ရင်ကွဲနာကျပြီး သေရပါလိမ့်မယ်'

....ကဲ ဘယ့်နှယ်ရှိစ၊ မိန်းမတို့ရဲ့ ဆန်းကြယ်တဲ့သဘော နော်။

....ရတနဒတ္တက သမီးလေးသေသွားရင် အခက်ပဲဆို ပြီး နန်းတော်ကို ဒလကြမ်း ပြေးရတော့တာပေါ့လေ။

....ဘုရင်ကြီးရှေ့မှောက်ရောက်တော့ အကျိုးအကြောင်း လျှောက်ထားပြီး သူ့မှာ ရှိသမျှစည်းစိမ်တွေပုံအပ်ပါ မယ်၊ သူခိုးကိုတော့ ပြန်လွှတ်ပေးပါလို့ လျှောက်ထား လိုက်ပါတယ်။

....ဘုရင်ကြီးကတော့ ခေါင်းခါသပေါ့။



....သူကိုယ်တိုင် ခက်ခက်ခဲခဲ ဖမ်းထားရတဲ့ သူခိုးကို အသပြာအုပ်ငွေကုဋာပုံပေးတောင်မလွှတ်နိုင်ပါဘူးတဲ့။

....ရတနဒတ္တ နန်းတော်ကပြန်လာပြီး အခြေအနေ မဟန်တဲ့အကြောင်း ပြောပြပြီး သမီးဖြစ်သူကိုရော၊ ဆွေမျိုးတွေကပါ ဝိုင်းဝန်းဖျောင်းဖျ နားချပေမယ့် ရတနာဝတီကတော့ ကားခနိုင် ဆိုးမရပေါ့။

....ရတနာဝတီက ရေမိုးချိုး၊ သူ့ကိုယ်သူ အမွှေးနံ့ သာတွေလိမ်းပြီး သူခိုးကြီးကို ကားစင်တင်သတ်မယ့် နေရာကို လိုက်သွားခဲ့တယ်။ သူ့ဖခင်နဲ့ မိခင်အပြင် ဆွေမျိုးညာတိတွေက ရတနာဝတီနောက်က ဘစ်ငိုငို တစ်ရှိုက်ရှိုက်နဲ့လိုက်သွားကြရသပေါ့။

....ဆားစင်ပေါ်က သူခိုးရဲ့အလောင်းကို သူကိုယ်တိုင် အမွှေးနံ့သာတွေ ဖက်ဖျန်းပြီး လှလှပပကြီးမီးသင်္ဂြိုဟ် ပေးခဲ့တယ်။

....အဲဒီမီးပုံထဲကို သူပါ ခုန်ဆင်းဖို့ ကြိုးစားခဲ့ပါသတဲ့။ ပုံဝတ္ထုအကြောင်းက သည်လောက်ဆို လိုရင်းရောက် ပါပြီ။

ဆိုလိုချင်တာက မိန်းမတို့၏ သဘောသည် ဝက်ပါကွဲသို့ အကဲခတ်ဖို့ ခဲယဉ်းလှပါတယ် ဆိုတာပါပဲ။

ယဉ်နွှဲခိုင်၏ ဝက်ပါမှာ ရတနာဝတီဝက်ပါလောက်မဆိုး သေးဟု မှတ်ချက်ချပေးရမည် ဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်နှင့် သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ရပြီ။

မဆိုင်ချင်လို့လည်း မရ။

သမီးမျက်နှာ မြင်လိုက်ရသည်နှင့် ဒေါ်ကြည်ကြည်ခိုင်မှာ တင်းမာသွားရပြန်သည်။ သူ့ရင်မှာ ဒေါသ လှိုင်းကြောင့် နိမ့်တုံမြင့်တုံ ဖြစ်နေသည်။

ဒေါသလှိုင်းကြောင့် ပြောမည့်စကားများမှာ အပြင်သို့ ဖွင့်အန်ထွက်မလာတော့ဘဲ 'မိုက်လှချည်လား အမီးရယ်'ဟု တစ်ခွန်းတည်းပြောပြီး မျက်ရည်ပေါက် ကြီးများသာ လိမ့်ဆင်းလာခဲ့၏။

ယဉ်နွဲ့ခိုင်က မည်သို့မျှ အဖြေမပေးဘဲ ခေါင်းအောက်ငုံ့နေခဲ့သဖြင့် ဒေါ်ကြည်ကြည်ခိုင်၏ ဒေါသမှာ ပို၍ ပွင့်အန် ပေါက်ကွဲလာခဲ့ရသည်။

'မာမီတို့အရှက်တကွဲ အကျိုးနည်း ဖြစ်ရလောက်အောင်ပဲ မိုက်လုံးကြီးရသလား ယဉ်နွဲ့ခိုင်ရယ် ဟင်၊ ညဏ် မောင်မြတ်မင်းပြောတာတွေအမှန်ပဲလား ဆိုတာ မာမီကိုပြောစမ်း'

ယဉ်နွဲ့ခိုင်ထံမှ အဖြေစကားသံ လုံးဝထွက်မလာဘဲ လက်သည်းချင်း ပွတ်လျက် ဆိတ်ဆိတ်ပင် ထိုင်နေဆဲ။

ဆိတ်ဆိတ်နေခြင်းကို ဝန်ခံခြင်းဟု ဆိုရလေမလား။

'ဟဲ့ ယဉ်နွဲ့ခိုင်၊ ငါမေးနေတာ ပြောစမ်း'



ဘယ်တုန်းကမှ နာမည်တပ်မခေါ်ဘဲ တသသမီးထဲ သမီးခဲ့ရသူ ဒေါ်ကြည်ကြည်ခိုင်မှာ ဒေါသကို မထိန်းနိုင်တော့ဘဲ 'ဟဲ့ ယဉ်နွဲ့ခိုင်'ဟု ခေါ်ပြီးမှ 'ငါမေးနေတာ ပြောစမ်း'ဟု အသံကုန် ဟစ်၍ အော်ပစ်လိုက်၏။

ယဉ်နွဲ့ခိုင်ကမူ တုံ့ကျိဘာဝေ။

စိတ်မရှည်နိုင်တော့သော ဒေါ်ကြည်ကြည်ခိုင်မှာ ထိုင်နေသော ကုလားထိုင်ကို တွန်းဖယ်မတ်တတ်ရပ်လိုက်ပြီး ယဉ်နွဲ့ခိုင်၏ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လှုပ်ရမ်းလိုက်၏။

လှုပ်သည်ဆိုသည်ထက် ကိုင်ဆောင့်လိုက်သည်ဟု ဆိုခြင်းက ပို၍မှန်မည်ထင်၏။

'ငါမေးနေတာမကြားဘူးလားဟင်၊ ပြောလေပြောစမ်း၊ ပြောစမ်း ပြောစမ်း ယဉ်နွဲ့ခိုင်၊ ငါ့ကို ဒေါသ ကြီးအောင် မလုပ်နဲ့နော်'

ယဉ်နွဲ့ခိုင်၏ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းလာပြီး ယဉ်နွဲ့ခိုင်နှုတ်ဖျားဆီမှ အသံထွက်လာ၏။

'ဟုတ် ဟုတ် ဟုတ်' အသံသာထွက်နေပြီး 'ကဲ့'သံမှာမူ လေသံလောက်သာ ထွက်လာနိုင်တော့၏။

'နင် ဒီလောက်ပဲ မိုက်ရသလားယဉ်နွဲ့ခိုင်ရယ်၊ မိဘတွေရဲ့ မျက်နှာ ထောက်ရကောင်းမှန်းတောင် နင့်ခေါင်းထဲမှာ အသိဉာဏ်မရှိတော့ဘူးလား ယဉ်နွဲ့ခိုင်၊ နင် သည်လောက်ပဲ....၊

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ ငါမပြောလိုက်ချင်ဘူး၊နင့်ကိုအလိုလိုက်ခဲ့မိတာဟာ ငါ့ အရှက်ကွဲဖို့ပဲပေါ့ ဟုတ်လား'

'သမီးပြောပါရ ...'

'တော်'

'မဟုတ်ပါဘူးလို့ ငြင်းနိုင်ရင် ပြော၊ နို့မို့ အချိန်ကုန်တယ် မပြောနဲ့'

'သမီးကို မာမီရော အစ်ကိုမောင်ကပါ ချုပ်ချယ် လွန်းတော့ ခုလို'

'အောင်မယ်၊ နင့်အပြစ်က တို့အပြစ် ဖြစ်ရဦးမယ်ပေါ့ လေ၊ ဘယ်'

ပြောပြောဆိုဆို ဒေါ်ကြည်ကြည်ခိုင်၏ ညာဘက်လက်မှာ အပေါ်သို့ မြောက်တက်သွားပြီး ပြန်အကျတွင် ယဉ်နွဲ့ခိုင်၏ ပါးအနားသို့ ဝဲပျံသွားခဲ့၏။

ရိုက်တော့ မရိုက်ဖြစ်လိုက်ပါ။

ရိုက်မိလုဆဲဆဲ ဖြစ်သွားခဲ့သည်အထိ၊

ဒေါ်ကြည်ကြည်ခိုင်က ကားသော့ယူ၍ အပြင်သို့ ထွက်သွားခဲ့၏။

ဆက်ပြောနေလျှင် ရိုက်မိတော့မည်ဖြစ်သဖြင့် ဒေါသကို လမ်းကြောင်း လွှဲပေးလိုက်၏။

သားသမီးများက ဘယ်လောက်ကြီးမားသော အမှားကို ကျူးလွန်ခဲ့ပါစေ၊ တကယ်တမ်း သားသမီးကိုရိုက်ရနှက်ရမယ် ဆိုသောအခါ မိဘများသည် ဝန်လေးလှ၏။ မရိုက်ရက်ကြ။



ယဉ်နွဲ့ခိုင်တို့ အသက်အရွယ်မျိုးဆိုလျှင် လက်ထိဆုံးမရန် ပို၍ ဝန်လေးတတ်ကြပါလေ၏။

ဒေါ်ကြည်ကြည်ခိုင် ထွက်သွားပြီး မကြာမီမှာပင် တိုက်တံခါးသော့ သေသေချာချာခတ်ဖို့ မိတုတ်ကိုမှာပြီး ယဉ်နွဲ့ခိုင်ပါ ထွက်ခဲ့၏။

လက်ထဲမှာ လက်ဆွဲအိတ်တစ်အိတ်နှင့်။

....၁....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ်)

ဒေါ်ကြည်ကြည်ခိုင် ပုံနှိပ်တိုက်သို့ ရောက်လာသည်။

မြတ်မင်း ပုံနှိပ်တိုက်မှာများ ရောက်နေခလားဟူသော မျှော်လင့်ချက်ဖြင့် ပုံနှိပ်တိုက်သို့ ရောက်လာခြင်းဖြစ်၏။

ပုံနှိပ်တိုက် တံခါးကြီးတော့ ပွင့်နေပါပြီ။ အလုပ်သမားများလည်း ရောက်နေကြပါပြီ။ မြတ်မင်းကိုမူ မတွေ့ရပေ။

ပုံနှိပ်တိုက်တွင် အစောဆုံးအိပ်သော အလုပ်သမားလေးအခါတိုင်းလို တံခါးများဖွင့်ပြီး ဆရာမြတ်မင်း ရောက်လာလျှင်



'ပေးမည့် လက်ဖက်ရည်ဖိုးကို စောင့်ရင်း အလုပ်ခုံးပွဲ ရှင်းလင်းဖုံခါနေ၏။

တိုက်ထဲသို့ ရောက်နေကြသော အလုပ်သမားများမှာ အလုပ်ချပေးမည့်ဆရာ မလာသေးသဖြင့် ကျက်စီ ကျက်စီ ပေါက်ဖက်ကရများ ပြောနေကြဆဲ ဒေါ်ကြည်ကြည်ခိုင် ရောက်လာခြင်းဖြစ်၏။

တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဆိုသလို ဒေါ်ကြည်ကြည်ခိုင်က အလုပ်သမားတွေကို ပစ်ဟောက်ပစ်လိုက်၏။

'ဘယ်လိုလဲဟေ့ မင်းတို့ဟာ၊ ဒါ သာလာယံဇရပ်မဟုတ်ဘူးကွ အလုပ်တိုက်၊ မနက်စောစောစီးစီး ဆူညံဆူညံနဲ့'

တိုက်ထဲဝင်လာသည်နှင့် အာမပြော ညာမပြော ဒေါ်ကြည်ကြည်ခိုင်က မျက်နှာထားတင်းတင်းနှင့် ဟောက်ပစ်လိုက်သမို့ အလုပ်သမားများခမျာ ပြောလက်စ စကားများကို လည်ချောင်းဝတွင် ဘရိတ်အုပ်ပစ်လိုက်ရင်း ငြိမ်သက်သွားကြ၏။

သူတို့ရင်ထဲမှာတော့ မရှင်းလင်း။

'ခါတိုင်းလဲ ဒီလိုဆူညံဆူညံပဲဟာ၊ သည်နေ့ကျမှ အဖွားကြီးက'ဟု တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လျက်၊ ဒေါ်သအိုးကြီးကို အလုပ်သမားများနှင့် အတွေ့တွင် ပေါက်ခွဲပစ်လိုက်၏။

'ဟေ့ မောင်စိန်လှိုင်'

'ခင်ဗျာ'

'မင်း မင်းဆရာ့အိမ် သိတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ အန်တီ'

'ရော့၊ ဒီစာသွားပေး၊ ဝါ တိုက်မှာ စောင့်နေတယ်လို့ ပြော၊ လမ်းစရိတ်ပါ ယူသွား၊ မြန်မြန်လဲသွား'

'ဟုတ်ကဲ့'

တိုက်စောင့်အလုပ်သမားလေး စိန်လှိုင်ကို မြတ်မင်းအိမ် လွှတ်ပြီးသည်နှင့် အလုပ်သမားများဘက် လှည့်လှဲပြန်၏။

'ကဲ မင်းတို့အားလုံးလာစမ်း'ဟု အသံမာမာဖြင့် ခေါ်လိုက်သဖြင့် အလုပ်သမားများမှာ ဒေါ်ကြည်ကြည်ခိုင်ရှေ့သို့ စုဝေးရောက်ရှိလာကြပြီး ဘာများပြောမှာပါလိမ့်ဟု အာရုံစိုက်၍ ငြိမ်သက်နေကြ၏။

'မင်းတို့အားလုံးဘယ်နှစ်ယောက်လဲ'

'ရှစ်ယောက်ပါ အန်တီ'

'ရော့ ငွေတစ်ဆယ်ယူပြီး လက်ဖက်ရည် သွားသောက်ကြ၊ နောက်ပြီး မင်းတို့အားလုံး ကိုးနာရီခွဲလောက်မှပဲ ပြန်လာကြ ဟုတ်လား'

'ဟုတ်ကဲ့ အန်တီ'

'ကဲ သွားကြတော့'

အလုပ်သမားများမှာ ဒေါ်ကြည်ကြည်ခိုင်ရှေ့တွင် မျက်နှာပိုးသတ်၍ ထွက်သွားကြသော်လည်း အပြင်ရောက်သည်နှင့် ထင်မြင်ချက် တစ်ယောက်တစ်မျိုးပေး၍ ကျွက်စီကျွက်စီ လုပ်သွားကြသည်။



'အဖွားကြီးက ဘယ်လိုလဲကွ၊ ဝင်လာ လာချင်းတော့ တစ်ဟောက်ပြီး နောက်ကျတော့လဲ လက်ဖက်ရည်ဖိုးတွေ ဘာတွေ ထုတ်ပေးလို့'

'သူတို့အိမ်တွင်းရေး တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်ကွ'

'ဟုတ်တာပေါ့၊ ဆရာမြတ်မင်းမရောက်လာလို့ သူ့အိမ်ကို စိန်လှိုင် အခေါ်လွှတ်ရတာသာကြည့်'

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ လက်ဖက်ရည်ဖိုး တစ်ဆယ်ကြီး များတောင် ရတာပဲဟာ'

တစ်ယောက်တစ်ယောက် ထင်မြင်ချက် အမျိုးမျိုးပေးရင်း နံပြားကောင်းသော ကာကာကြီး လက်ဖက်ရည်ဆိုင်ဆီသို့ ချီတက်သွားကြ၏။

အလုပ်သမားများ ထွက်သွားကြသည်နှင့် ဒေါ်ကြည်ကြည်ခိုင်မှာ သူ၏ပုံနှိပ်စက်ကြီးများကိုကြည့်ရင်း သက်ပြင်းချနေသည် ရင်လေးနေမိသည်။

ဒီစက်ကြီးများနှင့်စီးပွားဖြစ်လာသော်လည်း ယခုတစ်ဖန် တချုန်းချုန်းတဂျိန်းဂျိန်း အသံများကြားတွင် နားပူခံရမှာ ဝန်လေးနေသည်။ စက္ကူပုံကြီးများ၊ ပုံနှိပ်စက်ကြီးများကြားတွင် တွေးနေဆဲ၊ ငေးနေဆဲ။

မြတ်မင်းတို့အိမ်တွင် သားအဖနှစ်ယောက် လက်ဖက်ရည် စားပွဲတွင် ထိုင်လျက်...

'ကဲ သား၊ မင်းတို့ကိစ္စဘယ်လိုလုပ်ကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com

'ဖေဖေတို့သဘောစာကော'

'တို့ကိစ္စမှ မဟုတ်ဘဲ၊ မင်းတို့ကိစ္စပဲဟာ၊ တစ်ခုတော့ရှိသေးတယ်ကွာ၊ ဘယ်ကိစ္စမဆို ခေါင်းအေးအေးထားပြီး အသေအချာစဉ်းစားရင် မမှားဘူးပေါ့ကွာ'

ကျွန်တော်ကတော့ တစ်ညလုံးစဉ်းစားပြီးပြီ ဖေဖေ၊ ဘယ်လိုနည်းနဲ့မှ ပြန်ပေါင်းဖို့ စဉ်းစားလို့မရဘူး၊ မဖြစ်နိုင်တော့ဘူးလို့လဲထင်ပါတယ်၊ နို့မဟုတ်ရင် မဖြစ်သင့်တာတွေ ဖြစ်တုန်းမှာ စိုးရပါတယ်'

'ဒါဖြင့်ရင် ဖေဖေ့ စီလိုရှိတယ်သားရဲ့၊ လက်ထပ်ထားတဲ့ တရားဝင် မယားကို မပေါင်းချင်တော့ပါဘူးလို့ပါးစပ်က လွယ်လွယ်ပြောလို့မရဘူး၊ မပေါင်းချင်ရင် မပေါင်းချင်တဲ့အကြောင်း အထောက်အထား ခိုင်လုံအောင်ပြရမယ်၊ သတင်းကြားဆိုတဲ့ စကားနဲ့ ပြောလို့ မဖြစ်ဘူး'

'သူကိုယ်တိုင် ဝန်ခံထားတဲ့ ကိစ္စပဲဟာ'

'အေးလေ၊ ဘာပဲဖြစ်ဖြစ် တို့ဘက်က အလွန်မဖြစ်ရအောင် ဒေါ်ကြည်ကြည်ခိုင်နဲ့တော့ အပြေအလည် ပြောကြဆိုကြဖို့ လိုလိမ့်မယ်'

သားအဖနှစ်ယောက် ပြောဆိုနေကြစဉ်မှာပင် ဒေါ်ကြည်ကြည်ခိုင် စာပေးလွှတ်လိုက်သူ မောင်စိန်လှိုင် ရောက်လာပြီး မြတ်မင်းကို စာပေးခဲ့ရာ မြတ်မင်းကစာကိုဖတ်ပြီး ဖခင်ဖြစ်သူအား ပြလိုက်၏။



ဦးစိန်မင်းက စာကို ဖတ်ပြီးနောက်

'အေး၊ ပို့အဆင်ပြေတာပေါ့ကွ၊ ကဲ ခုပဲလိုက်သွားလိုက်၊ ဒေါ်ကြည်ကြည်ခိုင် ဘာပြောပြော ပြေပြေလည်လည်ဆက်ဆံနော်'

'ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် ကားခဏယူသွားမယ်'

'အေး အေး'

မြတ်မင်း အလုပ်တိုက်ရောက်သွားချိန်တွင် အလုပ်သမားများ တိုက်ကို ပြန်မရောက်ကြသေးပါ။

ဒေါ်ကြည်ကြည်ခိုင် တစ်ယောက်သာ အလုပ်စားပွဲတွင် မေးကို လက်နှစ်ဖက်နှင့် ထောက်လျက် ငိုင်ငိုင်ကြီး ထိုင်နေသည်။

'သြော်... မောင်မြတ်မင်း ရောက်လာပြီလား၊ လာ-လာ မောင်မြတ်မင်း ထိုင်'

'ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်လဲ တိုက်ကိစ္စအတွက် လာမလို့ပါ၊ ဖေဖေနဲ့စကားပြောနေတာနဲ့ အချိန်နောက်ကျသွားပါတယ်'

'ပထမတော့ တိုက်ကိစ္စပဲ ပြောကြရအောင်'

'ဟုတ်ကဲ့'

'အလုပ်တိုက်ကို ဦးစီးဖို့ကိစ္စကိုတော့ အန်တီ့သဘောက မောင်မြတ်မင်းပဲ ဆက်လုပ်စေချင်တယ်လေ'

'ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်....'

'ပြောလေ မောင်မြတ်မင်း၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ အန်တီ့ကို ဘာမှအားနာမနေနဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်အလုပ်တွေအားလုံး အန်တီ့ကို ပြန်လွှဲမလို့ပါ၊ မပြီးပြတ်သေးတဲ့ အလုပ်တွေကိုတော့ ကျွန်တော် လုပ်သွားပါမယ်၊ အလုပ်အသစ်ကိုတော့ ကျွန်တော် လက်မခံတော့ပါဘူး'

'အင်းလေ....မောင်မြတ်မင်း အနွအတိုင်းပဲပေါ့၊ မောင်မြတ်မင်းတို့ကိစ္စကိုကော ဘယ်လိုများ စဉ်းစားထားသလဲ'

'လမ်းခွဲကြဖို့'

'ဒီအဆင့်ထိအောင်တော့ ချက်ချင်း ဆုံးဖြတ်သင့်သေးဘူးလို့ အန်တီထင်တယ်၊ သမီးဘက်ကအမှားနဲ့အလွန်ဆိုတာတော့ အန်တီမငြင်းပါဘူး၊ ဒါပေမယ့် သမီးက ပြုပြင်ခံနိုင်မယ်ဆိုရင် ....'

'ရှေ့ကို မဖြစ်သင့်တာတွေ မဖြစ်ကြရအောင် လမ်းခွဲရမှာပါ အန်တီ'

'အင်းလေ....မောင်မြတ်မင်း မိဘတွေနဲ့ တိုင်ပင်ကြသေးတာပေါ့၊ ခုတော့ မောင်မြတ်မင်း ဆုံးဖြတ်ချက်အတိုင်းပဲ ရှိပါစေလေ'

ဒေါ်ကြည်ကြည်ခိုင်က မောင်မြတ်မင်းကိုနားချ၍မရမှန်းသိသဖြင့် လက်လျှော့လိုက်ပြီး လူကြီးချင်းပြောဆိုကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။

လူကြီးချင်း ပြောဆိုဖို့အတွက် မိမိဘက်က ခိုင်လုံသောအထောက်အထားများ၊ ဝန်ခံချက်များ ပေးဖို့လိုသည်။ ဒါက သူ့ပြဿနာမဟုတ် သမီးပြဿနာ။ သမီးဖြစ်သူထံမှ ခံဝန်ချက်များ တောင်းရမည်။ ခိုင်ခိုင်လုံလုံ ကိုယ့်ဘက်အသေချာမှ လူကြီးချင်း ပြောရဆိုရမည်။

မောင်မြတ်မင်းနှင့် ကိစ္စပြီးသည်နှင့် ဒေါ်ကြည်ကြည်ခိုင် အိမ်သို့ ပြန်လာခဲ့သည်။ ဒီကိစ္စမျိုးက ပူပူနွေးနွေးလုပ်မှ သွေးအေးသွားလေ ပို၍ခက်တက်လေ။

အိမ်လဲရောက်ရော ဒေါ်ကြည်ကြည်ခိုင်လဲ ပက်လက်လန်ကရော။

ယဉ်နွဲ့ခိုင် အိမ်ကထွက်သွားခဲ့ပြီလေ။ ဘယ်ရွာရမှန်းမသိ၊ ဘယ်သွားမှန်းမသိ။ သူသွားတတ်သည့်နေရာများကို ဒေါ်ကြည်ကြည်ခိုင်က မသိ။ သူ့တို့စားကျက်ကျခဲလှရှိသော နေရာကို ဘယ်လိုရှာရပ။

ကားဘစ်စီးနှင့် သမီးသူငယ်ချင်းများဆီသို့ လိုက်ပြန်သည်။

မြတ်မင်းနှင့် မပြေလည်လို့ ခေါင်းပူလာရသည့်အထဲ အိမ်အရောက် သမီးဖြစ်သူကိုမတွေ့တော့ ပို၍ ခေါင်းနောက်သွားပေသည်။

သမီး သူငယ်ချင်းများက မလာပါဟု ခေါင်းခါလိုက်ကြသည်။ ဘယ်သွားမှန်းမသိ၊ ဘယ်ရွာရမှန်းမသိ။ နောက်ဆုံး တပ်ခေါက်ပြီး အိမ်ပြန်ခဲ့ရ၏။

ဒေါ်ကြည်ကြည်ခိုင်က ခါတိုင်းလို ညနေပိုင်းပြန်လာခလဲ မလာဘူးလို့ တမျှော်မျှော်နဲ့။ နေထွက်တပြူမှ နေမွန်းတည့်၊ ထိုမှ နေဝင်ချိန်အထိ စောင့်ခဲ့ပါသော်လည်း ယဉ်နွဲ့ခိုင်မှာ ပေါ်လာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ကြည်ခိုင်သာ ခေါင်းပူရ ခေါင်းခဲလာသည်။ ခေါင်းခဲရာမှခေါင်းကိုက်လာပြီး အိပ်ရာဝင်ချိန်သို့တိုင် ရောက်သည်အထိ ယဉ်နွဲ့ခိုင်က ပေါ်မလာပါလေ။

တစ်ရက်မှနှစ်ရက် နှစ်ရက်မှ သုံးရက်အထိလည်း ပေါ်မလာ။

ဒေါ်ကြည်ကြည်ခိုင်မှာ အောင်းတောက် နေရှာသည်။

လေးရက်မြောက်နေ့လယ်ကျမှ သွားတွေ့သည်။ ထုံးစံအတိုင်း ဂျိုကာနှစ်ကောင်နှင့် တွဲကနေဆဲပေါ့။

သမီးဖြစ်သူကိုတွေ့ပေမယ့်မဆူရဲ။ ရင်ထဲမှာတော့ အလိုက်လိုနဲ့။ နှုတ်ခမ်းလေးကို ရိထားပေသည်။ သမီးဖြစ်သူကို ချော့မော့ပြီး ပြန်ခေါ်ခဲ့ရသည်။ အိမ်ရောက်မှ မျက်ရည်ခံထိုးပြီး တောင်းပန်ရပြန်သည်။

မိဘကမေ့ရသည်။ ကျေးရသည်။ ဒါနှင့်မပြီးသေး။ သားသမီးကို ချော့မော့တောင်းပန်ရသည့် အဖြစ်မျိုးအထိ ရောက်ခဲ့ရသည်။ အဘယ်သို့လျှင် ဆောင်းမှာပ။

ခေတ်သားသမီး ဆိုသည်က မစလွန်းတင်းလွန်းလျှင် မရ။ ခံတတ်သည်။ ဆန်တတ်သည်။

သည်အထဲလေးကြောင့် မိဘများမှာ လျှော့ရင်း လျှော့ရင်း မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရသည်။

ဒေါ်ကြည်ကြည်ခိုင်က သမီးကိုအလျှော့ပေးပြီးမှ အပျော့ဆွဲ ပြန်ဆွဲဖို့ကြိုးစားခဲ့သည်။

ဒါပေသိ သူထင်သလိုမဖြစ်လာ။



လျှော့လိုက်ရသည်။ လျှော့ရင်း လျှော့ရင်း ကြိုးအစပင် ပျောက်သွားခဲ့ရသည်။

ယဉ်နွဲ့ခိုင်မှာ ထင်တိုင်းကြဲ၍ တွေ့တိုင်းတွဲပြီး ဝိုင်းတကာ့ ဝိုင်းမှာပဲ နွှဲအပျော်ကျူးနေခဲ့သည်။

ယောက်ျားတို့၏ ရင်ခွင်ဆိုသည်မှာ ယဉ်နွဲ့ခိုင်အတွက် ညအိပ်ရာဝင် ခေါင်းအုံးရသည့် ခေါင်းအုံးလိုပဲ သဘောမှုခဲ့သည်။

ဘယ်လိုရင်ခွင်မျိုးကိုမှ သူစာမမှု။

သူတောင်းသည့် တန်ရာတန်ကြေးပေးနိုင်လျှင်၊ သူ သတ်မှတ်ထားသော စည်းစနစ်ကို လိုက်နာနိုင်လျှင် ရင်ခွင်ဆိုသည်မှာ သူ့အတွက် ခေါင်းအုံးပေါ့။

ရင်ဘတ်မွေးထူလပျစ်နှင့် ရင်ခွင်ကိုလည်း မှီတင်ခဲ့ဖူးပြီ။

ဖြူဖြူဖွေးဖွေး ရင်ခွင်လေးထဲမှာလည်း မှေးတင်ခဲ့ပြီ။

မည်းမည်းညိုညို ကိုရွှေဝနဲ့တို့ ရင်ခွင်ထဲမှာတော့ အကြိမ်ကြိမ် အခါခါပေါ့။

ယောက်ျားတို့၏ ရင်ခွင်ဆိုသည်မှာ သူ့အတွက် အိပ်ရာဝင် ခေါင်းတင်ရသည့် ခေါင်းအုံးသဘောလောက်ပါပဲ။

ခေါ်တိုင်း လိုက်တတ်သော အေစီ အမျိုးအစားတော့ မဟုတ်။

သူ့စာ အတန်းကြီးသည့် 'ဒီစီ'

ယဉ်နွဲ့ခိုင်က ပြောင့်ဖြူးနေသော ဘဝ လမ်းကြောင်းကို အကောက်အကွေ့ ရောမွှမ်းအောင် ယှက်နွယ်ပစ်ခဲ့၏။ သိမ့် ချင်တိုင်း လှိမ့်ပစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ကြည်ခိုင်မှာ သမီးဖြစ်သူကို ထိန်းသိမ်းနိုင်စွမ်း မရှိတော့သဖြင့် ဦးစိန်မင်းတို့ကို မတွေ့ရဲအောင် ဖြစ်ခဲ့ရသည်။ နောက်ဆုံး မြတ်မင်းတို့ဘက်မှ ကွာရှင်းပြတ်စဲကြောင်း ကြေညာမည်ဆိုသည်ကိုပင် ခေါင်းညိတ်လက်ခံလိုက်ရ၏။

ခုတော့ ယဉ်နွဲ့ခိုင် အိမ်မပြန်လျှင် ပူရပင်ရသည်ကလွဲလျှင် မည်သို့မျှမတတ်နိုင်ရှာပေ။

တွေ့လျှင်ဆူသည်။ ကြိမ်းသည်။ ပစ်ပစ်ခါခါ ပြောသည်။ ဘယ်သို့ပင် ပြောပြော ယဉ်နွဲ့ခိုင်က သူ့မူသူ့ဟန်ကို မပြောင်း။

ဒေါ်ကြည်ကြည်ခိုင် မျက်ရည်ခံ့ထိုးလျှင် သုံးလေးရက်မျှ ငြိမ်နေတတ်သည်။ နောက်ပိုင်း သူ့အထာအတိုင်း ဝိုင်းတကာ ဝိုင်းသို့ ရောက်စမြဲ။

ငွေရှင်နေလျှင် အိမ်အပြန်မှန်သည်။
ငွေမရှင်လျှင် အိမ်အပြန်မမှန်။

မာမီဆီက ပိုက်ဆံ ဘယ်တော့မှမတောင်း။ သူ့နည်း သူ့ဟန်နှင့် ရှာဖွေပြီး ဂျိုကာနှစ်ကောင်နှင့် ပလူးခဲ့သည်။ မြူးခဲ့သည်။

တစ်နှစ်ကျော်ကာလတွင် အလုပ်ဒဏ်ပိသည့်အဖ တစ်မျိုး၊ သမီးစိတ်ကြောင့်က တစ်သွယ် စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရသူ ဒေါ်ကြည်ကြည်ခိုင်မှာ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရတော့၏။

ဒေါ်ကြည်ကြည်ခိုင် အိပ်ရာထဲ လဲသည့်အချိန်တွင်မှ ယဉ်နွဲ့ခိုင်တစ်ယောက် သူ့မူသူ့အထာတွေကို ပြင်ခဲ့ပါ၏။ မိခင်ကြီး



အနားတွင် ကိုယ်ဖိဒင်ဖိ ပြုစုခဲ့ပါ၏။ ပုံနှိပ်တိုက်အလုပ်များ ကိုပင် သွားရောက် ဦးစီးလုပ်ကိုင်ခဲ့ပါ၏။

ယဉ်နွဲ့ခိုင်မှာ ပုံနှိပ်တိုက်အလုပ်များ၊ မိခင်ကြီးအတွက် ပြုစုရသည့်အလုပ်များဖြင့် မအားမလပ်အောင် ဖြစ်ခဲ့ရ သူ၏ အသိုင်းအဝိုင်းများ၊ ပိုကာဝိုင်းများနှင့် တဖြည်းဖြည်း ကင်းကွာလာခဲ့၏။ ယဉ်နွဲ့ခိုင်တစ်ယောက် တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

ယဉ်နွဲ့ခိုင်၏အသက်မှာ နှစ်ဆယ်ကျော်အလေးသာ ရှိသေးသည်။လွတ်လပ်ခွင့်ကို တပ်မက်မောသောအရွယ်၊ရှေ့ကြောင်း နောက်ကြောင်းမစဉ်းစားတတ်ဘဲ ပြုမိမှားတတ်သောအရွယ်၊ ဆင်ခြင်ချိန်မရှိ ရှေ့သို့အထိန်းအကွပ်မရှိ စိုက်လိုက်မတ်တပ် လိုက်တတ်သောအရွယ်၊ သွေးဆူသောအရွယ်တွင် ထင်ရာလုပ်ခဲ့၏။

မြတ်မင်းနှင့် စကားများရာတွင် မြတ်မင်းက သူ့အပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည်။

သူ့အား လုံးဝခွင့်မလွှတ်နိုင်။ နာကြည်းစိတ်ဝေဒနာမှာသူ၏ ရင်ထဲတွင် အပြည့်အသိပ် လွှမ်းထင်ခဲ့သည်။

မြတ်မင်းကို ဆန့်ကျင်ပြမည်ဆိုသော ဆန္ဒဇောမှာ သူ၏ နှလုံးအိမ်တွင် စွဲစွဲမြဲမြဲ ကပ်ငြိခဲ့၏။ မာမီ့မျက်နှာကို ထောက်ထားရကောင်းမှန်း လုံးဝမစဉ်းစားခဲ့။ ထင်ရာစိုင်းခဲ့သည်။

၎င်း၏ ဘဝရေစီးကြောင်းကို ဘယ်သို့ပင် မျှောပါခဲ့ရ လွှတ်ပေးလိုက်သည်။

ရေကြည်ရာရေစီးကြောင်းတွင်မျှောပါခဲ့သလို ရေနောက်ရာ ရေစီးကြောင်းတွင်လည်း မျှောခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သဲမြေလွှလွှပေါ်တွင် လျှောက်ခဲ့သလို နွံတောကိုလည်း တိုးခဲ့၏။

ဒေါ်ကြည်ကြည်ခိုင် အိပ်ရာထဲ လဲတော့မှ သူပြုမိမှားခဲ့သော အမှားအရိပ်များသည် သူ့ကိုပြန်၍ ခြောက်လှန့်ခဲ့၏။

အချိန်နှောင်းခဲ့ပြီ။

နောင်တရိပ်သည် သူ၏နှလုံးသားတွင် ပြန့်လည်ထင်ဟပ်လာခဲ့၏။

နောင်တရိပ်က ယဉ်နွဲ့ခိုင်၏ဘဝအမဲစက်ကို မချေဖျက်နိုင်ခဲ့ပေ။ နာမည်ပျက်ထားသော တစ်ခုလပ်မလေး ဖြစ်ခဲ့ပေပြီ။

ဒေါ်ကြည်ကြည်ခိုင်၏ရောဂါမှာသက်သာယောင်ပြုလိုက်၊ ပြန်ဖြစ်လိုက် ဖြစ်နေသည်။ အိပ်ရာက လုံးဝမထနိုင်ရှာ။

ငွေကြေးတတ်နိုင်သူများဖြစ်၍သာ အိမ်မှာ ဆရာဝန်ပင့်၍ ကုနေခြင်းဖြစ်၏။

ရောဂါ အခြေအနေမှာ ဘဝနိဂုံးဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေပြီ ဖြစ်၏။

ယဉ်နွဲ့ခိုင်မှာအချိန်အားရှိသရွေ့ မိခင်ကြီးအနားမှမခွာဘဲ ပြုစုခဲ့၏၊ မိခင်ကြီးကို တယုတယ ထွေးပိုက်ခဲ့၏။ သူပြုမှားမိခဲ့သော အမှားများအတွက်ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ခဲ့၏။ စကားကြောင်း စပ်မိတိုင်း အကြောလွှာများ ဖုထဖောင်းထနေသော မိခင်ကြီး၏ လက်ကလေးများကို ဆုပ်နယ်ရင်း....

'မာမီ့ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်ခဲ့မိတဲ့ သမီးကို ခွင့်လွှတ်နိုင်ရဲ့လား' ဟု မေးစမြဲ။



အိပ်ရာပေါ်မှ မထနိုင်သော မိခင်ကြီး၏ အပြုံးရိပ်သန်းလျက်မှ ခေါင်းညိတ်ပြန်ကြားသောအဖြေကို ရယူစမြဲ။

ဒေါ်ကြည်ကြည်ခိုင်မှာ တစ်နှစ်ကျော် ခံစားခဲ့ရသော ဝေဒနာဒဏ်ချက်ကြောင့် သူ၏မျက်နှာပေါ်တွင် အပြုံးရိပ် မသန်းရှာသော်လည်း သမီးအတွက်ကိုမူ အပြုံးရိပ်ဆင်လာအောင် အားယူ ပြုံးခဲ့ရှာ၏။

တစ်နှစ်ကျော် အိပ်ရာထဲလဲနေသော ကာလအတွင်း သမီးအပေါ် ပြောစရာအပြစ်ဟူ၍ မဖြစ်ခဲ့ပေ။

ပြောစရာ ရှိသည့်တိုင် မိဘဟူသည် သားသမီးအပေါ် ခွင့်လွှတ်ပြီးသား။

ဒေါ်ကြည်ကြည်ခိုင်မှာ သူ့ကိုယ်သူ ဒီတောင်က မကျော်လွှားနိုင်မှန်းသိစကာမူ သမီးကလေး၏ ပြုပြင်ပြောင်းလဲလာမှုကြောင့် အသေဖြောင့်မည့် အနေအထားတွင် ရှိနေသည်။

ခံစားနေရစေကာမူ ပီတိရိပ်လွှမ်းသော အပြုံးများမှာ သမီးနှင့်တွေ့လေတိုင်း ဒေါ်ကြည်ကြည်ခိုင်၏ နှုတ်ခမ်းလွှာပေါ်တွင် တွဲလွဲခိုနေစမြဲ။

မိတ်ဆွေဝတ်လုံ ဦးမောင်မောင်ကိုခေါ်၍ သူပိုင်ဆိုင်သမျှ အတွင်းအပြင်ပစ္စည်းအားလုံးကို သမီးနာမည်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့၏။

အတွင်းအပြင် ပစ္စည်းအားလုံး၏ တန်ဖိုးမှာ လေးသိန်း နီးပါး ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်နှင့် သုံးလကျော်မျှ ဝေဒနာ ခံစားပြီးနောက် ဧပြီ ကြည်ကြည်ခိုင်မှာ ဘဝနိဂုံးအတွက် မျက်လုံးပိတ်သွားခဲ့ပေရှာ၏။

ဘဝအစတွင် ဖော်ဟစ်ရှန်းခန့်ခဲ့ရသော ပဋိသန္ဓေ လွန်မြောက်စ လူသားများ၏ ဘဝနိဂုံးသည်လည်း အကြောအမျှင်များ၏ တွန့်ဆုတ်ဆွဲအားကြောင့် ရှန်းထန် လှုပ်ရှားရင်း မရကာကို လွန်မြောက်ခဲ့ရပေသည်သာ။

တိုက်တစ်လုံး၊ ကားတစ်စီး၊ ပုံနှိပ်တိုက်တစ်တိုက်၊ အတွင်းပစ္စည်း အပြည့်အစုံနှင့် တစ်ခုဆပ်မကာဆေး၏ ဘဝနိဂုံး မှာမူ....။

—၀....

အပိုင်း ညွှန်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

ဒေါ်ကြည်ကြည်ခိုင် ကွယ်လွန်သွားပြီးနောက် သူလုပ်ခဲ့မိသော အမှားများအတွက် ပို၍ ယူကြုံးမရ ဖြစ်ခဲ့ရ၏။

သူ့အတွက် မိခင်ကြီးခံစားခဲ့ရသော စိတ်ဝေဒနာဆိုးမှာ ယခုအချိန်တွင် သူ၏ ဝိညာဉ်နှင့် ခန္ဓာကိုယ်ထဲသို့ ပြောင်းလဲ ရောက်ရှိလာချေပြီ။

မရှိတော့သော အမေကို အကြိမ်ကြိမ်အခါခါတမ်း ခွင့်လွှတ်ပါရန်အကြောင်း တောင်းပန်ရသည့် မျက်ရည်ကြောင်းများမှာ သူ၏ပါးပြင်ပေါ်တွင် ခြောက်လိုက်စိုလိုက်ဖြစ်နေသည်။

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သားအမိများမှာ မိအဖြစ်ဆုကို သက်ရှိအင်ရှား ရှိစဉ်
အခါထက် မရှိသောအခါမှ ပို၍ တမ်းတဘတ်ကြလေ၏။
မိမိ မိုက်မှားမိသော အမှားများကို ပို၍ဝန်ခံခဆုံး ဖြစ်
တတ်ကြလေ၏။

ယဉ်နွဲ့ခိုင်မှာလည်း ဤနည်းအတူ။
ဒါပေသိ အချိန်ကာလဟူသည် ရပ်တန့်မနေပဲ အစဉ်အမြဲ
ပြောင်းလဲနေဘိသကဲ့သို့ လူသားတို့၏ စိတ်အစဉ်သည်လည်း
ပြောင်းလဲနေတတ်ရာ မိခင်ကြီးကွယ်လွန်ပြီး ခြောက်လကျော်
လာသောအခါ မိခင်အပေါ် တမ်းတစိတ်များ ကျဲလာ
သည်။အချိန်ရှိသမျှမဟုတ်ဘဲ တစ်ခါတစ်ရံမှ ဖြစ်လာသည်။
ကိုယ့်အကြောင်း တွေးတောစိတ်က လွှန်ကဲ လွှမ်းမိုးလာ
သည်။

တွေးစရာများကလည်း ပေါ်လာရပေသကိုး။
ချမ်းသာသည်။
လှသည်။
တော်သည်။
ပြောင့်သည်။
သက်လတ် တစ်ခုသပ်ဖလေးကို စိတ်ဝင်စား သူများမှာ
ဒုနဲ့ဒေး။

ယဉ်နွဲ့ခိုင်၏ အလှမှာ ကြွနေဆဲ။ လှရိပ်ကြွယ်နေဆဲ။
တပ်မက်စဖွယ် ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့မှာ လင်းကာ
ထင်းကနဲ ပေါ်လွင်နေဆဲ။



နောက်ပြီး ကစ်ခုလပ်က အပျိုထက်သာသည်ဆိုသော ဆို
ရိုးစကားလည်း အရှိသား။

နာမည်ပျက်ကလေး နည်းနည်းတော့ရှိခဲ့သပေါ့၊ ဒါကလဲ
မနေအင်အားနှင့် ဖုံးလွှမ်းလိုက်လျှင် မေ့ကောင်းစရာပါ။

ဘာပဲဖြစ်ဖြစ် ယဉ်နွဲ့ခိုင်ကို စိတ်ဝင်စားနေသူများမှာ
အများကြီး။ သိုက်တူးလိုသူတွေက ပို၍ များမည်ထင့်။
စိန်ပွဲစားများအထိ ထွန်းတားနေသော ခေတ်သမယတွင်
လူပွဲစားများလည်း များနှ များပါဘိခြင်း။

လူပွဲစားများ၏ ခေတ်ပုံပြ၍ လာရောက်ဇပ်ဟပ် သူများ
ထဲတွင်-

အလုပ်မရှိပေမဲ့ ဘွဲ့တွေတထွေးကြီး ရထားသူများလည်း
ပါလေရဲ့။

အလုပ်အကိုင် မယ်မယ်ရရ မပြနိုင်ပေမယ့် ကားလှလှလေး
များ စီးနေသူများလည်း ပါလေရဲ့။

မော်လမြိုင်၊ မန္တလေးရထား ခေါက်တုံ့ခေါက်ပြန် စီးပြီး
တစ်နေ့ဝင်ငွေ တစ်ရာ့ငါးဆယ်လောက် စီနေသူများလည်း
ပါလေရဲ့။

အနောက်တိုင်းဝတ်စုံ စေတ်ကျကျဝတ်၍ နိုင်ငံခြားမှလာ
သော အိတ်လှလှခန့်ခန့်လေး လက်တွင် ပိုက်ပြီး ဘာမဆိုဖြစ်
အောင် လုပ်ပေးနိုင်စွမ်းသော ခေတ်သစ်ဘီးဘိုးအောင်များ
လည်း ပါလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးသည့်စာများကိုကိုယ်ပိုင်ပုံနှိပ်စက်နှင့်ရိုက်ရလျှင် စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်ထွက် ကားမြန်မြန်စီးရမှာပဲ ဟု စိတ်ကူးယဉ်ပြီး ပုံနှိပ်တိုက်ကြီးတစ်တိုက်လုံး ပိုင်ဆိုင်ထားသူ ယဉ်နွဲ့ခိုင်ကို ချဉ်းကပ်လာသူများထဲတွင် ကျော်မြသန်းတို့လိုစာတစ်အုပ်နှင့် ဝါစာကဲမလုပ်နေသူ စာရေးဆရာများပင်ပါလေရဲ့။

မပါပေသိ ယဉ်နွဲ့ခိုင်က လာသမျှကို စကားလှလှသုံး၍ ခေါင်းခါခဲ့ပါလေ၏။

ယဉ်နွဲ့ခိုင်က ခဲမှန်ဘူးသော စာသူငယ်မဟုတ်။ ကိုယ်တိုင်က ခဲပစ်သူအဖြစ် ကျင်လည်ခဲ့သူလည်း ဖြစ်၏။

ဖရက်ဒီနှင့် တွေ့စဉ်တုန်းကလို မနူးမနပ် ယဉ်နွဲ့ခိုင်မဟုတ်တော့ပါလေ။

ဖရက်ဒီလိုဝနဲ့သားမျိုး အကောင်များများကို ဝေ့ရမ်းခဲ့သူဖြစ်ခဲ့ချေပြီတည်း။

ယဉ်နွဲ့ခိုင် လက်ထဲမှာ ငွေကြေး အတော့်အတင်း ရှိနေရုံမက ဝင်ငွေရှိသော ပုံနှိပ်တိုက်လုပ်ငန်းကြီးလည်း ရှိနေ၏။

တိုက်နှင့်ကားနှင့်။

အရင်ကလို ယောင်မှားပြီးတော့များ ခေါ်ထုတ်ဖို့ကြိုးစားပါလနှင့်။ ဒုက္ခလှလှကြီး တွေ့သွားပါလိမ့်မည်။

အသက်အရွယ်နှင့် မလိုက်သော အတွေ့အကြုံများက သူ့အား ရှေ့ဆောင်ခဲ့ပေပြီ။



လက်ရှိပုံစံအတိုင်း တစ်ကိုယ်တော်ဘဝ ခရီးလျှောက်ဖို့ မသင့်တော်သည်ကိုမူ လက်ခံပြီးသား။ သင့်တော်သူ ဘဝခရီးဖော်တွေ့လျှင် အိုးအိမ်ထူထောင်ဖို့ စဉ်းစားပြီးသား။

မိခင်ကြီးကွယ်လွန်ပြီးနောက် ပုံနှိပ်တိုက်လုပ်ငန်းကိုအထိုင်ကျအောင်စီစဉ်ခဲ့၏။

သူက စာရင်းအင်းနှင့် ငွေရေးကြေးရေးကိစ္စလောက်သာကိုင်ပြီး လုပ်ငန်းကို တိုက်ထိုင် ဦးစီးလုပ်နိုင်သူ မန်နေဂျာတစ်ယောက်ခန့်ထားခဲ့၏။

တိုက်ကို တစ်နေ့တစ်ခေါက် ရောက်အောင် သွားခဲ့သည်။

အလုပ်နှင့်ပတ်သက်၍ လိုအပ်သည်များရှိလျှင် ကိုယ်တိုင်စိတ်ရောကိုယ်ပါ လုပ်ခဲ့၏။

သည်ပုံဆိုတော့လည်း ယဉ်နွဲ့ခိုင်က မဆိုးပြန်ပါလေ။

သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်းရှိလာသည်။

မိဘများမရှိသည်နှင့် မိဘ၏လက်ငုတ်လုပ်ငန်း ပျက်ဆီးသွားရသည်ဆိုသော အဖြစ်မျိုး မရောက်အောင် လုပ်နိုင်စွမ်းရှိကြောင်း ပြနိုင်ခဲ့သည်။

ယဉ်နွဲ့ခိုင်၏ လှုပ်ရှားဟန်မှာ သိမ်မွေ့လာသည်။ ကလက်တက်တက်လှုပ်ရှားဟန်များ လျော့နည်းလာသည်။

လုပ်ငန်းအထိုင်ကျလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးကွယ်လွန်စကဲ ယောက်ယက်ခတ်ခဲ့သော စိတ်အစဉ် တည်ငြိမ်လာသောအခါ သူ၏ဘဝမှာ ပျင်းစရာကြီးဖြစ်လာရပြန်သည်။

အလုပ်ကိစ္စရှိလျှင် တိုက်ကို သွားသည်မှအပ အပြင်သိပ်မထွက်ဘဲ အိမ်ဘွင်းအောင်းနေခဲ့သည့် အချိန်ကြာလာသောအခါ ပေါင်းဟောင်း သင်းဟောင်းများဆီ အလည်ထွက်စပြုခဲ့၏။

နောက်ပေတော့လည်း 'ဝါသနာကိုမတားနဲ့တော့ရှင်' ဖြစ်လာသည်။

ဂျိုကာနှစ်ကောင်ဆိုသည့် နေ့မျိုးမှာ သူတို့ကို မြင်မိရင်တော်ရုံလူ ဤနေရာဆောင်၍ မရ။

ရင်ထဲမှာ ကလိအလိဖြစ်လာတတ်သည်။ ယားကျိကျိဖြစ်လာတတ်သည်။

အဲ သူတို့နှင့်တွဲဖူးသူဆိုလျှင် ဟန်ဆောင်ပြီးနေနိုင်ဖို့အခက်သား။ ခဏတဖြုတ်တော့ ဝင်ထိုင်ဦးမှ ဆိုသူများသည် ပဲပြုတ်သည်နှင့်အတူကျမှ အိမ်ပြန်ရောက်တတ်ကြလေ၏။

အလှူအိမ်တို့၊ အသုဘအိမ်တို့မှာဆို သူတို့မပါလျှင်ပွဲမစည်။ တစ်ညလုံးဘယ်သူမှငုတ်တုတ်မထိုင်နိုင်။ သူတို့ပါလျှင်ဘုန်းကြီးကြွချိန်ရောက်သည့်တိုင် ဝိုင်းသိမ်းဖို့ခပ်ခက်ခက်။

နဂိုက ဝါသနာထုံခဲ့သူ ယဉ်နွဲ့ခိုင်တစ်ယောက်၊ ဝိုင်းတွေ့ပြီဆိုသောအခါ မနေနိုင်ပြန်။

ယခုအခါတွင် သူ့ကို ပြောမည့်ဆိုမည့်သူ မရှိ။ ချုပ်ချယ်မည့်သူ မရှိ။



ဝိုင်းထိုင်ဖို့ လက်ကိုင်ကိုလည်း တောင့်နေသည်။ အားတစ် ဝိုင်းရှိရာသို့ ရောက်ခဲ့ရသည်ပေါ့။

ဂျိုကာနှစ်ကောင်နှင့် ပလူးရင်း မြူးရင်း ဝင်းကတော်ကျော်ဝါး ဒေါ်ခင်မာနှင့် တွေ့ခဲ့၏။ ရင်းနှီးခဲ့၏။

ဒေါ်ခင်မမနှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ ယဉ်နွဲ့ခိုင်၏ ဘဝ ည့်အပြောင်း တစ်ဆစ်ပြောင်းဖို့ဖြစ်လာခဲ့ရပေသည်။

ဒေါ်ခင်မမကြောင့် မင်းကြီး ဦးခင်မောင်ချိုနှင့် တွေ့ ရ၏။

တွေ့ဆုံရာမှ....။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

ဒေါ်ခင်မမရွှဲ အမြိတ်ခွန်ဝန်ထောက်ကတော်ဖြူဖြူခန့်[illegible] ချောချော။ ပြုံးလိုက်လျှင် ရောင်ခရောင်အလေး ချိုင့်[illegible] သွားသော ပါးချိုင့်ကလေး နှစ်ခုမှာ သူမ၏အလှပေါ်[illegible] အယဉ်ဆင့်ပေးထားသည့် သို့နှယ် ရှိနေချေ၏။

အိမ်မှာ အခိုင်းအစေ အပြည့်အစုံနှင့် ခြေမွှေးမီးမလော[illegible] လက်မွေးမီးမလောင် နေခဲ့ရသူ ဖြစ်သမို့ အသက်နှင့်ထော[illegible] အောင် နုနုယ်နေသည်။



[illegible]ကော်မိုးလင်းသည့်နှင့် သူ့ကိုယ်သူ တသသ တမြမြ အလှ[illegible]မွမ်းပြီး မင်းကတော်များစုဝေးရာ စိုင်းသို့ သွားရသည့်[illegible]ပ်နှင့် ဝန်ထောက်ကြီး ဘေးပေါက်ရသမျှ ဝင်ငွေကို [illegible]သိမ်းရသည့်အလုပ်သာရှိ၏။

[illegible]တစ်ခါတရံ နောက်ဖေးပေါက်မှဝင်လာသောဝန်ထောက်[illegible] ပတ်သက်သော အလုပ်ကလေးများကို လက်ခံစကား[illegible]ရ၏။ အလုပ်အကြောင်းဆိုသည်ထက် ဈေးနှုန်းစကား[illegible]ဆိုရခြင်းဟုဆိုသည်က ပို၍မှန်ပေမည်။

[illegible]န်ထောက်ကြီးရှိစဉ်က ဒေါ်ခင်မမမှာ ဝန်ထောက်ကြီး[illegible] ပိုင်ပိုင်နိုင်နိုင် ကိုင်ထားနိုင်ခဲ့သဖြင့် ရသမျှငွေများမှာ [illegible]အလွှမ်း မရှိဘဲ ဈေးအက်သက်သာသာနှင့်ရသောရတနာ[illegible]များ ဝယ်ယူထားနိုင်ခဲ့၏။

[illegible]န်ထောက်ကြီး ကွယ်လွန်သွားချိန်တွင် တိုက်တစ်လုံး၊ [illegible]တစ်စီးနှင့်အတွင်းပစ္စည်းအတော်များများကျန်ရစ်ခဲ့၏။

[illegible]ဒေါ်ခင်မမက စိန်ပွဲစားအဖြစ် ရပ်တည်ခဲ့ရာ အောင်မြင်မှု[illegible]ဆောင်းခဲ့ရသည်။

[illegible]မ်းလျှောက်ပွဲစားမဟုတ်ဘဲ ကိုယ်ပိုင်ကားနှင့် တစ်ကိုယ့်[illegible]က်လက်ထနေအောင် ဝတ်ဆင်ထားသော စိန်ရောင်[illegible]ဖျတ်နှင့် ဒေါ်ခင်မမကိုပစ္စည်းအပ်နှံသူများက ယုံယုံ[illegible]ကြည်ကြည် အပ်နှံခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိန်းသေ အရောင်းအဝယ်ဖြစ်မည့် ပစ္စည်းများအ[...]
ဆိုလျှင် ဒေါ်ခင်မမက ငွေတချို့တစ်ဝက်ကိုပင် သူပိုင်[...]
စိုက်ထုတ်ပေးချေထားနိုင်၏။

ဒါကြောင့်လည်း ပစ္စည်းကောင်းမွန်သမျှ ဒေါ်ခ[...]
[...]က်ထဲရောက်ခဲ့ပေသည်။

ဒေါ်ခင်မမ ဝင်ငွေမှာ ဝန်ထောက်ကြီး ရှိစဉ်အထ[...]
ကောင်းနေသေးသည်။

ဒေါ်ခင်မမနှင့် ယဉ်နွဲ့ခိုင်တို့မှာ ဝိုင်းထိုင်ရင်း ကျွမ်း[...]
ကြရာမှ နောက်ပိုင်းတစ်ယောက်နှင့်တစ်ယောက် အ[...]
ရင်းနှီးခဲ့ကြ၏။

ဒေါ်ခင်မမက အထက်မြန်မာပြည်သို့ ဘုရားဖူး [...]
စီစဉ်ခဲ့ရာတွင် ယဉ်နွဲ့ခိုင်ကို အပါခေါ်ခဲ့၏။

ယဉ်နွဲ့ခိုင်က ဒေါ်ခင်မမလို ကျွမ်းဝင်သူက ခေါ်[...]
လိုက်ပါမည်ဟု ကတိစကားဆိုလိုက်ရပေသည်။

စိတ်တူဝါသနာတူများ တွဲဖက်ထွက်ကြမည့်ခရီးမို့ [...]
စရာခရီးဖြစ်မည်မှာ သေချာသည်။

ဒေါ်ခင်မမတို့ ဘုရားဖူးခရီးမှာအမျိုးသားမပါ။ [...]
သမီးချည်း လေးယောက်။

လေးယောက်စလုံး ဂျိုကာမိတ်ဆွေများဖြစ်ကြ[...]
ယောက်လိုစေကာမူ ဖဲဝိုင်းတော့ အလုပ်ဖြစ်သည်။



မီးရထား အထက်တန်းတွဲ တစ်ခန်းလုံး ယူထားသမို့
ရထားထွက်စထဲကပင် အလုပ်ဖြစ်သွားခဲ့ကြသည်။

စားစရာများ အစုံအလင်ပါသောခရီးတွင် အပျင်းဖော်
ပြေစရာ ဂျိုကာနှစ်ကောဇီနှင့် ဘယ်ဘူတာဆိုက်လို့ဘယ်ဘူတာ
ရောက်တော့မည်ကိုပင် မသိနိုင်ကြဘဲ ဖဲချပ်ဖြင့် ရောက်သွား
ခဲ့ကြ၏။

ဘူတာတွင် ကြိုဆိုသူက အဆင်သင့်။

အခု ဒေါ်ခင်မမ၏ ကြိုတင်အကြောင်းကြားထားချက်
အရ ဦးခင်မောင်ချိုကိုယ်တိုင်ပင် ဘူတာရုံသို့ ဆင်းကြိုခဲ့၏။

မင်းကြီးကိုယ်တိုင်လာကြိုသဖြင့် ရထားပေါ်မှ အဆင်း
တွင် ဘာပစ္စည်းကိုမှ ကိုင်တွယ်ရခြင်းမရှိဘဲ လက်ကိုင်အိတ်
ကိုယ်စီကိုင်လျက် ဘူတာဆင်ဝင်အောက်တွင် ရပ်ထားသော
ကားပေါ်သို့ ခြေလှမ်းတက်ခဲ့ရုံမျှသာ။

အလှပြင်ထားသော မျက်နှာပြင်ပေါ်တွင် ချွေးစို့ ချွေး
ပေါက်အစလေးများ ရေးရေးမျှပင်မထင်။

မင်းကြီး၏ မျက်နှာပေါ်တွင်လည်း အပြုံးရိပ်များ ထင်
ရစ်လျက်။

ဒေါ်ခင်မမတို့ ဘုရားဖူးအဖွဲ့တွင် ဘွားဘွားတွေချည်းပါ[...]
လိမ့်မည်ဟု ထင်မှတ်ခဲ့ရာမှ အလှစပယ်ဖူးလေးတစ်ကုံး
ပါလာသည်ကို တွေ့လိုက်ရသမို့ မင်းကြီးခမျာလည်း လ[...]
သော် ကောင်း
သည်ထင့်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအိမ်သည်ဆိုမှာ မြို့၏ အဆောင်းဆုံးနေရာကို ယူ၍ ဆောက်ထားသော နှစ်ထပ်တိုက်ခံအိမ်ဖြစ်၏။

ခြံဝင်းကြီးကလည်း ကျယ်ပြန့်ပါပေ၏။

တစ်ခြံလုံး ပန်းအလှတွေ ဝေဝေဆာဆာ ဖူးပွင့်နေသည်မှာ ဆောင်စုံသက်တန့်တွေ အကွက်လိုက် ချထားဘိသကဲ့သို့ ရှိချေ၏။

အစိုးရစရိတ်နှင့် ခန့်ထားပေးသော မာလီများက ခြံ၏ အလှကို အမြဲတမ်း ဖူးပွင့်ဝေဆာနေစေ၏။ အခါမလပ် ဂရုတစိုက် စိုက်ပျိုးသုတ်သင်ကြရ၏။

သမင်းချက်ကအစ စားဒရိုင်ဘာအဆုံး ခိုင်းဖို့စေဖို့လူတော့ ကလည်း အဆင်သင့်။

သမင်း ဘယ်အချိန်စားမည်ဟု အချိန် ပေးထားလိုက်ရုံသာ။ အချိန်တန်လျှင် ဘဏ္ဍာစိုးက ဆင်စရယ်မောင်းလေးတီးလိုက်ပါမည်။ ဒီအချိန် ထမင်းစားခန်းထဲ ဝင်လာလျှင် အားလုံးအဆင်သင့်။ လိုတာမရှိစေရအောင် ဘဏ္ဍာစိုးက စီစဉ်သွားပါလိမ့်မည်။ မင်းကြီးအိမ်ဆိုသည်က သည်လိုမျိုး။

နောက်ပြီး မင်းကြီးအိမ် မီးဖိုချောင်ဆိုသည်မှာ ဘာမှ ်သူးမရှိ၊ အပြည့်အစုံ။

ဦး ဒီးခင်မောင်ချိုအိမ်မှာ အစစအရာရာ မပြည့်စုံလေးသို့စုံနေသော်လည်းမပြည့်စုံတာတစ်ခုတော့ ယောက်လို



အိမ်ထောင်ဘဲ့ သားသမီးရတနာ ရှိနေသော်လည်း အိမ်ပန်းကုံးဇနီးမယားမဲ့နေသည်။

ရောက်လာကြသည်မှာ မိန်းခသားဧည့်သည်များဖြစ်၏။

ဇနီးမယားသာရှိပါမူ မင်းကြီးအဖို့ အနေသာကြီး။ ဇနီးဖြစ်သူနှင့် လွှဲထားလိုက်ရုံသာ။

ခုတော့ အားလုံး သူ့တာဝန်ဖြစ်နေသည်။

ဒေါ်ခင်မစကိုယ်တိုင် ပါလာသည်မို့ သူ့မှာ ပို၍တာဝန်ကြီးသည်။ ဧည့်ဝတ်ကျေပွန်အောင် ပြုစုရမည်။

တော်သေး၏။

ဘွားမကြီးတွေချည်းဆိုလျှင် ပျင်းစရာကြီး။ မသရဖူလေးတစ်ယောက် ပါလာသဖြင့် ပျော်စရာ။

ဦးခင်မောင်ချို၏ မျက်လုံးများမှာ ယဉ်နွဲ့ခိုင်ဆီသို့ တရစ်ဝဲ ဖြစ်နေသည်။

ယဉ်နွဲ့ခိုင်၏ပုံဟန်ကို ဖမ်း၍ သူလိုချင်သောအဖြေကို တစ်ကိုယ်တော် ရှာဖွေနေမိသည်။ စိတ်ဝင်စားစရာ ကောင်းလှသော ယဉ်နွဲ့ခိုင်သည် အပျိုဖြစ်လေသလား၊ ကာမပိုင်ရှိလေသလား။

ဖွင့်မေးဖို့ကလည်း အခက်။

ရှေးတုန်းက မဟာသမာဓနှင့် အမယာတို့ခေတ်လို လက်သုံးဆုပ် လက်ဝါးဖြန့် အမေးအဖြေမျိုးပြုရသော် ကောင်းလေစွဟု စိတ်ထဲမှာထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ် ဒီပုံမျိုး မေးရျှမဖြစ်။ လက်သီးဆုပ်ပြလိုက်လျှင် 'မင်းကို ဟောဒီလက်သီးနဲ့ ထိုးမယ်'ဟု ပြလေသလား ထင် သွားပြီး 'ရှင့်ကိုပါးပြန်ရိုက်မှာပေါ့'ဟု လက်ဝါးဖြန့်ပြလိုက်မှ အခက်။

ထားဘိဦး။

သူတို့ တစ်ပတိလောက်နေမှာပဲဟာ။ ဖြည်းဖြည်းမှ ဒေါ် ခင်မမကို ကပ်ခမေးတော့မယ်ဟု သူ၏ လှုပ်ရှားနေသောစိတ်ကို ပြန်၍ ထိန်းပေးလိုက်ရသည်။

နဖူးစာဆိုသည်မှာ တကယ်ပဲ နဖူးမှာ အမှတ်ကလေး ပါ လေသလားမသိ။ တကယ် ချစ်သူကိုတွေ့မိလျှင် စိတ်လှုပ်ရှား လာတတ်၏။

မင်းကြီး ဦးခင်မောင်ချိုမှာ ယဉ်နွဲ့ခိုင်အပေါ် ထူးထူး ခြားခြား စိတ်ဝင်စားနေ၏။ တိမ်းညွတ်နေ၏။

ယဉ်နွဲ့ခိုင်လို အချောအလှကလေးများကို မတွေ့ဘူးသည် မဟုတ်ပါ၊ တွေ့ဖူးပါ၏။

ဒါပေသိ သူ၏စိတ်အစဉ်ကို အလုပ်မပေးနိုင်ခဲ့ကြ၊ တခါ ပဟန် စိတ်ဝင်စားသလို ရှိခဲ့ဖူးသည်မှအပ ထူးထူးခြားခြား စိတ်ဝင်စားမှုမဖြစ်ခဲ့ဖူးပေ။

ဦးခင်မောင်ချိုမှာ မုဆိုးဖိုဖြစ်၏။ ဇနီးသည် တိမ်းပါးခဲ့ သည်မှာ တစ်နှစ်ကျော်ကာလမျှသာ ရှိသေး၏။ ၁၄–နှစ် အရွယ် သားဘလေးတစ်ယောက်သာ ကျန်ရစ်ခဲ့၏။

အသက်မှာ ငါးဆယ်ဝန်းကျင်ရှိစေဆာမူ လူ့ဏနုသည်



အခြားသောအရာရှိကြီးများလို ဂုတ်ပိုးကြီးတက်ပြီး ကြည့် မကောင်းအောင် ဗိုက်ကြီးစူထွက်နေသူမဟုတ်ပေ။

ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်တင်းတင်း၊ အသားအ ဖြူဖြူ။ ရုပ်ချောသူတစ်ယောက်မဟုတ်ပေမယ့် မျက်နှာက ချို သာရွှင်ပြသည်။ အသားဖြူသဖြင့် တစ်ခဏချင်း အကြည့်ခံ ရုပ်ချည်မျိုးရှိသည်ဟု ဆိုရခည်ထင်သည်။

နေ့တိုင်း တင်းနစ်ကစားသူမို့ ဗိုက်မစူ ဂုတ်ပိုးမတက်ပဲ ကြည့်ကောင်းရုံ ကိုယ်လုံးကိုယ်ထည် ရှိနေသည်။

အလုပ်ဓာ ပင်ပင်ပန်းပန်းလုပ်ရသော အလုပ်မဟုတ်သည့် ပြင် ကျန်းမာရေးအညီးလိုက်စားသဖြင့် နုပျိုလန်းဆန်းနေ သည်။

အသက်ငါးဆယ်ဝန်းကျင်ရှိနေသည့်တိုင် လေးဆယ်ကျော် လောက်ပဲ ထင်ရ ခန့်မှန်းရသည်။

ယဉ်နွဲ့ခိုင်နှင့် အသက်ချင်းအတော်ပင်ကွာနေပေသိ ယှဉ်တွဲ လိုက်လျှင်မူ တကယ်ရှိသော အသက်ကွာခြားမှုလောက် မထင် မှတ်နိုင်ပေ။

အဖေနှင့်သမီးအရွယ်မျိုး မဟုတ်ဘဲ အစ်ကိုကြီးနှင့် ညီမ လေး အရွယ်မျိုးပဲ ထင်မှတ်ရပေမည်။

ယဉ်နွဲ့ခိုင်မှာ တစ်ခုလပ်၊ သူ့ဌေးမလေးဟု မသိပါပဲလျက် မုဆိုးဖို မင်းကြီးက တိမ်းညွတ်လျက်ရှိချေပြီ။

မုဆိုးဖို မင်းကြီးမှာ တစ်ခုလပ်မလေးကို တိတ်တခိုး ကြိုက်နေပြီ၊ ချစ်နေပြီ။ စွဲဝင်တပ်မက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်အမူ မင်းကြီးအပေါ်တွင် မည်သို့မှမဖြစ်သေး။ စိတ်လှုပ်ရှားမှု မရှိသေးစေကာမူ မင်းကြီး မျက်လုံးများ ဆယ်သို့ရှိနေသည်ကို ရိပ်မိလိုက်ပါ၏။

ထို့နောက်ကြာတို့ ဦးခင်မောင်ချိုနှင့် မျက်နှာချင်းဆိုင်မိလျှင် သူ၏ ချစ်စရာအပြုံးကလေးကို မဖွင့်ဖော်ဘဲ သိုသိပ်ထားခဲ့ပေ၏။

လိုက်လျောမှုအခြေအနေကို လုံးမပြမိအောင်·ထိန်းသိမ်းခဲ့ပေ၏။

မဆိုးဖိုနှင့် ဘစ်ခုလှပ်မလေးတို့၏ တွေ့ဆုံခြင်း အစမှာ ဤသို့…

....o....

## အခန်း (သုံး)

ဒေါ်ခင်မမခေါင်းဆောင်သော ဘုရားဖူးအဖွဲ့မှာ ဦးခင်မောင်ချိုပေးထားသော အားတစ်စီးနှင့် သက်တော်ဇီဝသက်သာ သွားလာခဲ့ကြရ၏။

ဘုရားဖူးခရီးဆိုပေသိ ဟုတ်တိပတ်ကိ ဘုရားဖူးကြသည်တော့မဟုတ်။

ဘုရားကို ဦးသုံးကြိမ်လောက်ချပြီး အလှပြင် ရှိုးပြသည့် အလည်ခရီးက ပိုများသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခံမင်းကြီးကလည်း လိုသည်ထက်ပို၍ ဂရုတစိုက်ရှိလှ၏။ ဟာကွက်လိုကွက် မရှိရလေအောင် သူကိုယ်တိုင်ဘဏ္ဍာစိုးနှင့် စီစဉ်ခဲ့၏။

မင်းကြီးဧည့်သည်များ ဖြစ်ကြသမို့ နေရာတကာတွင် မျက်နှာပွင့်လန်းကြသည်။

မနက်မိုးလင်းသည်နှင့် သည်နေ့ ဘာစားကြမလဲ၊ ဘယ်သွားဖို့ စီစဉ်ထားသလဲဆိုသော အမေးမှာ ဦးခင်မောင်ချို၏ နှုတ်ဖျားမှ ထွက်လာစမြဲ။

မနက်ပိုင်း လဖက်ရည်စားပွဲတွင် စကားအပြောဆုံးသူမှာ ဦးခင်မောင်ချို၊ သူ၏အပြုံးနှင့် လွင်လွင်စာစာ အသံမှာ လဖက်ရည်စားပွဲတစ်ခုလုံးကို လွှမ်းမိုးထား၏။

သူတို့၏ဘုရားဖူးခရီးမှာ အစစအရာရာ အဆင်ပြေသည် မရိုး။ စိတ်စနေဥ္ဂစနင်းဖြစ်ရသည်ဟူ၍ စိုးစဉ်မျှမရှိပါလေ။

နေ့လယ်စာထမင်းစားပြီး အပြင်မထွက်ဘဲ နားနေသော အချိန်တွင် ဝိုင်းထိုင်ကြသည်။

ပျော်ပျော်ပါးပါးကြီး တူတ်နိုင်ကြသည်။

ဘဏ္ဍာစိုးကြီးမြလည်း မအားလပ်ရှာ။ သူတို့ဝိုင်းနားမှာ အချို အချဉ် အသုပ်များ တစ်မျိုးပြီးတစ်မျိုး ပြင်ဆင်ပေးနေရသည်။

မင်းကြီးက ဧည့်ဝတ်ပြုမှု နည်းနည်းကလေးမှ မလစ်ဟင်းစေရဟု အမိန့်ချမှားထတ်သည် မဟုတ်ပါလား။



သူတို့ခရီးကို ပျော်ပျော်ပါးပါး ဘုရားဖူးထွက်ကြသည် ဆိုတာထက် ပျော်ပျော်ပါးပါး ဖဲ့စားထွက်ကြသည်ဟု ဆိုရသော် ပို၍မှန်မည်ထင့်။

ညဘက်ပိုင်းတွင်-

အိမ်ပြည့်လူပြည့်။

ဦးခင်မောင်ချို ကိုယ်တိုင် သူတို့ဝိုင်းတွင် ပါလာသဖြင့် ဝိုင်းပိုစည်လာသည်။

စကားသံတွေက ရယ်သံတွေ ပိုများလာသည်။

ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်နှင့် လက်လှန်နေရာတွင် ထိုင်လေ့ရှိ၏။

ဒါမှ ယဉ်နွဲ့ခိုင်မျက်နှာလေးကို အားမနာ ပါးနာတဝ ကြီးကြည့်နိုင်ရုံမက လေပေးဖြောင့်နိုင်ကြ၊ မထိတရိ ကလိနိုင်ကြ၊ ရိနိုင်ကြမှာကိုး။

ယဉ်နွဲ့ခိုင်၏ သွယ်ပျောင်း နွဲ့နှောင်းသော လက်ချောင်းသွယ်လျှသျှလေးဖြင့် ဖဲချပ်များကို ယပ်တောင်သဏ္ဍာန် ဖြန့်ကျက်လိုက်ဟန်၊ ဖဲချပ်ကို ဟန်ပါပါ ဆွဲယူပစ်လိုက်ဟန်၊ အထုပ်ထဲမှ ဖဲ့ချပ်ကို ရွရွကလေး ဆွဲယူသွားဟန်တို့မှာ ဦးခင်မောင်ချို၏ မျက်လုံးထဲမှ မထွက်နိုင်အောင် ရှိနေသည်။

လှပကော့ညွတ်နေသောနှုတ်ခမ်းလွှာကလေးနှင့်စီးကရက်ကို ညှပ်၍ ဘာဖဲ့ပစ်ရပါ့ဟု စဉ်းစားနေဟန်၊ တည်ငြိမ် တက်

www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် စီးအရက်ကို ဟန်ပါပါမြုံတီး၍ ပြုံးလိုက်ယင် တို့မှာ ဦးခင်မောင်ချိုအတွက် ရှုမငြီးနိုင်စရာ ဖြစ်နေသည်။

ကိုယ်စိတ်ဝင်စားမိသူမိန်းကလေးတစ်ယောက် ဘာလုပ်လုပ် စိတ်ဝင်စားမိသူ ငနဲသားအဖို့ ကြည့်လို့အလွန်ကောင်း။

လုပ်သမျှ လှနေသည်ဟု ထင်သည်။

ပြင်သမျှ စိတ်ဝင်စားစရာဟု မြင်သည်။

ပြောသမျှ နားဝင်ပီယံရှိလှသည်။

ယောကျ်ားတို့၏ မွေးဝါခြင်သည် ဒီနေရာမျိုးတွင် မတုံး နိုင်မကွယ်နိုင်ရှိလေသတတ်။

ယဉ်နွဲ့ခိုင် လှုပ်ရှားလေသမျှ ဦးခင်မောင်ချို မျက်စိထဲတွင် လှလှပပမြင်နေသည်။

ဦးခင်မောင်ချို၏ဖွဲ့ အခေါင်းနည်းလာသောအခါ ယဉ် နွဲ့ခိုင်က လှမ်းနောက်တတ်၏။

'အစ်ကိုကြီးစိတ်တွေ ဖွဲ့ထဲမှာ မရှိတော့ဘူး ထင်တယ်'

'သိပ်ဟုတ်တာပေါ့ ညီမရယ်၊ ညီမတို့နဲ့ ကစားရတာ စိတ်အလွန်ပြန့်ပါတယ်ဗျာ'

'ကိုယ့်ညွှတာကိုတော့ မပြောဖူး၊ ညီမတို့ကိုပဲ'

'ညီမတို့ ကစားဟန်ကို ကြည့်နေရတာနဲ့ကို စိတ်ကူးတွေ တလွဲတချော် ဖြစ်ကုန်ပါရောတဲ့ဗျာ'



ဤသို့ မထိခလုတ် ထိခလုတ် စကားလုံး ကလေးများမှာ သူတို့ဝိုင်းကို ပို၍မြူးစေ၏။

ယဉ်နွဲ့ခိုင်တို့ ဘုရားဖူးခရီးသည်အဖြစ် မင်းကြီး အိမ်သို့ ရောက်နေခဲ့သည်မှာ ငါးရက်ရှိပြီ။ ပြန်ရန် သတ်မှတ်ထားရက် ငါးရက်ကျန်ခဲ့သေးသည်။

ငါးရက်သာ တွေ့ရတော့မည်ဆိုသည့်အသိက ဦးခင်မောင် ချို၏ စိတ်ကို လှုပ်ရှားစေခဲ့ပြီ။

ဦးခင်မောင်ချိုက နှစ်ပတ်တော့ အနည်းဆုံး နေရမည် ဟု အတင်းဆွဲနေပြန်သည်။

နေ့ချင်းပြန်သွား၍ မရသော အဝေးမြို့များကို သူကိုယ် တိုင်လိုက်ပို့မည်၊ လာတုန်းလာခိုက် ဘုရားတိုင်းအတွင်း အနှံ့ လည်ပြီးမှ ပြန်ရမည်ဟု အတင်းဆွဲခဲ့ပြန်သည်။

သည်ခရီးကို ခေါင်းဆောင်လာသူ ဒေါ်ခင်မမက ဦးခင် မောင်ချို၏ လူရင်းမို့ ဦးခင်မောင်ချိုက အတင်းဆွဲနေသည် ကို ဒေါ်ခင်မမက ခေါင်းမခါသာ။

သူ့အဖွဲ့သားများကို ငါးရက်ကလေးနဲ့တော့ မသွားပါ ဘူး။ နေလိုက်ကြပါဦးစို့ရဲ့လို့ တိုက်တွန်းပြီး ဦးခင်မောင်ချို အလိုကျ ခေါင်းညိတ်လိုက်ရ၏။

အရေးကြီးသော မြို့များ ရောက်ရေးအတွက် ဦးခင်မောင် ချိုက အစီအစဉ်တွေ ရေးဆွဲရသည်။ ပြင်ဆင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ချို အုပ်ချုပ်နေရသော နယ်ပယ် အကျယ်အဝန်းမှာ ဆယ့်ငါးရာစုလောက်က ဘုရင်တစ်ပါး အုပ်ချုပ်ရသည့်နယ်ပယ်ထက် ကျယ်ဝန်းသည်ဟု ဆိုနိုင်လာ၏။

အခု ဦးခင်မောင်ချိုက သူ့ဆီ ဆေးကုလာသော ဧည့်သည်များကို ပိုင်စားရသော နယ်ပယ်များကို လှည့်လည်ပြသမည် ဖြစ်၏။

ရေးမထွက်ကြခင်–

ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်နှင့် ပတ်သက်၍ ဒေါ်ခင်မမကို တီးခေါက်ကြည့်ခဲ့၏။

ယဉ်နွဲ့ခိုင်၏ စီးပွားရေး အခြေအနေကို သိလိုက်ရသော အခါ ဦးခင်မောင်ချို တွန့်သွားသည်။ ဖြစ်နိုင်ပါ့မလားဟူသော စိတ်အစဉ်က သူ့ကို ခြောက်လှန့်ခဲ့သည်။

သိုက်တူးလိုသူဟု ထင်သွားမှာကို သူအကြောက်ဆုံး။

သူက ယဉ်နွဲ့ခိုင်၏အလှကို သဲသဲမဲမဲ နှစ်နှစ်ကာကာ တပ်မက်နေသူသာဖြစ်၏။

ယစ်မူးနေသူသာ ဖြစ်၏။

သူ့ငွေးမလေးမို့ ချိုင်သည်ဟုတော့ လုံးဝအထင်မခံနိုင်။

အခွင့်သာလျှင် ယဉ်နွဲ့ခိုင်ကို သူ့သဘောထားတွေ တဝကြီး ပြောလိုက်ချင်သည်။

ဒေါ်ခင်မမက ငယ်သူချင်းဖြစ်သူ ဦးခင်မောင်ချိုကို 'ယဉ်နွဲ့ခိုင်ကိုမှ သဘောကျရ ပါ့မလား၊ သူတို့သုံးယောက်ထဲက တစ်ယောက်ဆို တော်သေး'ဟု နောက်လိုက်မိပြီးမှ သူတတ်နိုင်သလောက် ကူညီပါမည်ဆိုသော ကတိပေးခဲ့၏။



အဖျားကြီး၊ လူဖျားကြီးများ မယားလိုချင် လင်လိုချင်ပြီဆိုလျှင် အရှက်ကို မငဲ့နိုင်ကြသလို မုဆိုးဖိုကြီးများ မိန်းမလိုချင်ပြီဆိုလျှင် အသက်ကို မငဲ့နိုင်ကြဘဲ ငန်းငန်းတက် ဖြစ်သွားတတ်ကြလေ၏။

ခုပဲကြည့်။

မပြန်ခင် ယဉ်နွဲ့ခိုင်၏အဖြေစကားလေး ကြားပါရစေဟု ဦးခင်မောင်ချိုက ဒေါ်ခင်မမကို နားပူနားဆာ လုပ်နေသည်။

ယဉ်နွဲ့ခိုင်တို့သာပြန်သွားရင် သည်အိမ်ကြီးမှာ သူကစ်ယောက်ထဲ ဘယ်လိုနေရပဟု မရှက်မကြောက် စကားဆိုလာသည်။

ယဉ်နွဲ့ခိုင် စိတ်တိုင်းကျ ဘယ်လိုဖြစ်ရပါမည်။ ဘယ်လိုဖြစ်စေပါမည်ဆိုသော, မဘောင်းသောသော ကတိစကားများကိုပင် အပေးကြီးပေးနေပြန်သည်။

'ကဲ မ တာဝန်ယူပါ့မယ် ကိုချိုရယ်'

ဟု ကတိပေးလိုက်မှ အေးသွားသည်။

ဦးခင်မောင်ချို လိုက်ပါသည့် သူတို့၏ခရီးလမ်းမှာ ချောမွေ့လှ၏။

ဘယ်ရောက်ရောက် အားလုံး အဆင်သင့်။
ကြိုဆိုသူတွေက တစ်ပုံတစ်ပင်။
ကား အဆင်သင့်။
လိုက်ပို့သူတွေက အများကြီး။
တကယ့်ပျော်စရာ ခရီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ယည်နရီးမှာ ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်၏ ရင်းနှီးမှုကို မရရအောင် ယူခဲ့၏။

သွားရာလာရာတွင်ဖြစ်စေ၊ ဘုရားကုန်းတော်အဘက်ဒရီးတွင်ဖြစ်စေ၊ ယဉ်နွဲ့ခိုင်နှင့် ယှဉ်တွဲသွားလာခွင့်ကို ရအောင် ယူခဲ့၏။

နောက်ဆုံး ဘုရားဖူးအပြီး ပန်းကပ်ကြရာတွင် ယဉ်နွဲ့ခိုင်၏ပန်းစည်းနှင့် သူ၏ပန်းစည်းကို တစ်အိုးထဲ တွဲစိုက်ရေးအထိ ဦးခင်မောင်ချိုက ဖန်တီးခဲ့၏။

ယဉ်နွဲ့ခိုင်ကို ဂရုစိုက်ရာတွင် မသိသော မဟုတ်တော့ဘဲ သိသိသာသာပင် အထူးအလေးပေးခဲ့၏။

တစ်ခုလပ်မလေး စန်းပွင့်နေပြီ။

ယဉ်နွဲ့ခိုင်ကလည်း ဦးခင်မောင်ချို၏ အချိုးအားလုံးကို နောကြေနေအောင် သိပြီးသား။

တကယ်က သူက တစ်ခုလပ်တောင်မဟုတ်။

နှစ်ခုလပ်။

ဖရက်ဒီနဲ့တုန်းက တရားမဝင်ဘဲ တစ်ခုလပ်ခဲ့ရသည်။

မြတ်မင်းနဲ့ကျမှ တရားဝင် တစ်ခုလပ် ဖြစ်ခဲ့ရ၏။

တကယ်ပြောကြစတမ်းဆိုလျှင် နှစ်ခုလပ်ပေါ့။

မုဆိုးဖိုကြီး ဦးခင်မောင်ချို ဘာကိုလိုလိုဝဲသည်ကို ယဉ်နွဲ့ခိုင်က နောကြေနေအောင် သိပေမယ့် မသိကျိုးကျွံပြုနေလိုက်သည်။

ဦးခင်မောင်ချိုနှင့် ဆက်ဆံရေးပိုင်းတွင် ရှိုးတိုးရှန့်တန့်



ဖြစ်မနေအောင် ထိန်း၍အလိုက်သင့်အလျားသင့် ပြုံးလာရယ်လာဖြင့် ပုံမှန်ပင် ဆက်ဆံခဲ့၏။

လိုက်လျောသည့်အရာလည်း မထင်အောင်၊ တင်းမာသည့်အသွင်လည်း မပေါ်အောင် ပုံမှန်အနေအထားဖြင့် ဆက်ဆံခဲ့၏။

ဦးခင်မောင်ချိုက သူ့အနားကပ်တွဲလာတိုင်းဦးခင်မောင်ချိုလိုရင်းစကား ပြောခွင့်မရအောင် သူက မေးခွန်းအတွေ့တွေဖြင့်ချေဖျက်ခဲ့၏။

ဦးခင်မောင်ချိုမှာစကားပြောကောင်းသူဖြစ်သည့်အတိုင်း သူလိုချင်သောအပိုင်းသို့ ရောက်အောင် စကားအရာဖြင့်လှည့်ပတ် အရေးဆိုလာသောအခါမျိုးတွင် ယဉ်နွဲ့ခိုင်က လိမ္မာပါးနပ်စွာရှောင်တိမ်း၍ ဆိုလိုရင်းနှင့်မဆိုင်သောအကြောင်းအရာဘက်သို့ ဦးလှည့်ပေးခဲ့၏။

အသက်အရွယ်နှင့်မလိုက်အောင်ယောကျ်ားများ၏အထာကိုနောကြေနေသူ ယဉ်နွဲ့ခိုင်မှာ မုဆိုးဖိုကြီးဦးခင်မောင်ချိုကို မြေမသေ တုတ်မကျိုး လုပ်ထားဖို့ မခက်ခဲလှပါ။

ဘယ်သို့ပဲဖြစ်ဖြစ် လက်ရှိအနေအထားတွင် ယဉ်နွဲ့ခိုင်က ညှိသည်။

ဦးခင်မောင်ချိုက အိမ်ရှင်။

အိမ်သည့်ကို ညှိသည်က မဆန့်ကျင်စကောင်းသော မြင်မှာစလေ့တုံးလည်း ရှိနေသည်။

ဦးခင်မောင်ချို၏ ညှိသည်၊ ခင်းကြီး၏ ညှိသည်အောင်အဖြစ်လှည့်လည်ရာတွင်အားလုံးအဆင်ပြေပါသည်။အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါသည်ဟု ဆိုရမည်ဖြစ်သော်လည်း တစ်ခုတော့ အသိကအောက် ဖြစ်ခဲ့ရသည်။

ရောက်လေရာတိုင်းတွင် ကြည်ကြည်သော ပဟေဠိမျက်လုံးများ၏ ဖက်ချက်ပင်ဖြစ်၏။

ဇနီးသည်တိမ်းပါးပြီးစ အရွယ်တော်ဘဆိုတ်မဟိုင်းသေးသူ မုဆိုးဖို မင်းကြီးက အမျိုးသမီး လေးယောက်နှင့် တိုင်းခန်းလှည့်လာပေသကိုး။

သည်တော့လည်း မျက်လုံးတွေက တစ်မျိုးပေါ့။
မျက်လုံးမေးခွန်းတွေ မေးကြသပေါ့၊
မေးမည်ဆိုလည်း မေးစရာပါ။
မင်းကြီး တွဲလာသူလေးယောက်ကို ကြည့်ပါဦး။

**ဒေါ်ခင်မမ**

ဖြူဖြူဖွေးဖွေး၊
တောင့်တောင့်ဖြောင့်ဖြောင့် ခန့်ချောကြီး၊
မဖွံ့ကြီးနှင့် အရွယ်မတိမ်းမယိမ်း။

**ဒေါ်မြမေ၊**

မတောင့်ပေမယ့် ဖြောင့်သည်။
အသားဖြူသည်။
မပိန်မဝ အလေ့ာတော် ကိုယ်လုံးကိုယ်ထည်နှင့်၊



ပန်းတွန့် ကလေးများပါသော ရွှေမျက်မှန်နှင့် ဒေါ်မြမေ၏ သွယ်လျချောမွေ့သော မျက်နှာမှာ လိုက်ဖက်လှ၏။

မင်းကတော်ရှပ်ရည်နှင့် ဟန်ပန်တို့မှာ ဒေါ်မြမေ၏ တစ်ကိုယ်လုံးတွင် ရစ်သိုင်းခြုံလွှမ်းထားသည့်နှယ်။

**ဒေါ်ကြူကြူ**

အသားမည်းမည်း ပုပုပျပ်ပျပ်၊
အလှအပမရှိသော်လည်း သူ၏အပြုံးမှာ ကျက်သရေပြုံး၊

စတားသွက်သလို လှုပ်ရှားဟန် မြန်သည်။

**ယဉ်နွဲ့ခိုင်**

အားလုံးထဲမှာ အသက်အငယ်ဆုံး၊ အလှဆုံး၊
စိတ်ဝင်စားစရာ အကောင်းဆုံး။

လေးယောက်အနက် မင်းကြီးနှင့်အရွယ်မျှသူသုံးယောက်ထဲမှ ဖြစ်နိုင်ဖွယ်မရှိသူ ဒေါ်ကြူကြူကို ဖယ်လိုက်။

သုံးယောက်ကျန်သည်။
နှစ်ယောက်က အရွယ်လည်း မျှသည်။
မင်းကြီးနှင့် လိုက်ဖက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကတော်ရှုပ်ရှည် ဟန်ပန်လည်း အပြည့်အဝ ရှိသည်။ နှစ်ယောက်ထဲတတစ်ယောက်ယောက် ဖြစ်နိုင်သည်။ ဒေါ်ခင် မမင်္ဂလိုပိုရှ၍ အာရုံထားကြသည်။

တစ်ယောက်က အလှသရဖူဆောင်းထားသူ၊

အသက်ငယ်ငယ်ကလေး၊

အားလုံးထဲမှာ အနုဆုံး၊

အရွှဆုံး၊

အကြဆုံး၊

မင်းကြီးနှင့်အသက်ကွာသမို့ မဖြစ်နိုင်သည့်ဘက်ကမဲသင်း စဉ်းစားစရာရှိသည်။

သို့သော်

သူတို့မင်းကြီးက သွားလေရာရာတွင် တစ်ပူးတွဲတွဲ ပေါ်ခန သူမှာ ယဉ်နွဲ့ခိုင်၊ ယှဉ်တွဲနေသူမှာလည်း ယဉ်နွဲ့ခိုင် ဖြစ်နေပြန်သည်။

မင်းကြီး၏အားပါသော၊ တစ်မူထူးသောနှစ်လိုဖွယ် အပြုံးများမှာ ယဉ်နွဲ့ခိုင်အပေါ်သို့ တစ်သီကြီးရှန်းလဲ့နေပြန်သည်။

မင်းကြီး လတ်အောက်က ဝန်ထောက်တို့မှာ မျက်လုံးပဟေဠိဖြင့် အမေးပုစ္ဆာ ထုတ်ခဲ့ကြရသည်။ ခြေတို့လက်တို့ ခန့်မှန်းချက် အဖြေထုတ်ကြရသည်။

မင်းကြီး 'ကေန္တ'မှာဇာတ်သေချာနေပြီ။

ကဲ ဘယ်သူလေမျှားလဲ။

ယဉ်နွဲ့ခိုင်သာဆိုရင် သူတို့မင်းကြီးကံပေါ်ပြီ။

အဲ အသက်လည်း တိုလိမ့်မယ်ပေါ့။



သည့်လိုသော သည်သို့သော ဝေဖန်မှုမျက်လုံးများ၏ဒဏ်ခံရသည်မှာ ယဉ်နွဲ့ခိုင်တို့လူသိုက်အတွက်မျက်နှာသားတော်ဟန်မှုပိုစရာ၊ အခက်အခဲနှင့်ကြုံလျှင်တသိကအောက်ဖြစ်ခဲ့ရပါလေ၏။

ဒါ့အပြင်ဘယ်သွားသွား မြို့ခံအရာရှိကြီးတွေတစ်ထွေးကြီးပါ၏မြို့မို့ မြို့ခံလူထု၏ ဝိုင်းဝိုင်းဆည်သော မျက်လုံးများ၏ဒဏ်ကို ခံရသည်မှာလည်း ရှောင်ဖို့တိမ်းဖို့မလွယ်ကူပါလေ။

မင်းကြီး လောကွတ် ပိုခဲ့သော ခရီးမှာ သည်သို့နှင့်ပြီးဆုံးခြင်းသို့ရောက်၍ ပန်းပေါင်း ဝေဆာသော မင်းကြီးဂေဟာသို့ ပြန်လည်ရောက်ခဲ့ကြပေသတည်း။

....o....

www.burmeseclassic.com

www.burmeseclassic.com

အခန်း (လေး)

ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်၏ တိမ်းရှောင်ကွက်များကို မသိမဟုတ်။ရေရေလည်လည်သိပါသည်။အဲတော့အကြံမရှိသူမှ မဟုတ်ဘဲ။မုဆိုးဖိုဘဝသို့ပင် ရောက်ခဲ့ပြီပဲဟာ။ ဣတ္ထိယတို့၏ အထာကို သိသမျှ အလွန်သိသပေါ့။

ခုမှ တွေ့သည်။

ခုပဲ ကိုယ်လိုရာ အတင်းဆွဲချင်၍ မဖြစ်ပါလေ။

မိန်းမသားတို့မည်သည် အတင်းအကြပ် ကိုင်တွယ်ခြင်းကို လက်မခံလိုကြပေ။



ရှယ်တူတန်းတူသမီးရည်းစားထားသော ကိစ္စတွင်ပင်စိတ်ရှည်ရသည်။ သည်းခံရသည်။

အလိုလိုက်၍ အကြိုက်ဆောင်ရသည်။

ပျော့ရသည်။

နော့ရသည်။

ချော့ရသည်။

ပြင်သစ်စကားပုံ တစ်ခုရှိသည်။

အလျင်စလိုနမ်းသော အနမ်းသည် အရသာမရှိပါဘူးတဲ့။

အင်္ဂလိပ် စကားပုံ တစ်ခုရှိသည်။

ငါးကို ဖမ်းဖို့ထက် ကန်ထဲမှာ ပျော်အောင်ကြိုးစားပါတဲ့။

ကန်ထဲမှာပျော်နေသောငါးကို အချိန်မရွေး ဖမ်းလို့ရပါသတဲ့။

ခုလဲ သည်စကားပုံကို ပမာယူရမည်။

အကဲပို၍ မဖြင်။

အကဲပိုလျှင် အသည်းကျော်မလေးတို့ စိတ်နုသွားတတ်သည်။

ငါးကို ကန်ထဲပျော်အောင် ကြိုးစားရမည်။

ကန်ထဲမှာ ပျော်နေပြီဆိုရင်တော့ အချိန်မရွေး ဖမ်းတော့ပေါ့။

ဦးခင်မောင်ချို၏ အိမ်ဂေဟာတွင် ဒေါ်ခင်မမတို့သုံးရက်နားနေပြီးမှ ရန်ကုန်ပြန်ကြမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ချိုက ခရီးထွက်စဉ်ကလောက် အခွင့်အရေး မယူတော့၊ တပူးတွဲတွဲမလုပ်တော့ဘဲ ပုံမှန်အတိုင်း ပြန်နေလိုက်သည်။

ညဝိုင်းများတွင် ဦးခင်မောင်ချို ပါစမြဲ။

ခါတိုင်းလို မထိခလုတ်ထိခလုတ် နောက်ပြောင်စမြဲ။

ဒုတိယညတွင် ယဉ်နွဲ့ခိုင်၏ဖဲမှာ ဘယ်လိုမှ နာလန်မထူဘဲ တစ်သေးထဲသောနေသည်။

ဝိုင်းစဖွင့်တတည်းက ညဉ့်နက်လာသည်အထိ တစ်ခါမှ မပေါင်းသေး။

အလုံးလည်း ခန်းနေသည်။

ပေါင်းကြေးရှင်းလိုက်လျှင် အထိဆုံးမှာ ယဉ်နွဲ့ခိုင်ပင်။

အလုံးကြေးကို ဒိုင်ခံရှင်းပေးနေရသူမှာ ယဉ်နွဲ့ခိုင်ပင်။

တစ်ပေါင်းတည်းပေါင်းနေသူမှာ ဦးခင်မောင်ချို။ အလုံးပူးတွေ အလုံးတွေအတွက် အလုံးကြေး သိမ်းယူနေရသည်။

ယဉ်နွဲ့ခိုင် ဒေါပွနေသည်။

ဝိုင်းထိုင်လူများသည် ငွေရှုံးသည်ထက် ဒေါင်မပြုတ်သည်ကို အခံရအခက်ဆုံး။ ညံ့လွန်းသူဟု သတ်မှတ်ခံရမည်ကို အလွန်ကြောက်ကြသည်။ မခံချင်စိတ်က ဒေါသကို ပို၍ဖြစ်ထွန်းစေသည်။



ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်ကို အိမ်ချင်း လဲပေးလိုက်သည်။

ကျန်ဝိုင်းတော်သားများက မကြည်။

သူ့ဟာသူဖဲသာတာ ဘာဇာကြောင့်အိမ်လဲပေးရမလဲပေါ့။

စကားနာထိုးသူက ဒေါ်ကြူကြူ။

'အစ်ကိုကြီးတို့များနော် မျက်နှာကြီးရာ ဟင်းဖတ်ပါသာ ဟော့၊ ကြူတို့ဖဲသနေတုန်းကများဖြင့် လဲမပေးပါဘူးနော်'

ဝင်ပင့်ပေးသူက ဒေါ်မြခမ။

'ကြူကြူနော်၊ ယဉ်နွဲ့ခိုင်နဲ့ကြူကြူက တူလို့လားလို့'

အဆင်းဘီးတပ်ပေးသူက ဒေါ်မြခမ။

'တို့များ အသက်ပြန်ငယ်ချင်လိုက်တာနော်၊ ဆုတောင်းကောင်းသူများတော့ ဘယ်သွားသွား မျက်နှာကိုပွင့်လို့'

ဆင်သေကို ဆိတ်ရည်နှင့်ဖုံးသူက ဦးခင်မောင်ချို။

'အိမ်ရှင်နဲ့ဧည့်သည်မို့ပါဗျာ၊ အိမ်ရှင်ကအနာခံရမပေါ့'

ကလိကြသည်ကို မခံနိုင်ဘဲ ဒေါပွသွားသူမှာယဉ်နွဲ့ခိုင်။

'အန်တီတို့အားလုံး မကောင်းဘူး'ဟု ဆို၍ ဖဲထုပ်လှန်၍ ယဉ်နွဲ့ခိုင် ကစားဝိုင်းမှထသွားပြီး လသာဆောင်ဘက် ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သူများက တဝါးဝါးတဟားဟား။

မေခင်မပြုံတတ်လို့ ဒေါပွနေသူ ယဉ်နွဲ့ခိုင်မှာ ရွှေစိတ်တော်ညှိုး၍ စိတ်ကောက်သွားသည်။

ဒေါ်ခင်မမက ဦးခင်မောင်ချိုကို မျက်စပစ်ပြလိုက်သည်။

မောင်ကြီးအချော့တော် သွားပေတော့ပေါ့။

ဒါအခွင့်အရေးပဲ မဟုတ်လား။

ဦးခင်မောင်ချိုက ပြုံးစိစိ။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ယဉ်နွဲ့ခိုင်ရှိရာ လသာဆောင်သို့။

'ညီမ၊ အစ်ကိုကြီး အပေါ်မှာ စိတ်ခုသွားသလားလို့၊ အစ်ကိုကြီးလုပ်လိုက်တာက စေတနာနဲ့ပါ'

'ဟာ မဟုတ်တာပဲ၊ အစ်ကိုကြီးအပေါ် ခိုင်ဘာလို့ စိတ်ခုရမလဲ၊ အန်တီတို့ကို စိတ်ကောက်ပြီး ထွက်လာတာပါ၊ အစ်ကိုကြီးစေတနာကို ခိုင် နားလည်ပါတယ် အစ်ကိုကြီး'

'ဒီလိုဆိုရင် အစ်ကိုကြီး စိတ်အေးသွားရတာပေါ့၊ ဒါထက် ညီမတို့ သဘက်ခါ ပြန်ကြတော့မယ်နော်'

'ဟုတ်ကဲ့ အစ်ကိုကြီး၊ ရန်ကုန်မှာ လိုတာရှိသမျှမှာပါ၊ အစ်ကိုကြီး ဧည့်ဝတ်ကျေပွန်မှုအတွက် ညီမ ကျေးဇူးတင်လို့ မဆုံးပါဘူး အစ်ကိုကြီး'

'ဟာ လုပ်ပြီ၊ ကျေးဇူးတင်ရမယ့်လူတွေမှ မဟုတ်ဘဲဟာ၊



ခုနောက်ပြီး အစ်ကိုကြီး ဧည့်ဝတ်ပြုရတာ အားမရသေးပါဘူး၊ ဒီမှာ ညီမတို့ အေးအေးလူလူ အနားယူစေချင်သေးပါတယ်'

'ညီမတို့လဲ နေချင်ပါသေးတယ်လေ၊ ရန်ကုန်မှာ လုပ်ငန်းတွေ တိုးလိုးတန်းလန်း ကျန်ရစ်ခဲ့လို့ပါ'

'အစ်ကိုကြီး ညီမကို ပြောစရာတွေရှိပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးရဲ့ ဧည့်သည်အဖြစ်နဲ့ လာနေတုန်း မပြောပါရစေနဲ့၊ ညီမ စိတ်မဆိုးဘူးဆိုရင် အပြန်မှာ စာတစ်စောင် ပါးလိုက်ပါရစေ'

'ဟုတ်ကဲ့ အစ်ကိုကြီး၊ ပေးနိုင်ပါတယ်'

'အစ်ကိုကြီး အခွင့်အရေးယူတယ်လို့တော့ မယူဆစေချင်ဘူး၊ ဖြစ်နိုင်မယ်ဆိုရင် စဉ်းစားဖို့ပါ'

'ဟုတ်ကဲ့'

'ကဲ ညီမလဲ အနားယူပါဦး'

ယဉ်နွဲ့ခိုင်က ခေါင်းကလေး ညိတ်ပြလိုက်၏။

ယယ်ယယ်ရွှယ်ရွှယ် ချစ်ချစ်သဲသဲကလေးများလို ပြောစရာတွေရှိသမျှ နားမဆံ့အောင် ချစ်စကားထာတွေ ဖွင့်ရမည့်အရွယ် မဟုတ်ပါ။

အရိပ်ပြလျှင် အကောင်ထင်ပြီးသား။

တစ်ထွာပြလျှင် တစ်တောင်မြင်ပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ချို ပါးစပ်ဟလိုက်သည်နှင့် အူအခွေခွေမှ အထင်းသား။

ယဉ်နွဲ့ခိုင်သို့ ပြန်ညှိနောက်ဆုံးရက်၌ ညဘက်တွင် အထူး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့၏။

အားလုံး အနောက်တိုင်းအစားအစာများ ခင်းကျင်း၍ အဖျော်ယမကာ အပြည့်အစုံနှင့်။

ဦးခင်မောင်ချို၏ ဘဏ္ဍာစိုးကြီး အထူးတလည် လက်စွမ်းပြထားသော ညစာစားပွဲဖြစ်၏။

အထူး ဖိတ်ကြားထားသော စုံတွဲညှိသည် ငါးတွဲပါ တက်ရောက်လာကြ၏။

ထမင်းစားပွဲအပြီးတွင် သီးသန့်ကပွဲပါ စီစဉ်ထားသည့် အလျောက် စုံတွဲအတွဲများကိုပါ ဖိတ်ကြားထားခြင်းဖြစ်၏။

ထမင်းစားပွဲက မြိုင်ပါသည်။

အဖျော်ယမကာတွေ လျှံပါသည်။

စကားပြောသံ၊ ရယ်သံတွေကလည်း စိုပြည်လှပါသည်။

ပြီးတော့မှ ငြိမ့်ညောင်းသာယာ တေးသံသာများဖြင့် ဒွိယံ ဒွိယံ စုံတွဲများ၏ အကပဒေသာမှာ ညက်ရာမှ သွက်လာသည်။ သွက်ရာမှ မြူးကြွလာသည်။

အကတစ်ကျော့ ပြီးသွားသောအချိန်တွင် ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်ကို ကခွင့်တောင်းလာသည်။



အနောက်တိုင်း ယဉ်ကျေးမှုအလိုအရ ယဉ်နွဲ့ခိုင်က ငြင်းပယ်နိုင်ခွင့် မရှိပါလေ။

ငြင်းပယ်မှုရသည့်တိုင် မငြင်းပယ်ခကောင်း။

အခွင့်တောင်းခံလာသူမှာ ထမင်းစားပွဲ တည်ခင်းပေးသူ အိမ်ရှင်။

အိမ်ရှင်၏ပွဲသို့ တက်ရောက်လာသူ ဧည့်သည်မှန်သမျှ အိမ်ရှင်၏ အလိုဆန္ဒကို တုံ့ပြန်ဖြည့်စွမ်းပေးရမည် ဖြစ်ပါလေ၏။

ဒုတိယတစ်ကျော့တွင် ယဉ်နွဲ့ခိုင်၏မေးဖျားလေးမှာ ဦးခင်မောင်ချို၏ ရင်ဘတ်ပေါ်သို့ မှေးတင်လျက်ရှိချေပြီ။

ဦးခင်မောင်ချို၏ လက်နှစ်ဖက်မှာ ယဉ်နွဲ့ခိုင်၏ ကျောပြင်နှင့် ခါးကို တင်းတင်းကျပ်ကျပ် သိုင်းဖက်ထား၏။

ဦးခင်မောင်ချို၏ ကျောပြင်ပေါ်မှ ယဉ်နွဲ့ခိုင်၏ လက်ကလေးများမှာ တလှုပ်လှုပ်ဟန်ရှိ ပင့်ကူလက်ကားခြေများ ရွေ့ကစားသည်သို့။

တတိယအကျော့တွင် နှစ်ဦးစလုံး၏ မျက်နှာပေါ်မှ အပြုံးများမှာ ရှိန်လဲ့တောက်ပလာသည်။ ကြည်နူးမှုအရိပ်များ ထင်ဟပ်လာသည်။

မုဆိုးဖိုနှင့် တစ်ခုလပ်မကလေးတို့၏ လှုပ်ရှားဟန်မှာ သွေးဆူစရာ။

(ဒီနေရာမှာ ရုပ်ရှင်ဆဘောတိုစကားနဲ့ ပြောရရင် ဖလင်ကျွန်သွားလို့ ခေတ္တရပ်မည်ဟု ဆိုပါမည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာစကားနဲ့ဆိုရသော် ဖောင်တိန် မင်ကုန်သွားလို့ ဒီမျှနဲ့ပဲဟု ဆိုပါရစေ)။

ယဉ်နွဲ့ခိုင်တို့ ပြန်သည့်နေ့တွင် ဦးခင်မောင်ချို ကိုယ်တိုင် ရထားပေါ် အရောက် လိုက်ပို့ရုံမက ရထားထွက်ခွာသည်အထိ ပလက်ဖောင်းပေါ်မှ လက်ပြကျန်ရစ်ခဲ့၏။

ယဉ်နွဲ့ခိုင်လက်ထဲတွင် စာအိတ်တစ်အိတ် ပါလာသည်။

အပြန်ခရီး ရထားပေါ်တွင် ဒေါ်ခင်မခ၏ မင်းကတော် အရသာပုံပြင်များမှာ နားထောင်လို့ ကောင်းမှ ကောင်း ပါပေ့။

အနှစ်နှစ်ဆယ်ကျော် မင်းကတော်ဘဝတွင် ရွှေခင်းသမီး လေး ဖြစ်လာခဲ့သူ ဒေါ်ခင်မခ၏ မင်းကတော်ဘဝဇာတ်လမ်း ပမာနားဆင်စရာများမှာ စိတ်ဝင်စားစရာတွေ အပြည့်အသိပ် ပါရှိလေသလို အားကျစရာတွေ တင်းကျမ်းပြည့်။ မက်မောစရာတွေ ဒုနဲ့ဒေး ပါရှိလေ၏။

အခြွေအရံ အသင်းအပင်း ပေါကြွယ်ဝပုံ၊
နေရာတကာတွင် အရေးပေးခံရပုံ၊
မင်းကတော်က ပို၍ အရာပါပုံများမှာ
နားဝင်ပီယံရှိလှ၏။

နှိုင်းယှဉ်၍သာ ကြည့်ရမည်ဆိုလျှင် ခေတ်မင်းကတော် ဘဝမှာ ဟိုတုန်းက မိဖုရားတွေထက် သာပါသတဲ့။

သီပေါမဟေသီ ကေရီမိဖုရားထက်ပင် သာလေစွ။



ဒေါ်ခင်မမကား မင်းကတော်ဘဝ အဘိဓမ္မာသစ်ကို ဤသို့ င် စာမျက်နှာသစ် ဖွင့်ခဲ့၏။

'ခိုင်ရို့ အသက်အရွယ်နဲ့ အခြေအနေက အိမ်ထောင်သစ် ထူရမှာနော်' ဒီလိုချည်း နေသွားလို့ မဖြစ်သေးဘူး၊ တော်ကြာ သိုက်တူးသမား လူရမ်းကားတွေနဲ့ တွေ့မှဖြင့် ဒုက္ခ၊ ခိုင်သာကိုယ်ကျိုးနည်းလိမ့်မယ်၊

ဦးခင်မောင်ချိုလို အဖက်ဖက်က ပြည့်စုံနေသူမျိုး တွေ့မှ တော့စိတ်ကူးမလွဲလေနဲ့၊ နောက်ပြီး သူကကိုယ့်အပေါ် တိမ်းညွတ်နေတာ မဟုတ်လား၊ ကိုယ်ချစ်ထက် သူချစ်ကို ရှာရလိမ့်မယ်ခိုင်ရေ၊ အသက်ကွာတာတော့ ရှိသပေါ့၊

ဒါပေမယ့် ကြီးရင်မှီ ငယ်ရင်ချီဆို ရှိတယ်မဟုတ်လား၊ ကိုယ်က ချီရတာထက် ကိုယ့်ကမှီရတာ ပိုကောင်းတာပေါ့၊ နောက်ပြီး သူ့မှာလဲ စုမိဆောင်းမိထားတာ တော်တော်ရှိတယ်၊ မ တို့အ အောင်သွယ်လုပ်တာ မဟုတ်ဘူးနော်၊ ခိုင် စဉ်းစားဖို့ပြောတာ၊ အဆုံးအဖြတ်ကတော့ ခိုင့်သဘော'

အောင်သွယ်မလုပ်ပါဆိုသော စကားခံ၍ ဘေးတီးပေးခဲ့၏။ လူကြီးလူကောင်း အောင်သွယ်လုပ်နည်း ဆိုရမှာပေါ့။

ဒေါ်မြမေနှင့် ဒေါ်ကြူကြူကျော့ညည်း ဘေးတီးပေးခဲ့၏။

မည်သို့ပင်ဆိုစေ သူတို့၏ စေတနာကိုမူ အသိအမှတ် ပြုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ့်မှာက ကိုယ့်အကြောင်းနှင့် ကိုယ်။

ကိုယ့်အကြောင်း ဆိုသည့်အထဲမှာ ဦးခင်မောင်ချို မသိတာတွေ အများကြီး ရှိနေသည်။

ဒါတွေကို ထိမ်ဝှက်ထားလို့ မဖြစ်။

ရန်ကုန်ပြန်ရောက်လျှင် စဉ်းစားစရာများနှင့် ဦးခင်မောင် ချိုပါးလိုက်သော စာအိတ်က ယဉ်နွဲ့ခိုင်ကို အလုပ်ပေးသော မည်သာတည်း။

....o....

အခန်း (၄၇)

အိမ်ပြန်ရောက်သည်နှင့် ဦးခင်မောင်ချို ပါးလိုက်သော စာလွှာကို ဖွင့်ဖတ်လိုက်ရသည်။

ညီမ 'ယဉ်ယဉ်'

ညီမ 'ခိုင်' ဆိုတဲ့အဖျားဆွတ်နာမည်ဟာအသံ မာနေတယ်လို့ အစ်ကိုကြီး သဘောရလို့ညီမနဲ့ လိုက်ဖက်တဲ့ ယဉ်ယဉ်ဆိုတဲ့နာမည်ကိုပဲသုံးမယ် နော်။

www.burmeseclassic.com

www.burmeseclassic.com



ညီမယဉ်ယဉ်ကို တွေ့ကတည်းက ညီမရဲ့ အလှပေါ်မှာ ယစ်မူးမိခဲ့ပါတယ်၊ အစ်ကိုကြီးဟာ မုဆိုးဖိုပါ။

မုဆိုးဖို ဘဝမှာ ပထမဆုံးရင်တုန်ပြီးနှလုံးခုန်မိတာ ညီမယဉ်ယဉ်နဲ့ တွေ့စကထဲကပါပဲ။

ညီမယဉ်ယဉ် ချမ်းသာတာတွေ၊ လုပ်ငန်းကြီးတစ်ခု လက်ဝယ်ပိုင်ဆိုင် နေတာတွေကို မသိရခင်ကတဲ အစ်ကိုကြီး ချစ်မိနေတာပါ။

ထန့်ရှင်းတဲ့ အချစ်ဆိုတာကိုဘော့ယုံကြည်စေချင်ပါတယ်။

အစ်ကိုကြီးရဲ့ လက်ရှိ အနေအထားကိုပဲ ပြောပါမယ်။ အစ်ကိုကြီးမှာ သားလေးတစ်ယောက် ကျန်ရစ်ခဲ့တာကိုတော့ ညီမယဉ်ယဉ်သိပြီးသားပါ။ အစ်ကိုကြီးရဲ့ ဝင်ငွေနဲ့ပဲ ညီမကို စိတ်တိုင်းကျပြုစုထားနိုင်မယ့် အခြေအနေရှိပါတယ်။

အစ်ကိုကြီးဟာ မင်းပွဲစိုးပွဲတွေမှာ မလွှဲမရှောင်သာလို့ သောက်ရ စားရတာကလွဲပြီး အရက်ကို စွဲစွဲမြဲမြဲ မသောက်တတ်ပါဘူး။ အပျော်သဘော ဆစားတာက လွဲလို့လည်း လောင်းကစား ဝါသနာမရှိပါဘူး။



အစ်ကိုကြီး အသက်က ငါးဆယ်ထဲရောက်နေပါပြီ။ ညီမယဉ်ယဉ်နဲ့ဆိုအသက်ချင်းကွာပါလိမ့်မယ်။

ဒါကြောင့်လဲ ပြောသင့်မပြောသင့် အတော်ကြီး ချင့်ချိန်ခဲ့ရပါတယ်။

ညီမ ယဉ်ယဉ်ဘက်က အကိုကြီးအပေါ် စဉ်းစားနိုင်မယ်ဆိုရင်၊ ထည့်စဉ်းစားဖို့ မျှော်လင့်ချက်ကလေးထားပြီး ဒီစာကို ရေးလိုက်တာပါ။

ထည့်မစဉ်းစားနိုင်ဘူးဆိုရင်လဲ ဒီနေရာမှာပဲ အကိုကြီးရဲ့စာကို အဆုံးသတ်ပါမယ်။

အကယ်၍များ ထည့်စဉ်းစားနိုင်မယ့်အခြေအနေရှိရင် အကိုကြီးကိုယ်တိုင်ရန်ကုန်ကိုဆင်းလာပါမယ်။

ညီမယဉ်ယဉ်နဲ့တွေ့ပြီး ပြောစရာရှိတာတွေ ပြောကြရအောင်ပါ။

ညှိနှိုင်းစရာတွေ ညှိနှိုင်းကြရအောင်ပါ။

ညီမကမဖြစ်နိုင်ဘူးဆိုတဲ့ အခြေအနေရှိခင် ဖြစ်စေ၊ ဖြစ်နိုင်ပါတယ်လို့ ယတိပြတ်အဖြေမပေးခင် တွေ့လိုပါသေးတယ်ဆိုရင် ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



အကိုကြီးဆီကို ပြန်စာလေးတော့ ပါးလိုက်ပါ။

အကိုကြီး ရင်တထိတ်ထိတ်နဲ့ ပြန်စာကို စောင့်နေပါမယ်။

ညီမယဉ်ယဉ်ကို တိမ်းညွတ်မိတဲ့
ခင်မောင်ချို

ဦးခင်မောင်ချို ရေးလိုက်သောစာမှာ ရိုးရိုးစင်းစင်း စာလေးပါ။ လူကြီးဆန်ဆန် ရေးလိုက်သော ရည်းစားစာ ဖြစ်ပါလေ၏။

ဒီလို လူကြီးပီပီသသ ရေးလိုက်ဟန်ကလေးကိုက ယဉ်နွဲ့ခိုင်၏ဘဝထဲမှာ စွဲငြိစရာလေးဖြစ်သွားရသည်။

ဦးခင်မောင်ချို၏ အရှိန်အဝါ၊ ဂုဏ်ပဒေသာ၊ အနေအထိုင် မြင့်မားပုံများကို ကိုယ်တွေ့မျက်မြင် တွေ့ခဲ့ရုံမက ဒေါ်ခင်မမ၏ မင်းကတော် ဇာတ်လမ်းပမာလေးမှာလည်း ယဉ်နွဲ့ခိုင်၏ဘဝကို စွဲငြိစေခဲ့ပြန်သည်။

တကယ်ကတော့ ယဉ်နွဲ့ခိုင်ကလည်း တိမ်းညွတ်ညွတ်လှပါ၏။

ဒါပေသိ သူ့အပေါ် ထင်ရှိခဲ့သည့်အတိတ်ဇာတ်လမ်းမှာ ပြဿနာ တထွေးကြီးရှိခဲ့သမို့ မဝံ့မရဲဖြစ်နေဟန်ရှိပါသည်။

ယဉ်နွဲ့ခိုင်၏အတိတ်ဘဝ ဇာတ်ကြောင်းများမှာ လှန်ပြန်၍ မကောင်းသော ဇာတ်လမ်းတွေ အများကြီးရှိနေခဲ့သည်။



မကောင်းသောဇာတ်ကြောင်း နောက်ခံ ကားချပ်ကြီးမှာ သူ မသေခင်အထိ ဖျောက်ဖျက်ပစ်၍ ရနိုင်လိမ့်မည် မဟုတ်ပေ။

အားလိပ်ချတိုင်း နောက်ခံ ကားချပ်ကြီးက ပေါ်လာမည် ဖြစ်သည်။

သူက မင်းသမီးလေးလို လှလှပပ ဆင်ယင်ပြီး ဘယ်သို့လျှင် ရဲရဲကြီး က,ရဲပါမည်နည်း၊ ကဝံ့ပါမည်နည်း။

ဟန်နှင့် ပန်နှင့် က,နေတုန်းများ နောက်ခံ ကားချပ်ကြီး ပွင့်အန့် ကျလာခဲ့သော် မင်းသမီးခမျာ ဩဘာသံမရဘဲ ခဲပေါက်ခံရမည်မှာ သေချာနေသည်။

မင်းသားသစ်နှင့် တွဲကဖို့ စဉ်းစားလေတိုင်း နောက်ခံ ကားချပ်ကြီးသာ သူ၏မျက်စိထဲတွင် ထင်းထင်းပပ ပေါ်လာ၏မြဲ။

ခုဘဲ မင်းသားသစ် တစ်ယောက်က လောကဇာတ်ခုံတွင် သူနှင့်တွဲကပါရစေဟု ဆိုလာပြန်ချေပြီ။

မင်းသားက တည်တည်တန့်တန့် မင်းသားပါ။

အဆက်နည်းနည်းဘောင်နေသည်ကလွဲလို့ တွဲကနိုင်စရာ ရှိပေ။

... ပြဿနာလေးတစ်ခုတော့ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူကတစ်ခုလပ် ဖြစ်နေစဉ်မှ သူ့မှာ တိုးလိုးတွဲလောင်း မရှိ။ ဦးခင်မောင်ချိုမှာမူကား သားတစ်ယောက်ရှိနေသည်။

လင်ပါသားစ ဘယ်ပုံစံရှိမှန်းမသိ။

ဦးခင်မောင်ချိုအသူ၏သားကိုရန်ကုန်ပို့ထားသည်ကြောင့် ယဉ်နွဲ့ခိုင်တို့ ရောက်သောအချိန်က ဦးခင်မောင်ချို၏သားကို မတွေ့ခဲ့ရပေ။

ယဉ်နွဲ့ခိုင်အဖို့ ဦးခင်မောင်ချိုနှင့်တွဲမည်ဆိုလျှင် စဉ်းစားစရာ အဖုံအထစ်လေးများ ရှိနေ၏။

တကယ်က စဉ်းစားတာပဲ ရှိသည်။

စာပြန်ဖို့ကျတော့ လက်တွန့်နေသည်။

ရန်ကုန်ပြန်ရောက်ပြီးမှညီခံပို့စုလိုက်သည်ကိုကျေးဇူးတင်ကြောင်း စာတစ်စောင်ကို ရေးလိုက်၏။

ဦးခင်မောင်ချို ပါးလိုက်သောစာနှင့် ပတ်သက်၍ဘယ်သို့ ဘယ်ပုံဆိုသည်ကို အရိပ်အမြွက်မျှပင် မဖော်ပြခဲ့ပေ။

ဒေါ်ခင်မမကလည်း တကျည်ကျည် နားပူနားဆာ လုပ်နေသည်။

မဖြစ်နိုင်ရင်လဲ မဖြစ်နိုင်ပါဟု စာပြန်ဖို့ ကောင်းသည့် အကြောင်းနှင့် အကျိုးအကြောင်းစာမပြန်ဘဲထားလျှင်မသင့်တော်ကြောင်းကို တွေ့တိုင်းပြောနေသည်။

ယဉ်နွဲ့ခိုင်၏သဘောထားမှာ ယခုအထိ မဝေခွဲနိုင်သော အခြေအနေတွင်ရှိနေသည်။



ချိတုံချတုံဖြစ်နေသည်။

သည်သို့ဖြစ်နေချိန်မှာ အနှောင့်အယှက် တစ်ခုက မမျှော်လင့်သော ထောင့်မှ ထွက်ပေါ်လာခဲ့သည်။

ဖရက်ဒီ။

ယဉ်နွဲ့ခိုင်၏ချစ်ဦးသူ ဖရက်ဒီက စာဖြင့် တစ်မျိုး တယ်လီဖုန်းဖြင့်တသွယ်၊ လူကိုယ်တိုင်တစ်ဖုံယဉ်နွဲ့ခိုင်ကိုအနှောင့်အယှက် ပေးခဲ့သည်။ ပြန်လည်ဆက်သွယ်ဖို့ ကြိုးစားခဲ့သည်။

သူ၏အမှားကို ဝန်ချ တောင်းပန်သည့် သဘောလည်း ပါသည်။ ခြိမ်းခြောက်သော သဘောကိုလည်းထင်ဟပ်ပြသသည်။ သူ၏အလိုသို့ မလိုက်ပါလျှင် အထုပ်ဖြေပြမည်။ အပုပ်ချမည်ဟု ဆိုလာသည်။

ကလေးဖျက်ချသော အမှုကို ဖော်မည်ဆိုသည်အထိ ခြိမ်းခြောက်ခဲ့၏။

ယဉ်နွဲ့ခိုင်၏သူ့အပေါ် ဤသို့လုပ်လာသည်ကို လိုက်လျောတုံ့ပြန်ဖို့ ဘယ်လိုမှ စိတ်ကူးထဲမထည့်ခဲ့ပေ။

သို့သော်လည်း စိတ်အနှောင့်အယှက်တော့ ဖြစ်ခဲ့ရသည်။

မမျှော်လင့်သောထောင့်မှ ဖရက်ဒီ၏ အနှောင့်အယှက် အန္တရာယ်ကြုံလာသောအခါ ယဉ်နွဲ့ခိုင်၏ စိတ်များမှာ ဦးခင်မောင်ချို ဘက်သို့ ပို၍တိမ်းညွတ်မိခဲ့၏။

သူတစ်ယောက်တည်းနေဖို့မသင့်သောအခြေအနေကဦးခင်မောင်ချိုနှင့်ပို၍ နီးစပ်အောင် ဖန်တီးပေးသကဲ့သို့ ရှိချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောထောင့်မှ ဖရက်ဒီ၏ အနေအထားဒီအယူကိုရင်ဆိုင်နေရချိန်တွင် ဦးခင်မောင်ချိုကလည်း မမျှော်လင့်ဘဲ ရန်ကုန်ရောက်လာခဲ့ပြန်သည်။

အလုပ်ကိစ္စအတွက်ဟု အကြောင်းစကား ဆိုသော်လည်း ယဉ်နွဲ့ခိုင်ထံမှ ပြန်စာမရသဖြင့်အဖြူအမည်း သဲကွဲရန်လိုက်လာခြင်း ဖြစ်ဟန်ရှိ၏။

ဦးခင်မောင်ချိုက ဒေါ်ခင်မမတို့တိုက်တွင် တည်းခိုခဲ့သော်လည်း အိပ်ချိန်မှအပ ကျန်သောအချိန်များတွင် ဒေါ်ခင်မမနှင့်အတူ ယဉ်နွဲ့ခိုင်တို့တိုက်တွင် အချိန်ကုန်ခဲ့၏။

ရန်ကုန်တွင် ငါးရက်သာ နေချိန်ရမည်ဟု စကားဦးသန်းခဲ့သူ ဦးခင်မောင်ချိုက ရန်ကုန်ရောက်ပြီး သုံးရက်မြောက်နေ့သတွင် ဒေါ်ခင်မမ အကူအညီနှင့် သူတို့ကိစ္စကို ပွင့်ပွင့်လင်းလင်းပင် စကားဆိုလာသော်၏။

ယဉ်နွဲ့ခိုင်ဘက်က တိတိကျကျ အဖြေပေးရမည်။

သူ့ကိုယ်တိုင် လိုက်လာမှ ဟိုနှယ် သည်နှယ် ရှောင်၍ မဖြစ်ကောင်း။

ယဉ်နွဲ့ခိုင်က သူ၏အတိတ်ဇာတ်သိမ်းကို လှစ်ပြလိုက်သည်။

ဖရက်ဒီနှင့် ဖြစ်ခဲ့ရသည်ကစ၍ မြတ်မင်းနှင့် ကွဲခဲ့ရသည့်ဇာတ်ကြောင်း နောက်ဖြစ်ခဲ့သမျှကို အဖြစ်အဖြစ်အတိုင်း ပွင့်ပွင့်လင်းလင်းပြောပြခဲ့၏။

ခုရှုပ်မှုနှောင်ရှင်း ဆိုသလို ပြဿနာမပေါ်အောင် ရှင်းပြခဲ့၏။



ယဉ်နွဲ့ခိုင်ရှင်းနေသည်ကို နားစိုက်ထောင်နေသည့် ဦးခင်မောင်ချို၏မျက်နှာပြုံးပြုံးကြီး၊ ဘာဖြစ်နေသည့်အသွင်ဆောင်ထားသည်။

အတွေ့အကြုံရင့်ရှိသော လူတို့၏ သဘောမှာ ကိုယ့်အကြောင်းမကောင်းသမျှကိုသိဝှက်နိုင်သမျှဖုံးဖိနိုင်သမျှ သိုဝှက်ဖုံးဖိကြ၍ အကောင်းလေးများရွေးပြီး လှစ်ထုတ်ပြတတ်ကြလေသည်။

ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်၏ပွင့်လင်းမှုကို ပို၍သဘောကျသွားသည်။

သူ့ဘက်က အတိတ်ကို ဖုံးဖိမထားဘဲ ဟောဟောဒိုင်းဒိုင်းကြီး ဖွင့်ချလိုက်သဖြင့် ဦးခင်မောင်ချိုမှာ တအံ့တသြဖြစ်သွားခဲ့ရ၏။

ပွင့်လင်းမှုအပြေက ဦးခင်မောင်ချို၏ခွင့်လွှတ်မှုကို ရယူနိုင်လိုက်သည်။

အတိတ်က ဖြစ်ခဲ့သည်များကို ပြည်ဖုံးကားချ၍အနာဂတ်တွင် သာယာသော အိမ်ထောင်ရေးသစ်တစ်ခု တည်ဆောက်ကြဖို့ သဘောတူညီမှု ရခဲ့ကြ၏။

ဦးခင်မောင်ချို၏ သား ချိုဝင်းမောင် အတွက်လည်း လောလောဆယ် ပြဿနာမဟုတ်။

ဦးခင်မောင်ချို၏မယားကြီး သေဆုံးစဉ်ကပင် အစ်မများအိမ်ပို့ထားခဲ့ရာ ချိုဝင်းမောင်ကိုယ်တိုင် ကြီးဒေါ်များနှင့်အတူ နေသားကျနေရှိမှ ရန်ကုန်မှာ ပျော်နေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အိမ်ထောင်ရေးတွင် တန့်လန့်ကန့်လန့် ပါစရာ အကြောင်းမရှိတော့ပါပေ။

ဦးခင်မောင်ချို ခေါ်လာသဖြင့် ချိုဝင်းမောင်ကို တွေ့ဆုံခဲ့ရ၏။

မျက်နှာတွင် အပြုံးပန်းအစဉ်ပွင့်နေသော ဖြူဖြူညက်ညက် လူငယ်လေးတစ်ယောက်ဖြစ်၍ဝတ်စား ဆင်ယင်ပုံမှာမူအထက် တန်းလွှာ သားသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် အပြည့် ဆောင်ယူထား၏။

အသက် ဆယ့်လေးနှစ်ကျော်ပြီ ဖြစ်သော်လည်း ကလေး တစ်ယောက်အသွင် ဖြစ်ရ၏။

မည်သို့ပင်ဖြစ်စေ ချိုဝင်းမောင်မှာ မတော်ချစ်၍မရသော လင်ပါသားဖြစ်သည်ဆိုသော အသိက ယဉ်နွဲ့ခိုင်၏စိတ်အစဉ် ကို လှုပ်ရှားသွားစေခဲ့ပြီတည်း။

....o....

အခန်း (ခြောက်)

ယဉ်နွဲ့ခိုင်၏မျက်နှာတွင် ချစ်စရာအသွင် ထင်ဟပ်နေသော ဤကလေးငယ်မှာ တစ်နေ့သောအခါ၌ သူ့ကို ဒုက္ခလှလှကြီး ပေးလိမ့်မည် သူပါတကားဟု ယဉ်နွဲ့ခိုင်၏ စိတ်အစဉ်တွင် စိုးစဉ်းမျှ မထင်မှတ်ခဲ့ပေ။

ထင်မှတ်စရာ အကြောင်းလည်းမရှိ။

အသက် ဆယ့်လေးနှစ်ကျော်နေပြီဖြစ်သည့်တိုင် သူ့မှာ တထားလို ဝဝဖြိုးဖြိုး ထွားထွားကျိုင်းကျိုင်းမဟုတ်။ ပိန်ပိန် ညှက်ညှက်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူ၍ သွက်မျက်နှာပေါ်တွင် အစဉ်သဖြင့် အပြုံးရိပ် ထင်ဟပ်နေသည်။ လူဖလံလေးမို့ တကယ့်ကလေးအသွင် မြင်နေရသည်။

ခင်မင်စရာ အပြုံးဆောင်ထားသော ချိုဝင်းမောင်ကို ယဉ်နွဲ့ခိုင်က မြင်မြင်ချင်း ခင်မင်မိခဲ့၏။

ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့တွင်မတော်ချင်၍မရသော သားတော်ရခဲ့သည့် ချိုဝင်းမောင်ကို ယဉ်နွဲ့ခိုင်က သွေးတိုးစမ်းခဲ့၏။

'ချိုဝင်းမောင်က နာမည်လေးလှသလို လူကလဲ လှတယ်ကွ၊ ချိုဝင်းမောင် ဘယ်နှစ်တန်းရောက်ပြီလဲ'

'ခုနစ်တန်းပါ အန်တီ'

'ချိုဝင်းမောင်ကိုလေ အန်တီက မြင်မြင်ချင်း ချစ်တယ်၊ ချိုဝင်းမောင် အန်တီတို့နဲ့ အတူတူနေပါသလား'

'မနေချင်ဘူး အန်တီ'

'ဘာဖြစ်လို့လဲကွ'

'ကြီးကြီးမေတို့ အိမ်မှာက ပျော်စရာ ကောင်းတယ်၊ ကျွန်တော့်ကိုလဲ အလိုသိပ်လိုက်တယ်'

'အန်တီကလဲ ချိုဝင်းမောင်ကို အလိုလိုက်မှာပေါ့၊ မုန့်ဖိုးလဲ အများကြီးပေးမယ်လေ'

'ဒယ်ဒီသာ တောမှာနေတာ၊ ကျွန်တော်က ရန်ကုန်မှာပဲ ပျော်တယ်၊ နောက်ပြီး ကြီးကြီးမေကလဲ မုန့်ဖိုးတွေ အများကြီးပေးတာပဲ'



'အခု ဒယ်ဒီပြန်ရင် အန်တီလဲပါမယ်၊ ချိုဝင်းမောင်လဲ ခေါ်လိုက်ခဲ့ပေါ့'

'ကျွန်တော် မလိုက်ချင်ဘူး၊ ကြီးကြီးမေကလဲ ထည့်မှာ မဟုတ်ဘူး'

ယဉ်နွဲ့ခိုင်က ချိုဝင်းမောင်၏ ရင်းနှီးခင်မင်မှုကို ရအောင် လှုပ်ယူသလို ချိုဝင်းမောင်၏ စိတ်သဘောထားကိုလည်း တီးခေါက် ကြည့်ခဲ့ခြင်းဖြစ်၏။

လောလောဆယ် သူတို့အိမ်ထောင်ရေးတွင် ချိုဝင်းမောင်၏ အနှောက်အယှက် မည်သို့မျှမရှိနိုင်သဖြင့် ယဉ်နွဲ့ခိုင်အတွက် စိတ်အေးစရာ တစ်ကွက်ဖြစ်သွားသည်။

သူတို့၏ မင်္ဂလာဦးခရီးတွင် ချိုဝင်းမောင်တစ်ယောက် ဆန့်လန့်ဆန့်လန့် ပါနေလျှင် ယဉ်နွဲ့ခိုင် မျက်နှာထားတော် ခက်ရမည်။

ပတ်ဝန်းကျင်ကလည်း လင်ပါသားတွဲလောင်းနှင့် မင်းကြီးကတော် အသစ်စက်စက်ကလေးကို ဟိုနယ်သည်သို့ ပြောကြ ဆိုကြလိမ့်ဦးမည်။

ခုတော့ မင်္ဂလာဦးခရီးမှာ သူတို့နှစ်ယောက်တည်း။

ပျော်စရာရှိ အစွမ်းကုန်၊ ချစ်စရာရှိ အစွမ်းကုန်။

မင်းကြီးမှာလည်း ဘယ်သူ့မျက်နှာမှ ထောက်နေစရာမလိုဘဲ ယဉ်နွဲ့ခိုင်ကို အစွမ်းကုန် လက်ကုန် အလိုလိုက်နိုင်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်ကလည်း မှီချင်လို့ယူထား ချီနေရမှုဖြင့် အခက်။ ချို၀င်းမောင် ကိစ္စပြီးတော့ ကြီးကြီးမေကိစ္စက ရှိပြန်သေးသည်။

ကြီးကြီးမေခေါ် ဒေါ်ခင်လှမေမှာ ဦးခင်မောင်ချို၏ အစ်မအရင်း ဖြစ်၏။

ဦးခင်မောင်ချို၏ မိဘများမရှိသည့်နောက်ဒေါ်ခင်လှမေမှာ မင်းကြီး အမိအရာတွင် ရှိနေသည်။

အသက်ငါးဆယ်အရွယ် ဦးခင်မောင်ချို၏ အိမ်ထောင်ရေးကိစ္စမှာ ဒေါ်ခင်လှမေတို့ သဘောထားကိုလည်း ပစ်ပယ်ထား၍မရ။

ယဉ်နွဲ့ခိုင်က အားလုံးချောချောမွေ့မွေ့ဖြစ်ချင်သည်။ ပြေပြေပြစ်ပြစ်ဖြစ်စေချင်သည်။

အိမ်ထောင်သစ်တစ်ခု တည်ထောင်ပြီဆိုလျှင် ဆွေရေးမျိုးရေးက ပါစမြဲ။

ဆွေမျိုးဆိုသည်က လင်မယားတွေ ချစ်ချစ်ခင်ခင်နေရေး ကြည်ကြည်ဖြူဖြူ ပေါင်းသင်းရေးမှာ 'ကော်'မဖြစ်ပေသည့် 'သပ်'တော့အဖြစ်သား။

မြအောင် မလုပ်တတ်ကြပေသိ ကွဲအောင်တော့ လုပ်တတ်သည်။ တတ်နိုင်ကြသည်။

ယဉ်နွဲ့ခိုင်က သူ့ဘ၀တွင် အိမ်ထောင်ရေး၊ ကံမကောင်းဟု မှတ်ယူခဲ့ရာ သည်တချီ ထပ်ကွဲလျှင် ကွဲချက်နာတော့မည်



မို့ အလိုလိုနေရင်း သွေးလန့်နေသမို့ ဦးခင်မောင်ချိုနှင့် ပွင့်ပွင့်လင်း ဆွေးနွေးခဲ့သည်။

'အစ်ကိုကြီး ခိုင်တို့ အိမ်ထောင်ရေး ကိစ္စအတွက် အစ်ကိုကြီး အစ်မများရဲ့ သဘောထားကော'

'မမတို့ကတော့ အစ်ကိုကြီးကို အိမ်ထောင်မပြုစေချင်ကြဘူး၊ ဒါပေမယ့် အစ်ကိုကြီးဟာ ဆုံးမ လမ်းပြနေဖို့ အရွယ်မဟုတ်သို့ အစ်ကိုကြီး သဘောပါပဲတဲ့'

'ခိုင့်အကြောင်းကိုကော အစ်ကိုကြီးက ပြောပြရဲ့လား'

'အို၊ ဒါတွေအထိ သူတို့ကို ပြောနေစရာ မလိုပါဘူးလေ၊ အစ်ကိုကြီးက ကလေးမှ မဟုတ်ဘဲဟာ'

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ အစ်ကိုကြီးရဲ့၊ ခိုင်တို့ အိမ်ထောင်ရေးမှာ ဆွေရေးမျိုးရေးကို ဘေးဖယ်ထားလို့ ရတာမှ မဟုတ်ဘဲဟာ ပြောသင့်ဆိုသင့်တာတွေ ပြောထားရမှာပေါ့၊ နောက်မှ ရှုပ်လာရင်'

'အစ်ကိုကြီး အစ်မက သည်လို စိတ်သဘောထားမျိုးတော့မရှိဘူး ယဉ်လေးရေ၊ အဲတစ်ခုတော့ရှိတယ်၊ သူတို့က ယဉ်လေးအသက်ငယ်တာကိုတော့ နည်းနည်းစဉ်းစား ခိုင်းတယ်၊ ဒါ အစ်ကိုကြီးအပွင့်လင်းဆုံး ပြောတာပဲ'

'ဒါကတော့ ပြောသင့်တဲ့ကိစ္စပါ အစ်ကိုကြီး၊ ခိုင်လဲ လက်ခံနိုင်ပါတယ်၊ ကြီးကြီးမေ တို့နဲ့တော့ ခိုင် တွေ့ချင်ပါတယ်'

'ပိုကောင်းတာပေါ့၊ ယဉ်လေးရဲ့၊ နက်ဖြန်မနက်ဘဲ သွားကြတာပေါ့၊ အစ်ကိုကြီး မမတို့ကို ကြိုပြောထားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မနက်ပိုင်းတော့ မကောင်းဘူး ကိုကြီး၊ သူတို့လဲအလုပ်များနေကြမယ်၊ ညနေဘက်မှ အေးအေးဆေးဆေး သွားကြတာပေါ့'

'ကောင်းပါပြီတဲ့ဗျာ၊ ယဉ်လေးသဘောပါပဲ'

'ခုတော့ ယဉ်လေးသဘောပါပဲပေါ့၊ နောက်တော့သာ'

'နောက်တော့လဲ ယဉ်လေးသဘောပါပဲတဲ့ဗျား'

ဦးခင်မောင်ချို၏ အစ်မကြီး အိမ်သို့ သွားသောနေ့က ယဉ်နွဲ့ခိုင်မှာ လူကြီးဆံဆံ ရိုးရိုးလေးဝတ်၍ ယဉ်ယဉ်လေး ပြင်ဆင်သွားခဲ့သည်။

ရွှေတွေ စိန်တွေ တစ်ပြောင်ပြောင်တစ်ဝင်းဝင်း မဝတ်ဘဲ နားတွင် အမြဲပန်နေကျ စိန်ခြယ်နားကပ်နှင့် ကြာဖူးပုံ စိန်လက်စွပ်တင်ကွင်းသာ ဝတ်သွား၏။

ကားကို ကိုယ်တိုင်မောင်းပြီး ဦးခင်မောင်ချိုကို ဘေးမှ ထိုင်စေခဲ့၏။

ဦးခင်မောင်ချို၏ အစ်မကြီး အိမ်သားစု များကလည်း ပျူပျူငှာငှာ ကြိုဆိုကြပြီး ဧည့်သည် စိတ်ကျေနပ်လောက်အောင် ဧည့်ဝတ်ပြုခဲ့ကြ၏။

ထိုနေ့ တွေ့ဆုံပွဲတွင် ယဉ်နွဲ့ခိုင်က သူမ၏အလှကို မဝ[illegible]စေဘဲ အပြုံးလေးဆင်၍ ဒေါ်ခင်လှမေတို့ အိမ်သားစုကို တုံ့ပြန်ပါ၏။

တွေ့ဆုံပွဲမှာ စကားတွေပေါက်လောက်အောင် ပြောခဲ့သူက နှစ်ဖက်ကာယကံရှင်ဖြစ်သူဇာတ်လိုက်ကြီးဦးခင်မောင်ချိုပါ။



အစ်မဖြစ်သူကို အမွှမ်းတင်သလို ချစ်ဇနီးလောင်းကလေးကိုလည်း မိုးထိအောင် ထိုးကင်ပေးခဲ့၏။

ယဉ်နွဲ့ခိုင်မှာ ဦးခင်မောင်ချို၏ စကားကြောင်း နောက်သို့ ငြိမ့်ငြိမ့်ကလေး လိုက်ပေးရုံမျှသာ။

နောက်ဆုံးတွင် အစ်မကြီးအမိအရာတွင် ရှိနေသောဒေါ်ခင်လှမေက သဘောတူ ကြည်ဖြူကြောင်း စကားဆိုလာရသည်အထိ မင်းသား ဦးခင်မောင်ချို ခင်းသော ဇာတ်ကွက်ထဲသို့ပါလာရ၏။

ယဉ်နွဲ့ခိုင်အဖို့တော့ ကျေနပ်စရာ တစ်ကွက်ပါ။

သူက ချဉ်သည်မဟုတ်ဘဲ ကြီးကြီးမေ မောင်က ဆွတ်ချူလို့ ကြွေခဲ့ရပါသည်ဆိုသည်ကို ကြီးကြီးမေတို့ သိထားစေချင်သည်။ ရှင်းကြစေချင်သည်။

ပြီးမှ လွတ်သည့် ငါးကြီးသည့်အဖြစ်မျိုး ပြောကြဆိုကြမည်ကို ယဉ်နွဲ့ခိုင်က မခံချင်ပါပေ။

အပျိုလူပျိုများ၏ အိမ်ထောင်ရေးတွင် ရှင်းစရာပြဿနာ အထွေထွေ နည်းပါးလေသလောက် ယဉ်နွဲ့ခိုင်တို့လို တစ်ခုလပ်နှင့် မုဆိုးဖိုများ၏ အိမ်ထောင်ရေးတွင်မူ ရှင်းစရာ လှင်းစရာ ပြဿနာတွေ တစ်ပုံတစ်ပင် ရှိတတ်၏။

သူတို့နှစ်ဦး ဘဝခရီးလက်တွဲချိတ်ဖို့ သဘောတူပြီးကြသည့်တိုင် ပစ္စည်းခန်းနှင့် ကိုယ်ရေးကိုယ်တာပြဿနာတွေ ရှင်းကြရဦးမည်။

ပစ္စည်းခန်းနှင့် ပတ်သက်၍ ဦးခင်မောင်ချို၏ သဘောထားက ရှင်းသည် ပြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်ဖြစ်စေချင်သော ပုံစံမျိုးကို သူက မစရဘဲ ဦးခင်မောင်ချိုက စတင်စကားဆိုလာသဖြင့် ယဉ်နွဲ့ခိုင်မှာ ဦးခင်မောင်ချိုအပေါ် ပို၍ လေးစားချစ်ခင်သွားရသည်။

'ယဉ်လေးပိုင်ဆိုင်သမျှ ပစ္စည်းအားလုံး ယဉ်လေးနာမည်နဲ့ပဲထားပါ၊ ယဉ်လေး သဘောကျသလိုသုံးပါ၊ အစ်ကိုကြီးနဲ့ လက်တွဲချိန်ကစပြီး ယဉ်လေးတာဝန်တွေအစ်ကိုကြီးယူမယ်၊ သည်အချိန်ကစပြီး ပိုင်ဆိုင်သမျှကို နှစ်ဦးပိုင်အဖြစ်ထား၊ အဲဒါအစ်ကိုကြီးသဘောထားပဲ၊ယဉ်လေးမကြိုက်ရင်လဲပြော'

ယဉ်နွဲ့ခိုင်မှာ စောဒကတက်စရာ မရှိပါ။

ဦးခင်မောင်ချို၏သဘောထားမှာ ရှင်း၍ပြတ်သည်။

သူ့ဘက်ကအဖြေမှာ အပြုံးဖြင့် ခေါင်းညိတ်လိုက်ရုံသာ။

'ဒါပေမယ့် အစ်ကိုကြီးကို ပြောစရာရှိသေးတယ်'

'ပြောလေ'

'ခိုင် အစားတာနဲ့ ပတ်သက်ပြီးတော့ကော'

'အစ်ကိုကြီးခွင့်လွှတ်ပြီးသားပါ ယဉ်လေး၊ အစ်ကိုကြီးတို့ မင်းကတော်လောကမှာ မဆန်းတဲ့ကိစ္စပါ၊ တစ်ခုတော့ ရှိသေးပေါ့၊ ကိုယ်နဲ့ ဂုဏ်ရည်တန်းရည်မတူတဲ့ ဝိုင်းမျိုးမှာ ကစားတာကိုတော့'

'ခိုင် ထိန်းသိမ်းရမယ့် တာဝန်ပိုင်းကို ခိုင် နားလည်ပါတယ် အစ်ကိုကြီး'

'အဲဒါဆို ကိုကြီးဝမ်းသာမှုက တိုင်းထက်အလွန်ပေါ့ ယဉ်လေးရယ်'



'အစ်ကိုကြီးရဲ့ သဘောထားအတွက်လည်း ခိုင်လေး ဝမ်းသာရပါတယ်လေ'

'တစ်ခုတော့ ကိုကြီး ပြောထားချင်တယ်၊ ကိုကြီးပေါ် မကျေနပ်တာရှိရင် ယဉ်လေး ပွင့်ပွင့်လင်းလင်းပြော စိတ်တော့ မကောက်ရဘူး'

'အစ်ကိုကြီးလဲ မျက်နှာမဆိုရဘူး'

ဦးခင်မောင်ချို၏အပြုံးမှာ ဝင်းလက်သွားသည်။

ဤသို့လျှင် အပေးအယူမျှကြပြီးနောက် မုဆိုးဖို မင်းကြီးနှင့် တစ်ခုလပ်သူဌေးမလေးတို့ ညားကြလေသတည်း....မှ။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)

မင်းကြီးကတော် ဖြစ်တော့မည့် ယဉ်နွဲ့ခိုင်ကို ဒေါ်ခင်မမ က မင်းကတော်များ တတ်ကျွမ်းအပ်သော ပညာရပ်စုံနှင့် ကတော်ဘာဝ ဟန်ပန်အမူအရာများကို လက်ထပ်သင်ပေးခဲ့၏။

မင်းကြီးကို ဘယ်လို ကိုင်ထားရမည်။ နောက်ဖေးပေါက်မှ တက်လာသော အလုပ်ကိစ္စများကို ဘယ်သို့ဘယ်ပုံ ကိုင်တွယ်ဖြေရှင်းရမည်။ ဘယ်လိုပြောဆို လုပ်ကိုင်ရမည်များကို ပါ အသေးစိတ် လမ်းညွှန်ပြပေးခဲ့၏။



တကယ်တမ်း မင်းကြီးကတော် လုပ်ရခညီဆိုသောအခါ မင်းကတော်တို့၏အထာများမှာ လွယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့် နက်လှသည်ကို နားလည်လိုက်ရ၏။

ဦးခင်မောင်ချိုနှင့် ယဉ်နွဲ့ခိုင်တို့၏ လက်ထပ်မင်္ဂလာပွဲကို တရားရုံးဘွင် ရိုးရိုးပင်လုပ်၍ လုပ်ဖော်ကိုင်ဖက်များနှင့် မြို့မိမြို့ဖများကို ဒင်နာပါတီပေးခဲ့၏။

ထုံးစံအတိုင်း မင်းကြီးထက် မင်းကြီးကတော်ကို ဝိုင်းဝန်းချီးပင့်ကြသည်မို့ ယဉ်နွဲ့ခိုင်မှာ 'ဒင်နာစတား' အဖြစ် ပြောက်စားခံခဲ့ရပါသည်။

မင်းကြီးကလည်း ရွှေသဘောတော် ကျလို့ပေါ့။

တပြုံးပြုံးနဲ့၊ သိပ်လှသော မင်းကတော်ငယ်ငယ်ကလေး ကို ရပြီပဲဟာ။ သူ့ကို လုံးဝအရေးမစိုက်ချင်နေပါစေ၊ မင်းကတော်ကလေးကို ဝိုင်းဝန်းချီးပင့်ကြသည်ဆိုလျှင်ပင် သူ့အဖို့ သဘောတွေ မနေသာအောင် ဖြစ်ခဲ့ရသည်။

'အစ်ကိုကြီးတို့များ ဟိုဘက ဘယ်လိုအလုပ်အကိုင်မျိုးတွေ လုပ်ခဲ့လို့ပါလိမ့်'

'အစ်ကိုကြီး၊ ဆေးခကောင်းဝါးကောင်းလေးများ ရှိရင် ကျွန်တော်တို့ကိုလဲ မျှပါဦးနော်'

'မင်းကတော်က သိပ်လှလို့လား မသိဘူး၊ အစ်ကိုကြီး တောင် ပိုနုသွားသလိုပဲ'

'အစ်ကိုကြီးတော့ နယ်ထွက်နိုင်ဦးမှာမဟုတ်ဘူး ထင်တယ် နော်'

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် လက်ထောက်အရာရှိကြီးများ၏ ချီးပင့်စကား ဆိုလာကြသောအခါ ဦးခင်မောင်ချိုမှာ သွားတွေ အဖွေးသား၊ တဟဲဟဲနှင့်။

အသစ်စက်စက် ဇနီးချောနှင့် တွဲနိုင်သည့် မင်းကြီးမှာ ပို၍ ခန့်ထည်သွားပေပြီ။

အသစ်စက်စက် မင်းကြီးကတော် ယဉ်နွဲ့ခိုင်မှာ တစ်ပတ်လောက်အတွင်း နေ့လည်နေ့ခင်းလေးသော်မှ တရေးတမော နားနေအိပ်စက်ချိန် မရရှာပေ။ လာလေသမျှ ဧည့်သည်များကို အပြုံးဆောင်၍ ဧည့်ခံနေရ၏။

အစိုးရဝန်ထမ်းများ၏ဇနီးများ၊ ကုန်သည်များ၏ ဇနီးများ မြို့မိမြို့ဖများ၏ဇနီးများ၊ စသည်စသည် ဇနီးများမှာ မင်းကြီးကတော်နှင့်တွေ့ဆုံရန် ဝင်လာမစဲ တသဲသဲ။

ဒင်နာပါတီပေးစဉ်က အေးအေးဆေးဆေး မတွေ့ကြရသဖြင့် တရင်းတနှီးမိတ်ဆက်ရန် လာကြခြင်းဖြစ်၏။

မင်းကြီးကတော်ကို မိတ်ဆက်လာကြသူများသည် လက်ချည်းသက်သက် လာကြသည်မဟုတ်ပါပေ။

အထုပ်တွေအထည်တွေ ပါလာစမြဲ။

ယဉ်နွဲ့ခိုင်ကလည်း ဒေါ်ခင်မမ သင်ထားသည့်အတိုင်း လက်ဆောင်ပစ္စည်းများကို ချက်ချင်းလက်မခံ။

အတင်းငြင်းသည်။

အတင်းပြန်ပေးသည်။



'ခိုင့်ကိုခင်ရင် ရိုးရိုးပဲလာကြပါ၊ ခိုင်က လူတအားကို ခင်တတ်ပါတယ်၊ အကူအညီလိုချင်လဲ အချိန်မရွေးလာပြောပါ၊ ခိုင့်ကိုခင်ရင် လက်ဆောင်တွေဘာတွေ ယူမလာကြပါနဲ့'

အဲဒီလို ဝါစာအမာ စကားလေးတွေ ဆိုရသေး၏။

ဒေါ်ခင်မမက ဒါတွေကို သင်ပေးထားပြီပဲဟာ'

ပေးသူများကလည်း ပါလာသော လက်ဆောင်ပစ္စည်းများကို ဘယ်ပြန်ယူသွားမှာပေ။

ဘဏ္ဍာစိုးကြီးလက် အပ်လိုက်ကြသပေါ့။

မင်းကြီးကတော်ဆိုတာ ပေးလာတဲ့ပစ္စည်းများကိုတောင် “အဲဒီလို အိုက်တင်ခံပြီး” ယူတတ်ကြတာကိုး။

မင်းကြီးကတော်ဘဝက ကိုယ့်အတွက် လက်ဆောင်ပစ္စည်းလာပေးသူကို ကျေးဇူးတင်စကား မဆိုရဘဲ လက်ဆောင်ပစ္စည်းကို မသိလိုက်မသိဖာသာ ယူရသည်။

ပေးသူပြန်မှ ဘာတွေပေးသွားသည်ကိုဖွင့်ကြည့်ပြီး မျက်နှာတော် ချိုပြုံးရသည့်ဘဝ။

ဦးခင်မောင်ချိုကိုယ်တိုင်က ရကာစ ဇနီးချောကလေးကို ဖူးဖူးမှုတ်ထားသမို့ ယဉ်နွဲ့ခိုင်၏မျက်နှာမှာ စကောကြီးလောက် ကြီးနေပြီလားမသိပေ။

ဘယ်နေရာသွားသွား ရှေ့တန်းက။

ဘယ်နေရာရောက်ရောက် မျက်လုံးအစုံပေါင်း များစွာက ဝိုင်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်ကဲ့ အသက်ငယ်ပေသိ အပြင်ထွက်သောအခါ များတွင် လူကြီးဟန်ဖမ်း၍ ဆင်ယင်ထုံးဖွဲ့တတ်သဖြင့် အချော ပေါ် အယဉ်ဆဒ္ဒီထားသည့်ဆိုနှယ် ရှိချေ၏။

မင်းကြီးကတော်လေး၏ ဟယ်လှ။

ယဉ်ယဉ်အေးလေးနဲ့ လှပါဖေ့ဆိုသော ထောပဏာသံများ နားလျှံအောင် ကြားခဲ့ရသည်။

ကိုယ့်အပေါ် ထောပဏာသံပေးသည်ကို ဘယ်သူ ဝမ်း မလာရှိမှာပ။ ဘယ်သူ နားမထောင်ရှိမှာပ။

ဝမ်းသာလွန်းလို့။ နားထောင်ချင်လွန်းလို့။

ယဉ်နွဲ့ခိုင်တို့လို အသက်အရွယ်ငယ်ငယ် မိန်းကလေးများ အဖို့ ပို၍ပို၍ပင် ဂုဏ်ယူစရာပါ။

မင်းကြီးကတော်ဘဝမှာ ပျော်သွား။

မင်းကြီးကတော် ဘဝကို စတင် မြည်းစမ်းလိုက်ရရုံနှင့် ယဉ်နွဲ့ခိုင်၏ဘဝင်မှာ ငြိမ့်သွားသည်၊ စိမ့်သွားသည်၊ ပီတိရိပ် လွှမ်းသောအပြုံးတွေ ဝေဆာသွားခဲ့ရသည်။

မင်းကြီးကတော်၏ ဘဝအစမှာ ဆွတ်ပျံ့ကြည်နူးဖွယ် အရိပ်များ သင်ဟပ်လျက်၊

—o—

အခန်း (၅၁)

ဦးခင်မောင်ချို့နှင့် ယဉ်နွဲ့ခိုင်တို့၏ မင်္ဂလာဟန်းနီးမွန်း ခရီးကို လက်ထပ်ပြီး ချက်ချင်း မထွက်ဖြစ်နိုင်ကြဘဲ နှစ်ပတ်ကြာမှ ထွက်ခဲ့ကြရ၏။

မှောင်းခဏန့် ကမ်းသာယာသို့။

ယဉ်နွဲ့ခိုင်တို့ ဟန်းနီးမွန်းခရီးမှာ ညားကာစ ဇနီးမောင်နှံ နှစ်ယောက်ထဲ ထွက်ရိုး အစဉ်အလာကိုပယ်၍ ဝိုင်းတော်သား အစုံအညီနှင့် ထွက်ခဲ့ကြသောခရီး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးအဖွဲ့တွင် ပါဝင်ခဲ့ကြသော ဒေါ်ခင်ခါ၊ ဒေါ်မြမေ၊ ဒေါ်ကြူကြူတို့ ခိုင်းတော်သား အစုံအညီပါဝင်ကြလေ၏။

မိုးပေါ်ကဖူးစာရေးနတ်က မိုးပေါ်ဆောက်မှ တွေ့ကြမှာဖြစ်သော်လည်း ခုလက်ငင်းတွေ့ကြုံနေရသော ဖူးစာရေးနတ်သမီးသုံးယောက်အတွက်က ပိုအရေးကြီး၏။

မင်းကြီးကတော်ဖြစ်ခဲ့ရသည့်မှာ သူတို့အစ်ခေါ် ကောင်းမှုအများကြီးပါလေ၏။

ယခုပွဲက သူတို့အတွက် စပယ်ရှယ်ပွဲ

ဦးခင်မောင်ချို ကြိုတင်စီစဉ်ထားသည့်အတိုင်း ထားဝယ်လေယာဉ်ပျံကွင်းရောက်သည်နှင့် အကြိုတော်က အဆင်သင့်။

မောင်းမတာန်ကမ်းခြေသာသို့ ခြေမဆန့်နိုင်သေးမီ တစ်ထောက်ရပ်နားရာ ထားဝယ်မြို့မှာ လှပသောမြို့ဟု မဆိုသာစေကာမူ သပ်ယပ်သန့်ရှင်းသောမြို့ဖြစ်၍ အမြင်ရှင်းပြီးကြည်၍ ပဏာတင့်လှပေသည်။

မိရိုးဖလာ ကိုးကွယ်ရာ ဘုန်းတော်ကြီး ကျောင်းများမှာ မြို့တွင်း လူနေအိမ်ခြေများနှင့် ရောထွေးမနေဘဲ မြို့ပြင်မှာ တစ်သီးတခြား ရှိနေသည်ကိုက ထားဝယ်မြို့၏ထူးခြားချက်ဟု ဆိုနိုင်ရာ၏။



ဆွမ်းခံချိန်မှအပ ကျန်အချိန်များတွင် မြို့ထဲမှာ တွေ့ရမြင်ရခဲလှ၏။ ဝိနည်းဘောင်အရ ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ကြပုံမှာ ကြည်ညိုဖွယ်ရာအသွင်ဆောင်ယူထားပေ၏။

မြန်မာပြည်တွင် အကြီးဆုံးဟုဆိုနိုင်သော လျောင်းတော်မူ လောကသရဖူဘုရားကြီးမှာ ထားဝယ်မြို့၏ ကျက်သရေဆောင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအဖြစ် ဖူးတွေ့ရသူတိုင်းအား တအံ့တသြ ရင်သပ်ရှုမောဖြစ်ကြရ၏။

ခြေဖဝါးတော်မှ ခေါင်တော် နားတော်ထဲမှ ပြန့်ထွက်နိုင်သော်ဟူ၏။

ခြေဖဝါးတော် ၂၂ တောင်ရှိ၍ နားတော် ၁၉ တောင်၊ နားပေါက်တော် ၃ တောင်နှင့် ဦးခေါင်းတော် လုံးပတ်အတောင် ၆၀ ရှိ၍ လက်သန်းတော်ပင်လျှင် ၈ တောင်တစ်ထွာရှိသော လျောင်းတော်မူ လောကသရဖူ ဘုရားကြီး၏ လျောင်းတော်မူ အလျားတော်မှာ ၁၆၂ တောင်။

ပလ္လင်တော်မှာ အတောင် ၂၀၀ ရှိပေ၏။

ယဉ်နွဲ့ခိုင်တို့ဇနီးမောင်နှံမှာ ဤမျှကြီးမားသော လျောင်းတော်မူကိုယ်တော်ကြီးရှေ့မှောက်မှာ သစ္စာထားစကားတွေ မဆုံးနိုင်အောင်ဆိုခဲ့ပြောခဲ့ကြသေ၏။

ဘုရားကြီးကြီးရှေ့မှာ သစ္စာထားရင် ပို၍ခိုင်မြဲတတ်ပါသတဲ့။

သူတို့အဖွဲ့၏ထားဝယ်ခရီးမှာ အစစအရာရာ ချောမွေ့ပြေပြစ်ခဲ့ပါသော်လည်း အခက်အခဲတစ်ခုတော့ တွေ့ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်သူ ထားဝယ်သားချင်း ပြောကြသောစကား
များကိုမှ ယဉ်နွဲ့ခိုင်တို့ ရန်ကုန်သူများအတွက် နားလည်ရန်
ကော်ခဲ့လုပါတီ။

နောက်တစ်နေ့မနက် ထားဝယ်ဈေးထဲသို့ အလည်ထွက်ခဲ့
ကြရာ သူတို့အတွက်ထူးခြားသော နှုတ်ဆက်သံ ရခဲ့ကြ၏။

'ဂန်မတွေ၊ ဂန်သားတွေ' ဟူ၍။

ရုတ်တရက် ကြားလိုက်ရသည်မှာ နားရိုင်းစရာ။

ရန်ကုန်သူရန်ကုန်သားများအတွက် ယင်းအခေါ်အဝေါ်
ကို နားမယဉ်ခင်၊ အဓိပ္ပာယ်မသိခင် အခံရခက်ပါချိမ့်မည်။

နားယဉ်၍အဓိပ္ပာယ်ပေါ်သောအခါ သူတို့အခေါ်အဝေါ်
မှာ သင်းပျံ့ပျံ့။

ရေခြားမြေခြား တောအထပ်ထပ် တောင်အသွယ်သွယ်ကို
ကျော်ဖြတ်၍ မြို့ထားဝယ်သို့ ရောက်ရှိ လာကြကုန်သော
ရန်ကုန်သူရန်ကုန်သားများကို သူတို့က အောက်သူ အောက်
သားများဟု အမှတ်သညာထား၍

'ပုဂံသူ ပုဂံသားများဟု ခေါ်လိုက်ကြခြင်းပါ'

ဒါကို တိုတိုဆိုလိုက်တော့

'ဂန်သူ ဂန်သား၊ ဂန်မ ဂန်သားတွေ' ဟူ၍။

ယဉ်နွဲ့ခိုင်တို့ 'ဂန်မ' တစ်အုပ် ထားဝယ်မြို့ အနှံ့လည်ပြီး
နောက် မောင်းမကန်သို့ ခရီးဆက်ခဲ့ကြ၏။

ဆောင်းဦးကာလ နွေးပျပျနေခြည်အောက်တွင် စိမ်းလန်း
စိုပြေ ရွက်စိမ်းတွေ ဝေဝေလှင်နေသော တောကို ဖြတ်၍



သွားရသည့် မောင်းမကန် ကမ်းလမ်း၏ရှုခင်းမှာ တစ်မော
ဖွယ်ရှိပါတီ။

အဆင်းအတက် အကွေ့ အပတ်အပြန့်အပြူး မြှမ်းတီးနေ
သော မောင်းမကန်တားလမ်းမှာ ပတ်ဝန်းကျင်ရှုခင်းကြောင့်
ပို၍ တင့်တယ်လှပသယောင် ရှိချေ၏။

ဒေါ်ခင်မမတို့လို အိမ်ထောင်ရေး အတွေ့အကြုံ ပြည့်ဝသူ
သုံးယောက်၏ ပွစိပွစိလင်းလင်း နောက်ပြောင်ကျီစယ်မှုများ
ကြောင့် သူတို့၏အားအလေးထဲမှ ရယ်သံများ တလွင့်လွင့်
ပြန့်လျှက်။

မျက်စိ အနားမပေးပါးစပ် အအားမပေးဘဲ ကြည့်ရင်း
ရယ်ရင်း မောင်းမကန် ကမ်းခြေသို့ ရောက်ခဲ့ကြ၏။

မောင်းမကန်၏ အလှမှာ ရှင်းလှင်း၏။

ပေလီကမ်းခြေမှာလို အုန်းပင်တွေ၊ အုန်းလက်တွေ ရှုပ်ထွေး
မနေဘဲ အမြင်ရှင်း၏။

ပေလီကမ်းခြေမှ လှိုင်းအိကလေးများမှာ ကျောက်ဆန်း
ကျောက်စွယ်များကို ကျော်ဖြတ်ပြီးမှ ကမ်းခြေဆီသို့လှိမ့်ဆင်း
လာရသဖြင့် အလှချိုင့်နေသယောင် ထင်ရ၏။

မောင်းမကန်၏ လှိုင်းအိကလေးများမှာမူ အတားအဆီး
မရှိဘဲပြန့်ပြူးသောရေပြင်ပေါ်မှ တငြိမ့်ငြိမ့်တအိအိ လှိမ့်ဆင်း
လာသမို့ ပို၍ကြည့်ကောင်းသည်ဟု ဆိုနိုင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းစီးရာတွင်မူ ပေလီ၏လှိုင်းမှာ ကြမ်းတမ်း၍ မောင်းမကန်၏ လှိုင်းမှာ ညက်ညောသည်။

အခြားအသောက်တွင်မူ မောင်းမကန်၏ ဧလီသက် သာ၏၊ မနက်စောစော ပင်လယ်လေ ရှူရင်း နှစ်မိုင်နီးပါး လမ်းလျှောက်သွားလျှင် တံငါရွာကလေးကို တွေ့ရမည်ဖြစ်၏။

မနက်အစောကြီး တမ်းခြေရွာသို့ ပြန်ရောက်စ ငါးဖမ်းလှေများမှ သန့်ရှင်းလတ်ဆတ်သော ပင်လယ်ငါးများကို ဈေးနှုန်းချိုချို ကြိုက်သလိုဝယ်ယူ၍ စခန်းသာအရောက် စားဖိုမှူးများသက်ထဲ အပ်လိုက်ရုံနှင့် ဖွယ်ဖွယ်ရာရာ ဟင်းပဒေသာ ဖြစ်လာပါလိမ့်မည်။

ညက်ညောသော လှိုင်းအိကလေးများကို တပျော်တပါး စီးပြီးနောက် ပင်လယ်ငါးမျိုးစုံနှင့် ထမင်းစားပွဲမှာ မြိုင်ပါစေ၊ ဆိုင်ပါစေ။

ပင်လယ်ငါးဟင်းလျာကိုငြီးငွေ့လာလျှင် မနက်စောစော မောင်းမကန်ဈေးဘက် လျှောက်သွားသည်နှင့် ဝက်၊ ကြက်၊ အမဲ လိုရာဟင်းပွဲပြင်နိုင်ရန် ဝယ်ခြမ်း၍ရနိုင်၏။

ရေခဲသေတ္တာမရှိသော နေရာတွင်ပင် ရေခဲကို အချိန်မရွေး စားသုံးနိုင်ရန် မောင်းမကန်မှ ရေခဲများဝယ်လာပြီး တမ်းခြေသောင်ပြင်ထဲ မြှုပ်ထားကြ၏။

လှိုင်းစီးလိုက်ကြ၊ စားလိုက်ကြ။



ဝိုင်းထိုင်လိုက်ကြ၊ စားလိုက်ကြ။

စားလိုက်ကြ၊ လှိုင်းစီးလိုက်ကြနှင့် သူတို့၏ မောင်းမကန် ခရီးမှာ ပျော်စရာအတိ ပြီးလေ၏။

မောင်းမကန်မှ အပြန်ခရီး ပြီးသည့်နောက်ပိုင်း၌ ဦးခင်မောင်ချို၏ အလိုလိုက်မှုမှာ သဘောမတွေ့စရာဟူ၍ တစ်ကွက်ကလေးမှ မရှိ။

ယဉ်ယဉ်လေး၊ ယဉ်ယဉ်လေးဆိုသောအသံမှာ ဦးခင်မောင်ချို၏ ပါးစပ်ဖျားတွင် တွဲလဲခိုနေသည်။

ဘာလေးဖြစ်ဖြစ် ယဉ်ယဉ်သဘောဟု ခေါင်းညိတ်ပေးရသည့် ပုတ်သင်ညိုဘဝကို ဦးခင်မောင်ချိုက ရယူပိုင်ဆိုင်ထားခဲ့လေပြီ။

ကတော်များ အသိုင်းအဝိုင်း ကြားတွင် ယဉ်နွဲ့ခိုင်မှာ တခဏချင်း ပေါ်ပြူလာဖြစ်သွားသည်။

မိတ်ဖြစ်မြန်သော ဝိုင်းထိုင်တတ်သူ၊ ပျော်ပျော်နေတတ်သူ ယဉ်နွဲ့ခိုင်ကို အားလုံးကခင်မင်ကြသည်။

အဆာရှိအားလုံးက မင်းကြီးကို အစ်ကိုကြီးဟုခေါ်ကြသဖြင့် မင်းကြီးကတော်ကို အစ်မကြီးဟု ခေါ်ကြရသည်။

အသက်ပင်ငယ်စေကာမူ ရှိသေသမှုအရ အစ်မကြီးဟုခေါ်ကြသောအခါ ယဉ်နွဲ့ခိုင်မှာ တွန့်တွန့်သွားသည်။

မင်းကြီးခရီးထွက်လျှင် ယဉ်နွဲ့ခိုင်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအာ ဇနီးငယ်ငယ်ကို တစ်ယောက်တည်း ဘယ်ထားရက်ပါ။

ခြေရုံသင်းပင်များကလည်း ညှိုးနွမ်းဝိုင်းလည်လို့။

များမှများ ဘိခြင်း။

အလုပ်ပြင်၍ ဝိုင်းထိုင်သည့် အလုပ်မှလွဲပြီး အိမ်အလုပ်ကို မစောင်းငဲ့ကြည့်ရသူဖော့တ်၊ ဇိမ်ခံသက်သက် နေထိုင်ရသူဖြစ်၏။

မင်းကြီးကတော် ဘဝတွင် ယဉ်နွဲ့ခိုင်၏ ဘဝခရီးမှာ ဖြောင့်ဖြူးသာယာ ချောမွေ့လျက် ရှိပေသည်။

လှိုင်းအိကင်း၍ လေငြိမ်သော ရေပြင်ပေါ်တွင် ငြိမ့်ငြိမ့် ညောင်းညောင်း၊ ရေစီးရာနောက်သို့ အယက်အကန် မခံရဘဲ မျောပါနေသော ဇဗ္ဗဒါပင်အသွင်သို့ ရှိချေ၏။

ယဉ်နွဲ့ခိုင်မှာ မင်းကြီးကတော်ဘဝဖြင့် သုံးနှစ်နီးပါး အထက်တန်းလွှာ လူ့မလိုင်ဆောကတွင် ပျော်ပျော်ရွှင်ရွှင်ကြီး စမွေ့လျော်ခဲ့ရပြီးနောက် အတက်ခရီးမှ အဆင်းခရီးကို ရုတ်တရက် တွေ့ဆုံလိုက်ရ၏။

ဦးခင်မောင်ချိုမှာ အကြောင်းကိစ္စတစ်ခုကြောင့် ပင်စင်ယူရန် ပြင်ဆင်ခဲ့ရ၏။

နောက်ထပ် ငါးနှစ်နီးပါး လုပ်ခွင့်ရှိသေးသော်လည်း လိုင်စင်တစ်ခုနှင့်ပတ်သက်၍ အဆုံးအဖြတ် မှားယွင်းခဲ့ရာမှ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း ခံရပြီး ပင်စင်စော၍ ယူခဲ့ရ၏။



အရာရှိကြီးတစ်ယောက် ပင်စင်ယူရသည် ဆိုသည်မှာ သူ့အပေါ် လွှမ်းခြုံပေးထားသော အရှိန်အဝါ ဂုဏ်ပဒေသာ အားလုံးကို ခါချလိုက်ရသော အချိန်ပင်ဖြစ်၏။

လောဘဆလှိုင်းဂယက်၏ အဖက်ဖက်မှ ဝိုင်းညှပ်ပုတ်ခိုက်ခြင်းခံရသော အချိန်လည်းဖြစ်၏။

တုန်းက သူ၏ရုံးခန်းထဲကို ရှို့ရှို့ကျိုးကျိုး ဝင်ခဲ့ရသူများသည်ပင် လမ်းမှာ ပက်ပင်းတွေ့ပါလျက် ခေါင်းငုံ့သွားတတ်ကြ၏။

ချီးကျူးထောပနာ စကားအမျိုးမျိုးကို ကြံဖန်ဖော်ကျူးခဲ့ကြသူများသည် သူတွင်ရှိသမျှ အပြစ် အနာဆာများကို အမနာပ ဖော်ထုတ်ကုန်ကြ၏။

အပုပ်ချကြ၏။

အနား[illegible] ဝိုင်းဝိုင်းလည်ခဲ့သူများ ဖယ်ခွာကြကုန်လေ၏။

လောကဓံမှောင် အတက်ပြိုင်၍ အောင်လံတလူလူ လွှင့်ထူနိုင်ခဲ့စဉ်က စိတ်ရောရုပ်ခန္ဓာပါ မာကျောခဲ့သူများသည် အဆင်းနှင့် တွေ့၍ အောင်လံ မလွှင့်ထူနိုင်သော အချိန်တွင် စိတ်ရောရုပ်ခန္ဓာပါ ညှိုးကျခွေနွဲ့သွားတတ်ကြ၏။

ဦးခင်မောင်ချို တစ်ယောက် ဟန်ဆောင် ပြုံးကလေးမျှ မပြုံးနိုင်ရှာတော့ပေ။

ယဉ်နွဲ့ခိုင်အာမှ ထုံးစံအတိုင်း အပြုံးမပျက်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို မခိုတရို ချိတ်တွဲလျက် မြို့ထဲမှာ သည်မြို၊ ပတ်မြို။

စျေးထဲမှာ ဝယ်မြို၊ ချမ်းမြို။

ပိုက်ဆံကို ခါတိုင်းထက်ပို၍ သုံးသည်။

မပြောင်းရွှေ့ရခင် အိမ်မှာ ညည်ခံပွဲမှု ကို ရက်ခြား လောက်နီးပါး လုပ်ပစ်သည်။

ဦးခင်မောင်ချိုကိုလည်း အားပေးရသေးသည်။

အစိုးရဝန်ထမ်း အရာရှိများအဖို့ လုပ်သက် နှစ်မစေ့ဘဲ ပင်စင်ယူရလျှင် သိက္ခာအလွန်ကျသည်။

ဟုတ်သည် မဟုတ်သည် အပထား။

သည်လိုဖြစ်လာလျှင် ဘေးက အမနာပစကားတင်းဆိုကြစမြဲ။

ယဉ်နွဲ့ခိုင် အစီအစဉ်က ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်ခဲ့ကြသည်။

မပြောင်းရွှေ့ခင် နှုတ်ဆက်ညစာ စားပွဲကို ပြောစမှတ်တွင်၍ ကျန်ရစ်အောင် ခမ်းခမ်းနားနား လုပ်ခဲ့သည်။

သည်မျှလောက် ခမ်းနား ကြီးကျယ်သော ညစာစားပွဲမျိုးကို သူတို့နယ်မှာ ဘယ်သူမှ မလုပ်ဖူးကြ။

အချို့အစားအသောက်များဆိုလျှင် ရန်ကုန်ကတိုက်ရိုက်မှာယူခဲ့သည်။

ကျေးလိုက်သည်မှာ အလျှံပယ်။

ခြံဝင်းတစ်ခုလုံး မီးလုံးရောင်စုံများနှင့် ပြင်ဆင်ထားသည်ကို မြို့ထဲကလူများ တအံ့တဩ လာကြည့်ကြရ၏။

ယမကာအားလုံးမှာ နိုင်ငံခြားဖြစ်သောက်ချင်သလောက်သောက်။

အလဲသောက်တတ်သူများအတွက် ကားအသင့်။

ပြန်ပို့ဖို့ လူကိုပင် အဆင်သင့်လုပ်ထား၏။

ယဉ်နွဲ့ခိုင်က နည်းနည်းကလေးမှ အတင်စီးမခံဘတ်။

မင်းကြီး ရာထူးလျော့သွားပြီဆိုပြီး ဝိုင်းအထင်သေးကြမည်ကို လုံးဝမခံနိုင်။

နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်သည်။

ယဉ်နွဲ့ခိုင်မှာ သည်လိုသတ္တိမျိုး မွေးဗီဇထဲကပါလာသည်။

တကယ်တော့ ဦးခင်မောင်ချို မင်းကြီးဘဝ လျှောကျသွားရသည်ကို ယဉ်နွဲ့ခိုင်က စိတ်မထိခိုက်၍မဟုတ်ပါ။ စိတ်ထိခိုက်သမှ အလွန်ထိခိုက်သပေါ့။

ပလ္လင်ပေါ်က မျောက်ကလေး ဆင်းသက်လို့ပြေး ကိန်းဆိုက်ပြီပဲဟာ စိတ်မထိခိုက် ဘယ်သို့ရှိမှာပ။

ဒါပေသိ စိတ်ထိခိုက်မှုကို ရင်ထဲမှာ သိုသိပ်ထားပြီး အပြင်ပန်း အမြင်ရှင်းစေရန် အိုက်တင်အပြည့် ခံထားလိုက်၏။

ယဉ်နွဲ့ခိုင်တို့ ရန်ကုန် ပြန်ရောက်သည့်နေ့တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်သူများမှာ များလှ၏။

www.burmeseclassic.com

www.burmeseclassic.com



တက်ယ်စီဆိပ်ပါလက်ပါ လိုက်ပို့သူက သုံးပုံတစ်ပုံပင်ပေါ။ ဖောက်ခွင်းတတ်၍ လိုက်ပို့သူက အများစု။

အားလုံးမျက်နှာ ပေါ်တွင် ဖန်တီးယူထားရသောအပြုံး များမှာ ဝေဆာနေသည်။

မည်သို့ပင်ဖြစ်စေ ဦးခင်မောင်ချိုနှင့် ယဉ်နွဲ့ခိုင်တို့၏ တုံ့ပြန် အပြုံးများမှာ ဝမ်းနည်းရိပ်ကို အလျဉ်းမထင်စေဘဲ ကြည် ရွှန်းလဲ့သော အပြုံးကို ဆောင်ယူထား၏။

ထွက်တော်မူနန်းက ခွာပြီးနောက် မြို့တော်ရန်ကုန်သို့...။

...ဝ...

## အခန်း (ကိုး)

ရန်ကုန်မှာ ဦးခင်မောင်ချိုတို့အတွက် ဘာအခက်အခဲမှ မရှိ။

နေစရာ အိမ်အဆင်သင့်၊ စားအဆင်သင့်၊ ငွေကြေး အပြည့်အစုံ။

ယဉ်နွဲ့ခိုင်ဘက်က စုမိဆောင်းမိထားသော အတုင်းပစ္စည်း ငွေကြေး အပြည့်အစုံရှိသလို ဦးခင်မောင်ချို ဘက်ကလည်း အတွင်းပစ္စည်းများ ရှိနေသည်။

၁ စုဆောင်းငွေများ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာမှ ပူပန်စရာမရှိ။

ယဉ်နွဲ့ခိုင်၏ ပုံနှိပ်လုပ်ငန်းမှာ မှန်မှန် လည်ပတ်နေသဖြင့် ပုံမှန်ဝင်ငွေ ရှိနေသည်။

ပင်စင်ယူရတော့မည်ဆိုသော အချိန်မှစ၍ ဦးခင်မောင်ချို၏ကျဆင်းခဲ့ရသော စိတ်ဓာတ်မှာ ရန်ကုန်ရောက်မှ အနည်းငယ်ပြန်တက်လာသည်။

ရန်ကုန်တွင် ဦးခင်မောင်ချို၏ အဂ်မများမှာ အဆောင်းအဝယ်လုပ်ငန်းကြီးများဖြင့် စီးပွားဖြစ်ထွန်းနေ၏။

သနပ်ဖက်ပွဲရုံနှင့် လတ်ဖက်ခြောက်ပွဲရုံများရှိနေရာ ဦးခင်မောင်ချိုကို သူတို့လုပ်ငန်းထဲမှာ ငွေပင်ငွေရင်း ထည့်၍ အစုစပ်ဘဝင်လုပ်ဖို့ တိုက်တွန်းခဲ့၏။

ဦးခင်မောင်ချိုက ယဉ်နွဲ့ခိုင်နှင့်တိုင်ပင်ကြည့်ခဲ့ရာ ယဉ်နွဲ့ခိုင်က အလုပ်ကိစ္စအတွက် နောက်မှ စဉ်းစားပြီး လောလောဆယ် အနားယူနေဖို့သာ တိုက်တွန်းခဲ့၏။

'အစ်ကိုကြီး အလုပ်မရှိလို့ပျင်းနေရင် ပုံနှိပ်တိုက်မှာ သွားထိုင်ချည်၊ ယဉ်ယဉ်တို့အိမ်အတွက် အစ်ကိုကြီး ဘာမှ ပူမနေနဲ့'

'မဟုတ်သေးဘူးလေ ယဉ်ယဉ်ရဲ့၊ အစ်ကိုကြီးမှာ သားလေးတစ်ယောက် ရှိနေသေးတယ်၊ သူ့ တာဝန် အတွက် ယဉ်ယဉ့်အပေါ် မပိစေချင်ဘူး၊အစ်မတို့ဆီမှာထ ပိုက်ဆံထည့်ထားလိုက်ရုံပဲဟာ'



'အလုပ်အတွက် နောက်မှ စဉ်းစားပါလား အစ်ကိုကြီးရယ်၊ ယဉ်ယဉ် စီစဉ်ပါ့မယ်၊ ချိုဝင်းမောင်အတွက် လိုအပ်ရင် ယဉ်ယဉ်တို့ပဲ တာဝန်ယူရမှာပေါ့၊ အစ်ကိုကြီး အနည်းဆုံး ခြောက်လ တစ်နှစ်လောက်တော့ နားပါဦး'

ဇနီးချောကလေးက ကြည်သို့ဆိုလာသောအခါ ဦးခင်မောင်ချိုမှာ ဝမ်းသာမဆုံး ဖြစ်ခဲ့ရသည်။

အလိမ္မာ ဇနီးချောကလေး၏ ပါးလေးကို မနာမကျင် ရွရွလေး ဆွဲလိမ်လိုက်မိ၏။

ပခုံးသားလေးကို မွှမွှလေး ပွတ်သပ်ပြီးမှ

'အစ်ကိုကြီး ဒုက္ခရောက်နေတဲ့အချိန်မှာ ယဉ်ယဉ်ရဲ့အားပေးမှုအတွက် အစ်ကိုကြီးတစ်သက် ကျေးဇူးကို မမေ့ပါဘူး ယဉ်ယဉ်လေးရယ်'ဟု ကျေးဇူးတင်စကားဆိုခဲ့၏။

ဦးခင်မောင်ချိုနှင့် ယဉ်နွဲ့ခိုင်တို့လင်မယားမှာ ပြဿနာမရှိ။ ဦးခင်မောင်ချိုက တင်းနစ်ရိုက်သွား၊ စာဖတ်။

ယဉ်နွဲ့ခိုင်က ထုံးစံအတိုင်း စိုင်းထိုင်အလုပ်ဖြင့် ပြေလည်နေကြစဉ် ချိုဝင်းမောင်က ချိုဖောက်လာသည်။

ချိုဝင်းမောင်မှာ ကြီးတော်များ၏ အိမ်တွင် အမြဲနေသော်လည်း ယဉ်နွဲ့ခိုင်တို့ဆီကိုမူ သွားလိုက်လာလိုက်။

ယဉ်နွဲ့ခိုင်ကို တည့်အောင်ပေါင်းသည်။

ချိုဝင်းမောင်ဆိုသော နာမည်နှင့်လိုက်အောင်ပင်စကားပြော ချိုသာသလို မျက်နှာထားလည်း ချိုပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွဲ့ခိုင်ကို ခေါ်ပုံကြည့်ဦး။

'မာမီလေး'တဲ့။

ချို့ဝင်းမောင်ရောက်လာလျှင် မာမီလေးခေါ်သံ သောသော သွားညံတတ်သည်။

တစ်ခါတစ်လေများ ရောက်လာလာသည် ဖယ်ဒီကိုစကား မပြောမိဘဲ မာမီလေးနှင့်ပင် ပြောဆိုပြီး ပြန်လစ်သွားတတ်သည်။

ချို့ဝင်းမောင်မှာ လူကြီးများ ရှေ့မှောက်လျှင် အလွန်သိမ်မွေ့သည်။ အနေအထိုင် ညက်ညောသည်။

လူပုံဟန်က သေးသေးကွေးကွေး နွဲ့နွဲ့နှောင်းနှောင်း။

သူ့အထာမသိလျှင် လူကောင်းလေးတစ်ယောက် အသွင် မြင်ရမည် ဖြစ်၏။

တကယ်ကမူ ချို့ဝင်းမောင်မှာ အရွယ်နှင့်မလိုက်အောင် ပညာစုံသော ဆိုးသွမ်းလူငယ်တစ်ဦး ဖြစ်၏။

သမီးမိန်းကလေးများသာ မွေးထားသည့် ကြီးဒေါ်များမှာ ယောကျ်ားကလေး ချို့ဝင်းမောင်ကို တူလို သားသော မထားဘဲသားအရင်းလေးလို ချစ်ကြသည်။ အလိုလိုက်ထားကြသည်။

စီးပွားရေး အခြေအနေကောင်းသူများ ဖြစ်သမို့ မုန့်ဖိုးဆိုသည်ကို အထန်အသတ်မထားဘဲ ပေးကြသည်။



ချို့ဝင်းမောင်မှာ ကြီးဒေါ်ဆီ လက်ဖြန့်လိုက်၊ အဖေဆီလက်ဖြန့်လိုက်၊ မာမီလေးဆီ လက်ဖြန့်လိုက်နှင့် သူ့အိတ်ကပ်ထဲမှာ ငွေပြတ်သည်ဟူ၍ မရှိ။

ပျိုမျစ်နုနယ်၍ လောကအကြောင်း စမ်းသပ်စအရွယ် လူငယ်ကလေးများ၏ လက်ထဲတွင် ငွေရွှင်ပြီဆိုလျှင်မကောင်း။

မကောင်းသော စမ်းသပ်မှုနေရာသို့ ပါသွားတတ်ကြ၏။

ခုခေတ် ပိုဆိုးသပေါ့။

ချို့ဝင်းမောင်က ငွေရွှင်သူဖြစ်သမို့ အပေါင်းအသင်းများဝိုင်းဂိုင်းလည်နေသည်။

အပေါင်းအသင်းများတော့ စမ်းသပ်မှုတွေ များလှသည်။

ပထမတော့ ရှိုးရှိုး။

နောက်တော့ ဆန်းဆန်း။

တစ်ခါတစ်ရံ့ပဲဟူ၍ အရက်သောက်ကြည့်သည်။

ဆေးရွက်ကြီး ပင့်ကြည့်သည်။

နံပတ်ဖိုး ချကြည့်သည်။

တစ်ခါဘယ်ရုံမှ အကြိမ်များလာပြီးနောက် ခေတ်စကား အရ ဖီလင်အပေါ်ဆုံး ဖိုးသမား ဖြစ်လာသည်။

ဖိုးသမားဖြစ်လာသည်နှင့် ငွေလိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ဝိုင်းဖွဲ့သလို၊ ဆရာကြီးပင့်သလို ငွေနည်းနည်းနှင့် မရ။

ဖိုးက ကြေးကြီးသည်။

အန္တရာယ်လည်း အများဆုံး။

လူ့ဘဝကို အညွန့်တုံးအောင် အန္တရာယ် အပေးနိုင်ဆုံးမှာ ဘိန်းဟု ဆိုစမှတ်ပြုခဲ့ကြသော်လည်း ဘိန်းဖြူ ပေါ်လာသောအခါ ဘိန်းဖြူက ပို၍ သာ၍ အန္တရာယ်အပေးနိုင်ဆုံး ဖြစ်လာသည်။

ဘိန်းမဲစွဲမိလျှင် သေချိန်ကြာသည်။

ဘိန်းဖြူစွဲမိလျှင် သေချိန်မြန်သည်။

ဘိန်းမဲက ရိရိ။

ဘိန်းဖြူက မြန်ပါဘိ။

ချိုဝင်းမောင်တစ်ယောက် ဘိန်းဖြူကို စမ်းသပ်သောက်ခဲ့ရာမှ မသောက်ရ မနေနိုင်သောဘဝသို့ ရောက်လာခဲ့သည်။

ဖိုးသမားဖြစ်လာသည်နှင့် တဖြည်းဖြည်း ဖိုးသမားသရုပ်သကန်တွေ ချိုဝင်းမောင်ခန္ဓာကိုယ်ပေါ်မှာ ထင်ဟပ်လာခဲ့သည်။

အသားအရည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

တဖြည်းဖြည်း ပိန်လာသည်။



လမ်းလျှောက်သည့်အခါ ခြေယိုင်လာသည်။

အမြဲတမ်း မျက်လုံးစင်းလာသည်။

အိမ်ရောက်လျှင် ကြာကြာထိုင်မနေနိုင်။ တွေ့ရာနေရာတွင် လှဲချင်သည်၊ မှေးချင်သည်။ ငိုက်မျဉ်းလာသည်။

အစပ် အချဉ် အဖန် အခါးကိုကြောက်၍ အချိုအစိမ့်ကို ငမ်းငမ်းတမ်းတမ်းစွဲမြဲလာသည်။

ဒါက ဖိုးစွဲစ ဖိုးသမားအတွက် သဘောလက္ခဏာပါ။

ချိုဝင်းမောင် အိမ်တွင်အနေမမှန်ဖြစ်လာသဖြင့်ကြီးတော်များက ဒီကောင်လေး တစ်ခုခုတော့ ဖြစ်နေပြီဟု ထင်ပြီး ဦးခင်မောင်ချိုကို အကြောင်းကြားလိုက်၏။

ဦးခင်မောင်ချိုက သားဖြစ်သူကို ခေါ်တွေ့ပြီး မေးမြန်းစစ်ဆေးလိုက်သည့်အခါ သားဖြစ်သူ၏ အခြေအနေ ဟန်ပုံမပေါ်မှန်းသိသဖြင့် သူနှင့်အတူ ခေါ်သွားမည်ဟု စီစဉ်လိုက်၏။

သူ၏အစီအစဉ်ကို အစ်မဖြစ်သူအား ပြောပြတိုင်ပင်ခဲ့ရာ အစ်မက လက်မခံနိုင် ဖြစ်နေပြန်သည်။

အစ်မဖြစ်သူက ချိုဝင်းမောင်ကို သားလေးလို ချစ်နေမိပြီမို့ ခွဲမထားချင်ပြန်။

အပေါင်းအသင်းများနှင့် တဖြည်းဖြည်း ခွာထားပြီး ပြန်ထိန်းလျှင် ဖြစ်ပါသည်ဟု ဆိုလာသည်။

'မင်းလဲ မကြာခဏလာ၊ အိမ်ကိုလဲခေါ်ခေါ်ပြီး ဆုံးမ အိမ်ကနေ ငါကိုယ်တိုင်ထိန်းမယ်၊ မုန့်ဖိုးကို မင်းတို့အာ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မပေးနဲ့၊ ငါပဲပေးမယ်၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ပိုက်ဆံလာတောင်းရင် မပေးနဲ့၊ ယဉ်ယဉ့်ကိုလဲ ပြောထား၊ အေးငါ့အချစ်နေတော့ ငါပဲခေါင်းခံရမှာပေါ့လေ' ဟူ၍။

အဖြေက သည်သို့ထွက်လာသည်။

ချက်ချင်း မင်းသည်လိုနေ၊ သည်လိုထိုင်၊ သည်လိုသွား၊ သည်လိုလာလို့ ပုံစံသွင်း၍ မဖြစ်။ ကြိုးရှည်ရှည်နှင့် လှန်ပြီးမှ တဖြည်းဖြည်းပုံစံသွင်းယူဖို့ စီစဉ်ခဲ့၏။

မုန့်ဖိုးကိုမှ ခါတိုင်းလို မပေးတော့။

ချိုဝင်းမောင်က ဒယ်ဒီကို လက်ဖြန့်ပေးသည်။ မရ။

မာမီးလေးဆီကပ်သည် အလုပ်မဖြစ်။

ကြီးဒေါ်ဆီကရသော မုန့်ဖိုးမှာလည်း ဖိုးတစ်လိပ်စာသို့ပင် မရှိ။

အရက်စွဲနေသူ အရက်မသောက်ရလျှင် ဂျိုးထိုးပြီးလက်တုန် ခေါင်းတုန်ဖြစ်တတ်၏။

ဆေးခြောက်သမား ဆရာကြီးမပင့်ရလျှင်မျက်လုံးကြောင်ပြီး ငေးမိငေးရာငေး၍ ငိုင်မိငိုင်ရာ ငိုင်နေတတ်သည်။

ဘိန်းသမား ဘိန်းမမျိုရလျှင် ထိုင်ရတော့မလို ထရတော့လို ပြေးရတော့ မလိုဂဏှာမငြိမ် ဆရာစိန် ဖြစ်နေတတ်သည်။

ဖိုးသမားဖိုးမချရလျှင် အဆိုးဆုံးမှာ ငါးဖယ်ပြန်သလိုလူးလှိမ့်ပြီး အော်ဟစ်နေတတ်သည်။

ချိုဝင်းမောင်မှာ ငါးဖယ်ပြန်သလို လူးလှိမ့်နေရသော အချိန်အဖြစ်မျိုးသို့ မရောက်သေး။ သူငယ်ချင်းများ၏ အမှူအတာလေးများ ခံနေရသေးသည်။



အဝတ်အစားရောင်းပြီး 'ဖိုး' သက် ဆက်နေသည်။

အိမ်မှ ခိုးရလွယ်သော ပစ္စည်းလေးများ ခိုးရောင်းပြီး ဣန္ဒြေ မပျက်အောင် ကြံဖန်နေရသည်။

ချိုဝင်းမောင်၏ကြီးဒေါ်အိမ်တွင် ဘယ်တုန်းကမှ ဆူညံဆူညံ မကြားရဖူးသော အသံများ ကြားလာရပြီ။

'ဟိုပစ္စည်းလေးပျောက်သွားပြန်ပြီ၊ ဒီပစ္စည်းလေးပျောက်နေပြန်ပြီ'

'ဟဲ့ ဒီအထဲက ငွေဖလားလေးတစ်လုံး၊ ဘယ်ရောက်သွားသလဲ'

'ငါ့အိတ်ထဲက ဘယ်သူနှိုက်သလဲဟဲ့၊ ပိုက်ဆံတွေလျော့နေတယ်ကွ'

'ဟဲ့ ဟိုလုံချည်လေး မရှိတော့ပါလား'

အဲဒီလို အသံမျိုးလေးများမှာ ရက်ခြားဆိုသလိုကြားနေရသည်။

နှုတ်မှ မစွပ်စွဲသော်လည်း မျက်လုံးအစုံပေါင်းများစွာက ချိုဝင်းမောင်အပေါ်သို့ ရောက်ရောက်လာကြသည်။

မသင်္ကာသော အကြည့်များ အကြည့်ခံရဖန် များလာသောအခါ ချိုဝင်းမောင် မနေတတ် မထိုင်တတ်ဖြစ်လာသည်။ ရှက်လာသည်။

သို့စေကာမူ 'ဖိုး' ကိုတော့ သူက ဆက်လွှတ်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



'ဖိုး'ထချိန်ရောက်လာလျှင်အရှက်တွေပျောက်သွားသည်။

သတိတွေ လွှတ်သွားသည်။

လုချင် သတ်ချင်စိတ်တွေ ပေါက်လာသည်။

ဖိုးစွဲသက် သူငယ်ချင်းများနှင့် ဘိုင်ပင်ရသည်။

သူ့အတွက် မြေ့ကိုဘာလုပ်ရမလဲ ပေါ့။

လုရမလား

တိုက်ရမလား

သတ်ရမလား။

ဖိုးကိုစွဲနေသူများမှာ ဖိုးမချခင်လူ့သားစိတ်တွင်ငါးဆယ်ရာနှုန်း ကင်းပျောက်နေသူများ ဖြစ်၍ ဖိုးချပြီးသောအခါတွင်မှ လူသားစိတ် ကစ်ရာရာနှုန်း ကင်းပျောက်နေကြသူများဖြစ်၏။

ဖိုးစွဲရင်း အကြံဉာဏ်တောင်း၍ ဘိုင်ပင် လေဖသောအခါ ဗီလင်ကိုထိန်း၍ မဟုတ်ကဟုတ်က အကြံဉာဏ် ပေးကြလေကုန်၏။

သတိကင်းလွတ်၍ နဂိုမူစစိတ်မရှိသူများထံမှ အဘယ်သို့သော အကြံကောင်းများ ထွက်လာမှာပါလိမ့်။

'ဘယ်သူသေသေ ငတေမာပြီးရော' ဝိတ်ထားမျိုး အမြဲတမ်း မွေးမြူထားသူ 'ဖိုး'သမားတို့ထံမှ မဟုတ်တာလုပ်ဖို့၊ ရာဇဝတ်မှုနှင့် မကောင်းသော အလုပ်များလုပ်ဖို့ အကြံပေးသံများသာ ထွက်ပေါ်ခဲ့၏။

ဒီအထဲမှ ဖေသက်ရှိန်၏ အကြံပေးချက်ကို ချိုဝင်းမောင်က သဘောတွေ့သွားသည်။



အကြံကောင်းတော့မဟုတ်။

မကောင်းသမျှထဲမှာတော့ ဖေသက်ရှိန်အကြံအအန္တရာယ်ကင်း၍ လုပ်ရကိုင်ရလွယ်ကူလိမ့်မည်ဟု ချိုဝင်းမောင်ခေါင်းထဲတွင် စွဲသွားသည်။

ချိုဝင်းမောင်က အမြန်ဆုံး အကောင်အထည်ဖော်တော့မည်ဟု ဆုံးဖြတ်ပြီးသည့်နောက်...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ်)

ချို၀င်းမောင် 'ဖိုး'တ၀ကြီးချနိုင်ရန် အကောင်အထည် ဖော်မည့်ဇာတ်အိမ်တွင် အဓိက ဇာတ်ဆောင်မှာ မာမီလေး ယဉ်နွဲ့ခိုင် ဖြစ်ပါလေ၏။

ဇာတ်လမ်းတွင် ဇာတ်ကြမ်းမပါပါ။

ဇာတ်နဲ့ယဉ်လေးခင်း၍ဇာတ်လမ်းဖော်သွားရမည်ဖြစ်၏။

ချို၀င်းမောင်နှင့် လေပေးဖြောင့်၍ အကြောတည့်သူ မာမီလေးက စီးကရက်ကြိုက်တတ်သူ ဖြစ်ပါလေ၏။ မာမီလေး



ယဉ်နွဲ့ခိုင်အတွက် ချို၀င်းမောင်က အကောင်းစားနိုင်ငံခြားဖြစ်စီးကရက်များ ၀ယ်ပြီး မာမီလေးကို လက်ဆောင်ပေးခဲ့၏။

သံရုံးတစ်ရုံတွင် အရာရှိလုပ်နေသော သူငယ်ချင်း တစ်ယောက်၏ အဖေက ပေးသဖြင့် မာမီလေးအတွက် ယူလာရတာဟု ပြောပြီးလက်ဆောင်ပါးခဲ့၏။

မာမီလေးကသည်း သူ့အတွက် ဂရုတစ်စိုက် လက်ဆောင်ပါးဖော် ရအမို့ ချို၀င်းမောင်ကို ပိုချစ်ရသပေါ့။

စီးအရက်လာပေးတိုင်း မာမီလေးက မုန့်ဖိုးပြန်ပေးခဲ့၏။

ဦးခင်မောင်ချိုက ချို၀င်းမောင်ကို ပိုက်ဆံမပေးဖို့ တာထားစေကာမူ စီးကရက်လာပေးတိုင်း မုန့်ဖိုးပြန်ပေးခဲ့ရုံမက-

'မာမီလေးကျွန်တော် အင်္ကျီချုပ်ချင်လို့၊ ဘောင်းဘီချုပ်ချင်လို့၊ သူငယ်ချင်း မွေးနေ့အတွက် လက်ဆောင်ဝယ်ပေးဖို့ ပိုက်ဆံမရှိလို့'ဟု အကြောင်းပြ တောင်းလာသည့်များကိုလည်း ပေးခဲ့၏။

မာမီလေးတိတ်တခိုးပေးသည့် ငွေကြေးမှာချို၀င်းမောင် 'ဖိုး'ချဖို့ မလုံလောက်သေးပါ။ အသာသာပြေရုံလောက် စွဲနေရပါသည်။ ဒါတောင် နာရီ ကားပေါ်မှာ အဖြုတ်ခံရသည်ဟု အိမ်မှာပြောပြီး နာရီရောင်းခဲ့ရသည်။

စိန်ဆယ့်နှစ်လုံးရံထားသည့် မြလက်စွပ်တလေးလဲ ချောပြီ။အ၀တ်အစားများမှာလည်း ချုပ်ပေးရင်းရောင်းရင်းဖြင့် ကုန်လုနီးပါး ဖြစ်နေပြီ။

နောက်ဆုံး 'အကြံကုန် ဂဠုန်ဆားချက်' ရုပ်ရှင်လက်မှတ်မှောင်ခိုပင် လုပ်ခဲ့ကြသည်။သူတို့ကလုပ်နေကျရုပ်ရှင်ဇာက်ရုံ

www.burmeseclassic.com

www.burmeseclassic.com



မှောင်ခိုပုံစံမျိုးမဟုတ်ဘဲဖယ်မလီယာအားနှင့်ရှပ်ရှင်လက်မှတ် မှောင်ခိုလုပ်ကြ၏။

အပျံစားအဝတ်အစားဝတ်၍သူငယ်ချင်းလေးငါးယောက်စုပြီး လက်မှတ်ဝယ်ထားကြ၏။ ရောင်းခါနီးမှ ဖယ်မလီယာကားစာလေးနှင့် ရှပ်ရှင်ရုံ နားရောက်လာပြီး ခပ်တည်တည် ရောင်းသွားကြသည်။

ပုံစံက မကြည့်ဖြစ်လို့ ပြန်ရောင်းရသည့်ပုံစံမျိုး။

မတော်တဆ ဖမ်းဆီးသူနှင့်တွေ့လျှင် ခပ်တည်တည် ဖိန်းကြသည်။

သူတို့က ဘယ်သူ့သား ဘယ်ဝါသားတွေပါ။ ဒါက ကျွန်တော်တို့အားပါ။ ဘယ်သူ့သား (ပုဂ္ဂိုလ်ကြီးကြီးတစ်ယောက်)၏ သားနာမည်ပြော၍ သူ့ မွေးနေ့ပါတီအတွက် လက်မှတ်များဝယ်ထားတာ မကြည့်ဖြစ်လို့ အရင်းပြန်ရောင်းတာပါ။ မယုံရင် ဘယ်သူ့ဆီကို တယ်လီဖုန်းဆက်ကြည့်ပါ။ တယ်လီဖုန်းဆက်ကြည့်ဖို့ နာမည်ပြောလိုက်သည့်ပုဂ္ဂိုလ်အလဲ ရောမကြီး။

လူပုံက မှောင်ခိုပုံစံ လုံးဝမပေါက်။

စီးလာသည့်ကားက ဖယ်မလီယာ။

ဝတ်ထားတာက အပျံစား။

ပြောလိုက်သည့်နာမည်တွေက ရော။

ကဲ ဘယ်သူက ဖမ်းရဲမှာလဲ။

ဖမ်းလာသူကပင် 'ညီလေးတို့' ဆိုပြီး ပြန်တောင်းပန်လိုက်ရသည်။



အမြတ်တင်ရောင်းလို့ရသမျှလေး စုဆောင်းပြီး လိုတာကို ဖြည့်ကြရသည်။

ဒါတောလည်း အမြဲပြေလည်သည် မဟုတ်။

ရှုံးပွဲနှင့်တွေ့လျှင် အရင်းပါပြုတ်သွားတတ်သည်။

ခပ်ကြမ်းကြမ်းဖမ်းတတ်သူနှင့် တွေ့တော့ ရဲစခန်းပါသွားပါလေရော။

ချိုဝင်းမောင်၏ဇာတ်ကြောင်းက မကောင်းပါ။

သူတင် မဟုတ်။

ဖိုးသမားမှန်သမျှ ဇာတ်ကြောင်းကောင်းသူဟူ၍မရှိဘူး။

ချိုဝင်းမောင်၏ အခြေအနေမှာ အိမ်ကပစ္စည်းခိုးရင်ခိုး။ အိမ်ကပစ္စည်းမခိုးရင် သူများ ပစ္စည်းခိုးရမယ်၊ ကလိန်ကျရမယ်။ ဒါမှ အသက်ဆက်နိုင်တော့မည်။

သည်အခြေအနေသို့ရောက်မှ သူဖန်တီးခဲ့သော ယဉ်နွဲ့ခိုင်က အရည်လည်လာသည်။

မာမီလေး ယဉ်နွဲ့ခိုင်က သံရုံးစီးကရက်ကို စွဲနေပြီ။ ခဏခဏမေးနေပြီ။ 'လက်ဆောင်မရရင် ပိုက်ဆံနှင့်ရအောင်ဝယ်ပေးစမ်းပါဦး ချိုဝင်းမောင်ရယ်' ဟု ဖြစ်လာသည်။

တစ်ဖယ်တော့ ဒီလိုဖြစ်လာအောင် ချိုဝင်းမောင်ကဇာတ်လမ်းခင်းခဲ့သည်။

သံရုံးက လက်ဆောင်ရသည်ဆိုသော စီးကရက်မှာရန်ကုန်မြို့နေရာအနှံ့ အပြားတွင် ရောင်းနေသော နိုင်ငံခြားဖြစ်စီးကရက်များသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ စီးကရက်ကို ဗူးမပျက်ဖောက်ပြီး အထဲက ဆေးသားနှင့် နံ့ပတ်'ဖိုး'ကိုရေးစပ်ပေးလိုက်ခြင်းမျှသာ။

မသိမသာ ရောပေးသည်၊

အလွှာလိုက် ရောပေးသည်၊

အထပ်လိုက် ရောပေးသည်၊

ခုတော့ မာမီလေးခမျာ ချိုဝင်းမောင် ဝယ်ပေးသော စီးကရက်ကို စွဲနေရှာပြီ။

မာမီလေးပိုက်ဆံတော့ဟောကနဲ လျှောကနဲထွက်လာသည်၊

ချိုဝင်းမောင်က မာမီလေးဆီမှာ လက်ဖြန့်စရာမလိုတော့။

မာမီလေးတစ်ယောက် တောင်းသလောက် ပေးနေရပြီ၊

သူ့အတွက်လည်း ပြေလည်နေသည်။

မပြေလည်သည်က ချိုဝင်းမောင်၏ ကျန်းမာရေးအခြေအနေဖြစ်၏။

သူ၏ကျန်းမာရေးချုတ်ယွင်းလာသလို မာမီလေးမှာလည်း အသားအရေ ခန်းခြောက်ချုတ်ယွင်းလာသည်။

အဆီအသား ချုတ်ယွင်းလာသည်။

ခြင်ဆီ ခန်းလာသည်၊

ယဉ်နွဲ့ခိုင်၏ အလှမှာ မပီပြင်တော့၊

စိတ်ကယောက်ကယက် ဖြစ်လာသည်။

ဖိုးမသောက်ရ မနေနိုင်သောအဆင့်သို့ ရောက်လာသည်နှင့်အမျှ ယဉ်နွဲ့ခိုင်၏ စိတ်ရော ရုပ်ခန္ဓာပါ ချိတဲ့လာသည်၊ လုံးပါးပါးလာသည်၊



သည်အခြေအနေကို ဦးခင်မောင်ချို သိလိုက်သောအချိန်တွင် ထိန်းမရသောအခြေသို့ ရောက်ခဲ့ရပြီ၊

ပြင်၍မရသောအခြေသို့ ဆိုက်ခဲ့ပြီ။

ချိုဝင်းမောင်ကို စိတ္တဇဆေးရုံသို့ ပို့လိုက်ရသည်။

ယဉ်နွဲ့ခိုင်ကိုမူ အိမ်မှာပင်ထား၍ ကုသခဲ့၏။

ကျော်မကောင်း ကြားမကောင်းသည့် ဇာတ်ထုပ်ကြီးကို အပြင်သို့မရောက်စေလိုသဖြင့် ဦးခင်မောင်ချိုကငွေကို လမ်းခင်း၍ တိုးတိုးကျိတ်ကျိတ် ကုသခဲ့၏။

မီးယပ်နှင့် ယှဉ်၍ ဖြစ်သောရောဂါဟု သတင်းလွှင့်ထားလိုက်၏။

ယဉ်နွဲ့ခိုင်၏ စိတ်မှာ ကောင်းတစ်လှည့် မကောင်းတစ်လှည့်။

ကောင်းနေသောအချိန်တွင် ဖိုးကို မရ ရအောင်ရှာဝယ်သည်၊ သောက်သည်။

ဦးခင်မောင်ချိုက ချော့တစ်မျိုး ခြောက်တစ်လှည့် လုပ်ပေမယ့် မရ။

သူ့ကိုထိန်းလျှင် ခြောက်လျှင် ယဉ်နွဲ့ခိုင် ကြမ်းလာသည်။

ဆရာဝန်ကြီးများကို ခေါ်၍ကုသခဲ့ပါ၏။

ဆရာဝန်ကြီးများက ဆေးရုံသို့ပို့အပ်ကုသရန်သာအကြိမ်ကြိမ် အထပ်ထပ် တိုက်တွန်းခဲ့ကြ၏။

ယဉ်နွဲ့ခိုင်စိတ်ကောင်းလေး ဝင်လာချိန်တွင်ဆေးရုံတက်ဖို့ ပြောသည့်အခါ ယဉ်နွဲ့ခိုင်က လုံးဝလက်မခံ။

burmeseclassic.com

www.burmeseclassic.com



သူ့ပစ္စည်းတွေ အပိုင်စီးချင်လို့ ဆေးရုံပို့သလားဟုမေးပြီး ဒေါသပုန်ထပါလေတော့သည်။

ယဉ်နွဲ့ခိုင်မှာ ဂျိုဆာနှစ်ကောင်နှင့်လမ်းခွဲ၍ မောင်မောင်ဖိုးနှင့် တွဲလေပြီ။

မိုးလင်း အိပ်ရာက ထသည်နှင့် သူ့ကိုယ်သူ အလှပြင်၍ နိုင်ငံခြားမှလာသော အိစက်ညက်ညောသည့် ရေမြှုပ်ခံပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ပြီး ဖိုးဆွဲပါလေ၏။

ပိုက်ဆံနှင့် ဝယ်လို့မရလျှင် ရွှေထုတ်ပေးသည်။ ရွှေနှင့်မရလျှင် စိန်ထုတ်ပေးသည်။

အခြေအနေက အဲသည်လောက်။

ဖိုးစွဲမိသောနေ့များတွင် ငြိမ်ငြိမ်လေး၊ ငိမ်ကျလေးနှင့်။

ဖိုးမစွဲရသောနေ့များတွင် အကြမ်းပတမ်း။

အော်သည်။

ဆူသည်။

အိမ်မှာရှိသော ပစ္စည်းများကို ခွဲသည်။

မွှေကိသည်။

လှန်သည်။

တစ်အိမ်လုံး ခြောင်းဆန်အောင် လုပ်ပစ်သည်။

ဦးခင်မောင်ချို မတတ်နိုင်ရှာ။ ထိန်းလို့မရ။ ပတ်ဝန်းကျင်မသိအောင် ဖုံးရဖိရသည်။

နောက်ဆုံးအခြေအနေမှာ ယဉ်နွဲ့ခိုင် မကြမ်းလျှင် ပြီးရော လုပ်ရတော့သည်။

သူ့ကိုယ်တိုင် 'ဖိုး'ကို ရှာပေးပြီ။



ယဉ်နွဲ့ခိုင်တစ်ယောက် ငြိမ်နေပါသည်။ ဇာတ်ကြမ်း မခင်

တော့ပါ။

ဒါပေသိ သူ၏ကျန်းမာရေးမှာ တစ်နေ့ထက်တစ်နေ့

ဆိုးဝါးလာပြီ။

အိပ်ရာထဲ စုန်းစုန်းလဲသည့် အခြေအနေ ရောက်ခါမှ

ဆေးရုံပို့ခဲ့ရ၏။

အချိန်နှောင်းလေပြီ။

ရာဘာဖုံးမွေ့ရာ၊ ငွမ်းစာပ်မွေ့ရာ အထပ်ထပ်ခံထားပ

လျက် အိပ်ရာထက်မှ ယဉ်နွဲ့ခိုင်မှာ မွေးတစ်စက်မှမပျော်ရှာ

ဘဲ အော်ဟစ်နေခဲ့ရ၏။

ဝေဒနာကို အလူးအလှိမ့်ခံစားရင်းမှ နှစ်ညနှင့် တစ်နေ့

မေ့မြောသွားပြီးနောက်....။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်တစ်)

ရန်ကုန် ဆေးရုံကြီး ရင်ခွဲရုံ ကျောက်ခုံထက်ပေါ်မှ ယဉ်နွဲ့ခိုင်၏အလောင်းမှာ ယဉ်နွဲ့ခိုင်၏အလောင်းပါဟု ကျိန်တွယ်ပြော၍မှ ယုံနိုင်စရာမရှိလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

တစ်ချိန်က လှသရဖူဆောင်းခဲ့သော အသက် နှစ်ဆယ့်ငါး နှစ်ကျော်မျှသာရှိသေးသည့် ယဉ်နွဲ့ခိုင်၏အလောင်းမှာ အလှ ရုပ်ဟူ၍ တစ်စက်ကလေးမှမထင်တော့ဘဲ ဘယ်လိုရုပ်ရည်မျိုး ရှိခဲ့ဖူးသော လူသားတစ်ယောက်ပါလိမ့်ဟု မေးယူရလောက် အောင် အဆင်းသဏ္ဌာန် ကင်းမဲ့နေပြီဖြစ်၏။



ကမ္မဋ္ဌာန်းအရိုးကောင်ကို အရေပြားလေးများ ကပ်ထားဘိသို့ ရှိချေ၏။

ယဉ်နွဲ့ခိုင်တို့လို အလှသရဖူဆောင်းခဲ့ဖူးသူများ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့လျှင် အလှပန်းပွင့်ကြ၏။

'ပစ်ရက်စရာတောင် မရှိပါလားနော်'ဟု ပြောစမှတ် တွင်ရစ်အောင် အသုဘအသွင်ပင် ပျောက်သွားတတ်ပေ၏။

လှသရဖူရှင်ကလေးယဉ်နွဲ့ခိုင်မှာမူ သေပန်းမပွင့်နိုင်ရှာပေ။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ကျန်ရှိနေသောအသားဆိုင်များ မှာ ပဲ့ကျနေ၏။

ပါးပေါ်မှ၊ နဖူးပေါ်မှ၊ နှာခေါင်းပေါ်မှ၊ နှုတ်ခမ်း ပေါ်မှ အသားဆိုင်များမှာ ဟိုတစ်ကွက် သည်တစ်ကွက် ဆွေးမြေ့ပဲ့ကျနေအဖြစ်ဖြင့် အလှသရဖူ ဆောင်းခဲ့သူကလေး၏ ရုပ်ရည် ဘယ်သို့ရှိနေသည်ကို စာဖြင့် ရေးသားဖော်ပြရန် မတတ်စွမ်းတော့ပါ။

ယဉ်နွဲ့ခိုင်၏ ခန္ဓာကိုယ်ထဲမှ ခြင်ဆီနှင့်သွေး သွားလာရာ အကြောများကို နံပါတ်ဖိုး ဘိန်းဖြူမှုန့်ကလေးများက ဝါးမျို သွားပြီထင့်။

အသားနှင့်အရိုး တွဲစပ်ရာ သွေး၊ ခြင်ဆီ၊ အရိအခွဲများ လုံးဝ ကုန်ခန်းသွားလေသလား မသိ။ ကျန်သမျှသော အသားမှင်ကလေးများမှာ အရိုးကို ကပ်အားမရှိတော့။ ကွာ ကျနေသည်ဟု ဆိုရပေတော့မည်သာ။

ယဉ်နွဲ့ခိုင်၏အလောင်းမှာ ကြည့်ရက်စရာ လုံးဝမရှိတော့ သဖြင့် တစ်ကိုယ်လုံးကို ဖွေးအိနေသော ပိတ်ဖြူများ ရစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



လျက် မျက်နှာနေရာလေးကို စပယ်ပန်းအပြည့် ဖုံးလွှမ်းပေးထားရ၏။

ကျောက်ခုတင်ဘေးတွင်ရပ်နေသူ ဦးခင်မောင်ချို၏ မျက်လုံးအိမ်ထဲမှ စီးကျနေသော မျက်ရည်များမှာ-

ဆေးရုံပေါ်တွင် ဝေဒနာ အပြင်းအထန် ခံစားနေရင်း သေမင်းခေါ်ချိန်ကို စောင့်နေရသူ သား ချိုဝင်းမောင် အတွက် ကျန်မှုကျန်ပါတော့မလားဟု-

စဉ်းစားနေမိသူ ကျွန်တော့်မှာ လက်ထဲတွင် အငွေ့တလူလူထွက်နေသည့် ရှိုးရှိုး ဒူးယားစီးကရက် အဖြူအလေးကို လွှင့်ပစ်လိုက်မိပါတော့၏။

ဘိန်းဖြူသမား၊
ဒုစရိုက်သားတို့
သွားရာလမ်းကား၊
အခြားမဲ့မရှိ၊
သေသည်သော်မှ-မလုပ်။ ။

နားကြပါစို့။,

မေတ္တာရည်လျက်
ကျော်မြသန်း
၂၅-၇-၇၇။
ည ၈:၀၀ နာရီ။

ဤဝတ္ထုနှင့် ပတ်သက်၍

(၁) အေရိဖြစ်ပြီးမှဟု အမည် ပေးထားသည့်ကို စာဖတ်သူများက မကြိုက်နှစ်သက်ပါလျှင် မိမိတို့ ဆန္ဒဖြင့် ကြိုက်နှစ်သက်သည့် နာမည် ပေးကြပါရန်၊

(၂) အမည်တူများရှိခဲ့ပါလျှင် မပေါ်တဆ တိုက်ဆိုင်မှုဟု သဘောထားပြီး ခွင့်လွှတ်ကြပါရန်၊

(၃) တကယ့် အဖြစ်အပျက်နှင့် ရောမွှေထားသည့် စိတ်ကူးယဉ် ဇာတ်လမ်းဖြစ်ပါ၍ မည်သူ့အားမှ ရည်စူးရေးသားခြင်း မဟုတ်သဖြင့် တိုက်ဆိုင်မှုများရှိခဲ့သော် ခွင့်လွှတ်ကြပါရန်-

စာရေးသူအ

အနူးအညွတ် တောင်းပန်အပ်ပါကြောင်း။

မေတ္တာများစွာဖြင့်

ကျော်မြသန်း
တိုက်-၈၊ အခန်း-၆၊
ဖ၊ဆ၊ပ၊လ။

www.burmeseclassic.com